www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗေယျပဏ္ဍိတ်ဆရာချိတ်

# ရာဇဂြိုဟ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၄၉၀၅၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၇၇၀၅၀၇

❑

ထုတ်ဝေသူ

ဦးတင့်လွင် (မြ-၃၅၂၃)

သော်ကလစဉ်

၆၀၅၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

❑

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးမောင်မောင်လွင် (မြ-၀၂၃၅၀) ကဝိရတနာပုံနှိပ်တိုက်၊

အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

❑

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်၊ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ။

တန်ဖိုး - ၆၅၀ ကျပ်၊ အုပ်ရေ - ၅၀၀

BURMESE CLASSIC

(၁)

## အမှောင်နှင့်အလင်း

လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟ အမှောင်တွေ
ပျောက်ကွယ်လင်းချင်းဖို့
ပညာဆီမီးကို
ထွန်းညှိအလင်းပေးရမယ်။

ဆရာ့ရဲ့
ယဟာကြိုင် ထွန်ရာဟ

www.burmeseclassic.com

www.burmeseclassic.com

နေရာကား မဟာမြိုင် ဂမ္ဘီရတော၏ အတွင်းပိုင်း ဖြစ်သည်။

အချိန်ကား ဟံသာဝတီထီးနန်း မညီမညွတ် ဖြစ်ချိန် ရှင်စောပု ပထမကြင်ယာတော် ဆုံးရှုံးပြီး သားတော်သမီးတော် သုံးဦးနှင့် ကျန်ရစ်ခဲ့၏။

ဟံသာဝတီ ဘုရင်ကို မုတ္တမမြို့စားနှင့် တောင်ငူမှားတို့က ယောင်ထားခြားနားကြ၏။

ရှင်စောပုသည် မော်တင်စွန်းဘက်သို့ တိမ်းရှောင်ခဲ့ရာ မော်တင်စွန်း ကမ်းခြေဒေသမှတဆင့် ဒီပါရုံတောင်တန်းရှိ အလုံမြို့အတွင်း ဒီပါသို့ ရောက်ခဲ့သည်။

မော်တင်စွန်းကမ်းခြေ၌ ကျန်ခဲ့သော ကိုယ်ရံတော်ငယ် များဟလေး နန္ဒရော်ဒါတွင် အခက်နှစ်ခု ကြုံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမအခက်မှာ အလုံမြို့အတွင်း ဒီပါသို့ လိုက်ပါသွားသော သမင်မရှင်စောပုသည် ရက်များစွာကြာသည့်တိုင် ပြန်မလာဘဲရှိစဉ် တောင်ငူစား၏ သူလျှိုရဲမက်အချို့ မော်တင်စွန်းသို့ ရောက်ရှိနေကာ သတင်းစုံစမ်းနေသည်ဟု သိရသည်။

ဒုတိယအခက်အခဲမှာ နန္ဒရော်ဒါနှင့် တစ်ပါတည်း ပါလာသော ဝဏ္ဏကလျာဟု အမည်ရှိသည့် ဇနီးသည်မှာ သားဦးမီးဖွားခြင်းဖြစ်သည်။

ရက်သတ္တပတ်ခန့်ကြာလျှင် အခြေအနေမဟန်ကြောင်း အကဲခတ်မိသည်နှင့် ထိုအရပ်တွင် ထူးဆန်းစွာ သိကျွမ်းခဲ့ရသော မျက်မမြင် အဘိုးအိုတစ်ဦးကို အကူအညီ တောင်းရလေသည်။

(ထိုအရပ်ကို နန္ဒရော်ဒါတို့ ရောက်စက ထိုအရပ်တွင် လှည့်လည်သွားလာပြီး တောင်းရမ်းစားသောက်နေသော မျက်မမြင် အဘိုးအိုကို တွေ့ကြုံရခြင်းဖြစ်သည်။)

မျက်မမြင်အဘိုးအိုက နန္ဒရော်ဒါတို့ နွားလှည်းအနီး ရောက်လာပြီး တောင်းရမ်းသဖြင့် မုန့်ပြားသလက်တစ်ခု စွန့်ကြဲရာ အဘိုးအိုက ခေါင်းခါသဖြင့် နန္ဒရော်ဒါက ရယ်မောပြီး ငွေစများ စွန့်ကြဲပြန်လျှင် လက်မခံဘဲ ဝဏ္ဏကလျာ၏ လက်ကောက်ဝတ်မှ ရွှေလက်ကြပ်ကို လက်ညှိုးထိုး တောင်းခံလေသည်။

ဝဏ္ဏကလျာက ပထမအံ့အားသင့် သွားသော်လည်း



ချက်ချင်းပင် သဒ္ဓါစိတ်ဖြစ်ကာ ရွှေလက်ကြပ်ကို ချွတ်၍ လှူလိုက်လေ၏။

ထို့နောက် နန္ဒရော်ဒါကို ရပ်၍ကြည့်နေပြန်ရာ ထူးဆန်းသည်နှင့် နန္ဒရော်ဒါကလည်း မိမိလက်သူကြွယ်မှ ပတ္တမြားလက်စွပ်ကိုချွတ်၍ စွန့်လိုက်လေ၏။

ထိုအခါ မျက်မမြင် အဘိုးအိုသည် အလွန်သဘောကျစွာ အားရပါးရ ရယ်မောပြီး ရွှေလက်ကြပ်နှင့် ပတ္တမြားလက်စွပ်ကို ပြန်ပေးရုံသာမက ရွှေရောင်ဆေးလုံးလေး တစ်လုံးကို ဝဏ္ဏကလျာ လက်ထဲသို့ ထည့်ပေးလိုက်ပြီး ချက်ချင်းသောက်စေလေသည်။

ထိုအချိန်က ဝဏ္ဏကလျာမှာ ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်နေရာ အဖျားလည်း ချက်ချင်းပျောက်ပြီး ဝဏ္ဏကလျာ၏ ငယ်စဉ်ကတည်းက ဖြစ်နေသော ခြေထောက်အကြောဆွဲလျက်ဆာတာဆာတာဖြစ်နေသော ဝေဒနာလည်း ယူပစ်သလို ပျောက်သွားသည်။

အရေးကိစ္စအကြောင်းကြီးငယ်ရှိလျှင် သူ့ကို တွေ့အောင်ရှာ၍ အကူအညီတောင်းရန် မျက်မမြင်အဘိုးအိုက ပြောပြီး ထွက်သွားလေ၏။

ယခုအခါ တောင်ငူစား၏ အထောက်တော် သူလျှိုများ

www.burmeseclassic.com

www.burmeseclassic.com



က နန္ဒရော်ဒါ ပုန်းခိုနေသည့် အရပ်ကို သတင်းရသွား၍ ပိုက်စိပ်တိုက်ရှာနေပြီဖြစ်ရာ စစ်ရှောင်လာသော နန္ဒရော်ဒါမှာ ဘယ်ကို ရှောင်တိမ်းရမည် မသိဘဲ ရှိတော့၏။

ကံအားလျော်စွာပင် ထိုအချိန်၌ မျက်မမြင်အဘိုးအိုသည် သူတို့ထံ ရောက်လာရာ အခြေအနေ အကျိုးအကြောင်း ဖွင့်ဟပြောပြီး အကူအညီတောင်းလိုက်လေသည်။

မျက်မမြင်အဘိုးအိုက စီစဉ်သည်မှာ နန္ဒရော်ဒါတို့ ပေါင်းမိုးလှည်းအတွင်း၌ နန္ဒရော်ဒါ၊ ဝဏ္ဏကလျာနှင့် ရင်သွေးတို့ကို ပုန်းအောင်းနေစေပြီး သူကိုယ်တိုင် လှည်းမောင်းလျက် လွတ်ရာကျွတ်ရာသို့ ပို့ပေးမည့်အကြောင်း ပြော၏။

အဘိုးအိုသည် မျက်စိနှစ်ကွင်း အလင်းမရသော်လည်း လူကောင်းများထက်ပင် စွမ်းသေး၏။

အကြားအာရုံ အထိအတွေ့အာရုံများဖြင့် လိုရာခရီးကို သွားနိုင်ပေသည်။

ခရီး စထွက်သည်ဆိုလျှင် တောင်ငူစား၏ သူလျှိုစစ်သည်များရှေ့မှ ဖြတ်သန်းရမည်ဖြစ်၍ ပေါင်းမိုးအတွင်း၌သာ ငြိမ်သက်စွာနေပြီး မည်သည့်အသံကြားကြား မထွက်ရန်နှင့် ကိစ္စအားလုံးကို မိမိရှင်းမည်ဖြစ်ကြောင်း မျက်မမြင်အဘိုးအိုက ပြော၏။



နန္ဒရော်ဒါတို့လည်း အဘိုးအိုဆိုသည့်အတိုင်း လိုက်နာကြလေ၏။

လမ်းခုလတ်၌ စစ်ဆေးမေးမြန်းသံများ၊ အဘိုးအို၏ ဖြေကြားသံများ၊ စစ်သည်များက သွားခွင့်ပြုလိုက်ပုံ၊ ထို့နောက်တွင် နွားလှည်းမှာ အလွန်ငြင်သာလျင်မြန်စွာ ခရီးဆက်နှင်နေသည်ကိုသိပြီးနောက် နန္ဒရော်ဒါနှင့် ဝဏ္ဏကလျာတို့သည် မေ့ခနဲ အိပ်ပျော်သွားကြလေတော့သည်။

မည်မျှကြာအောင် အိပ်ပျော်ခဲ့ကြသည် မသိ။

မျက်မမြင်အဘိုးအိုနှိုးမှ နိုးလာကြရာ ပတ်ဝန်းကျင်ကို ထ ကြည့်လိုက်လျှင် အလွန်သာယာသော တောမြိုင်တခုအတွင်းသို့ ရောက်နေသည်ကို တွေ့ရလေ၏။

မျက်မမြင်အဘိုးအိုက ဤအရပ်မှာ မဟာမြိုင်ဂမ္ဘီရတောဖြစ်ပြီး လူသာမန်တို့ အလွန်ရောက်နိုင်ခဲသော သူတော်ကောင်းတို့ ပျော်မွေ့ရာနေရာဖြစ်ကြောင်း၊ ယခု နန္ဒရော်ဒါတို့မှာ ဤနေရာသို့ ကံအားလျော်စွာ ရောက်ကြပြီ ဖြစ်ကြောင်း၊ ရှေ့တွင်ရှိသော လမ်းဖွေးဖွေးအတိုင်း ဆက်သွားလျှင် ကျောင်းသင်္ခမ်းတစ်ခုကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကျောင်းသင်္ခမ်း၌ ဆရာတော်တစ်ပါးနှင့် ကပ္ပိယတစ်ဦး သီတင်းသုံးနေကြောင်း၊ နန္ဒရော်ဒါတို့ ဆက်သွားကြပြီး ဆရာတော်ထံ ခိုလှုံကြရန်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မိမိမှာမူ တာဝန်ကုန်ပြီဖြစ်၍ ပြန်တော့မည်ဟု ပြောဆိုနှုတ်ဆက်ကာ နွားလှည်းကိုပါ တစ်ဦးတည်း ယူငင်လျက် တောလမ်းအတိုင်း ပြန်သွားလေသည်။

နန္ဒရော်ဒါတို့လည်း ခရီးဆက်ခဲ့ရာ မကြာမီ အလွန်ထူးခြားသော ကျောင်းတော်ကြီးတစ်ခုကို တောအုပ်တစ်ခု၏ အလယ်ရှိ မြေပြန့်ကျယ်ကြီး၌ မြင်ရလေသည်။

အလွန်ကြီးမား မြင့်မတ်သည့် လှေကားရှည်ကြီးနှင့် ယောက်ျားနှစ်ဖက်ခန့်ရှိ ကျွန်းတိုင်လုံးကြီးများနှင့် ခံ့ထည်မြင့်မားလှသော ကျောင်းတော်ကြီးဖြစ်၏။

ပွတ်လုံးတိုင်များ၊ ပန်းကနုတ်များ၊ ပန်းဆွဲပန်းဆိုင်းများဖြင့် ကြည့်ရှုအံ့မောဖွယ်ပင်။

ထို့ထက် ထူးခြားသည်မှာ ကျောင်းဝင်းအတွင်းသို့ ဝင်သွားလျှင် လူသွားလမ်းကလေးကို ကျောက်မြတ်ရတနာအရိုင်းတုံးများဖြင့် လမ်းခင်းထားကြောင်း အံ့ဖွယ်တွေ့ရလေသည်။

အလွန်အဖိုးအနဂ္ဃထိုက်တန်သော ကျောက်မြက်အရိုင်းတုံးကြီးများကို လမ်းခင်းထားခြင်းမှာ လူတို့ အလွန်တပ်မက်ကြသော ဓနဥစ္စာများကို အလေးဂရုမပြုကြောင်း ပေါ်လွင်နေလေ၏။

ကျောင်းဝင်းတစ်ခုလုံး ငြိမ်သက် တိတ်ဆိတ်နေရာ



သက်ရှိပုဂ္ဂိုလ် မည်သူမျှမရှိဟု ထင်ခဲ့၏။

သို့သော် ထိုအထင်သည် မှားခဲ့လေ၏။

ကျောင်းတော်ကြီး၌ အလွန့်အလွန် လေးစားကြည်ညိုဖွယ်ကောင်းသော ဆရာတော်ကြီးနှင့် ခင်မင်နှစ်လိုဖွယ် ဖော်ရွေလှသော ကပ္ပိယတစ်ဦး ရှိလေသည်။

ခံ့ညားလေးနက် ကျယ်ဝန်းလှသော ကျောင်းတော်ကြီးထဲသို့ လူသားသုံးဦးဖြစ်သော နန္ဒရော်ဒါ၊ ဝဏ္ဏကလျာနှင့် ရင်ခွင်အတွင်း ချီပိုက်ထားသော သားငယ်လေးတို့သည် တရွေ့ရွေ့ဝင်ရောက်သွားလေတော့သည်။

ထိုလူသားသုံးဦး ကျောင်းတော်အတွင်း ဝင်ရောက်သွားပြီး ခုနစ်ရက်အကြာတွင် လူသားနှစ်ဦး ခေါင်းငိုက်စိုက်ဖြင့် ပြန်လည် ထွက်ခွာလာကြသည်။

ခုနစ်ရက်အကြာ၌ ပြန်လည် ထွက်ခွာလာကြသူတို့မှာ နန္ဒရော်ဒါနှင့် ဝဏ္ဏကလျာ ဖြစ်ပေသည်။

သူတို့နှစ်ဦးသည် ဖြည်းနှေးသော ခြေလှမ်းများဖြင့် ထွက်လာကြပြီး တောလမ်းအတိုင်း ကျောင်းတော်ကို ကျောခိုင်း၍ လျှောက်လာကြရာ အတန်ကြာလျှင် အရှေ့၌ နွားလှည်းတစ်စီးနှင့် အသင့်စောင့်နေသော မျက်မမြင်အဘိုးအိုကို အံ့အားသင့်ဖွယ် တွေ့ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်မမြင်အဘိုးအိုက နန္ဒရော်ဒါတို့ ရောက်လာမည်ကို ကြိုတင်သိနှင့်ပြီး လာရောက်ကြိုနေခြင်း ဖြစ်၏။

* * *

နောင်နှစ်ပေါင်း တစ်ဆယ့်ခြောက်နှစ်တာ ကာလကို လွန်ပြီးနောက် ဤကျောင်းတော်ကြီး၏ အသွင်သဏ္ဌာန်သည် မည်သို့မျှ မပြောင်းလဲဘဲ ခံ့ညားမားမတ်နေမြဲ ခံ့ညားမားမတ်နေလေ၏။

သို့သော် ဤကျောင်းတော်ကြီးအတွင်း၌ကား ပြောင်းလဲမှုတစ်ခု ရှိလေသည်။

ယခင့်ယခင်က ဆရာတော်တစ်ပါးနှင့် ကပ္ပိယတစ်ဦးသာရှိခဲ့သော ကျောင်းတော်ကြီးသည် ယခုအခါ အသက်ဆယ့်ခြောက်နှစ်အရွယ် လူချောလူလှလေးတစ်ဦး တိုးနေခြင်းပင်ဘည်း။

ယခင်က အလွန်တိတ်ဆိတ်သော ကျောင်းတော်ကြီးသည် ယခုတော့ စကားပြောသံဖြင့် ချိုလွင်သာယာနေပြန်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

“ကျွန်တော်က ဘာလဲ”

မောင်ချိတ်က မေးသည်။

“မင်းက လူပေါ့”

ဦးရွှဲက ဖြေသည်။

“လူရဲ့အစဟာ ဘယ်ကလဲ”

“ဟ. . . မင်းမေးခွန်းက ကြီးကျယ်လှပါလား”

“ဦးရွှဲက. . ကျွန်တော့်ကို အဖြေမပေးချင်ဘူးပေါ့”

“မင်းမေးခွန်းက. . ခေါင်းခြောက်စရာတွေကွ”

“ကျွန်တော့် အသက်တစ်ဆယ့်ခြောက်နှစ်ပြည့်ရင် သိချင်တာတွေ မေးခွင့်ရမယ်ဆို။ ဆရာတော် အမိန့်ရှိထားတာ ဦးရွှဲ မေ့ပြီလား”

“မမေ့ပါဘူး”

“ဒါဆို ကျွန်တော် ဒီနေ့ အသက်တစ်ဆယ့်ခြောက်နှစ် ပြည့်ပြီဆိုတာကိုတော့ ဦးရွှဲ မေ့နေပြီထင်တယ်”

“အဲဒါကို. . သာတော်င် မမေ့သေးတယ်။ မင်းအသက်က နေမွန်းလွဲနှစ်ချက်တီးကျော်မှ ဆယ့်ခြောက်နှစ် ပြည့်မှာကွ။ အခု မပြည့်သေးဘူး”

မောင်ချိတ်၏ ဇာတာကို အလွတ်ရနေသော ဦးရွှဲက



ချက်ကျလက်ကျ ပြန်ပြောလျှင် မောင်ချိတ် မည်သို့မျှ မဆိုသာတော့သဖြင့် ငြိမ်နေရလေတော့၏။

သို့သော် စိတ်ကောက်ဟန် ပြုနေလေရာ. . .

ဦးရွှဲမနေသာတော့ဘဲ ချော့မော့စကားကို ဆို၏။

“မင်း ကလေးမဟုတ်တော့ဘူး မောင်ချိတ်။ စိတ်ကောက်မနေနဲ့။ ငါ ဒီနေ့ ဆေးမြစ်ဆေးဥတွေ ထောင်းပြီး လေဆေး၊ သွေးဆေးနဲ့ လိမ်းဆေးတွေဖော်မယ်လို့ ပြင်ဆင်ထားတာ။ ဆေးမြစ်ဆေးဥတွေလဲ အစုံအလင်ရထားပြီးပြီ။ မင်းမေးချင်တာတွေကို မနက်ဖြန်မှ မေးကွာ”

“အို. . . ဦးရွှဲက တစ်နေ့ပြီးတစ်နေ့ နုဝင်းသွေးဆေး ဖော်လိုက်၊ အကြောဆေးစီရင်လိုက်နဲ့ အားတယ်ဖြင့် မရှိဘဲနဲ့။ မနက်ဖြန်ကျရင်လဲ ဂမုန်းပင်တွေ၊ ဆေးပင်တွေနဲ့ အလုပ်များပြီး နောက်နေ့ကို ထပ်ရွှေ့ဦးမှာပဲ။ ရပါတယ်လေ။ ကျွန်တော် သိချင်တာတွေ ဆရာတော်ကို ကိုယ်တိုင်ပဲ သွားလျှောက်တော့မယ်”

မောင်ချိတ်သည် ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထလိုက်သည်။

“ဟိတ်. . . ငြိမ်ငြိမ်ထိုင်နေစမ်း၊ ဆရာတော် ပုတီးစိပ်နေတယ် မဟုတ်လား။ သွားမနှောင့်ယှက်နဲ့”

ဦးရွှဲက မောင်ချိတ်၏ လက်ကောက်ဝတ်ကို ဆုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ပြန်ထိုင်ခိုင်းလိုက်သည်။

"ဟာ. . လွှတ်ပါဗျာ။ ကျွန်တော့်လက် နာပါတယ်"

"ဆရာတော်ဆီ. . မင်း မသွားဘူးဆိုမှ လွှတ်မယ်"

"ကျွန်တော် မေးတာတွေ. . ဦးရွှေက ဖြေပေါ့"

မောင်ချိတ်က အလျှော့မပေးဘဲ ပြောလိုက်သော ကြောင့်. . .

"တယ်ခက်တာပဲ"

ဦးရွှေက သက်ပြင်းချလိုက်ပြီး. . .

"ဒီကလေးဟာ အတော်ရှုပ်တဲ့ ကလေးပဲ။ ကိုင်း. . . ကိုင်း. .။ ကိုယ်တော်လေး. . . ဒီမှာ အသေအချာထိုင်၊ ပြီးတော့ ခင်ဗျားမေးလိုရာ မေးပေတော့ဗျား"

မောင်ချိတ်က လေးနက်သော မျက်နှာဖြင့်. . .

"ကျွန်တော် ဒီကျောင်းကို ရောက်လာပုံနဲ့ ကျွန်တော့် မိဘတွေအကြောင်း ခရေစေ့တွင်းကျ အကုန်သိချင်တယ်။ ပြောပြပါ"

ဦးရွှေက ထိုအမေးကိုကြားလျှင် ပင့်သက်ရှိုက်လိုက် ပြီး. . .

"အဲဒီကိစ္စတွေ အချိန်တန်တော့ မင်း မသိချင်လဲ သိရမယ့် ကိစ္စတွေပါကွာ။ အခုအခါမှာတော့ အသေးစိတ် မဟုတ်ဘဲ



အကြမ်းဖျင်းပဲ ပြောပြလို့ရမယ်"

"ဦးရွှေအနေနဲ့ ပြောခွင့်ရှိသမျှကိုတော့ မခြွင်းမချန် ပြော ပြပါဗျာ"

"ဒီလိုကွယ့်။ မင်းဖခင်အမည်က နန္ဒရော်ဒါတဲ့၊ မင်း မိခင်အမည်က ဝဏ္ဏကလျာလို့ ခေါ်တယ်။ မင်းမျိုးမင်းနွယ် တွေပဲ။ အကြောင်းကိစ္စတစ်ခုကြောင့် စစ်ပြေးတိမ်းရှောင်ရင်း ဒီ မဟာမြိုင်ဂမ္ဘီရတောထဲ ရောက်လာကြတယ်။ ရောက်လာပုံက မဟာမြိုင်ဂမ္ဘီရတောထဲကို ဝင်ထွက်သွားလာနေတဲ့ အဘ မျက်မိမြင်အဘိုးအိုက မင်းမိဘတွေကို မဟာမြိုင်ဂမ္ဘီရ တောထဲကိုသာမက တို့ရှိနေတဲ့ ဒီကျောင်းတော်ကိုပါ ဆိုက်ဆိုက် မြိုက်မြိုက်ရောက်အောင် ပို့ပေးခဲ့တယ်။ မင်းမိဘနှစ်ပါးဟာ ဆရာတော်ခြေရင်းကို ရောက်ရှိဝပ်ဆင်းလာတော့ ဆရာတော်လဲ မင်းမိဘနှစ်ပါးရဲ့ အပူမီးတွေကို ငြိမ်းပေးခဲ့တယ်။ ဆရာတော်ရဲ့ တရားအဆုံးအမကို ကြားနာပြီးတဲ့နောက်မှာ မင်းမိဘများဟာ သေတပန်သက်တဆုံး သာသနာပြုလုပ်ငန်းမှာ ဘဝနှစ်မြှုပ် လုပ်ကိုင်တော့မယ်လို့ ဆုံးဖြတ်ကြတယ်။

"ဆရာတော်က မွေးကင်းစအရွယ်သာ ရှိသေးတဲ့ မင်းရဲ့ ဥပမိရုပ်ကို စစ်ဆေးပြီး ကြည့်တဲ့အခါ မင်းဟာ ပြုစုပျိုးထောင် ပေးမယ့်လူရှိရင် အလွန်ထူးချွန်မယ့် သမားတော်ကြီးတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာနိုင်တဲ့ လက္ခဏာတွေ တွေ့ရှိခဲ့တယ်။ ဒါကြောင့် ဆရာတော်က မင်းကို မင်းမိဘများထံက အလှူခံခဲ့တယ်။ ဆရာတော်ကိုယ်တိုင် မင်းကို ပြုစုပျိုးထောင်ပြီး မြန်မာ့ဆေးပညာကို သင်ကြားပေးလိုက်ရင် မင်းဟာ ဇမ္ဗူတလူ ထူးချွန်မယ့်သူ တစ်ဦးဖြစ်မယ့်အကြောင်း မင်းမိဘများကို ရှင်းပြတယ်။ ပထမတော့ မင်းမိဘများက မင်းကို သံယောဇဉ်မဖြတ်နိုင်တာကြောင့် ခေါင်းမညိတ်ဘူး။ ညဘက်တွေမှာ ငါက မင်းမိဘများကို ဖျောင်းဖျတယ်။ အဲဒီအချိန်က မင်းမိဘများဟာ စစ်ဘေးစစ်ဒဏ်နဲ့ အသက်လု ရှောင်တိမ်းပြေးလွှားနေရတဲ့ အချိန်လေ။ ဒီတော့ မင်းတို ဆရာတော့်ဆီ အပ်ထားခဲ့ရင် အသက်ဘေး ပိုမိုလုံခြုံစိတ်ချရမယ်လို့ မင်းမိဘများ သဘောပေါက်အောင် ပြောပြနိုင်ခဲ့တယ်။ ဒို့အပြင် မင်းမိဘများက ဆရာတော်ပြောတဲ့အတိုင်း ဇမ္ဗူတလူ လူချွန်လူမွန်ကလေး အဖြစ် မင်းကိုမြင်ချင်တဲ့ အကြောင်းတွေကြောင့် သံယောဇဉ် အတန်တန်ဖြတ်လို့ မင်းကို ဆရာတော်ဆီ အပ်နှံပေတော့တယ်"

မောင်ချိတ်ရင်ထဲတွင် မိဘနှစ်ပါး၏ အကြောင်းကို ကြားရလျှင် ရင်၌ လွမ်းသလိုလို၊ ဝမ်းနည်းသလိုလို၊ တမ်းတသလိုလို ကြေကွဲသောဝေဒနာများကို ခံစားလာရသည်။

"မင်း အသက်(၂၅)နှစ် ပြည့်ရင်တော့ မင်းမိဘများက



ပြန်တွေ့ဆုံခွင့် ၄တောင်းထားတယ်။ ဆရာတော်ကလဲ မင်း အသက်(၂၅)နှစ် ပြည့်တဲ့အချိန်မှာ မင်းမိဘများနဲ့ ပြန်လည် တွေ့ဆုံခွင့်ပြုမယ်လို့ ကတိပြုခဲ့တယ်"

မောင်ချိတ်သည် မိဘများနှင့် တွေ့ခွင့်ရရန် အချိန်ကို တွက်ချက်ကြည့်သောအခါ နောက်ထပ်ကိုးနှစ်စောင့်ရမည်ကို သိရ၍ ရင်ထဲ၌ မောပန်းသွားလေသည်။

"ကျွန်တော်လဲ ဒီတောနက်ထဲမှာ နေနေရတာ နှစ်ပေါင်း ဆယ့်ခြောက်နှစ်ရှိပြီနော်။ မဟာမြိုင်ဂမ္ဘီရတောအပြင်ဘက်က လူတွေကို တစ်ကြိမ်လောက် သွားကြည့်ချင်လိုက်တာ"

မောင်ချိတ်သည် ဤမဟာမြိုင်တောနက်ကြီးထဲ၌သာ ကြီးပြင်းကျင်လည်ခဲ့သူ ဖြစ်ရကား အပြင်လူများကို မတွေ့မမြင်ဖူးခဲ့ချေ။

ဤမဟာမြိုင် ဂမ္ဘီရတောတွင် သူတော်စင်များ၊ ရသေ့များ၊ ထွက်ရပ်လမ်း ကြိုးပမ်းနေကြသူများ၊ တရားဘာဝနာမွေ့လျော်သူများ စသည့် ပုဂ္ဂိုလ်တို့သည် ဤတော၏ ဆိတ်ငြိမ်ရာ နေရပ်အသီးသီးတွင် မှီတင်းနေထိုင်ကြလျက် မိမိတို့၏ လမ်းစဉ်အလျောက် အကျင့်မြတ်များကို ကျားကုတ်ကျားခဲ ကျင့်ကြံ အားထုတ်လျက် ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အလွန်အရေးကြီးသော အကြောင်းကိစ္စ ကြီးငယ်မရှိဘဲ အချင်းချင်း မတွေ့ဆုံဖြစ်ကြပေ။

မဟာမြိုင်ဂမ္ဘီရတောအပြင်ဘက်မှ လူပုဂ္ဂိုလ်များသည်လည်း ဤတောအတွင်းသို့ ရောက်လာရန် အလွန်ခက်ခဲသည်။

ဤတောနက်ထဲတွင်သာ ကျင်လည်လျက် လူလားမြောက်ခဲ့ရသော မောင်ချိတ်သည် အပြင်လူသားများကို တစ်ခါတစ်ရံမျှ မတွေ့မမြင်ဖူးချေ။

မောင်ချိတ်သည် ဆရာတော်ထံမှ ဆေးပညာရပ်ကို သင်ကြားရယူခဲ့ရာတွင် ဆေးဝါးပစ္စည်း ဖော်စပ်ပုံ၊ ဆေးအစွမ်းနှင့် ဆေးကုသပုံများကို သင်ကြားခဲ့ရရုံမျှမက တောနက်ကြီးအတွင်းရှိ ဂမုန်းပင်၊ နွယ်ပင်၊ ချုံပင်၊ ဆေးဖက်ဝင် အပင်များကို ရှာဖွေတူးဖော်ခဲ့ရသည်။

အပင်တစ်ပင်ချင်း၏ ပုံသဏ္ဌာန်၊ အရောင်အသွေးနှင့် ဆင်တူမျိုးကွဲများကိုပါ အသေးစိတ် သိရှိအောင် လေ့လာသင်ကြားခဲ့ရပေသည်။

ဆေးကုသခြင်းနှင့် ပတ်သက်၍လည်း လက်တွေ့စမ်းသပ်သောအားဖြင့် တောနက်ထဲရှိ သမင်၊ ချေငယ်၊ ဒရယ်၊ စိုင်၊ ဆတ်များအနက် ကျန်းမာရေးမကောင်း၍ မှိုင်တွေလဲပြိုနေကြသော တောရိုင်းတိရစ္ဆာန်များကို ရှာဖွေပြီး ဖြစ်ပေါ်နေသော



ရောဂါလက္ခဏာများကို ရှာဖွေစူးစမ်းပြီး ဆေးဝါးများ တိုက်ကျွေးကုသခြင်းဖြင့် ဆေးပညာနှင့် ဆေး၏အစွမ်းကို လက်တွေ့လေ့လာ သင်ကြားခဲ့ရပြန်သည်။

သို့ဖြစ်ရကား တောတွင်းရှိ တောရိုင်းတိရစ္ဆာန်များသည် မောင်ချိတ်ကို ရင်းနှီးကျွမ်းဝင်ယဉ်ပါးကာ မောင်ချိတ်၏ အနီးကပ်ခံခြင်း၊ အကိုင်အတွယ်ခံခြင်းကို မကြောက်မလန့်ဘဲ ဘာသာဘာဝအတိုင်း ပြုမူကြလေသည်။

ထို့အပြင် ကျောင်းသင်္ခမ်းအနီး၌လည်း ရောက်ရှိပျော်မြူး နေတတ်ကြလေသည်။

အထက်ဖော်ပြပါအတိုင်း ဆရာတော်ထံမှ ဆေးပညာကို တောရိုင်းတိရစ္ဆာန်များအား ကုသလျက် ကုသမှုပျောက်ကင်းပြီး ဆေးကုအတွေ့အကြုံများစွာ ရရှိပြီးသည့်အခါတွင် တစ်ဆင့်တက်၍ ဆေးကုစေပြန်၏။

တစ်ဆင့်တက်ပုံမှာ မဟာမြိုင်ဂမ္ဘီရတောကြီးအတွင်း၌ မှီတင်းနေထိုင်လျက် တရားဘာဝနာ ကြိုးကုတ်အားထုတ်နေကြသော သူတော်စင်များသည် အစားဆင်းရဲ၊ အနေဆင်းရဲ၊ ကျင့်ကြံ ကြိုးကုတ်မှု ပြင်းထန်ကြရကား ရံဖန်ရံခါ၌ ကိုယ်လက်ကြံ့ခိုင်မှု အားနည်း၍ နေထိုင်မကောင်း ဖြစ်တတ်ကြပေသည်။

သူတော်စင်များသည် တရားရှင်များ ဖြစ်ကြသည်နှင့်

www.burmeseclassic.com



အညီ ရုပ်ခန္ဓာ၏ ဖောက်ပြန်မှုဖြစ်သော ရောဂါဝေဒနာဖြစ်ခြင်း အပေါ် ဂရုစိုက်လှသည် မဟုတ်ပေ။

သို့သော် ကုသိုလ်အမှုလည်းဖြစ်စေ၊ ဆေးကုအတွေ့ အကြုံလည်းရစေရန် ထိုနာမကျန်းဖြစ်သော သူတော်စင်များကို ရှာဖွေ၍ မောင်ချိတ်ကို ဆေးကုခြင်းအမှု ပြုစေလေ၏။

သူတော်စင်တို့၏ ခွင့်ပြုချက်ဖြင့် ဆေးကုသခဲ့ပေရာ မောင်ချိတ်အတွက် တန်ဖိုးမဖြတ်နိုင်သော ဆေးကုသမှု အတွေ့ အကြုံများကို ရခဲ့ပေသည်။

မောင်ချိတ်သည် ယခုအခါ အသက်တစ်ဆယ့်ခြောက်နှစ်မျှသာရှိသည်ဖြစ်၍ အသက်အရွယ်အားဖြင့် အလွန်ငယ်ရွယ်သေးသည်ဖြစ်သော်လည်း ဆရာတော်၏ ညွှန်ပြစေခိုင်းမှု အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ခဲ့သည်ဖြစ်ရကား ဆေးပညာအတွေ့အကြုံမှာမူ အလွန်များပြား ပြည့်ဝနေလေသည်။

"ဟေ့... မောင်ချိတ်၊ မင်းဘာတွေ တွေးနေတာလဲ။ ငါ ပြောတာတွေ မင်းမကြားဘူး မဟုတ်လား"

ဟုတ်ပါသည်။ မောင်ချိတ်မှာ မိမိအကြောင်းကို မိမိ တွေးနေမိရာ ဦးရွှဲက ဘာပြောလိုက်သည်ကို မသိလိုက်ပါချေ။

"ပြန်ပြောပြပါဦး ဦးရွှဲရာ... ကျွန်တော် မကြားမိ





လိုက်ဘူး"

"မင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်စေမယ့် ကိစ္စတစ်ခု အကြောင်းပြောတာပါ"

"ကျွန်တော် ဝမ်းသာမယ့်အကြောင်း... ဟုတ်လား"

"ဟုတ်တယ်။ ဒီလိုကွယ့်... လာမယ့် တော်သလင်း လမှာ မဟာမြိုင်ဂမ္ဘီရတောအပြင်ဘက်ကို သွားရမယ့်ကိစ္စတစ်ခု ငါ့မှာရှိတယ်"

ဦးရွှဲသည် ဆရာတော်၏ ခိုင်းစေချက်အရ မကြာခဏ ဂမ္ဘီရတောအပြင်သို့ ခရီးထွက်ရလေ့ရှိသည်။

"သွားရမယ့်နေရာက လူတွေ နေထိုင်စည်ကားတဲ့ ဒဂုံမြို့ကလေးကိုပဲ။ အဲဒီအခါ မင်းလိုက်ခွင့်ရဖို့ ဆရာတော်ကို ငါ လျှောက်ပေးမယ်"

"ဆရာတော်က ခွင့်ပြုမှာမဟုတ်ပါဘူးဗျာ" မောင်ချိတ်က အားလျှော့သော လေသံနှင့်ပြောသည်။

"မင်းအသက်တစ်ဆယ့်ခြောက်နှစ် မပြည့်ခင်ကသာ မင်းကို ကန့်သတ်ချက်တွေထားထာပါ။ ဒါကလဲ မင်းကို နက်နဲတဲ့ မြန်မာ့ဆေးပညာရပ်တွေ သင်ကြားပေးဖို့အတွက် အချိန်မလုံ လောက်မှာစိုးလို့ စည်းကမ်းတင်းကျပ်ရတာ။ အခု မင်းက မြန်မာ့ဆေးပညာရဲ့ လျှို့ဝှက်ခက်ခဲတဲ့ အဆစ်ပိုင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ကျော်လွှားနိုင်ပြီပဲ။ ပြီးတော့ မင်းအသက်ကလ တစ်ဆယ့်ခြောက်နှစ်ပြည့်ခဲ့ပြီဆိုတော့ မင်းအတွက် လွတ်လပ်မှုတွေ ပိုရလာပါလိမ့်မယ်။ လာမယ့် တော်သလင်းလမှာ ဒဋ္ဌမြို့ကို လိုက်ခွင့်ရအောင် ဆရာတော်ကို ငါကလဲ တိုက်တိုက်တွန်းတွန်း လျှောက်ပေးပါ့မယ်"

"ဟာ. . . ကျွန်တော် ဝမ်းသာလိုက်တာ ဦးရွှဲရယ်။ ဒါဆို မဟာမြိုင်အပြင်ဘက်ကလူတွေကို ကျွန်တော် တွေ့ဖူးမြင်ဖူးတော့မှာပေါ့။ သူတို့က ဦးရွှဲလိုပဲ သဘောကောင်းလား ဟင်"

"အမယ်. . . မင်းက ငါ့ကို သဘောကောင်းတယ်လို့ ဆိုသပေါ့။ ဟား. . . ဟား. . . ဟား. . . အရင်ကတော့ မင်းက ငါ့ကို အပေါက်ဆိုးသလေး၊ ခွကျသလေး၊ စိတ်ပုပ်သလေးနဲ့ ပြောခဲ့တယ်။ အခုမှ ဘာကြောင့် သဘောကောင်းတယ်လို့ ပြောရတာလဲ"

"ဦးရွှဲကို ကျွန်တော် စိတ်ကောက်ပြီး ပြောခဲ့တာပါ။ ဦးရွှဲက ကျွန်တော့်ကို အလိုမလိုက်ဘဲ စည်းကမ်းတင်းကြပ်လွန်းလို့လေ။ အမှန်တော့ ဦးရွှဲက စိတ်ကောင်းရှိပါတယ်"

"အေး. . . အေး. . . မင်း ငါ့ကို အခုလို အမြင်မှန်ရသွားတဲ့အတွက် ဝမ်းသာတယ်ကွ၊ အမှန်တော့လဲ ငါက မင်းကို အလိုလိုက်ချင်သပေါ့ မောင်ချိတ်ကလေးရယ်။ ဒါပေမယ့် ဆရာ



တော်ရဲ့ ပညတ်ချက်တွေ၊ စည်းကမ်းချက်တွေက ရှိတယ်လေကွာ။ ဒါကလဲ အဲဒီစည်းကမ်းတွေအတိုင်း မင်းနေထိုင်ပါမှ မင်းဟာထူးချွန်တဲ့ ဆေးဆရာသမားတော်ကောင်းတစ်ယောက်ဖြစ်လာမယ်လေကွာ။ အခု မင်းတတ်မြောက်ထားတဲ့ ဆေးပညာဟာ ဆရာတော် စည်းကမ်းတင်းကျပ်မှုတွေအတိုင်း မင်းလိုက်နာဆောင်ရွက်ခြင်းရဲ့ အကျိုးရလဒ်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်။ အဲဒါကို ကျွန်တော် သဘောပေါက်တာ အတော်ကြာပါပြီ။ ဆရာတော်ရဲ့ကျေးဇူးတွေဟာ ကျွန်တော့်အပေါ်မှာ ဆပ်မကုန်နိုင်အောင် များလှပါတယ်"

မောင်ချိတ်က ဆရာတော်ကို ရည်မှန်းလက်အုပ်ချီရင်း ပြောသည်။

ဦးရွှဲက. . .

"သာဓု. . . သာဓု. . . သာဓု"

ဟု ကောင်းချီးပေးသည်။

မောင်ချိတ်က "ဦးရဲ့ ကျေးဇူးလဲ ကျွန်တော့်အပေါ်မှာ နည်းပါဘူး"ဟု ဆိုလျှင်. . .

ဦးရွှဲက "အိုကွာ. . . ငါ့ကျေးဇူးဆိုတာ ဆရာတော့်ကျေးဇူးရဲ့ မြူမှုန်လောက်ရှိပါတယ်"

"ဗြော်. . . ဒါနဲ့ ဦးရွှဲပြောတဲ့ ဒဋ္ဌမြို့က လူတွေဆို

www.burmeseclassic.com

www.burmeseclassic.com



တာက ဦးရွှဲတို့ ကျွန်တော်တို့လိုပဲ စိတ်ထားတွေဖြူစင်ရဲ့လား"

မောင်ချိတ်၏ ထိုမေးခွန်းကို ကြားလျှင် ဦးရွှဲ၏ မျက်နှာ တည်ကြည်လေးနက်သွား၏။

ထို့နောက် ခေါင်းကို လေးပင်စွာ ခါယမ်းပြီး. . .

"အဲဒီမြို့သားတွေက တို့မဟာမြိုင် ဂမ္ဘီရတောထဲက လူတွေလိုတော့ မဟုတ်ဘူးကွယ့်။ သူတို့မှာ လောဘ၊ ဒေါသ မောဟတွေ ရှိကြတယ်"

ဦးရွှဲ၏ အဖြေကိုကြားရလျှင် မောင်ချိတ်သည် စိတ် မချမ်းမမြေ့ ဖြစ်သွားသည်။ သူ့ရင်ထဲမှ ပျော်ရွှင်မှုများ ပျောက် သွား၏။

"ဟင်. . . ဒီလူတွေမှာ လောဘ၊ ဒေါသ၊ မောဟတွေရှိ ဟုတ်လား။ အို. . . ဒီလိုဆို ဒီလူတွေဟာ စိတ်ပျက်စရာပါပဲ လား"

"မင်း ဒီလို. . . သဘောထားလို့တော့. . . မဖြစ်ဘူး မောင်ချိတ်"

ဦးရွှဲက ဟန့်လိုက်သည်။

"ဗျာ. . . ဘာဖြစ်လို့လဲ ဦးရွှဲရဲ့"

"ဘာဖြစ်လို့လဲ ဆိုတော့ မင်းကို ဆရာတော် ပြုစု ပျိုးထောင်လေ့ကျင့်သင်ကြားပေးခဲ့တာတွေဟာ အဲဒီ လောဘ



ဒေါသ၊ မောဟဆိုတဲ့ အမှောင်ထဲက လူသားတွေကို အလင်း ခါတ်ဝေငှပြီး ကယ်တင်ဖို့. . ကူညီလမ်းပြပေးဖို့ပဲ"

"ဟင်. . . ကျွန်တော်က အဲဒီလူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟတွေ ရှင်းပေးဖို့ ကျွန်တော့်ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို ဖြုန်းတီးရမယ်လို့ ဆိုလိုတာလား"

"မောင်ချိတ်. . . မင်းအတွေးအခေါ်တွေ မှောက်မှား နေပြီ"

"ဗျာ. . . ကျွန်တော်မှားတယ် ဟုတ်လား"

"အေး. . . မင်းမှားနေတယ်။ ဒီလိုကွယ့်. . . မင်း နားလည်အောင် ရှင်းပြရရင် မင်းကို မေးခွန်းတစ်ခုမေးမယ်။ မင်းက ဖြေ။ အကယ်၍ မင်းလက်မှာ အညစ်အကြေးတွေ ပေကျံ နေရင် မင်း ဘာလုပ်မလဲ"

"ရေနဲ့. . . ဆေးပါတယ်"

"အေး. . . အဲဒီလိုပဲပေါ့။ သူတော်ကောင်းဆိုတာ ရေလို လူစားမျိုးပဲ။ လူတွေရဲ့ အညစ်အကြေးတွေ စင်ကြယ်စေဖို့ မင်းရဲ့ အသိဉာဏ်၊ မင်းရဲ့စွမ်းအင်တွေကို အသုံးချပြီး ဆေး ကြော သန့်စင်ပေးရလိမ့်မယ်"

မောင်ချိတ် တွေတွေငေးငေး ဖြစ်နေသည်။

"မင်းလက်မခံနိုင်သေးဘူးလား။ ကဲ. . . ဒီလိုဆို

www.burmeseclassic.com



မေးခွန်းတစ်ခု ထပ်မေးမယ်ကွာ။ ညဘက်မှောင်လာရင် အဲဒီ အမှောင်ပျောက်အောင် မင်း ဘာလုပ်သလဲ"

"ဆီးမီးခွက်ကို ထွန်းပါတယ်"

"အေး. . . မင်းဟာ ဆီမီးခွက်ပဲ။ လူတွေရဲ့ လောဘ ဒေါသ၊ မောဟအမှောင်တွေပျောက်ကွယ်လင်းချင်းဖို့ မင်း ဘဝ ရဲ့ ပညာဆီမီးတွေနဲ့ ထွန်းညှိပြီး အလင်းရောင်ကို ပေးရမယ်"

မောင်ချိတ်တွေဝေဆဲ၊ ငေးရီဆဲ။

"မောင်ချိတ်"

"ဗျာ"

"မင်းဟာ လူတွေကို သေစေနိုင်တဲ့ရောဂါတွေကို ဆေး ပညာနဲ့ တိုက်ဖျက်အနိုင်ယူနိုင်တဲ့ အရည်အချင်းတွေကို ပိုင်ဆိုင်ထားတာဟာ သူ့ဘာသာသူ အလိုအလျောက် ဖြစ်လာ ခဲ့တာလား"

"မဟုတ်ပါဘူး။ ဆရာတော်နဲ့ ဦးရွှဲက ကြပ်မတ်လေ့ကျင့် ပေးလို့ပါ"

"အေး. . . ဟုတ်တယ် မောင်ချိတ်။ တို့များကသာ ကိုယ့်ပြည့်စုံမှုနဲ့ကိုယ် ကျေနပ်နေကြပြီး အခြားသူတစ်ပါးအတွက် ဒုက္ခခံလိုစိတ်မရှိဘူးဆိုရင် မင်းဟာလဲ အဲဒီ ဒေမြို့ကလေးက လူတွေလိုပဲ အမှောင်ထဲက လူတစ်ယောက်အဖြစ်သာ ရှိလိမ့်



မယ် မောင်ချိတ်"

"ဟင်. . ."

မောင်ချိတ် တုန်လှုပ်သွားသည်။

"အဲဒါပဲ မောင်ချိတ်၊ မင်းရဲ့မနောမှာ အလင်းရောင် တွေ ထွန်းလင်းလာအောင် မင်းအတွက်တို့ အပင်ပန်းအဆင်း ရဲခံခဲ့တယ်။ မင်းကလဲ အခြားလူသားတွေ အလင်းမှတ်ရဖို့ အပင်ပန်း အဆင်းရဲခံရမယ်"

မောင်ချိတ် အသံတိတ်နေ၏။

"သူတော်စင်စိတ်မှတ်ဆိုတာ ကောင်းတဲ့ အစားအစာ တွေ စားခွင့်ရရင် အခြားသူတွေကို ခွဲဝေကျွေးချင်စိတ်ရှိရတယ်။ သုခလမ်းမကြီးကိုတွေ့ရင် ဒုက္ခန္တိထဲနစ်နေသူတွေကို လမ်းပြ ဆွဲခေါ် ပျော်ရွှင်စေရမယ်။ အမှောင်ထဲမှာ စမ်းတဝါးဝါး လမ်း မှားနေသူကို တွေ့ရင် အလင်းရောင်ထွန်းပြ ကယ်မရမယ်။ မင်း မှာ အဲဒီလို ကိုယ်ချင်းစာနာစိတ်နဲ့ မေတ္တာတရား ပြည့်လျှမ်း နေရမယ်လို့ ဆရာတော်ဆုံးမခဲ့တာ မေ့သွားပြီလား"

မောင်ချိတ် မျက်လုံးဝိုင်းဝိုင်းလည်သွားသည်။

"လူတွေအားလုံးဟာ ကိုယ်ကောင်းဖို့ ကိုယ်ချမ်းသာဖို့ ကိုယ့်အတွက်ချည်းသာ ကိုယ်ကြည့်တတ်တဲ့ အတ္တသက်သက် သာ အမှုကိစ္စတွေကိုပဲ လုပ်နေကြမယ်ဆိုရင် သုခလမ်းမ

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ပျောက်ဆုံးကုန်ပြီး လူ့လောကဟာ လောဘ၊ ဒေါသ၊ မောဟ မီးလျှံတွေ ဖုံးလွှမ်းသွားလိမ့်မယ်။ လောကကြီးတစ်ခုလုံးဟာ အပူမီးလျှံတွေ အလျှံညီးညီး လောင်မြိုက်နေတဲ့ ငရဲဘုံကြီး ဖြစ်သွားလိမ့်မယ်။ အဲဒီလိုဖြစ်တာကို မင်းမြင်ချင်သလား. . မောင်ချိုက်"

မောင်ချိုက် မျက်စိမျက်နှာပျက်လျက် ခေါင်းကို သွက်သွက်ခါ၏။

"ကျွန်တော် သဘောပေါက်ပါပြီ။ ဆရာတော်နဲ့တကွ ဦးရွှေတို့လျှောက်နေတဲ့ သူတော်စင်လမ်းမကြီးမှာ ကျွန်တော့်အတ္တကိုစွန့်ပယ်ပြီး ဆရာတော်နဲ့ဦးရွှေတို့ စေခိုင်းတဲ့အတိုင်း ကျွန်တော်ဟာ လူသားအားလုံးအတွက် အကျိုးဆောင်ပါတော့မယ်"

"အေး. . . သာဓုကွယ် သာဓု. . . သာဓု၊ အလင်းရောင်ဆိုတာ ကူးဆက်ထွန်းညှိရင်းနဲ့ ပိုမိုများပြား လင်းတောက်လာတာမျိုးပါကွယ်။ မူလမှာ အလျော့အပေါ့ မရှိပါဘူး။ ဒါကြောင့် မင်းထံက သူတော်ကောင်းစိတ်ဓါတ်နဲ့အတူ မင်းရရှိထားတဲ့ ဆေးပညာ မင်းစွမ်းဆောင်နိုင်တဲ့ စွမ်းအင်တွေကို အသုံးချပြီး လူတွေကို ကူညီရမယ်။ လူတွေချမ်းသာသုခရတာနဲ့အမျှ မင်းမှာ သုခတိုးပါလိမ့်မယ်"

ဦးရွှေသည် စကားဆုံးလျှင် နေရာမှထ၍ ကျောင်းပေါ်သို့



တက်သွား၏။

မောင်ချိုက်မှာ တစ်ဦးတည်း တွေးတော ငေးမောကျန်ရစ်သည်။

လူသတ္တဝါတို့သည် မသိမှု မောဟအမှောင်ထဲတွင် 'မျက်စိကန်း တစ္ဆေမကြောက်' ဆိုသကဲ့သို့ ဖြစ်နေကြ၏။ အမှန်ဆိုရမူ သတ္တဝါတို့ကား သနားဖွယ်ပါတကား။

ဤသနားစဖွယ် သတ္တဝါများကို မိမိအနေဖြင့် အလင်းနှင့်တစ်စက်အဖြစ်ဖြင့်ပင်ဖြစ်စေ၊ လမ်းပြလျက် လမ်းကောင်းလမ်းမှန်ပေါ်သို့ ခေါ်ဆောင်လျှင် ထိုအလုပ်သည် မွန်မြတ်သော အလုပ် ဖြစ်ပေလိမ့်မည်။

လူ့ဘဝ အမိပ္ပာယ် ဂုဏ်ပုဒ်တွင် သူတော်စင်လမ်းကြောင်းများသည်သာ မွန်မြတ်မှုများကို မွေးဖွားပေါ်ပေါက်စေသည် တကား။

ထိုအတွေးကြောင့် ပီတိဖြစ်ကာ ခန္ဓာကိုယ်တစ်ခုလုံးသာခြင်းအရသာများ ပျံ့နှံ့သွားလေ၏။

မောင်ချိုက်သည် သူတော်စင်လမ်းကြောင်းကို နောက်ကွန့်တမ်း လျှောက်လှမ်းတော့မည်ဟု ဆုံးဖြတ်ချက်ချ၍ဒါန်ကို ပိုင်ပိုင်ချမှတ်နိုင်လိုက်လေတော့သည်။

မွန်မြတ်သော စေတနာသည် လောက၏ အကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံးသော အရာများကို ဖြစ်ထွန်းပြည့်ဝစေလိမ့်မည် မုချပင်။

ထိုညတွင် မောင်ချိတ်သည် နှစ်ခြိုက်စွာ အိပ်ပျော်လိုက်လျက် အတိတ်နိမိတ်ကောင်းသော အိပ်မက်ကို မက်လေသည်။

ထိုအိပ်မက်ထဲ၌. . .

ကျောင်းရှေ့က လမ်းခင်းထားသော ကျောက်သံပတ္တမြားများသည် အလွန်ဖြူဆွတ်သော ကြာပွင့်များ ပွင့်လာကြ၏။

မောင်ချိတ်က ထိုကြာပွင့်ဖြူ အမြောက်အမြားကို ယူဆောင်လျက် ငိုကြွေးနေသော လူများအား ဝေငှပေးလေသည်။ ငိုကြွေးနေသူများသည် ကြာပွင့်ဖြူအား ခေါင်း၌ ပန်ပြီးသည့်နောက်တွင် ရယ်မောရွှင်ပြုံးလာကြလေသည်။

မောင်ချိတ်သည် ထိုအိပ်မက်ကိုမက်နေစဉ် သူ၏ မျက်နှာ၌ လှပအေးချမ်းသော အပြုံးတစ်ခု ဖြစ်ပေါ်လာပြန်သည်။

သူ့စိတ်အာရုံထဲ၌ အတွေးတစ်ခု ဖြစ်ပေါ်လာလေသည်။ ဒဂုံမြို့ကလေးကို အရောက်သွား၍ လူတို့အား မောဟအမှောင်မှ ဆွဲထုတ်လျက် ဒုက္ခအပေါင်းမှ တတ်စွမ်းသမျှ ကယ်တင်ပေးမည်ဟူသော အတွေးဖြစ်သည်။

* * *

(၂)

## ဒဂုံမြို့သို့ ခရီးအစ

"မသေတဲ့ ပြဒါးဟာ အသက်ရှည်ဆေး မဟုတ်။ လူ့အသက်ဇီဝိန်ကိုခြွေမယ့် အဆိပ်မှုန့်တွေပဲ ဖြစ်တယ်"

*ဆရာဟိန်း၏ ကိုယ်တွေ့ အဖြစ်အပျက်*

www.burmeseclassic.com

www.burmeseclassic.com

မောင်ချိတ်သည် ဦးရွဲ့ထံမှ ဒင္ဂမြို့ကလေးအကြောင်းကို ကြားသိရပြီးကတည်းက ထိုမြို့ကလေးကိုသာ စိတ်ရောက်နေပြီး ထိုမြို့ကလေးသို့ အလွန် သွားချင်နေလေသည်။

တစ်ရက်၊ နှစ်ရက်နှင့်စောင့်ဆိုင်းရင်း သုံးလတိုင်အောင် စောင့်ခဲ့ရလေသည်။

ထိုသုံးလဟူသော အချိန်ကာလကို စောင့်ဆိုင်းရသည်မှာ သုံးနှစ်ထက်မက ကြာမြင့်ရှည်လျားလှသည်ဟု ထင်မြင်ခဲ့လေသည်။

ယခု တော်သလင်းလသို့ ရောက်ရန် ရက်ပိုင်းသာ လိုပေတော့သည်။ တော်သလင်းလကို ရောက်လျှင် ဦးရွဲ့နှင့်အတူ ဒင္ဂမြို့ကလေးကို သွားခွင့်ရပေတော့မည်။

*   *   *

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တွင် ဦးရွဲက မောင်ချိတ်ထံ ရောက်လာပြီး မမျှော်လင့်သော စကားကို ဆိုလေ၏။

မောင်ချိတ်သည် ကျောင်းအောက်ရှိ ကွပ်ပျစ်၌ထိုင်ကာ ကျောက်သင်ပုန်းတစ်ချပ်၊ ကန့်ကူဆန်တစ်လက်ဖြင့် အင်းကစားနေသည်။

ဦးရွဲက ပြုံးရွှင်စွာဖြင့်. . .

"မောင်ချိတ်ရေ. . . မင်း ဝမ်းသာပေတော့ဟေ့။ မနက်ဖြန် ငါတို့. . ခရီးထွက်ရမယ်။ မင်းကို ငါနဲ့အတူ ဒဌမြို့ကလေးကိုလိုက်ဖို့ ဆရာတော်က ခွင့်ပြုလိုက်ပြီကွ"

ဦးရွဲစကားကိုကြားလျှင် မောင်ချိတ်သည် ကျောက်သင်ပုန်းနှင့် ကန့်ကူဆန်ကို လွှတ်ချလိုက်ပြီး ဝမ်းသာရွှင်မြူးသွားကာ ကွပ်ပျစ်ပေါ်မှ မြေပြင်သို့ ခုန်ဆင်းလိုက်၏။

"ဆရာတော်က သူ့ဆီလာတွေ့ဖို့ အမိန့်ရှိလိုက်တယ်။ မင်း အခုသွားလိုက်။ မဟာမြိုင်ဂမ္ဘီရတောအပြင်ကို သွားတဲ့အခါ လိုက်နာရမယ့် အချက်တွေကို ဆရာတော် အမိန့်ရှိလိမ့်မယ်။



အသေအချာ မှတ်လာခဲ့"

မောင်ချိတ်သည် ပျော်ရွှင်လျင်မြန်သော ခြေလှမ်းများဖြင့် ကျောင်းပေါ်သို့ သွက်သွက်လက်လက် တက်သွားလေသည်။

ဦးရွဲသည် ကွပ်ပျစ်၌ ဝင်ထိုင်လျက် မြေကရားရေနွေးကြမ်းအိုးမှ ရေနွေးအဖန်ရည်ကို မြေခွက်ထဲ၌ငှဲ့ယူကာ တစ်ကျိုက်စီ စိမ်ပြေနပြေ မှုတ်သောက်ရင်း မောင်ချိတ်အကြောင်း တွေးနေမိလေ၏။

မောင်ချိတ်သည် အသက်တစ်ဆယ့်ခြောက်နှစ်ကျော်ရုံမျှ ရှိသေးသော်လည်း ခန္ဓာကိုယ် ထွားကျိုင်းသန်မာကြံ့ခိုင်ခြင်း၊ ရုပ်ရည်ခန့်ညားချောမွေ့ခြင်း၊ ဉာဏ်ရည်ဉာဏ်သွေး အလွန်ထက်မြက်ခြင်းများအပြင် အတန်ငယ် တင်းမာဟန်ရှိသော တည်ကြည်သည့်မျက်နှာထားတို့ကြောင့် လူလားမြောက်ပြီး လူလတ်ပိုင်းတစ်ဦးဟု ထင်ရလေ၏။

မောင်ချိတ်တွင်ရှိသော ရုပ်ရည်လက္ခဏာများမှာ အင်္ဂဝိဇ္ဇာအဟောအရ ခွဲခြမ်းစိတ်ဖြာရလျှင် အလွန်အကျိုးပေးကောင်းသော သဏ္ဌာန်များ ဖြစ်လေသည်။

တောက်ပစူးရှဲသော မျက်ဝန်းတစ်စုံ၊ သိမ်းငှက်တောင်ပံနှစ်ဖက်ကဲ့သို့ အလယ်တွင်စုကွေးပြီး အဖျားသို့ ကော့ပျံ့သွားသော မျက်ခုံးတစ်စုံ၊ လေးကိုင်းကဲ့သို့ ကွေးညွတ်လှပပြီး နှုတ်ခမ်းထွေး

www.burmeseclassic.com

www.burmeseclassic.com



သောနှုတ်ခမ်းနှင့် ခိုင်ခံ့အားကောင်းသော လေးထောင့်သဏ္ဍာန် မေးရိုးများက မောင်ချိတ်သည် သူတို့အကြားတွင် နက်နဲသော ပညာရပ်များဖြင့် ကျော်ကြားထင်ရှားမည့်သူဖြစ်ကြောင်း ဖော်ပြနေကြ၏။

အထက်ဖော်ပြပါ ထူးချွန်မည့် လက္ခဏာများသည် ဤသူငယ်၌ ချိပ်တဲ့ဆိပ်ရိုက်နှိပ်ထားသကဲ့သို့ အထင်အရှားပေါ်လာသောကြောင့် တနင်္လာနေ့ဖွား ထိုသူငယ်ကို ဆရာတော်က မောင်ချိတ်ဟု အမည်နာမ ချီးမြှင့်ခဲ့ခြင်း ဖြစ်လေသည်။

ဤမောင်ချိတ်ကလေးအား ဆရာတော်က ကြီးမားသော ရည်ရွယ်ချက်ဖြင့် ပြုစုပျိုးထောင်ခဲ့သည်။

ဆရာတော်သည် မဟာမြိုင်ဂမ္ဘီရတောနက်ထဲမှ အပြင်သို့ မထွက်တော့ပြီဖြစ်ရာ အပြင်လူသားများ၏ ကောင်းကျိုးကို အတွင်းလူတစ်ယောက်က ဆောင်ရွက်ရန်အတွက် မောင်ချိတ်ကလေးကို ပြုစု ပျိုးထောင်ခဲ့ခြင်းဖြစ်သည်။

ဦးရွှဲသည်လည်း ယခင်က အပြင်လူတစ်ဦးပင်ဖြစ်သည်။
မဟာမြိုင်တောအတွက် သူစိမ်းသက်သက်။
ဦးရွှဲ၏ ဇာတ်ကြောင်းကို ပြန်စဉ်းစားလိုက်လျှင် . . .
သူ၏ အသက်မွေးဝမ်းကျောင်းမှုမှာ မုဆိုးတစ်ဦး။
ဦးရွှဲသည် တစ်နေ့တွင် တောတွင်းသို့အမဲလိုက်ရန်ထွက်



လာခဲ့သည်။

တောဝက်ကြီးတစ်ကောင်ကို အမှတ်မထင် ပက်ပင်းပါတွေ့၍ ပါလာသောဒူးလေးနှင့် ပစ်ချလိုက်ရ၏။

အဆိပ်မြား မှန်သွားသော်လည်း တောဝက်ကြီးသည် ဒေါသပြင်းစွာဖြင့် ဦးရွှဲအား အတင်းဝင်ပက်လိုက်လေတော့သည်။

ဝက်နှုတ်သီးနောက်သို့ ထွေးခနဲပါသွားပြီး ဝက်ရောလူပါ ချောက်ကမ်းပါးအစွန်းတခုမှ အောက်သို့ ကျသွား၏။

အောက်တွင် ရေစီးသန်သော စမ်းချောင်းတစ်ခုက ဆီးကြိုနေလေရာ ဝုန်းခနဲ ရေထဲသို့ ရောက်သွားပြီးနောက် တောဝက်ကြီးက တစ်ခြား၊ သူကတစ်ခြား မျောပါသွားလေ၏။

အလွန်အေးစက်သော စမ်းရေထဲ၌ မျောပါရင်း သူ့ကိုယ်သူ သတိထားမိရာဝမ်းဗိုက်တွင်နာကျင်နေပြီး သွေးများကလည်း မရပ်တမ်းစီးဆင်းနေလေ၏။

မကြာမီမှာပင် အားပျော့လာသည်။ ခြေလက်တို့ မလှုပ်နိုင်တော့၊ မကူးယက်နိုင်ဘဲ ရေနစ်စပြုလာ၏။

ပါးစပ်မှ ဝမ်းဗိုက်ထဲသို့ ရေတစ်ကြိမ် နှစ်ကြိမ်ဝင်လေသည်။ နောက်ဆုံးတွင် သစ်ဖုံးလား၊ အဆိပ်မြားမှန်၍ သေဆုံးမနေသော တောဝက်လား မသိ။ ထိုမကွဲပြားသော မည်းမည်း

www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်တစ်ခုကို အနီး၌ မြင်လိုက်ရ၍ အားအင်အကုန်ထုတ်ကာ ၎င်းအရာဝတ္ထုအား လှမ်းဖက်လိုက်ပြီးနောက်တွင် ဂုံးဝ သတိလစ်သွားလေတော့သည်။

ဦးရွဲပြန်လည်သတိရလာသောအခါ မဟာမြိုင်ဂမ္ဘီရတောနက်ကြီးထဲသို့ ဦးရွဲရောက်ရှိနေပြီး ဦးရွဲကို ကယ်တင်ထားသူမှာ 'ဆရာမြိုင်'ဟူသော အဘိုးအိုတစ်ဦးဖြစ်လေသည်။

ဆရာမြိုင်က ဦးရွဲ၏ ဒဏ်ရာများကို အလွန်အစွမ်းထက်သော ဆေးဂမုန်းပင်များနှင့် အခြား ဆေးမြစ်ဆေးဥများ အသုံးပြုကာကုသပေးခဲ့ရာ ရက်အနည်းငယ်အတွင်း အကောင်းပကတိ ဒဏ်ရာကင်းရှင်းစွာ ပျောက်ကွယ်သွားခဲ့သည်။

ဦးရွဲသည် ပြန်လည်ကျန်းမာလာပြီးနောက် မိမိဘဝ၏ အကုသိုလ် အမှုများပေါ်၌ နောင်တရကာ ဤတောနက်ထဲ၌ ဆရာမြိုင်ထံပါးမှာနေလျက် အိုမင်းလှပြီဖြစ်သော ဆရာမြိုင်ကို မိဘသဖွယ် အလုပ်အကျွေးပြုလျက် အသက်၏ ကျေးဇူးကို ဆပ်ပါရစေဟု ဆရာမြိုင်အား ခွင့်ပန်သည်။

သို့သော် ထူးဆန်းလှစွာပင် ဆရာမြိုင်က "မင်း ငါ့ကျေးဇူးတွေ ဆပ်ချင်တယ်ဆိုရင် ပုဂ္ဂိုလ်တစ်ဦးဆီ ငါပို့ပေးမယ်။ ငါ့ကိုယ်စား အဲဒီပုဂ္ဂိုလ်ကခိုင်းသမျှကို ကျိုးကျိုးနွံနွံ ဆောင်ရွက်ပြီး နေပေတော့" ဟု ပြောကာ ဆရာတော်ထံပါးသို့ ခေါ်ဆောင်ခဲ့ပြီး ဆရာတော်အား အပြီးတိုင် အပ်နှံလိုက်လေသည်။



ဆရာမြိုင်ကမူ မဟာမြိုင်ဂမ္ဘီရတော၏ အလွန်နက်သော အတွင်းအလယ်ပိုင်းသို့ ပျောက်သွားလိုက်သည်မှာ ယခုတိုင် ပြန်မလာတော့ချေ။

ဆရာတော်က ဦးရွဲကို ဂမ္ဘီရပညာရပ်များ တစ်စတစ်စ အနည်းငယ်စီ သင်ကြားပေးခဲ့ပြီး တစ်ခါတစ်ရံ၌ မဟာမြိုင်ဂမ္ဘီရတောအပြင်ဘက်ရှိ လူ့လောကတွင် သာသနာရေးဆိုင်ရာကိစ္စများ၊ ဘာသာရေးဆိုင်ရာကိစ္စများ၊ အကြောင်းကိစ္စကြီးငယ် ပေါ်ပေါက်လာလျှင် ဦးရွဲကိုစေလွှတ်လျက် ဆောင်ရွက်ထိုက်သည်တို့ကို ဆောင်ရွက်စေခြင်း၊ ကူညီပံ့ပိုးထိုက်သည်တို့ကို ကူညီပံ့ပိုးစေခြင်းများ ပြုလုပ်စေခဲ့ပေသည်။

ကျောင်းသို့ မောင်ချိတ်ကလေး ရောက်ရှိလာသောအခါ ဆရာတော်က 'ဤသူငယ်ကြီးလာလျှင် အားကိုးရလိမ့်မည်'ဟု မိန့်ခဲ့သောကြောင့် ဦးရွဲကိုယ်၌ကလည်း မောင်ချိတ်အပေါ် အလွန် မျှော်လင့်နေခဲ့မိလေသည်။

ယခု ဒဠမြို့ကလေးသို့ ခရီးထွက်ခြင်းသည် မောင်ချိတ်၏ စွမ်းရည်ကို အကဲစမ်းမည့် ပထမဆုံးသော ခရီးဖြစ်ပေသည်တကား။

* * *

www.burmeseclassic.com

www.burmeseclassic.com

သစ်တောသည် အုံ့မှိုင်းနေ၏။ နံနက်စောချိန်ဖြစ်၍ မြူခိုးနှင်းခိုးများ ဆိုင်းနေရာ အလွန်စိမ့်၍ အေးနေလေသည်။

ဦးရွှဲနှင့် မောင်ချိတ်သည် တောလမ်းကိုဖြတ်၍ ခရီးနှင်နေရာ ဝန်းကျင်၌ အအေးဓာတ်က ကြီးစိုးနေလေ၏။

သို့သော် သူတို့နှစ်ဦးသည် အားနာပါးနာ အသက်ရှူရှိုက်ခြင်း လေ့ကျင့်ခန်းဖြင့် ကိုယ်တွင်းအပူဓာတ်ကို မြင့်တင်ထိန်းသိမ်းထားနိုင်သော အလေ့အထရှိကြသည်ဖြစ်၍ ဤတော ဤတောင်၏ အအေးဓာတ်ကို ခံနိုင်ရည်ရှိကြပေသည်။

အရှေ့လောကဓာတ်၌ ရောင်နီပေါ်လုလု အချိန်တွင် ဒေါင်းငှက်တို့က မင်္ဂလာကျက်သရေရှိစွာဖြင့် အိုးဝေသံတွန်ကျူးကြလေသည်။ မျောက်အုပ်များက သားငယ်၊ သမီးငယ်များ တိုးလိုးတွဲလွဲဖြင့် သစ်ကိုင်းတစ်ခုမှတစ်ခု ခုန်ကူးနေကြ၏။ တစ်ကောင်နှင့် တစ်ကောင် အသံဆူညံစွာပေးရင်း အစာရှာနေကြသည်။

မောင်ချိတ်သည် ရင်တွင်း၌ အလိုလိုနေရင်း အလွမ်း



ဓာတ်များ ပေါ်လာနေသည်။ ကျန်ရစ်သော ကျောင်းသင်္ခမ်းကိုပဲ လွမ်းသလိုလို၊ ဆရာတော်ကိုပဲ လွမ်းသလိုလို၊ မမြင်တွေ့ဖူးသေးသော မိဘနှစ်ပါးကိုပဲ လွမ်းသလိုလို၊ မိမိ၏ မွေးဇာတိဖြစ်ခဲ့ဖူးသော လူရပ်လူ့ရွာဆီသို့ပဲမှန်း၍ လွမ်းသလိုလို၊ ဘယ်ဆီ လွမ်းဘယ် မသိချေတကား။

"ဟေ့ . . . မောင်ချိတ်၊ ဘာတွေ တွေးလာ၊ ငေးလာတာလဲကွ"

တစ်နေရာတွင် အထက်မှသွယ်ကျလာသော နွယ်ကိုင်းတစ်ခုကို မောင်ချိတ် မမြင်မိဘဲ ဦးခေါင်းနှင့်တိုက်မိ၍ ဦးရွှဲက သတိပေးသလိုနှင့် အထက်ပါအတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

မောင်ချိတ်လည်း လွင့်ပျံ့နေသော စိတ်အာရုံများကို ပြန်လည်စုစည်း ထိန်းချုပ်လိုက်ပြီး . . .

"ဟုတ်တယ်ဗျာ . . . ဦးရွှဲရာ၊ ခရီးမထွက်စဖူး ထွက်လာတော့ အတွေးတွေ . . ဟိုရောက် ဒီရောက်နဲ့ . ."

"ဆရာတော်မှာလိုက်တဲ့ စကားတွေကို မမေ့အောင် အာရုံပြုရင်း . . . လမ်းကိုကြည့်လျှောက်ကွယ့်"

"ဟုတ်ကဲ့"

ဦးရွှဲသတိပေးစကားကြောင့် မောင်ချိတ်သည် ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တော်၏ ထူးဆန်းသော မှာကြားချက်များကို အမှတ်ရလာလေသည်။ ဆရာတော်၏ မှာကြားချက်များမှာ. . .

(၁) ဂမ္ဘီရ ဝိဇ္ဇာအရှင်တို့၏ အတွင်းမြို့တခုဖြစ်သော မဟာမြိုင် ဂမ္ဘီရတော၏ အပြင်ဘက်ကို ရောက်သွားလျှင် အတွင်းမြို့အကြောင်းကို လုံးဝမပေါက်ကြားစေရန် စောင့်ထိန်းရမည်။

(၂) မဟာမြိုင်ဂမ္ဘီရတောအတွင်း၌ လေ့ကျင့်သင်ကြားတတ်မြောက်ခဲ့သော ဂမ္ဘီရပညာရပ်များအနက် တန်ခိုးဣဒ္ဓိပါဒ်နှင့် သက်ဆိုင်သော စွမ်းအင်များကို လူသားတို့အားတိုက်ရိုက်မပြသရန်၊ တန်ခိုးဣဒ္ဓိပါဒ်စွမ်းအင်များကို ဖုံးကွယ်၍သာ ပြရန်။

(၃) မဟာမြိုင်ဂမ္ဘီရတော၏ အပြင်ဘက် အထွက်လမ်း၊ အတွင်းဘက် အဝင်လမ်းကို ဆရာတော်ထံမှ ခွင့်ပြုချက်မရဘဲ မည်သည့်အပြင်လူကိုမှ အသိမပေးရန်။

(၄) မိမိ၏ မိဘနှစ်ပါးကို တွေ့မြင်ပါက အသက်(၂၅)နှစ်မပြည့်မချင်း သားအဖြစ်နှင့် အဆက်အသွယ် မပြုလုပ်ရန်။

(၅) အပြင်လောကမှ လူသားများနှင့် ဆက်ဆံရာတွင် သံယောဇဉ်နှောင်ဖွဲ့ခြင်းကို ခွင့်ပြုသော်လည်း မည်သူနှင့်မဆို မိမိသဘောအလျောက် သစ္စာဆိုခြင်းမပြုရန်၊ မည်သည့်မိန်းကလေးနှင့်မှ အိမ်ရာထောင်ခြင်း မပြုရန်။



(၆) ပေးအပ်လိုက်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပြီးနောက် မဆိုင်းမတွပင် မဟာမြိုင်ဂမ္ဘီရတောအတွင်းသို့ နှစ်ဦးလုံး ပြန်လာကြရန်။

(၇) ဒဂုံမြို့သို့ စေလွှတ်လိုက်သော အဓိကအကြောင်းရင်းနှင့် တာဝန်များကို အချိန်တန်လျှင် ဦးရွှဲက မောင်ချိတ်ကိုပြောပြမည်ဖြစ်၍ အပြင်လောကကို ရောက်သည်နှင့် တပြိုင်တည်း မောင်ချိတ်သည် ဦးရွှဲ၏ စကားကို မြေဝယ်မကျနားထောင်ရန်။

(၈) ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ကို မည်သည့်အခါမျှ မမေ့မလျော့ရန်ဟူ၍ ဖြစ်လေသည်။

မောင်ချိတ်သည် ဆရာတော်၏ မိန့်မှာချက်များကို ပြန်လည်တွေးတောဆင်ခြင်ပြီးနောက် ဦးရွှဲအား သွေးတိုးစမ်းကြည့်လိုသောကြောင့် မေးခွန်းတစ်ခုကို မေးလိုက်သည်။

"ဦးရွှဲရေ. . . ကျွန်တော် တစ်ခုမေးပါရစေ၊ ဒဂုံမြို့ကို ကျွန်တော်တို့သွားကြတဲ့ အဓိကရည်ရွယ်ချက်က ဘာလဲဟင်"

ဦးရွှဲက. . .

"ဟဲ့. . . အဲဒါ အချိန်တန်တော့ မင်းသိရမှာပေါ့။ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်. . . ဆန္ဒ စောနေရတာလဲ"ဟု အငေါက်ခံလိုက်ရလေတော့၏။

မောင်ချိတ်လည်း ထပ်မံမေးမြန်းခြင်း မပြုဝံ့တော့ဘဲ လမ်းကိုသာ အာရုံစိုက်၍ လျှောက်လာတော့သည်။

လမ်း၌ တောင်ငယ်ပေါင်း သုံးဆယ်ကျော်နှင့် ကွေ့ကိုးကွေ့၊ မြောင်းကိုးမြောင်းကို ဖြတ်ရပေဦးမည်။ ယခုမူ တောင်ငယ်ကိုးတောင်နှင့် ကွေ့တစ်ကွေ့ကိုသာ ကျော်လွှန်ခဲ့ရသေးသည်။

လမ်းခရီးတလျှောက်၌ ဘာသာဘာဝ ပွင့်အာနေကြသော တောပန်းများ၊ သဇင်များ၊ နွယ်နီနတ်ပန်းများ၊ ခွာညိုနှင့် တောစံပယ်တို့ အလှဝေနေကြ၏။ ရနံ့များလည်း သင်းပျံ့ကြိုင်လှိုင်သည်။

သစ်သီးဝလံများက စားသုံးသူမရှိ သီးပွင့်ကြွယ်ဝနေကြလေရာ ကနစိုသီး၊ သရက်သီး၊ ပိန္နဲ၊ ဒူးရင်း၊ ငှက်ပျော၊ ကြက်မောက်၊ သစ်တော်၊ ဖန်ခါး၊ ဆီးဖြူ၊ ဆီးနီ၊ ဆီးချို၊ ဆီးချဉ်၊ တောင်သလဲ၊ မာလကာ၊ သြဇာစသည်တို့ကို ကြိုက်နှစ်သက်ရာ ခူးယူ ဆွတ်စားနိုင်လေ၏။

ထို့ကြောင့် နှစ်ဦးသားအတွက် အစာရေစာ ပူပင်ရန် မရှိချေ။

ခရီးပြင်းနှင်လာသောကြောင့် နေစောင်းစပြုလျှင်ပင်



အတွင်းမြို့၏ နယ်စပ်မျဉ်းဖြစ်သော မဟာမြိုင်ဂမ္ဘီရတောအစွန်သို့ ရောက်လာကြလေ၏။

ကျနေ၏ ပူနွေးစူးရှဲသောအလင်းရောင်က တောစပ်ကို ညွန့်ကျက်ထိုးကျနေလေရာ အလွန် လှပနေလေသည်။

သစ်ပင်တန်းများ၊ မြက်ခင်းပြင်စိမ်းစိမ်း၊ အရိပ်ရှည်များ၊ ...ငှဝှမ်းပြေဆင်းသွားသည့် လွင်ပြင်၊ ဟိုမှာဘက်၌ စိမ်းစိုသည့် ချုံပုတ်တန်း။

ထိုချုံပုတ်တန်းသည် မဟာမြိုင်ဂမ္ဘီရတော၏ စည်းမျဉ်း ...မဟုတ် ခြံစည်းရိုးတန်းဟုခေါ်၍ ရသောနေရာဖြစ်ကြောင်း ဦးရွှဲက ရှင်းလင်းပြောပြသည်။

ချုံနွယ်များဆီသို့ ရောက်လာကြသည်။

ဦးရွှဲက. . .

"ဒီနေရာဟာ မဟာမြိုင်နဲ့ လူ့လောက ဆက်စပ်နေတဲ့ ...ယ်ခြားဒေသပဲ။ ဒီနေရာကနေ ရှေ့ကို ခြေလှမ်းကိုးလှမ်း လှမ်း...က်ရင် လူ့နယ်ထဲကို ရောက်သွားပြီ။ ဒါဟာ မဟာမြိုင်အတွင်း ...ရဲ့ ထွက်ပေါက်တခုပေါ့။ ကိုင်း. . . မောင်ချိတ်ရေ၊ အပြင် ...ာကထဲ ရောက်တော့မှာမို့ ဆရာတော်မှာလိုက်တဲ့အတိုင်း ...း ငါ့စကားကို မြေဝယ်မကျ နားထောင်ရမယ် ဟုတ်လား"

"ဟုတ်ကဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ကောင်းပြီ။ ဒါဆို ငါတို့ ဒီနေရာမှာ ခဏ ရပ်ပြီး ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို အာရုံပြု လိုက်ဟေ့"

မောင်ချိတ်လည်း ဦးရွှဲနှင့်အတူ ရတနာမြတ်သုံးပါးကို အာရုံပြုလိုက်သည်။ စလွယ်သိုင်းထားသော ဆေးလွယ်အိတ်ကို ခါးအထက်၌ နေသားတကျ ဖြစ်စေရန် အနေအထားပြင်လိုက် သည်။

ထို့နောက် ဦးရွှဲက. . .

"မင်းကို ဆရာတော်ကိုယ်တိုင် နှုတ်တိုက် ချပေးထားတဲ့ သုဂတော ဂါထာကို အမှတ်ရသလား"

"အမှတ်ရပါတယ်"

"အေး. . . ကောင်းပြီ အခု မျက်နှာမူထားတဲ့အတိုင်း မျက်စိကို စုံမှိတ်လိုက်"

"ဟုတ်ကဲ့. . . မှိတ်လိုက်ပါပြီ"

"သုဂတော ဂါထာကို တစ်ခေါက်ရွတ်ပြီးရင် ရှေ့ကို တစ်လှမ်းတိုး၊ သုဂတောဂါထာ ကိုးပုဒ်ကို ခပ်ကျယ်ကျယ်ရွတ် ရှေ့ကို ခြေလှမ်းကိုးလှမ်း လှမ်း"

မောင်ချိတ်သည် ဦးရွှဲမှာသည့်အတိုင်း တိကျစွာ ပြု ဆောင်ရွက်လေ၏။



သုဂတောဂါထာ တစ်ပုဒ်ကို အသံထွက်၍ ရွတ်ဆိုပြီး မျက်စိမှိတ်ထားလျက်နှင့် ရှေ့ကို ခြေတစ်လှမ်းတိုးလိုက်၏။

ဦးရွှဲကလည်း မောင်ချိတ်နှင့် ဘေးချင်းယှဉ်လျက် မျက်စိမှိတ်ပြီး သုဂတောဂါထာရွတ်ရင်း တစ်လှမ်းချင်း လျှောက် လာနေသည်။

'သုဂတော သုဂတာနံ၊
သုဂတော သုန္ဒရမ္ဗိစ။
နိဗ္ဗာနံ သုဂတောယာတိ၊
သုဂတောတေ နမောနမာ'

ခြေလှမ်းခုနစ်လှမ်းသို့အရောက်တွင် ရှေ့ခြေလှမ်းသည် မြေကြီးကို မနင်းမိဘဲ လေဟာပြင်ထဲသို့ ကျွံဝင်နင်းမိကာ ခုတ်တရက် ရှေ့သို့ငိုက်ဆင်းလျက် ချောက်ကမ်းပါးတစ်ခုထဲသို့ အံ့အားသင့်စွာ ထိုးကျသွားလေသည်။

မောင်ချိတ်လည်း စိတ်ကို မတုန်လှုပ်စေဘဲ ရှစ်ကြိမ် မြောက် သုဂတောဂါထာကို ရွတ်လိုက်လျှင် ခန္ဓာကိုယ်သည် အေးစက်သော ရေထဲသို့ ဗွမ်းခနဲ ထိတွေ့လိုက်ခြင်းကို သိလိုက် ရ၏။

မောင်ချိတ်က မိမိအတွက် မစိုးရိမ်သော်လည်း ဆေး လွယ်အိတ်ကိုမူ ခေါင်းအထက်သို့ မြှောက်ကိုင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရေသည် ငြိမ်မနေဘဲ ပြင်းထန်စွာ စီးဆင်းနေလေရာ မောင်ချိတ်၏ ခန္ဓာကိုယ်သည်လည်း ရေစီးနှင့် မျှောပါသွားလေသည်။

မောင်ချိတ်သည် အာရုံကို ဆက်လက်ထိန်းချုပ်ထားပြီး နဝမမြောက် သုဂတောကို မျက်စိစုံမှိတ်လျက်နှင့်ပင် ရွတ်လေရာ ကိုးကြိမ်မြောက် သုဂတောဂါထာ ရွတ်ဆိုပြီးဆုံးလျှင် မောင်ချိတ်သည် သဲသောင်စပ်တစ်နေရာ၌ မိမိရောက်ရှိနေပြီ ဖြစ်ကြောင်း ခြေထောက်များက သဲပြင်ကိုစမ်းမိပြီး သိလိုက်လေ၏။

သုဂတောဂါထာ ကိုးပုဒ်ပြည့်ပြီဖြစ်၍ မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်လျှင် အလွန်အံ့အားသင့်ဖွယ်ကောင်းသော မြင်ကွင်းက ရှေ့တွင် ပေါ်လာလေသည်။

မိမိတို့သည် သောင်စပ်တခုတွင် ရောက်ရှိနေပြီး ရှေ့တွင် သစ်ပင်ကြီး ဝါးပင်ကြီး တစ်ခုမှမရှိသော လွင်ပြင်မြေပြန့်နှင့် ဟိုး အဝေးတွင် ထန်းပင်တန်းများ၊ အိမ်အမိုးချွန်များကို ခပ်ပျပျ လှမ်းမြင်နေရလေသည်။

မလှမ်းမကမ်းတွင်ကား ယာစိုက်ခင်းတစ်ခု၊ မီးခိုးငွေ့အူနေသော တဲတစ်လုံး။

မြေတလင်းပြင်၌ အဘိုးအိုတစ်ဦးက တံမြက်စည်းလှဲလျက် ရှိနေသည်။



မောင်ချိတ်သည် ကျောဘက်သို့ လှည့်ကြည့်လိုက်ရာ ဟိုး အနောက်ဘက်အဝေးတွင် အလွန်မြင့်မား သီးခေါင်သော တောင်မြင့်ကြီးကို စိမ်းစိမ်းညို့ညို့ကြီး လှမ်းမြင်နေရလေ၏။

ဦးရွဲက မောင်ချိတ်ကြည့်ရာဘက်သို့ လက်ညှိုးညွှန်ပြပြီး. . .

“အေး. . . အဲဒီတောင်ပေါ်မှာ မဟာမြိုင်ဂမ္ဘီရလို့ခေါ်တဲ့ ငါတို့ရဲ့အတွင်းမြို့တော်ရှိတယ်။ ဒါပေမယ့် ဘယ်အပြင်လူသားမှ အခု ငါတို့လာခဲ့တဲ့လမ်းကနေ အတွင်းမြို့ထဲကို ဝင်လို့မရဘူးကွယ့်။ ဘာကြောင့်ဝင်လို့မရသလဲဆိုရင်တော့ အကြောင်းအမျိုးမျိုးကြောင့်လို့ပဲ ဖြေရလိမ့်မယ်။ အဲဒီအကြောင်းတွေထဲမှာ ငါတို့ လာခဲ့တဲ့လမ်းဟာ အတွင်းမြို့ရဲ့ အထွက်လမ်းသက်သက်ဖြစ်နေတာလဲ အကြောင်းတစ်ခုပဲ။ ငါတို့ အတွင်းမြို့သားတွေကောင်မှ ဒီလမ်းကနေ အတွင်းမြို့ထဲကို ပြန်ဝင်လို့ မရဘူး။ အတွင်းမြို့ကို ပြန်ဝင်ရင် အခြားလမ်းကနေ ပြန်ဝင်ရလိမ့်မယ်”

တွေ့မြင်ကြားသိနေရသော ကိစ္စများသည် မောင်ချိတ်အတွက် အံ့အားသင့်ဖွယ်ချည်း ဖြစ်နေလေ၏။

“ကိုင်း. . ငေးငိုင်မနေနဲ့ မောင်ချိတ်ရေ၊ တို့မှာ အလုပ်တွေ ရှိသေးတယ်။ လာ. . . တို့ ဟိုတဲကို သွားကြမယ်၊ အဲဒီအထဲမှာ တို့ ဒီညအိပ်ကြရမှာကွ”

www.burmeseclassic.com

www.burmeseclassic.com



တဲအနီးသို့ရောက်လျှင် အဘိုးအိုက တံမြက်လှည်း နေရာမှရပ်၍ ဦးရွဲကို စူးစိုက်ကြည့်နေ၏။ မလှမ်းမကမ်းသို့ ရောက်လျှင် မှတ်မိသွားကာ. . .

"ဟာ. . . ဆရာရွဲ ရောက်လာပြန်ပေါ့လား။ ဝမ်းသာ လိုက်တာ ဆရာရယ်။ လောကကြီးအတွက် မင်္ဂလာကောင်းကျိုး တွေ တိုးဦးတော့မှာပဲ။ လာပါ. . . ဆရာ လာပါ။ တဲထဲ ဝင်ပါ"

ဟု ဝမ်းသာအယ်လဲ ကြိုဆိုလေသည်။

ဦးရွဲသည် ယခင်က အပြင်လောကသို့ လာခဲ့ရာတွင် ဤလမ်းမှ လာခဲ့ပုံရပြီး ဤတဲတွင် တည်းခိုခဲ့ဖူးဟန်တူ၏ဟု မောင်ချိတ်က တွေးသည်။

တဲအတွင်းသို့ရောက်လျှင် အဘိုးအိုက သစ်လွင်သော အဝတ်အစားများကို အလျှင်အမြန် ထုတ်ပေးသည်။

ဦးရွဲက. . .

"ကိုင်း. . . မောင်ချိတ်ရေ၊ ငါတို့ရဲ့ ရေစိုနေတဲ့ အဝတ် တွေကို ဒီအဝတ်သစ်တွေနဲ့ လဲလိုက်ကြရအောင်ဟေ့။ ဒီအတွက် မင်း ဘာမှ. . အားနာနေစရာမလိုဘူး။ ဒီအဝတ်အစားတွေက ငါ့အရင်အခေါက်တွေ အပြင်လောက လာကတည်းက စီစဉ် ထားခဲ့တာ"

အဝတ်အစားလဲပြီးလျှင် မြေပဲ၊ ထန်းလျက် ထည့်ထား



သော ပန်းကန်နှင့် ရေနွေးကြမ်းအိုးက အသင့်ရှိနေပြီဖြစ် ကြောင်း တွေ့ရ၏။

တဲမှာ အပြင်မှကြည့်တော့ ဝါးထရံကာ၊ သက်ကယ်မိုး ဖြစ်သော်လည်း အတွင်း၌မူ ပျဉ်ခင်းထားလျက် အတွင်းခန်းများ ကို ပျဉ်ချပ်များ ကာရံဖွဲ့စည်းထား၏။

အတော်ပင် ကျယ်ဝန်းသည့်ပြင် အိမ်သုံးပရိဘောဂများ လည်း ပြည့်ပြည့်စုံစုံရှိနေကြောင်း တွေ့ရသည်။

ရေနွေးကြမ်းပူပူကိုသောက်ရင်း မြည်းစရာများကို မောင်ချိတ်စမ်း၍ စားကြည့်နေသည်။

မြေပဲနှင့် ထန်းလျက်မှာ မောင်ချိတ်မစားဖူးခဲ့သေးသော အစားအစာများဖြစ်၏။

အချိုနှင့် အဆိမ့်၏ အတွဲအစပ်မိလှသော အရသာကို မောင်ချိတ်က. . . သဘောကျသွားသည်။ အဖန်ရည်ခပ်ကျကျ ကလည်း ခံတွင်းရှင်းလှ၏။

အရှေ့ခန်း၌ သပ်ရပ်ကြည်ညိုဖွယ်ရာဖြစ်သော ဘုရား ခန်းကို အံ့အားသင့်ဖွယ် တွေ့မြင်သတိထားမိသည်။

ကတ္တီပါစ အနားကွပ်ထားသော သင်ဖြူးဖျာများက လည်း ခန်းလုံးပြည့်ခင်းထား၏။

ရွှေရေးကနုတ်များဖြင့် ခံညားသော ကွမ်းအစ်ယွန်းထည်

www.burmeseclassic.com

www.burmeseclassic.com



များက အဘိုးအို၏ အဆင့်အတန်းမြင့်သော သိုဖွက်ထားသည့် အရည်အချင်းများကို ဖော်ပြထားသယောင်ရှိသည်။

အဘိုးအိုကမူ မောင်ချိတ်နှင့် ဦးရွှဲ၏ အဝတ်များကို ရိုသေ ကျိုးနွံစွာဖြင့် တဲရှေ့အဝတ်တန်းတွင် လှမ်းပေးနေလေသည်။

မောင်ချိတ်နှင့် ဦးရွှဲတွင် ဆေးလွယ်အိတ်မှအပ အပိုပစ္စည်း တစ်စုံတစ်ရာမျှမပါရှိဘဲ ပုတီးတစ်ကုံးစီသာ လည်ပင်း၌ စွပ်လျက်ရှိကြ၏။

ဆေးလွယ်အိတ်မှာလည်း ဆိတ်သားရေနှင့် ပြုလုပ်ထားရာ အတွင်းရှိဆေးပစ္စည်းများကို ရေမစိုစွတ်ဘဲ အကောင်းပကတိ ရှိ၏။

အဘိုးအိုသည် ဆောင်ရွက်သိမ်းဆည်းရန်ရှိသည်များကို ပြုမူပြီးနောက် အနီးသို့ လာထိုင်၏။

ဦးရွှဲက. . .

"မောင်ချိတ်ရေ. . . သူ့ကို မှတ်ထားကွယ့်၊ တို့ အတွင်းမြို့ရဲ့ လုပ်ငန်းတော်တော်များများကို အကူအညီပေးနေတဲ့သူပေါ့။ စိတ်ကောင်းနှလုံးကောင်းရှိပြီး သူ့ဘဝကို ဆေးကုလုပ်ငန်းနဲ့ သူတော်စင်လမ်းကြောင်းပေါ်မှာ အပြီးအပိုင် မြှုပ်နှံလပ်ကိုင်နေတာကွယ့်။ ငါက သူ့ကို ဆေးကုအတတ်ကို သင်ပေးခဲ့တယ်။



ဆေးပညာနဲ့လဲ ထူးချွန်တဲ့ပုဂ္ဂိုလ်ပဲ။ သူ့ကို အများက ဆရာဟိန်းလို့ ခေါ်ကြတယ်"

"ဟုတ်ကဲ့. . . ကျွန်တော့်ကိုလဲ တူသားသဖွယ် မှတ်ပါ။ ကျွန်တော့်အမည် မောင်ချိတ်ဖြစ်ပါတယ်"ဟု မောင်ချိတ်က ဆိုလျှင် ဆရာဟိန်းဟူသော ထိုအဘိုးအိုက. . .

"အို. . . ဘယ်တူသားလို့မှတ်လို့ဖြစ်ပါ့မလဲ။ အတွင်းမြို့ကလူတွေဟာ ကျုပ်ရဲ့ဆရာတွေပဲ။ ကျုပ်က ဆရာချိတ်တို့ရဲ့ အတွင်းမြို့က ဂမ္ဘီရပညာတွေကို ဦးခိုက်နေသူပါ"

ဟု ဆိုလေသည်။

မောင်ချိတ် ရင်ထဲ၌ တစ်မျိုးတစ်မည်ရှိသွား၏။

မိမိအား ထိုအဘိုးအိုက ဆရာချိတ်ဟု လေးစားဟန်ဖြင့် ခေါ်လေရာ စိတ်ထဲ၌ အံ့အားသင့်လျက် ခံစားမှုတစ်မျိုးဖြစ်ပေါ်လာလေသည်။

"ပြီးတော့ မောင်ချိတ် သိစရာတစ်ချက်ရှိသေးတယ်။ ဆရာဟိန်းဟာ ရုပ်ရည်ကိုမြင်ရရင် အသက်ခုနစ်ဆယ်ကျော်ရှစ်ဆယ် အဘိုးအိုတစ်ဦးလို့ ထင်ရပေမယ့် အမှန်က သူ့အသက်ဟာ. . လေးဆယ်ကျော်ပဲ ရှိသေးတယ်"

"ဗျာ. . ."

မောင်ချိတ်. . အံ့အားသင့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဟိန်းဆိုသူမှာ အသက်နှင့်ရုပ်ရည်အရွယ် အလွန်ဆန့်ကျင် ကွာခြားနေလေသည်။

ဦးရွှဲသည် ခြောက်ဆယ်ကျော်ပြီဖြစ်သော်လည်း ဆရာဟိန်းထက် မနှိုင်းသာအောင် ရုပ်ရည်နုပျိုနေလေသည်။

ရုပ်ရည်သဏ္ဌာန်အရ ဆရာဟိန်းက ဦးရွှဲထက် အလွန်အသက်ကြီးသည်ဟု ထင်ရသော်လည်း အမှန်မှာ ဆရာဟိန်းက ဦးရွှဲထက် နှစ်ပေါင်း(၂၀)ခန့် အသက်ငယ်နေလေသည်။

"ဆရာဟိန်းဖြစ်ပုံက ဒီလိုကွယ့်။ မောင်ဟိန်းဟာ ငယ်စဉ်ကတည်းက ဆေးပညာအင်္ဂါရတ်ပညာတွေ ဝါသနာအထုံပါခဲ့တယ်။ သူ့မိဘများဟာ နန်းတွင်းမှာ မှူးမတ်မျိုးရိုးဖြစ်ပေမယ့် သူကတော့ သူ့ဇာတိဖြစ်တဲ့ နေမိန္ဒရတောင်ခြေက ဝက်ပုတ်ရွာကလေးမှာ ဦးပဉ္ဇင်းတစ်ပါးနဲ့အတူ ဆေးပညာတွေလေ့လာရင်း အင်္ဂါရတ်ထိုးဓာတ်ကစားတဲ့အလုပ်မှာ ဝါသနာအားကြီးခဲ့တယ်။ တဆင့်စကား တဆင့်နား ကြားသမျှတွေနဲ့ ပေစာကျောက်စာတွေမှာဆုံသမျှကို စမ်းသပ်လုပ်ကိုင်ကြတယ်။ တစ်နေ့မှာ သိဒ္ဓိဆယ်ပါးပြီးနိုင်တယ်ဆိုတဲ့ ပြဒါးပြာဓာတ်လမ်းကို မြေကဖော်လို့ရတဲ့ ကြေးပုရပိုက်ထဲမှာတွေ့တယ်။ ကြေးပုရပိုက်မှာက ဓာတ်လမ်းကို လက်ဝှက်တွေနဲ့ ရေးထားတာဆိုတော့ စမ်းတဝါးဝါးနဲ့ ရက်ပေါင်း အတော်ကြာခဲ့တယ်။ တစ်နှစ်ကျော် ကြာပြီးတဲ့နောက်မှာတော့ ဆရာဟိန်းတို့ဟာ ပြဒါးပြာတစ်မျိုးကို ရကြတယ်။ ကိုင်း... ဆရာဟိန်းရေ၊ အဲဒီပြဒါး ဖိုဖျက်မွှေပုံကို မောင်ချိတ် ဗဟုသုတဖြစ်အောင် ပြောပြလိုက်ပါဦး"



"ဒီလို... ဆရာချိတ်ရေ"ဟု အစချီကာ ဆရာဟိန်းပြောပြသော ပြဒါးပြာထိုးလုပ်ပုံနှင့် ပြဒါးပြာမှ အန္တရာယ်ဖြစ်ပေါ်လာပုံမှာ အောက်ပါအတိုင်းဖြစ်လေသည်။

ဆရာဟိန်းနှင့် ဦးပဉ္ဇင်းတို့ ကြေးပုရပိုက်ဓာတ်လမ်းကို စီရင်ကြရာ...

သွပ်နှစ်ဆယ်သားကို အရည်ကျိုအောင် သံဒယ်အိုးနှင့် ကျို၏။ အရည်ကျိုသော် ခဲသုံးဆယ်သားကို ထပ်မံထည့်၍ ကျိုသည်။

ခဲများ အရည်ပျော်လျှင် သွပ်ရည်သည် အောက်သို့ ငုပ်ဆင်းသွား၏။ ထိုအခါ သံဒယ်အိုးကို သဲပေါ်သို့ ဆွဲချ၍ အအေးခံသည်။ အတန်အေး၍ သွပ်ရည်ထိပ်ကြောတင်းစပြုလျှင် သံကောက်ဖြင့် သွပ်ရည်ထိပ်ကြောကိုလှန်ပြီး အပေါက်နှင့်လျက် ပြဒါးတစ်ဆယ်သား လောင်းသွင်းသည်။

ပြဒါးသည်.. အသံအော်မြည်၍ ဝင်၏။

ပြဒါးငြိမ်သက်ပြီး ဓာတ်သားများ လုံးဝအေးလျှင် ပိတ်ဖြူတစ်စပေါ်သို့ ဒယ်ကို မှောက်ချ၏။

www.burmeseclassic.com

www.burmeseclassic.com



မာတ်သားများ ပိတ်ဖြူပေါ် ရောက်လျှင် မာတ်သားများ အချင်းချင်း မရောနှောဘဲ မာတ်သားနှစ်လွှာ ဖြစ်နေသည်ကို တွေ့ရ၏။ အတန်ငယ်ကပ်နေ၍ တူနှင့်ရိုက်ခွာလိုက်လျှင် မာတ်သားနှစ်ထပ်ကွဲလျက် ရရှိသည်။

အောက်ဆုံးအထပ်မှာ ပြဒါးဖြစ်၍ သီးခြားခွဲလျက် သိမ်းထားရသည်။ ဒုတိယအထပ်၌ ခဲနှင့်သွပ် ရောလျက်ရှိသည်ကို တွေ့ရသည်။

ထို သွပ်ခဲအတွဲကို သံဒယ်ထဲထည့်၍ မီးနွေးနွေးပေးကာ အရည်ပျော်လာလျှင် သံယောက်မ (သို့မဟုတ်) သံကော်နှင့် မွှေပေးရသည်။

ဤသို့ သုံးရက်ခန့်မွှေသောအခါ ခဲသွပ်အရည်သည် အရောင်ပြောင်းလာ၏။ မီးထဲ၌ ပတ္တမြားအဆင်း ရဲတောက်လာပြီး အအေးခံ၍ ခဲလျှင် ဝါထိန်နေသည်ကို တွေ့ရသည်။

ထို့နောက်ဆက်မွှေရာ ဒယ်အိုးအတွင်း၌ သွပ်ပြဒါးများ တဖြောက်ဖြောက် ထခုန်လျက် တစ်ရက်ခန့်အကြာတွင် ငြိမ်သက်လေ၏။ ငြိမ်လျှင် သွပ်သည် ပြာနုအဖြစ်သို့ ရောက်ပြီး

မွှေနေသော သံယောက်မသည် အရည်ကို မွှေသကဲ့သို့မဟုတ်။ အမှုန့်ကို မွှေသကဲ့သို့လည်း မဟုတ်။ လေကို မွှေသကဲ့ ဖြစ်လာလျှင် ဒယ်ကိုချ၍ အအေးခံသည်။ ဆက်မွှေလျှင်



အားလုံး ချော်ပေါက်လိမ့်မည်။

အဝါရောင်အချို့၊ လိမ္မော်အချို့၊ အညိုသို့ အရောင်ပြောင်းနေပြီဖြစ်သော ထိုမာတ်သည် အေးလျှင် ဒယ်၌ ရွှံ့ခဲသကဲ့သို့ ခဲလေ၏။

၎င်းကို သံဆုံအတွင်း ပြောင်း၍ အမှုန့်ဖြစ်သည်အထိ ထောင်းရ၏။

အမှုန့်ရလျှင် ယခင်ချန်ထားသော ပြဒါးမာတ်သားကိုယူ၍ (တစ်ကျပ်သားဖြစ်ပါသည်) လုံးရှည်တွင် အောက်ဆုံးကထည့်၍ အပေါ်မှ သွပ်ပြာနုငါးကျပ်သားထည့်ပိတ်ကာ လုံအင်္ဂါးဖုံးကို တင်၍ မီးလျှံတစ်စ ထိုးပါသည်။

အတွင်း၌ ပြဒါးက တဝုန်းဝုန်းဖြစ်၍ နေ၏။ ချော်ရည်သည်လျှင် တဖြည်းဖြည်းတင်၍ ထိုးသွားရာ အားလုံးချော်ပေါက်ပြီး နောက်ချော်ကတော့ထိုးသည်ကို အသေအချာ မြင်သောအခါ လုံဖုံးအင်္ဂါးတင်၊ မီးသုံးအုပ် အပြင်းဆုံးထိုးပြီး လုံကို သူ့အလိုလို အေးစေပါသည်။

အေးလျှင် လုံကိုခွဲပါ။ ကျောက်သားဖြစ်နေသော ချော်များကို အပေါ်၌ တွေ့ရပြီး အောက်တွင် မာတ်သားကို သပိတ်သဏ္ဌာန် တွေ့ရသည်။

မာတ်သားထိပ်၌ အသက်ရှုပေါက်ဟုခေါ်သော အချိုင့်

www.burmeseclassic.com

www.burmeseclassic.com



အခွက်တစ်ခု ပါရှိသည်။

ထိုခတ်သားတစ်ကျပ်ကို ဖြတ်ယူလျက် ပြဒါးရည် တစ်ကျပ်သားနှင့် ထပ်ပေါင်းထားပါသည်။

ကျောက်သားဖြစ်ရသော ချော်များကို အမှုန့်ညက် အောင် ထောင်းလျက် ယမ်း၊ ဆား၊ ကော့စကစ်နှင့် ချော်ချက်၍ ချော်ရည်ကြည်လျှင် ပြဒါးပေါင်းထားသော ခတ်သားကို တစ်မူး တစ်ပဲ ဖွဲ့၍ ထည့်၏။

အားလုံးဝင်လျှင် တဖန်အအေးခံပြီး ဖွဲ့(၉)တင်းနှင့် ဖုတ်ရာ ပြဒါးပြာကို ရလေသည်။

ပြဒါးပြာရလျှင် ဆရာဟိန်းနှင့် ဦးပဥ္စင်းသည် သိဒ္ဓိပြီး မြောက်ရေးအတွက် လုပ်ငန်းစကြတော့၏။

ပြဒါးပြာကို ကွမ်းရိုးတစ်တို့ယူ၍ ပျားရည်နှင့် ခပ်လျှင် ပျားရည်သည် ဆူ၍ ကြည်လေ၏။ နို့တစ်ပိဿာနှင့် ထပ်ရော သောအခါ နို့ရည်ကျဲကျဲ လှုပ်လေ၏။

ထောပတ် ငါးကျပ်သားထည့်၊ ငှက်ပျောသီး ဖီးကြမ်း တစ်ဖီး၊ နံ့သာဖူးငှက်ပျောတစ်ဖီး ထည့်ပြီးနောက် ဆရာဟိန်းကို စားစေရာ တစ်ဇွန်းသာစားရသေးသည် ရင်၌ မခံနိုင်အောင် ပူလှ၍ ရေသောက်ပါသော်လည်း မပြေပျောက်ဘဲရှိသည့်အပြင် ချွေးများသွန်ထွက်လာသောကြောင့် မခံနိုင်သည့်အဆုံး စမ်း



ချောင်းမှာရေစိမ်ရင်း မေ့မြောသွားခဲ့သည်။

သတိပြန်ရပြီး အသက်မသေသော်လည်း သွက်ချာပါဒ ဖြစ်လျက် ကျန်ရစ်လေ၏။ စကားပီအောင် မပြောနိုင်။ လမ်း ကောင်းစွာ မလျှောက်နိုင်။

အစာပျော့ပျော့ကို မနည်းဝင်အောင် စားရသည်။ ရုပ်ရည်မှာလည်း ပါးရေနားရေတွန့်၍ အိုမင်းရွတ်တွ သွားလေ တော့သည်။

ဦးပဥ္စင်းမှာ ဆရာဟိန်း၏အဖြစ်အပျက်ကြောင့် အလွန် စိတ်ထိခိုက်သွားကာ အဂ္ဂိရတ်အလုပ်ကို အပြီးတိုင် စွန့်လွှတ် လိုက်ပြီး ဝိပဿနာဘာဝနာတရားနှင့်သာ ရဟန်းဘဝကို ကုန် ဆုံးစေလေတော့သည်။

ဤအချိန်တွင် မဟာမြိုင်ဂမ္ဘီရအတွင်းစခန်းမှ အပြင် လောကသို့ ထွက်လာသောဦးရွှဲနှင့် ဆရာဟိန်းတို့တွေ့ကြသည်။

ထိုအချိန်တွင် ဆရာဟိန်းသည် ပြဒါးပြာ၏ဆိုးကျိုး ကြောင့် အသက်တမြည့်မြည့် ကုန်ဆုံးနေချိန်ဖြစ်၏။

ကယ်သင့် ကယ်ထိုက် ကယ်တင်ဖို့ရန် အခိုက်ကြုံသော ကြောင့် ဦးရွှဲက ဆရာဟိန်းအသက်ကို ကယ်တင်ခဲ့လေရာ ပြဒါး ကြောင့်ဖြစ်သော သွက်ချာပါဒရောဂါ ရှင်းရှင်းပျောက်စေလျှင် ဆေးပညာကိုပါ ဆက်လက်သင်ပေးခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ခန္ဓာ၏ အိုမင်းသောသဏ္ဍာန်ကိုမူ မလိုအပ်သောကြောင့် ပြုပြင်မပေးတော့ချေ။

ထို့နောက်တွင်ကား ဆရာဟိန်းသည် မဟာမြိုင်ဂမ္ဘီရတော၏ အထွက်လမ်းအနီးရှိ စမ်းချောင်းဝန်းကျင်၌ တဲတစ်လုံးထိုး၍ လာရောက်နေထိုင်သည်။

ရည်ရွယ်ချက်မှာ အတွင်းစခန်းမှ မကြာမကြာ ထွက်လာတတ်သော ဦးရွှဲအတွက် နားခိုရန် ကွန်းထောက်စခန်းဖြစ်စေရန်တည်း။

ဆရာဟိန်းနေထိုင်ရာ လွင်ပြင်၏ အခြားတစ်ဖက်ရှိ လူနေရပ်ရွာ မြို့နယ်များကို ခြေကျင်လှည့်လည်ပြီး ဆရာဟိန်းကဆေးကုသခဲ့သည်။

ကုသမှုပျောက်၊ ပေးသမျှဆေး အကျိုးပေးသည်ဖြစ်ရကား တစ်စတစ်စနှင့် ဆရာဟိန်းမှာ ဆရာဟိန်း၊ ဆရာဟိန်းနှင့် ဤနယ်တစ်ခွင်လုံးတွင် မသိသူမရှိ ထင်ရှားလာ၏။

လူအပေါင်း၏ ကြည်ညိုခြင်း၊ လေးစားခြင်းကို ရရှိလာသည်။

ဆေးကုသက် ယခု (၉)နှစ်ကျော်ခဲ့ပြီဖြစ်ရာ ဤနယ်တစ်ခွင်၌ ဆရာဟိန်းဆိုလျှင် မသိသူ မရှိတော့ချေ။ ဆရာဟိန်းက အထက်ပါအတိုင်း သူ့အဖြစ်အပျက်ကို ပြောပြပြီးနောက်



သူနေစာ စီစဉ်ရန် အပါးမှထသွားလေ၏။

မောင်ချိတ်နှင့် ဦးရွှဲသည်လည်း နားနားနေနေ ကျောဆန့် အပန်းဖြေကြ၏။

ဆရာဟိန်းသည် ဦးရွှဲ၏ အစားအသောက် ဓလေ့ကို သိထားပြီးဖြစ်ရကား သစ်သီးသစ်ဥများကိုသာ ကြော်တန်ကြော်၊ ချက်တန်ချက်၊ ပြုတ်တန်ပြုတ်၊ သုပ်တန်သုပ်ပြီး ဖွယ်ဖွယ်ရာရာ ခံပေးလေရာ ထိုနေ့ညစာမှာ အလွန်မြိန်ယှက်လှလေ၏။

ပြုနေကျအတိုင်း ဘုရားဝတ်တက်ခြင်း၊ ပုတီးစိပ်ခြင်းသည်တို့ ပြုလုပ်ရာတွင်လည်း ဘုရားခန်းက နွေးထွေးရုံသာကော ဆိတ်ငြိမ် အေးချမ်းလှပေရကား စိတ်ကြည်နူးချမ်းမြေ့ရပေသည်။

ခရီးလည်းပန်းသောကြောင့် ထိုညတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

နံနက် (၄)နာရီထ ဘုရားဝတ်တက်၊ တရားထိုင်၊ ပုတီးစိပ်ပြီးသည်နှင့် ဆရာဟိန်း အသင့်ပြင်ပေးထားသော နို့ယာဂုကို သောက်ပြီး ရေနွေးကြမ်းနှင့် မြေပဲစသည်တို့ကို ဆက်လက်သုံးဆောင်သည်။

ဦးရွှဲက. . .

"မောင်ချိတ်ရေ. . ကနေ့ကစပြီး အပြင်လူတွေနဲ့ တွေ့ဆုံဆက်ဆံရတော့မှာဆိုတော့ မင်းလိုက်နာရမယ့် အချက်တွေကို ငါ ကြိုပြောထားမယ်"

"ပြောပါ ဦးရွှဲ ကျွန်တော်က တစ်သဝေမတိမ်း လိုက်နာပါ့မယ်"

"အေး. . . မင်း ငါ့ကို နှုတ်ကျိုးအောင်ခေါ်ခေါ်နေတဲ့ ဦးရွှဲဆိုတာကြီးကို ပထမဆုံး ဖျောက်ပစ်လိုက်ပေတော့"

"ဗျာ. . ."

"အိမ်း. . . ငါ့ကို အပြင်လောကက သိထားကြတာက ခေတလုံး ဆရာရွှဲတဲ့ကွ။ အဲဒါက. . မင်းသိထားဖို့ပါ။ မင်းက

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ရင်တော့. . ဆရာရွှဲလို့ ခေါ်ရင်တော်ပြီ"

"ဟုတ်. . ဟုတ်ကဲ့။ ဦးရွှဲလို့မခေါ်ဘဲ ဆရာရွှဲလို့ ကျွန်တော်ပြောင်းခေါ်ပါ့မယ်"

မောင်ချိတ်၏ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေဟန်ကြောင့် ဦးရွှဲက ပြုံးလိုက်သည်။

ထို့နောက်. . .

"ပြီးတော့ မင်းရဲ့နာမည်ကို ဝိသေသ ပြုရလိမ့်မယ်"

"ဗျာ. . . ဘယ်လို ဝိသေသပြုမှာလဲ"

ဦးရွှဲက တဲအပြင်သို့ နားစွင့်လိုက်၏။ ထူးဆန်းစွာပင် ရွှေပြည်စိုးငှက်တစ်ကောင်သည် ထက်ကောင်းကင်၌ ဖြတ်သန်းလာရင်း သာယာစွာ မြည်သွားသည်။

ထို့နောက် လင်းကြက်တွန်သံ ကြားရသည်။

"ဟော. . . အချိန်ကျပြီ။ ကိုင်း. . . မင်းနာမည်ကို အခု အချိန်အခါကစပြီး ဇေယျပဏ္ဍိတ် ဆရာချိတ်လို့ ဝိသေသပြု လိုက်ပြီဟေ့"

"ဗျာ. . . ဇေယျပဏ္ဍိတ် ဆရာချိတ် ဟုတ်လား"

"အေး. . . ဟုတ်တယ်။ ဆရာတော်ကိုယ်တိုင် ဒီနေ့ ဒီရက် ဒီအချိန်ကျရင် ဒီနေရာမှာ မင်းကို ဝိသေသပြုဖို့ ချီးမြှင့်လိုက်တဲ့ နာမည်ကွ။ အနက်အဓိပ္ပာယ်ကတော့ ထူးချွန်အောင်မြင်



မယ့် ပညာရှင် ဆရာချိတ်ပေါ့ကွာ"

"ကျွန်တော့်ရဲ့. . . နုနယ်တဲ့ အသက်အရွယ်နဲ့မမျှတဲ့ ဝိသေသကြီး ဖြစ်နေပါတယ်ဗျာ"

"ဟေ့. . . ဘယ်လိုပဲဖြစ်ဖြစ် ဒါ ဆရာတော် အမိန့်ပဲလေ။ မင်း အထွန့်မတက်နဲ့တော့။ အခုအချိန်ကစပြီး မင်းဟာ ဇေယျပဏ္ဍိတ်ဆရာချိတ် ဖြစ်ပြီ ဟုတ်လား"

သူ မလွန်ဆန်ဝံ့တော့ချေ။

ဆရာဟိန်းက ဖြူစင်သော အဝတ်တစ်စုံနှင့် အနားသို့ ရောက်လာပြီး. . .

"ဒီအဝတ်သစ်များကို မင်္ဂလာဖြစ်ရေးအတွက် လဲလိုက်ပါ ဇေယျပဏ္ဍိတ်ဆရာချိတ်"ဟု လေးစားစွာ ပြောလာ၏။

မောင်ချိတ်သည် ပထမ အံ့အားသင့်နေ၏။

ထို့နောက်မှ အင်းလေ. . . ငါဟာ သည်လမ်းကို လျှောက်နေမှတော့ သည်အဖြစ်ဟာ အနှေးနဲ့အမြန် ရောက်လာရမှာပါပဲ။ ကဲ. . . ငါ ဇေယျပဏ္ဍိတ် ဆရာချိတ်ဖြစ်ပြီလေ။ အဝတ်သစ်တွေကို မြန်မြန်ပဲ လဲလှယ်ဝတ်ဆင်လိုက်တာ အေးပါတယ်. . . ဟု ဆုံးဖြတ်ပြီး အဝတ်အစားများကို လဲလှယ်ဝတ်ဆင်လိုက်၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်သည် ဖြူစင်သော အဝတ်

www.burmeseclassic.com

www.burmeseclassic.com



အစားများကို လဲလှယ်ဝတ်ဆင်ပြီးသောအခါ သင်ဖြူးဖျာပေါ်တွင် တင်ပျဉ်ချိတ်၍ ထိုင်လိုက်၏။

ထိုအချိန်မှာပင် ဗေဒါပက္ကိုတ်ဆရာချိုတ်တို့ တည်းခိုနေထိုင်သော တဲအိမ်၏ အရှေ့ဘက်မှ ကျားဟိန်းသံကြီး ကြားရသည်။

ကျားဟိန်းသံမှာ သုံးကြိမ်တိတိ တစ်ဝေါင်းဝေါင်းဖြင့် ထွက်ပေါ်လာပြီးနောက် ငြိမ်သက်သွား၏။ ဟိန်းသံမှာ မာန်ဖီသံမဟုတ်၊ ဝေဒနာတစ်ခုကို အပြင်းအထန်ခံစားရ၍ အော်ဟစ်သော နာကျင်မှုကိုဖော်ပြသည့်အသံဖြစ်သည်။

"ဆရာဟိန်းရေ. . . ကျားဟိန်းသံကြားတယ်။ တဲရှေ့ကို ထွက်ကြည့်လိုက်ပါဦး"

ဆရာရွှေ၏အမိန့်ရလျှင် ဆရာဟိန်းက မီးတုတ်တစ်ခုကို ထွန်းညှိလိုက်ပြီး တဲရှေ့သို့ ရဲဝံ့စွာ ထွက်သွားလေသည်။ အချိန်မှာ ဝေလီဝေလင်းသာ ရှိသေး၍ အလင်းရောင်မှာ အားနည်းနေဆဲဖြစ်၏။

မကြာမီ တဲအတွင်းသို့ ဆရာဟိန်း ပြန်လည် ရောက်ရှိလာပြီး. . .

"ဆရာရွှေ. . . တဲအပြင်မှာ ကျားကြီးတစ်ကောင် လဲကျနေပါတယ်။ ပါးစပ်ကလဲ တဟင်းဟင်း ညည်းလို့ပဲ။ လက်ပြင်နဲ့



ခြေထောက်မှာ ဒဏ်ရာတွေတွေ့ပါတယ်။ တင်ပါးမှာတော့ မြားတစ်စင်း တန်းလန်းစိုက်နေပါတယ်။ ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

"ကိစ္စမရှိဘူး ဆရာဟိန်း၊ ဒါ အင်မတန်ထူးခြားတဲ့ တိုက်ဆိုင်မှုတစ်ခုပဲ။ မောင်ချိုတ်က ဗေဒါပက္ကိုတ်ဆရာချိုတ် ဘွဲ့ထူးခံယူချိန်မှာ ဒဏ်ရာ အပြင်းအထန်ရလာတဲ့ ကျားကြီးရောက်လာတာဟာ ဗေဒါပက္ကိုတ်ဆရာချိုတ်ရဲ့ ဆေးကုသမှုအစွမ်းကို ပြခွင့်ကြုံတာဖြစ်လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပေလိမ့်မယ်" ဟု ဆရာရွှေက ပြော၏။

ဆရာရွှေစကားကိုကြားလျှင် ဆရာဟိန်းက အံ့အားသင့်သွားပြီး. . .

"ဟင်. . . ဒီဒဏ်ရာရနေတဲ့ကျားကြီးကို ဗေဒါပက္ကိုတ်ဆရာချိုတ်က ဆေးကုမလို့လား။ အန္တရာယ် များလှပါတယ်။ မတော်တဆ ကျားကြီးကရန်မူလိုက်ရင် ဘယ့်နှယ်လုပ်ပါ့မလဲ" ဟု စိုးရိမ်စွာ တားမြစ်သည်။

ဗေဒါပက္ကိုတ်ဆရာချိုတ်က ရယ်မောပြုံးရွှင်စွာဖြင့် ဆရာဟိန်းကို လက်ကာပြပြီး. . .

"မစိုးရိမ်ပါနဲ့ ဆရာဟိန်းရယ်. . . ကျွန်တော်က မဟာမြိုင်ဂမ္ဘီရတောထဲမှာ တောရိုင်းတိရိစ္ဆာန်တွေကို ဆေးကု

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာပါ"

ဇေယျပဏ္ဍိတ်ဆရာချိတ်၏ စကားကြောင့် ဆရာဟိန်းပို၍ အံ့အားသင့်သွား၏။

ဆရာရွှဲကလည်း ရယ်မောနေလေ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ဆေးလွယ်အိတ်ကို ပခုံး၌လွယ်လိုက်ပြီး. . .

"ကိုင်း. . . ကျွန်တော်တို့ ဒဏ်ရာရနေတဲ့ ကျားကြီးကိုသွားစစ်ဆေးကြရအောင်"

ဆရာဟိန်းက မီးတုတ်ကို ကိုင်မြှောက်၍ ရှေ့မှ လမ်းပြသည်။

တဲအိမ်နှင့် မလှမ်းမကမ်းနေရာတွင် အလွန်ကြီးမားလှသော ကိုးတောင်ကျော် ကျားကြီးသည် ခြေပစ်လက်ပစ်ကြီးလဲကျနေလေ၏။

ခြေလက်နှင့် ခန္ဓာကိုယ်အနှံ့တွင် ဒဏ်ရာများစွာရှိနေသည်။ သို့သော် အဓိကဒဏ်ရာမှာ တင်ပါးပြင်၌ အလွန်နက်ရှိုင်းစွာ စိုက်ဝင်နေသော မြားတံက သူ့ခန္ဓာကိုယ်အတွင်းသို့ အဆိပ်များ သင့်ဝင်စေပြီး ယခုကဲ့သို့သော ဆိုးဝါးသည့်အခြေအနေကိုရောက်နေစေခြင်းဖြစ်သည်။

ကျားကြီးမှာ အသက်ရှူမမှန်တော့။ မျက်ဖြူလန်လျက်



သတိလစ်စပြုနေပေပြီ။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ကျားကြီး၏ အခြေအနေကို စစ်ဆေးကြည့်ရှုပြီးနောက်. . .

"အချိန်သိပ်မရတော့ဘူး။ အဆိပ်လွန်ပြီး သေငယ်ဇောနဲ့ မြောမပြုနေပြီ။ ဆရာဟိန်း. . . ကျောက်ပျဉ်တစ်ချပ်နဲ့ ရေတစ်ခွက် အမြန်ဆုံးယူခဲ့ပါ"

ဆရာဟိန်းက တဲပေါ်သို့ ခပ်သုတ်သုတ် တက်သွားချိန်မှာပင် ဇေယျပဏ္ဍိတ်ဆရာချိတ်က ကျားကြီး၏ ခန္ဓာကိုယ်အတွင်း စိုက်ဝင်နေသော မြားတံကို လက်ဖြင့် အသေအချာဆုပ်ကိုင်ပြီး ဆတ်ခနဲ အားကုန်ဆွဲနုတ်လိုက်၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်၏ လက်ထဲတွင် မြားတံက ကောင်းစွာ ကျွတ်ပါလာ၏။

သတိကောင်းစွာမရသော ကျားကြီးမှာ မြားတံကို နုတ်ယူလိုက်သော ဒဏ်ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်ဘုန်ယင်လျက် အကြောများ ဆွဲလျက်ရှိတော့၏။ မမြင်ဝံ့စရာသနားဖွယ်ပင်။

ဆရာဟိန်းက ကျောက်ပျဉ်နှင့် ရေတစ်ခွက်ယူပြီးရောက်လာလျှင် မီးတိုင်ကို မြေမှာစိုက်စေကာ ဇေယျပဏ္ဍိတ်ဆရာချိတ်က ဆေးလွယ်အိတ်ထဲမှ မည်းမည်းပြောင်ပြောင်

www.burmeseclassic.com

www.burmeseclassic.com



မာတ်ပစ္စည်းအလုံးတစ်ခုကို ထုတ်ပေး၏။

"ရော့. . . ဒါကို ကျောက်ပျဥ်မှာ ရေနဲ့သွေးလိုက်"

ဆရာဟိန်းက မည်းမည်းပြောင်ပြောင် ဓာတ်ပစ္စည်းကို ကျောက်ပျဥ်တွင် ရေနှင့်သွေးသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ကျောက်ပျဥ်ပေါ်မှ ဆေးရည်ကို လက်ညှိုးနှင့်သပ်ယူပြီး မြားစိုက်ဝင်ခဲ့သော ဒဏ်ရာအပေါက်ကို ထည့်သိပ်ပေး၏။

မကြာခင်မှာပင် ထိုဒဏ်ရာအပေါက်မှ အဆိပ်ရည်နှင့် သွေးမည်းမည်းများ တစ်စိမ့်စိမ့် ပြန်လည်စီးကျလာလေတော့သည်။

ထို့နောက် ဆေးကို ထပ်မံ၍ ထည့်သိပ်ပေးပြန်၏။

အဆိပ်များ ပြန်ထွက်ကျလာပြန်၏။

ဆေးရည်အချို့ကို နှာဝ၌ သုတ်လိမ်းပေးပြန်၏။

ကျားကြီးမှာ သူ့အား မည်သို့ပြုမူနေသည်ကိုပင် သိပုံမရ၊ မေ့နေဆဲရှိ၏။

ခန္ဓာကိုယ်အနှံ့အပြားရှိ အခြား ထိခိုက်ဒဏ်ရာများကို ဇေယျပဏ္ဍိတ်ဆရာချိတ်က ပြာမှုန့်အနည်းငယ် ဆေးလွယ်အိတ်ထဲမှ ထုတ်ယူလျက် သုတ်လိမ်းပေးလိုက်ပြန်၏။

ကျားကြီး၏ အခြေအနေမှာ မကြာမီပင် ပြောင်းလဲသွား



ချေပြီ။

အသက်ရှူမှန်ကန်လာပြီး ခန္ဓာကိုယ် လှုပ်လွန့်လျက် ခြေကားရား လက်ကားရား အနေအထားကို ပြုပြင်ကာ ကောင်းမွန်စွာ ဝပ်စင်းလိုက်၏။

မျက်လုံးတစ်ချက်ဖွင့်ကြည့်ပြီး ခေါင်းကို လှည့်ခါပြီးနောက် အသက်ပြင်းပြင်းရှူလျက် အိပ်ပျော်သွားလေသည်။

နေရောင်ခြည် လင်းချင်းစပြုလာပြီဖြစ်၏။

"ကိုင်း. . . နေတောင်ထွက်လာပြီ။ ကျားကြီးလဲ အခြေအနေ ကောင်းသွားပါပြီ။ ကိုင်း. . . ဆရာဟိန်းရေ၊ ကျားကို ပုတ်နှိုးလိုက်တော့။ တော်ကြာ. . လူသူတွေနဲ့ တွေ့နေပါ့မယ်။ အန္တရာယ်ကင်းရာ တောထဲကို အချိန်မီပြန်ပါစေ"

ဆရာဟိန်း. . တွန့်ဆုတ်နေ၏။

"ဘာမှမဖြစ်ပါဘူး ဆရာဟိန်းရဲ့။ ကျားကြီးက ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်ပြီး အဆိပ်ဖြေဆေးကြောင့် ရီဝေဝေ ဖြစ်နေတုန်းပါ။ ကျားကြီးရဲ့စိတ်တွေကလဲ နူးညံ့ပျော့ပျောင်းနေပါတယ်ဗျ"

ဇေယျပဏ္ဍိတ်ဆရာချိတ်က ရှင်းပြသောကြောင့် ဆရာဟိန်း သဘောပေါက်သွားကာ ကျားကြီးကို ပုတ်၍နှိုးလိုက်၏။

"ဟော့ ကောင်ကြီး ထစမ်း. . . ထစမ်း"

ကျားကြီးမှာ ရီဝေဝေ အိပ်မှုန်စုံဝါးနှင့် ထလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဇေယျပဏ္ဍိတ်ဆရာချိတ်က ခန့်ညားအောင်မြင် ကြည်လင်ချိုသာသောအသံဖြင့်. . .

"အသင် ဗျဂ္ဃ. . . အသင့်အား ကျွန်ုပ်တို့သည် သင့်ခန္ဓာကိုယ်တွင် ကျရောက်ခဲ့သောဝေဒနာကို ကောင်းမွန်စွာ ကုသပြီးပြီဖြစ်ပါသည်။ ယခုအခါ အချိန်လင့်ပြီဖြစ်၍ သင်နေထိုင်ရာတောသို့ အချိန်မီ ပြန်လည်သွားရောက်ပါလော့. . . သွားလေလော့. . . သွားလေလော့. . ."

ကျားကြီးသည် တစ်ချက်မျှ ငြင်သာစွာဟိန်းလိုက်ပြီး ခေါင်းတလည်လည်ကြည့်ကာ ထွက်သွားတော့သည်။

"ဆရာချိတ်ဆေးက အလွန်ပဲ အဆိပ်ကို နိုင်တယ်နော်။ အဲဒီဆေးကို. . . ဘယ်လို ဖော်စပ်ရသလဲဆိုတာသိရရင် သိပ်ကောင်းမှာပဲ"ဟု ဆေးပညာရပ်တွင် ဝါသနာအထုံသန်လှသော ဆရာဟိန်းက မေးလိုက်လျှင် ဆရာရွှေက ပြုံးရယ်လျက်. . .

"သိရမှာပေါ့ ဆရာဟိန်းရယ်. . . ပြီးတော့မှ တဲပေါ်မှာ အေးအေးဆေးဆေး ဇေယျပဏ္ဍိတ်ဆရာချိတ်က ရှင်းပြပါလိမ့်မယ်" ဟု ပြောလိုက်လျှင် ဆရာဟိန်းမှာ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပုံရလေသည်။

ဆရာရွှေနှင့် ဇေယျပဏ္ဍိတ်ဆရာချိတ်တို့ တဲပေါ်သို့ အကူ အနံ ထိုင်မိကြလျှင် ဆရာဟိန်းက ရေနွေးကြမ်းနှင့် ထမင်းကြော်



ပန်းကန်များ လာရောက်ချပေးသည်။

"ကျွန်တော့်ကိုတော့ ခွင့်ပြုပါဦးနော်. . . နံနက်စာကို အမြန်ဆုံး စီမံချက်ပြုတ်လိုက်ပါဦးမယ်" ဟု ပြောပြီး ဆရာဟိန်းက တဲအိမ်အနောက်ဘက်သို့ ဝင်သွားသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က. . .

"ကျားကြီး အဆိပ်ဒဏ်ရာရပြီး ဒီတဲကို ရောက်လာတာ အတော်ဆန်းတယ်နော်. . . ဆရာရွှေ"

"အိမ်း. . . မင်းအတွက် ဆေးကုသမှု အတွေ့အကြုံတိုးဖို့ ဖြစ်လာသလို သတ္တဝါတွေကို ဆေးပညာနဲ့ ကယ်မတဲ့ ပါရမီဓါနလဲ ရင့်ကျက်လာစေတာပေါ့ကွာ။ အင်း. . . ဒီကနေ့မှာ လူသတ္တဝါတစ်ချို့ကို ကုသဖို့လဲ အခွင့်အရေးကြုံလာလိမ့်မယ်လို့ ပါထင်တယ်"

ဆရာဟိန်းနှင့် ဇေယျပဏ္ဍိတ်ဆရာချိတ်တို့ စကားပြောဆိုနေကြရာ နေထန်းတဖျားခန့်ရှိလျှင် ဆရာဟိန်းအိမ်ရှေ့ခန်းသို့ ထွက်လာ၏။

"ဘယ့်နှယ့်လဲ ဆရာဟိန်း၊ နံနက်စာ စီမံချက်ပြုတ်လို့ ပြီးပြီ ထင်တယ်"

"ဟုတ်ပါတယ် ဆရာ၊ ပြီးပါပြီ"

"ကိုင်း. . . ဒီလိုဆိုလဲ ဒီမှာလာထိုင်လှည့်၊ ဇေယျပဏ္ဍိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာချိတ်က အဆိပ်ဖြေဆေးဖော်စပ်ပုံကို ပြောပြလိမ့်မယ်"

ဆရာဟိန်းက ထိုင်လျက် စိတ်အားထက်သန်စွာ အာရုံ စိုက်နေလေ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က. . .

"ကျားကြီးရဲ့ အဆိပ်သင့်ဝေဒနာကို ပျောက်ကင်းသွား စေတဲ့ ဆေးအမည်က စိတ်ဓာတ်လုံး မဟာအဆိပ်နိုင်ဆေးကြီး ဖြစ်တယ်"

"ဩော်. . . စိတ်ဓာတ်လုံး မဟာအဆိပ်နိုင်ဆေးကြီး လို့ ခေါ်တာကိုး"

"ဟုတ်ပါတယ်. . . ဒီဆေးက စိန်လို့ခေါ်တဲ့ ဓာတ် ပစ္စည်းကို ပင်မထားပြီး ဖော်စပ်ရယူတာကြောင့် စိန်ဓာတ်လုံးလို့ ဝိသေသပြုတာပါပဲ။ စိန်ဒုတ္တာ၊ ကန့်ထန်းသား၊ ယမ်းလက်ချား အမျှမှီ၊ သံပရာဖျော်ကာကြိတ်၊ လုံးပိတ်၍ ထိုးရမည်။ ရာသ တ္တု. . . ကာယမှီ ပြီးပြီကွယ့် နတ်ဆေး၊ တစ်ယောက်ကောင်း လျှင်လ၊ တစ်သောင်းလူ ဗိုလ်ခြေတို့ရယ်၊ တိမ်းရှောင်လို့ပြေး. . . ဆိုတဲ့ လင်္ကာစာသွားအတိုင်း ဖော်စပ်ရပါတယ်"

ဆရာဟိန်း၏ မျက်လုံးများမှာ ပညာကို တွေ့မြင်သိ လိုဇောနှင့် ဝင်းပတောက်ပြောင်လျက်ရှိလေသည်။

"အသေးစိတ် လုပ်ကိုင်ပုံကတော့ စိန်ရယ်၊ ဒုတ္တာရယ်၊



ထန်းသားကန့်ရယ်၊ ယမ်းရယ်၊ လက်ချားရယ်ကို အညီအမျှစုပြီး ထောင်း၊ သံပရာနဲ့ကြိတ် နေသွေ့အောင်လှန်း၊ နောက်နေ့မှာ သံပရာရည် ထပ်ဆွတ်၊ ထပ်ကြိတ်၊ နေလှန်း၊ ခုနစ်ရက် အဲဒီ အတိုင်း စီမံရမယ်"

ဆရာဟိန်းက နားလည်ကြောင်း ခေါင်းညိတ်ပြသည်။

"အဲဒီနောက်မှာ အဂ္ဂိရတ်ထိုးဖုတ်သလို ဆောင်ရွက်ရ မှာပါ။ ဆရာဟိန်း ကျွမ်းကျွမ်းကျင်ကျင် ဆောင်ရွက်နိုင်ပါလိမ့် မယ်။ လုပ်ရမှာက အဲဒီဓာတ်ပစ္စည်းတွေကို လုံးရှည်နဲ့ထည့်၊ ချော်မံပြီး မီးလျှံကစလို့ တဖြည်းဖြည်း မီးလတ်အထိ ထိုးသွားပါ။ လုံဖွင့်ကြည့်လို့ ချော်နည်းသွားရင် ချော်ဟောင်းမှာ ချော်သစ်ထပ် ထည့်ပြီး ထိုးသွားပါ။ လုံလဲသင့်ရင် လဲထိုးပါ။ နှစ်ဆယ့်ခုနစ်လုံး ခန့် ထိုးမိရင်ပဲ ဆေးကုဓာတ်လုံးအဖြစ်ကို ရောက်ပါပြီ။ အဟိုက် အဖုကင်းတဲ့ စင်ကြယ်ဓာတ်လုံးကို ရပါပြီ။ အဲဒီနောက် လုံ ခြောက်ပြင်းပြင်း ခပ်နာနာဆက်ထိုးပါ။ တေဇောရသော အခြေ အနေအထိ မီးတေဇော ဆက်သွင်းပါ"

"ဟုတ်ကဲ့. . . ရှင်းပါတယ်"

"အဲဒီနောက်မှာ ဓာတ်တေဇောသွင်းရမှာဖြစ်တယ်။ ဓာတ်လုံးကို ချိန်တွယ်ကြည့်လို့ အကယ်၍ တစ်ကျပ်သားရှိခဲ့လျှင် ငန်တစ်ရွေးအစိမ်းကို ကျွေးရပါလိမ့်မယ်။ လုံဖုံးအငှားနဲ့ဓာတ်ကို

www.burmeseclassic.com

www.burmeseclassic.com



မီးပြင်းထိုးပြီး လုံဖုံးပြန်ပိတ်ကာ မီးသွေးအုပ်၍ လုံတစ်နိုင်ထိုးပါ။ ပထမကျွေးစဉ် အညစ်အကြေး မကင်းသောကြောင့် ၂ လုံ ၃ လုံ ဆက်ထိုးရတတ်တယ်။ နောက်လုံများမှာတော့ တစ်လုံးကျွေးပြီးတာနဲ့ လုံတစ်ခိုင်ထိုးပြီး နောက်တစ်နေ့မှာ ပြန်ကျွေးနိုင်ပါပြီ။ အရေးကြီးတာက အညစ်အကြေးမတင်နေမှု ဓာတ်လုံးကရှိရင်းစွဲအလေးချိန်ထက် ပိုမနေမှုက အရေးကြီးပါတယ်။ အဆိပ်အမျိုးမျိုးကိုနိုင်နင်းရုံမက ကိုယ်လက်အကြောသေ ထုံကျဉ်ကိုက်ခဲသောရောဂါများကို လုံးဝကောင်းကောင်းကြီး နိုင်နင်းပါတယ်"

"ရပါပြီ ဆရာချိတ်၊ စိန်ဓာတ်လုံး မဟာအဆိပ်ဖြေဆေးကြီးကို မခြွင်းမချန် အခုလို သင်ကြားပြသပေးတဲ့အတွက် အလွန်တရာမှပဲ ကျေးဇူးတင်ပါတယ်ဆရာ"

ဆရာဟိန်း၏ စကားကိုကြားလျှင် ဆရာရွှဲက. . .

"ဒါ အစပဲရှိသေးတယ် ဆရာဟိန်း၊ ခင်ဗျားသာ ပေးသမျှပညာတွေကို မမေ့လျော့အောင် ကောင်းကောင်းမှတ်သားပါ။ နောက်ထပ် လက်တွေ့ဆောင်ရွက်သမျှ ဆေးကုသမှုကိစ္စအားလုံးမှာ ဆေးနည်းတွေအားလုံးကို ခင်ဗျား သိရပါစေ့မယ်"

"ဝမ်းသာလိုက်တာ ဆရာရယ်. . . ကျွန်တော့် ရင်ထဲမှာ ဖြစ်ပေါ်နေတာကို ဘယ်လိုဖော်ပြရမှန်းတောင် မသိတော့ပါဘူး ဆရာရယ်။ ကျွန်တော့် ဘဝတစ်ခုလုံးကို ဆေးသမား



အဖြစ် မြှုပ်နှံပြီး လူတွေရဲ့ အတိဒုက္ခတွေကို ကယ်ဆယ်ကုသသွားမယ်လို့ ကျွန်တော်ဆုံးဖြတ်ထားတာကြောင့် အစွမ်းထက်တဲ့ဆေးပညာတွေဆိုရင် လောဘကြီးတယ်ပဲပြောပြော အားလုံးသိချင်နေတာပဲ. . ဆရာ"

"ဆရာဟိန်းတစ်ယောက် ဂမ္ဘီရပညာရပ်တွေအပေါ်မှာ အလွန် အလေးအနက် စိတ်ဝင်စားတယ်ဆိုတာ ကျုပ်တို့ သိပါတယ်။ အခုတစ်ခေါက် ကျုပ်တို့ အပြင်လောကကို လာတဲ့ကိစ္စတွေထဲမှာ ဆရာဟိန်းကို ပညာအဆင့် တိုးမြှင့်ပေးဖို့ဆိုတဲ့ ရည်မှန်းချက်တစ်ခုလဲ ပါတယ်"ဟု ဖွင့်ဟပြောလိုက်လေသည်။

ဆရာဟိန်း၏ အကျည်းတန်အိုစာလှသော မျက်နှာပေါ်တွင် ဝမ်းသာမှုစိတ်အရှိန်ကြောင့် ဝင်းပ ရွှန်းလက်သွားတော့သည်။

"အို. . . ဆရာရွှဲ ခင်ဗျား၊ ယခုစကားကို ကြားရတာ ကျွန်တော့်အတွက် မဖော်ပြနိုင်အောင် ဝမ်းသာအားရ ဖြစ်မိပါတယ်။ ကျွန်တော့ဘဝမှာ အတောင့်တဆုံးအရာဟာ ဂမ္ဘီရပညာပါပဲ"

"အိမ်း. . . သိပ်မကြာခင်မှာပဲ ဆရာဟိန်း ဆန္ဒပြည့်ပါစေ့မယ်"

ထိုသို့စကားကောင်းနေကြစဉ် တက်သုတ်နှင်၍ မောင်း

www.burmeseclassic.com

www.burmeseclassic.com



လာသော နွားလှည်းတစ်စီးသည် တဲရှေ့သို့ ထိုးဆိုက်ရောက်ရှိလာတော့သည်။

လူတစ်ယောက်လှည်းပေါ်မှ ဆင်းလာပြီး. . .

"ဆရာဟိန်း. . . ဆရာဟိန်း ခင်ဗျား"

ဒရောသောပါး ခေါ်ငင်သံနှင့်အတူ တဲအတွင်းသို့ ရောက်လာ၏။ အသက်(၅၀)ကျော်ခန့် အရပ်ပုပြတ်ပြတ်၊ အသားညိုညိုနှင့် သောကရောက်နေဟန်တူသော လူတစ်ယောက်ဖြစ်သည်။

ဆရာဟိန်းက ထိုလူကိုမြင်လျှင်. . .

"ဟော. . . ကျောက်လိပ်ရွာက သူကြီးဦးထွန်းပါလား၊ ဘယ်လို ဖြစ်လာတာလဲ"

ကျောက်လိပ်ရွာသူကြီး ဦးထွန်းဆိုသူက တဲပေါ်သို့ သုတ်သုတ်တက်လာပြီး ဘုရားခန်းတွင်ရှိနေသော ဆရာဟိန်းနှင့်တကွ ဆရာရွှဲ ဇေယျပဏ္ဍိတ်ဆရာချိတ်တို့ကိုပါ တွေ့မြင်ရသော်လည်း ဣန္ဒြေမဆည်နိုင်ဘဲ ငိုတော့မလိုမျက်နှာဖြင့် အောက်ပါအတိုင်း ပြောလေ၏။

"ကယ်ပါဦး ဆရာရယ်. . . ကျွန်တော့် နှမ အပျိုကြီး မသန်းရဲ့အသက်ကို ကယ်ပါဦး" ဟုပြောပြီး "ဆရာဟိန်း အဲဒီရွာကို. . အမြန်လိုက်ခဲ့ပါ ဆရာရယ်"ဟု ဆိုပြန်၏။



ဆရာရွှဲက. . .

"ဟဲ့. . . နေပါဦး၊ စိတ်အေးအေးထားပြီး ဖြစ်ပုံကို အရင်ပြောပြပါဦး"ဟု ဝင်ဟန့်ရင်း မေးလိုက်သည်။

သူကြီးဦးထွန်းက မျက်လုံးတစ်ချက်လှန်ကြည့်ပြီး. . .

"စကားပြောချိန်. . မရပါဘူးခင်ဗျာ၊ ကျွန်တော့် နှမအသက်ကို အချိန်မီကယ်ဖို့ အမြန်လိုက်ခဲ့မှ ဖြစ်မှာပါ"

ဟု ဗောဟိုက်သံကြီးဖြင့် ပြောလေသည်။

ဆရာဟိန်းက သူကြီးဦးထွန်းကို ပြောသည်မှာ. . .

"သူကြီးဦးထွန်း၊ ဒါ ကျွန်တော့် ဆရာစေတလုံးဆရာရွှဲပဲ။ သူမေးတာကို အေးအေးဆေးဆေး ဖြေပါဗျ"

သူကြီးဦးထွန်းလည်း တံတွေးမျိုချရင်း. . .

"ဟုတ်ကဲ့. . . မမြင်ဖူးပေမယ့် ဆရာ့အမည်ကို ကြားဖူးပါတယ်။ တတ်နိုင်ရင် ဆရာကြီးပါလိုက်ပြီး ကျွန်တော့်နှမကို ကယ်ပါ ဆရာကြီးရယ်"ဟု သူ၏နှမအတွက် စိတ်ပူပင်ကြီးစွာသော စကားကိုသာ ဆိုနေတော့၏။

"ဖြစ်ပုံကိုသာ အစအဆုံးပြောပါလေ။ လိုအပ်ရင် လိုအပ်သလို ကျုပ်တို့အားလုံး လိုက်သင့်လဲလိုက်ခဲ့ပါ့မယ်" ဟု ဆရာရွှဲက ဆို၏။

ထိုအခါ သူကြီးဦးထွန်းလည်း ရင်ထဲမှ အပူလုံးကို

www.burmeseclassic.com

www.burmeseclassic.com



အတင်းမျိုချလိုက်ဟန်ပြုပြီးမှ ဖြစ်ပုံကို အောက်ပါအတိုင်း ပြောပြလေ၏။

"ကျွန်တော့်နှမ မသန်းဟာ ယနေ့နံနက်စောစောမှာပဲ အိမ်မှာ မွေးထားတဲ့ ထူးကြီးဆိုတဲ့ဆင်ကို ဆင်တင်းကုပ်မှာ ချေးသေးရှင်းရင်း ဆင်ကိုယ်ပေါ်မှာရှိတဲ့ အညစ်အကြေးတွေကို ရေပတ်ဝတ်နဲ့ သုတ်သင်ရှင်းသန့်ပေးပါတယ်။ အဲဒီလို ဆောင်ရွက်နေရင်း မျက်စိနာသလိုလို ကိုက်သလိုလိုဖြစ်တာနဲ့ အလုပ်တွေထားခဲ့ပြီး အိမ်ပေါ်တက် အိပ်ရာထဲ ခဏလှဲလိုက်ပါတယ်။ မကြာခင်မှာပဲ မခံမရပ်နိုင်အောင် မျက်စိကိုက်ခဲလာပါတယ်။ မျက်လုံးတွေ ပေါက်ထွက်လုမတတ် ခံစားနေရလို့ ငိုကြွေးအော်မြည်နေရပါတယ် ဆရာ။ ချက်ချင်းကြီး ဘယ်လိုဖြစ်တာလဲ မသိ။ အဲဒီ ရောဂါကို လိုက်လံကုစားပေးပါဦး ဆရာရယ်"

ဆရာရွှဲနှင့် ဇေယျပဏ္ဍိတ်ဆရာချိတ်တို့သည် လူနာရှင် သူကြီးဦးထွန်း၏ ပြောပြချက်ကို အသေအချာ နားစိုက်ထောင်ခဲ့ကြ၏။

ဆရာရွှဲက ဇေယျပဏ္ဍိတ်ဆရာချိတ်ကို မေးဆတ်၍ ဘယ်လိုလဲဟု မေး၏။ ဆရာချိတ်က ခေါင်းညိတ်ပြပြီး. . .

"ကိစ္စမရှိပါဘူး။ ဒီရောဂါက ကုရလွယ်ပါတယ်။ ဒါပေမယ့် အချိန်မီသွားဖို့တော့ လိုတယ်။ မဟုတ်ရင် မျက်စိမှာဒုက္ခ



ဖြစ်မယ်။ ဦးကြီးတို့ကျောက်လိပ်ရွာက အဝေးကြီးလား"

"သိပ်မဝေးပါဘူး သူငယ်ရယ်။ ဦးကြီးမှာ နွားလှည်းလဲ ပါလာပါတယ်။ အမြန်သွားကြတာပေါ့"

"ကိုင်း. . . ဆရာဟိန်းရေ ကျွန်တော်တို့ လူနာရှိရာကို အမြန်လိုက်သွားကြရအောင်။ မနက်စာ ပြန်လာမှစားကြတာပေါ့" ဟု ဆရာချိတ်က ပြောလိုက်သည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်၊ ဆရာရွှဲ၊ ဆရာဟိန်းတို့သည် ဆရာလာပင့်သော ကျောက်လိပ်ရွာသူကြီး ဦးထွန်း၏ နွားလှည်းနှင့် လူနာရှိရာသို့ လိုက်သွားကြလေ၏။

မြောက်စူးစူးရှိ ကျောက်လိပ်ရွာကလေးသို့ ထမင်းအိုးတစ်လုံးချက်ခန့်အကြာတွင် ရောက်ရှိသွားကြသည်။ ရွာကလေးမှာ ကြခတ်ဝါး၊ ဝါးနက်၊ ဝါးပိုး စသည့် ဝါးပင်များပေါများစွာပေါက်ရောက်စိမ်းစိုနေ၏။ အိမ်တိုင်းလိုလို၌ သရက်ပင်ကြီးများရှိကြသည်။ ခြံဝင်းကျယ်ကျယ်နှင့် မာလကာ၊ ပိန္နဲ၊ သြဇာ၊ တမာ၊ တတက် စသော သစ်ပင်များ စိုက်ပျိုးထားသောကြောင့် ခြံတိုင်းသည် ကြည့်ရှု၍ တင့်တယ်လှပေတော့၏။ အိမ်များကို ဆောက်လုပ်ထားပုံမှာလည်း တောတောင်နှင့်နီး၍ သစ်ကောင်းဝါးကောင်းများ ရရှိသောကြောင့် အိမ်အားလုံးနီးနီးပင် အခိုင်အခံ့ဆောက်လုပ်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာလယ်ရှိ သူကြီးအိမ်မှာ နှစ်ထပ်အိမ်မြင့်ကြီးဖြစ်သည်။

အိမ်ရှေ့ဆင်ဝင်က အလွန်မြင့်မားခံ့ထည်နေ၏။ အိမ်ဘေးတစ်ဖက်တွင် ကြီးမားသော ဆင်တင်းကုပ်ရှိ၏။ အိမ်အပေါ်ထပ်ဘုရားခန်းသို့ရောက်လျှင် ထိုင်မိသည်နှင့် အိပ်ခန်းတစ်ခုမှ လူနာ၏ အော်ဟစ်သံကို ကြားရသည်။

"အမယ်လေး သေပါတော့မယ်ရှင်။ မျက်လုံးထဲကို လုံချွန်နဲ့ထိုးသလို ခံရခက်လှပါတယ်။ ကျွန်မရဲ့ ဒီမျက်လုံးတွေကို ဖောက်ထုတ်ပေးကြပါရှင်။ အဖေရေ. . . အမေရေ. . . အမယ်လေးတော်၊ အစ်ကိုထွန်းရေ. . . ကျွန်မကို မကယ်နိုင်တော့ဘူးလား"

"ကြားတဲ့အတိုင်းပါပဲ ဆရာတို့ရယ်။ အမြန်ကယ်ကြပါ ဆရာ၊ ကျွန်တော့်နှမ ဝေဒနာပြင်းစွာခံစားနေရပါတယ်"

"လူနာကို. . အပြင်ခေါ်ခဲ့ပါ သူကြီး"

"ဟဲ့. . . မိသန်းကို ဒီခေါ်ခဲ့ကြစမ်း။ ဒီမှာ ဆရာဟိန်းတို့ ရောက်နေပြီ"ဟု သူကြီးဦးထွန်းက အော်ပြောလိုက်သည်။

ဆွေမျိုးသားချင်း ဖြစ်ဟန်တူသော အမျိုးသမီးကြီးများက ပိန်ပိန်သွယ်သွယ် အသားအရေဖြူဖြူ ရုပ်ရည်သန့်ပြန့်ဟန်ရှိသော အသက်လေးဆယ်ခန့်ရှိသည့် လူနာကို အိမ်ရှေ့ခန်းသို့တွဲ၍ ခေါ်လာကြ၏။



မသန်းက ရေဆွတ်ထားသော တဘက်ကို မျက်လုံးများပေါ်တွင် အုပ်လျက် ညည်းညူနေ၏။

လူနာရှင်များက မသန်းကို ဆရာဟိန်းရှေ့ပို့လျှင် ဆရာဟိန်းက. . .

"မဟုတ်ဘူး။ ဟိုဆရာလေးရှေ့ကို ပို့လိုက်ပါ။ အဲဒီဆရာလေး ကုပေးပါလိမ့်မယ်" ဟု ဆိုလျှင် လူနာရှင်များမှာ အံ့အားသင့်သွားကြ၏။

သူကြီးဦးထွန်းလည်း ကျေနပ်ပုံမရဘဲ အသက်ငယ်ရွယ်လှသော ဇေယျပဏ္ဍိတ်ဆရာချိတ်ကို ကြည့်ပြီးနောက်. . .

"ဆရာဟိန်း မကုဘူးဆိုလဲ ဒီက စေတလုံး ဆရာရွှဲကြီး ကုပေးပါလား ဆရာ၊ ကျွန်တော့်နှမ ဝေဒနာက သာမန်မဟုတ်ဘူး ထင်ပါတယ်ခင်ဗျာ" ဟု တောင်းပန်လေ၏။

ဆရာရွှဲက ရယ်မောလျက်. . .

"ဒီဆရာလေးက အသက်ငယ်လို့ ခင်ဗျားတို့ စိတ်မချဘူး ဖြစ်နေပုံရတယ်။ ဘာမှ မစိုးရိမ်ကြပါနဲ့။ ဒီဆရာလေးရဲ့ ဆေးပညာအစွမ်းက ကျုပ်တို့ နှစ်ယောက်ထက် အဆများစွာ ပိုမိုထက်မြက်ကြောင်း ကျုပ်တို့က အာမခံပါတယ်။ ကဲ. . . ကဲ. . . လူနာကို ဆရာလေးကြည့်ပါစေ"

ဇေယျပဏ္ဍိတ်ဆရာချိတ်က မသန်း၏ မျက်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ဖွင့်ကြည့်သည်။ မျက်ခွံများ မို့မောက်ရောင်အမ်းနေပြီး မျက်သားများမှာလည်း ရဲရဲတွတ်နီလျက် မျက်ရည်များစီးကျကာ မျက်ခမ်းများ တုန်ယင်လျက် ဝေဒနာခံစားနေရ၏။

"ဒါ ဒီအိမ်က ထူးကြီးဆိုတဲ့ ဆင်ကို ဆေးကြောသုတ်သင်နေရင်း မျက်စိကိုက်လာတာလား"

"ဟုတ်ပါတယ်"

ဇေယျပဏ္ဍိတ်ဆရာချိတ်သည် အိတ်ထဲမှ ဆေးမှုန့်ထည့်သည့် ငွေဘူးကလေးကိုထုတ်ယူကာ သူကြီးဦးထွန်းထံမှရေနွေးနှင့်ရေအေးတစ်ခွက်စီတောင်းယူပြီး ရေနွေးခွက်ထဲသို့ ဆေးမှုန့်အနီရောင်ကိုလည်းကောင်း၊ ရေအေးခွက်ထဲသို့ဆေးမှုန့်အနက်ရောင်ကိုလည်းကောင်း အနည်းငယ်ဆီထည့်ကာ . .

"ကဲ သူကြီး. . ဒီရေနွေးခွက်ကိုတိုက်လိုက်ပြီး ရေအေးခွက်ထဲကအရည်နဲ့ လူနာမျက်လုံးဘေးတစ်ဝိုက်ကို လိမ်းပေးလိုက်ပါ. . ."

သူကြီးဦးထွန်းက ဇေယျပဏ္ဍိတ်ဆရာချိတ်စေခိုင်းသည့်အတိုင်း လူနာမသန်းအားလုပ်ပေးလိုက်ရာ ချက်ချင်းလိုပင် လူနာ၏ညည်းညူသံများပျောက်သွားပြီး မကြာမီ မသန်းမှာအသက်မှန်မှန်ရှူလျက် အိပ်ပျော်သွားလေတော့သည်။

"လူနာက. . ပင်ပန်းလို့အိပ်ပျော်သွားတာပါ၊ ဝေဒနာ



က သက်သာ ပျောက်ကင်းသွားပါပြီ. ."

"ကျေးဇူးတင်လိုက်ပါဘိ. . . ဆရာလေးရယ်။ ဪ ဒါနဲ့ ကျွန်တော်တို့ မသိမိုက်မှားလို့ ပြောမှားဆိုမှားရှိခဲ့တာတွေ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်နော်"

"ကိစ္စမရှိပါဘူးဗျာ. . . ခွင့်လွှတ်ပါတယ်"

"ဪ. . . ဒါနဲ့ ဆရာလေးနာမည် ဘယ်လိုခေါ်သလဲ သိခွင့်ရှိရင် သိပါရစေ"

"ကျွန်တော့် နာမည် ဇေယျပဏ္ဍိတ်ဆရာချိတ်လို့ ခေါ်ပါတယ်"

"ဪ. . . ဇေယျပဏ္ဍိတ်ဆရာချိတ်တဲ့လား"

ထိုစဉ် အိမ်အပေါ်ထပ်သို့ လူအချို့တက်လာသည်။ တောရွာဓလေ့ထုံးစံအတိုင်း လူနာရှိရာသို့ ဆရာကြွလာလျှင် ဆေးကုသပုံကို ကြည့်ရှုရအောင် ရောက်လာကြခြင်းဖြစ်သည်။

"ဟော. . . ကိုရင်သံခဲတို့ပါလား။ လာကြပါ. . . လာကြပါ"

"လူနာ သက်သာရဲ့လား။ ညည်းသံ မကြားတော့ဘူး။ ဟင်. . ဒီမှာ မသန်းက အိပ်ပျော်နေပါလား"

"ဟုတ်တယ် ကိုရင်သံခဲရေ. . ဆရာတို့ရဲ့ဆေးနဲ့ လုပ်ပေးလိုက်တာ ချက်ချင်းပျောက်သွားလို့ အိပ်တောင်ပျော်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . ဟုတ်ရဲ့လား။ ဒီလောက်မြန်မြန် ပျောက်သွားတာ လူဆေးမှ ဟုတ်ရဲ့လား။ နတ်ဆေးများ ဖြစ်နေရော့လား"

သူကြီးဦးထွန်းက ဝမ်းသာအားရဖြင့်. . .

"ဟုတ်ပ့ါဗျာ။ နတ်ဆေးမှ နတ်ဆေးအစစ်ပါပဲ။ ဆေးဝင်သွားတာနဲ့. . ချက်ချင်းပျောက်သွားတော့တာ။ ပြောမယ့် လက်တွေ့မှပဲ ယုံရတော့တာပဲ" ဟု ပြောလိုက်၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က လက်ကာပြပြီး. . .

"နတ်ဆေးတော့ မဟုတ်သေးပါဘူးဗျာ။ လူဆေးပါပဲ။ သို့သော်လဲ အနာသိလို့ ဆေးချက်ထိရင် ခုလိုပဲ ပိန်းကြာဖက် ရေမတင်သလို ရောဂါစင်တာပါပဲ. . ." ဟု ရှင်းပြ၏။

ရွာသားများက ချီးကျူးပြောဆိုကြပြီး တစ်ဦးနှင့်တစ်ဦး လက်တို့ကာ တီးတိုးတိုင်ပင်ကြ၏။ ထို့နောက်. . .

"ဆရာလေးခင်ဗျား၊ ရွာထဲမှာ မျက်စိနာတဲ့ဝေဒနာရှင် နှစ်ဦးသုံးဦးရှိပါတယ်။ မသန်းလောက် ဝေဒနာမဆိုးပေမယ့် ရက်အတန်ကြာပါပြီ။ ဟိုဆေးကောင်းနိုးခတ်၊ ဒီဆေးကောင်းနိုးခတ်နဲ့ မပျောက်နိုင်ဘဲ ရှိနေကြတာ။ ကယ်မ ကုသပေးပါလား. . ဆရာ" ဟု ပြောဆိုတောင်းပန်လေ၏။

"အို. . . ကုသပေးရမှာပေါ့ဗျာ။ ကျွန်တော်တို့ သမားတော်ဆိုတာမျိုးဟာ လူမှန်သမျှ မခွဲခြားမချန် ကယ်မကုသပေး



ရမှာပေါ့" ဟု ဇေယျပဏ္ဍိတ်ဆရာချိတ်က ခွင့်ပြုလိုက်လေ၏။

မကြာခင်မှာပင် မျက်စိနာဝေဒနာရှင်များ ရောက်လာကြ၏။

စစ်ဆေးကြည့်ရာ ဝေဒနာရိုးရိုးများသာ ဖြစ်လေ၏။

ထို့ကြောင့် ဇေယျပဏ္ဍိတ်ဆရာချိတ်က. . .

"ကိုင်း. . ကွမ်းရွက် ကောင်းကောင်းသန့်သန့် အနည်းငယ် ရှာလာခဲ့ကြ" ဟု ခိုင်းလိုက်၏။

တောရွာသဘာဝအရ ကွမ်းရွက် ကောင်းကောင်းသန့်သန့် လတ်လတ်ဆတ်ဆတ်များ ပေါများလေရာ လိုချင်သော အနေအထားကို ချက်ချင်းရလေသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ကွမ်းရွက်အညှာတခုကို ချိုးယူလိုက်သည်။

ထို့နောက် မျက်စိနာနေသူကို မျက်စိစုံပိတ်စေ၍ ကွမ်းရိုးဖြင့် မျက်ခွံပေါ်တွင် သဝေထိုးပုံသဏ္ဍာန်ကို အသက်အောင့်၍ ရေးလေသည်။

ထိုသို့ မျက်စိပေါ်တွင် သဝေထိုးပုံသဏ္ဍာန်ရေးပြီးသည်နှင့် ကွမ်းရိုးကို သူ၏နောက်ကျောသို့ လှည့်မကြည့်ဘဲ ပစ်လိုက်သည်။

ထို့နောက် ကျန်မျက်စိတစ်ဖက်အတွက် ကွမ်းညှာတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ကို ထပ်ယူကာ အထက်ပါအတိုင်း စီရင်ပြန်သည်။

ပြီးလျှင် ဇေယျပဏ္ဍိတ်ဆရာချိတ်က ဆေးလွယ်အိတ်ထဲမှ ဖြူဖွေးဝင်းပြောင်သော 'သွပ်ခါတ်လုံး'ကို ထုတ်ယူပြီး ရေခွေးတွင် စိမ်သည်။

ထိုရေနွေးခွက်ကို လုံးဝ အေးစက်သွားသည်အထိ အအေးခံစေ၍ လုံးဝအေးစက်မှ မျက်စိကို ဖဟာစေသည်။

ထို့နောက် မျက်စိဝေဒနာရှင်တစ်ဦးလျှင် ကွမ်းရွက်နှစ်ရွက်စီ ဘုရားဂုဏ်တော်များ ရွတ်ဖတ်ပေးပြီး. . .

"အိမ်ရောက်ရင် မျက်လုံးနှစ်ဖက်ပေါ်မှာ ကွမ်းရွက်တစ်ရွက်စီကပ်ပြီး အပေါ်က ပဝါတစ်စနဲ့ စည်းထားပါ။ ပြီးရင် တရေးတမောအိပ်ပစ်လိုက်။ အိပ်ရာကနိုးတာနဲ့ ရေထချိုးပေတော့။ မျက်စိနာ ယူပစ်သလို ပျောက်သွားလိမ့်မယ်"

ဝေဒနာရှင်များက. . .

"အခုတောင် မျက်စိမှာ ကိုက်တာနာတာယားတာ မရှိတော့ဘူး။ ပျောက်သလောက်ရှိနေပြီ" ဟု ဝမ်းသာအားရစွာ ပြောကြသည်။

မျက်စိဝေဒနာရှင်များကို ကုသပြီးပြီဖြစ်၍ သူကြီးဦးထွန်းက. . .

"ကိုင်း. . . ဆရာတို့ နံနက်စာကို အိမ်မှာပဲ သုံးဆောင်



သွားကြပါ" ဟု ပြောသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က. . .

"ဟာ. . . မစားတော့ဘူး။ ဆရာဟိန်းဆီမှာ မနက်စာချက်ပြုတ်ထားပြီးပြီ။ ကျွန်တော်တို့ မစားတော့ဘူး။ ပြန်တော့မယ်" ဟု ငြင်းသည်။

သူကြီးဦးထွန်းနှင့် ရွာသူရွာသားများက ဤမှာပင် ထမင်းစားကြရန် တောင်းပန်သည်။

သို့သော် ဆရာဟိန်းက နောင်များမှ စားတော့မည်ဖြစ်ကြောင်း၊ အိမ်မှာ ချက်ပြုတ်ထားပြီးဖြစ်၍ ပြန်ရန်အတွက်သာ ခွင့်ပေးစေလိုကြောင်း ယတိပြတ်ပြောသောကြောင့် သူကြီးဦးထွန်းလည်း မတတ်သာတော့ဘဲ နွားနှင့်လှည်းကို အမြန်စီစဉ်ပေးလေတော့သည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်တို့ လှည်းပေါ်ရောက်လျှင် ရွာသူရွာသားများက ရွာထွက်သီးနှံဖြစ်ကြသော ပြောင်း၊ ဖရုံ၊ သခွား၊ ဖရဲ စသည့် သီးနှံများနှင့် မြေပဲစသည်တို့ကို လက်ဆောင်အဖြစ် သူ့ထက်ငါဦးအောင် လာရောက်ပေးကြလေသည်။

မည်သို့မျှ ငြင်းဆန်၍ မရဘဲရှိသည်။

ကျေးရွာ၏ သဘာဝခလေ့မှာ ရင်းနှီးခင်မင်သူ၊ လေးစားချစ်ခင်သူများကို ဒေသထွက်ပစ္စည်းများ ဤသို့ပင် လက်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပေးကြမြဖြစ်သည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်တို့၏ အပြန်ခရီးတွင် ရွာသူရွာသားတို့၏ စေတနာမေတ္တာဖြင့် ပေးလိုက်သော လက်ဆောင်ပစ္စည်းဖြစ်သည့် အသီးအနှံများက လိပ်ကျောက်ရွာ၏ ကိုယ်စားအဖြစ်ဖြင့် လှည်းပေါ်တွင် ပါရှိလာပေတော့သည်။

အိမ်ရောက်လျှင် နေမြင့်လှပြီဖြစ်ရာ ဆရာဟိန်းပြင်ဆင်ပေးသော ထမင်းပွဲကို သုံးယောက်သား စားသောက်ကြရာ အလွန်စားကောင်းလှသောကြောင့် ငါးလုံးချက်ထမင်းအိုးမှာ တက်တက်စင် ပြောင်လေတော့သည်။

ထမင်းစားပြီးနောက် ရေနွေးကြမ်းသောက်၊ အချိုပွဲတည်ရင်း ယနေ့ ဆေးကုသမှု အတွေ့အကြုံများကို ပြန်လည်ပြောဆိုကြသည်။

ဆရာရွှဲက နောက်နေ့တွင် တစ်ရက်အနားယူပြီး သန်ဘက်ခါ၌ ဒဌမြို့သို့ ခရီးထွက်ကြမည်ဟု စီစဉ်လေသည်။

ဒဌမြို့ခရီးစဉ်၌ ဆရာဟိန်းလည်း လိုက်ပါရမည်ဖြစ်ကြောင်း အသိပေးလိုက်လျှင် ဆရာဟိန်း၏ မျက်နှာပေါ်၌ ဝမ်းသာမှုဖြင့် ဝင်းလက်သွားလေတော့သည်။

* * *

(၃)

## ဒဌမြို့နှင့် အခက်အခဲများ

" အခက်အခဲဆိုတာ ငွဲသတ္တိရှိရင် ၊ နေလာရင် ပျောက်တဲ့နှင်းပါပဲ "

*(ဆရာဟိန်း)*

www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်ထားသော နေ့ရက်သို့ ရောက်ရှိပြီဖြစ်၍ ဒွှေမြို့သို့ ခရီးထွက်ရန် ပြင်ဆင်ကြသည်။

အပြင်လောကနှင့် အကျွမ်းတဝင်ရှိပြီးဖြစ်သော ဆရာဟိန်းပါ ဒွှေမြို့သို့လိုက်ပါမည်ဖြစ်ရာ ခရီးလမ်းပန်း၌ စားရေး သောက်ရေး၊ နားရေး၊ နေရေးနှင့် ခရီးစဉ် ဖြောင့်တန်းရေးအတွက် စိတ်ပူရန်မလိုတော့ပေ။

ခရီးမထွက်မီ နံနက်စောစော၌ ဘုရားဝတ်ပြုခြင်းနှင့် ပြုဖွယ်ကိစ္စတို့ ဆောင်ရွက်ကြပြီးနောက် ရေနွေးကြမ်းနှင့် ထမင်းကြော်စားကြသည်။

ထိုအခိုက် ဆရာရွှဲက မှာရန်ရှိသည်တို့ကို အောက်ပါအတိုင်း မှာကြားသည်။

"ဆရာချိတ်နဲ့ ဆရာဟိန်းတို့. . . ယခုသွားမယ့် ဒွှေမြို့ ခရီးစဉ်ရဲ့ ရည်ရွယ်ချက်နဲ့ အကြောင်းရင်းခံကိစ္စကို သိထားနိုင်အောင် ပြောပြမယ်"

"ဝမ်းသာလိုက်တာ ဆရာရွှဲရယ်။ ကျွန်တော်လဲ အဲဒီကိစ္စ



ကို သိပ်မေးချင်နေတာ။ ဆရာရွှဲ အငေါက်ခံရမှာစိုးလို့ မဟတ္တဲ့တာ"

ဟု ဇေယျပဏ္ဍိတ်ဆရာချိတ်က လှုငယ်ပီပီ ရင်ထဲမှာရှိသော စိတ်ဆန္ဒကို မအောင့်နိုင်ဘဲ ပြောလိုက်၏။

ဆရာရွှဲလည်း တဟဲဟဲ ရယ်မောလျက်. . .

"ကျုပ်သိတယ် ဆရာချိတ်လေးရဲ့။ ဆရာချိတ် သိပ်သိချင်နေတယ်ဆိုတာသိလို့ကို တမင်မပြောဘဲနဲ့ အခုချိန်အထိ ဆိုင်းထားခဲ့တာ"

ဟု ကျီစယ်စကားဆိုသည်။

ဆရာဟိန်းနှင့် ဆရာချိတ်တို့လည်း ရယ်မောကြ၏။

ယခုအခါ၌ သူတို့သည် အပြင်လောကရှိလူများအကြား၌ သွားလာလျက် ပြုဖွယ်ကိစ္စတို့ကို ဆောင်ရွက်ရမည်ဖြစ်ရာ တစ်ဦးနှင့်တစ်ဦး အခေါ်အဝေါ်များကို ပြောင်းလဲ၍ လေးလေးစားစား ခေါ်ဝေါ်နေကြသည်။

ပထမ၌ ထောင့်ထောင့်အောင့်အောင့် ရှိလှသော်လည်း မကြာမီ အသားကျသွားမည်ဟု မျှော်လင့်ရပေသည်။

"ဒီလိုပါ။ ဒွှေမြို့ကလေးကိုသွားရမယ့် မူလရည်ရွယ်ချက်ကြီးကတော့ သာသနာပြုဖို့ ဆိုပါတော့။ အဲဒီ ဒွှေမြို့ကလေးကို ဦးတည်ချက်ထားပြီး သာသနာပြုရေး ဆောင်ရွက်တာက

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမြို့မှာ အောင်မြင်ခဲ့ရင် ဝန်းကျင်မှာရှိတဲ့ အခြားမြို့ရွာများပါ ပါဝင်လာပြီး သာသနာပြုချက် ကြီးကြီးမားမား အောင်မြင်မယ်လို့ အတွင်းပုဂ္ဂိုလ်များက အမြင်ရှိတာကြောင့် ဆရာတော်က တဆင့် တို့များကို တာဝန်ပေးလိုက်တာပဲ"

"ဒီတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပါ့မယ်"ဟု ဓေယျပဏ္ဍိတ်ဆရာချိတ်က အမိန့်ခံစကားကို ဆိုသည်။

"ကိုင်း. . . ဒီတော့ ဒေ့မြို့လေးရဲ့ အခြေအနေကို ကြို သိထားဖို့လိုမယ်။ ဒေ့မြို့လေးမှာ ဖြစ်ပျက်နေတာက အတော် ထူးခြားတယ်"

ဒေ့မြို့သည် ဆရာဟိန်း ကျွမ်းကျင်သော တပဲယင်းနယ်၏ မြောက်ဘက်ကို ကျော်လွန်သော အရပ်တွင်ရှိ၍ ဆရာဟိန်း လည်း ဒေ့မြို့အကြောင်းမသိချေ။

"ဒေ့မြို့ဆိုတာ ရွှေနပေရွာ၊ သုံးပန်လှရွာ၊ ကြစုရွာဆိုတဲ့ ရွာသုံးရွာစုပြီး ဒေ့မြို့ရယ်လို့ ရပ်သူရွာသားတွေ စုတည်ထားပဲ။ သို့သော်လည်းရပ်သူရွာသားတွေက လောဘဒေါသ လွန်ကဲကြ တဲ့ သူတွေများလေတော့ မြို့ဒေစ်ရဲ့ နေရပ်ဒေသကောင်းတွေကို သူထက်ငါ လိုချင်တပ်မက်ရင်း တစ်ဦးနဲ့တစ်ဦး မကျေမလည် မညီမညွတ်ရှိကြတယ်။ အဲဒီအချိန်မှာပဲ သူတို့ မြို့သစ်တည်ဖို့ ရွေးတဲ့မြေက မြေကြမ်း၊ ဒေသကြမ်းဖြစ်လေတော့ မြို့သစ်ပန္နက်



ရိုက်ပြီး လူတွေပြောင်းရွှေ့နေထိုင်လို့ မကြာမီမှာပဲ ဝက်သက်ပဲ သီတာလို့ခေါ်တဲ့ အပူနာတွေ ကလေးများမှာပေါက်ပြီး ဖျားကြ ကြတယ်။ လူကြီးတွေကတော့ နို့အုံ၊ လည်ချောင်း၊ လျှာ အောက်၊ နား၊ နှာခေါင်းတို့မှာ အပူအကျိတ်၊ အပူအခဲနဲ့ အပူနာ တွေပေါက်ကြတယ်။ အဲဒီအချိန်မှာ အခြားရပ်ရွာက ရောက်လာ တဲ့ ပယောဂဆရာယောင်ယောင်၊ ပထမံဆရာယောင်ယောင် ဆရာငဆောင်ဆိုတဲ့ ပုဂ္ဂိုလ်ရောက်လာတယ်။ အဲဒီ ဆရာ ငဆောင်က ရပ်ရွာမှာဖြစ်ပေါ်နေတဲ့ ရောဂါမှန်သမျှ သူကုရင် ချက်ချင်း ပျောက်စေရမယ်ဆိုပြီး အပြောကောင်းကောင်းနဲ့ အာမခံတယ်။ ရပ်သူရွာသားတွေလဲ အားကိုးစရာ ဆရာတစ်ဦးမှ မရှိတာကြောင့် တစ်မြို့လုံးရဲ့ ကျန်းမာရေးကိစ္စကို ဆရာ ငဆောင်ဆီမှာ အပ်နှံလိုက်ကြတယ်။ ဆရာငဆောင်က ပြာ တစ်မျိုးကို ဆေးအဖြစ်ပေးပြီး နံ့သာဖြူမှုန့်နဲ့ တွဲသောက်စေခဲ့ တယ်။ ပြာမှုန့်ရယ်၊ နံ့သာဖြူမှုန့်ရယ်၊ ထန်းလျက်ရယ် လုံးပြီး သောက်ရတယ်။ ဝက်သက်စတဲ့ အပူရောဂါတွေနဲ့ အပူနာ၊ အပူ အကျိတ်အခဲတွေလဲ ယူပစ်လိုက်သလို ပျောက်သွားကြပါတယ်။ ဆေးက ဩဿဓသောက်ဆေးပဲ။ အလွန်စွမ်းတာကိုး။ ရပ်သူ ရွာသားတွေလဲ အလွန်ကြည်ညိုသွားကြပြီး ဆရာငဆောင်ကို ဒေ့မြို့မှာ အိမ်တစ်ဆောင်ဆောက်ပေးပြီး အမြဲနေထိုင်စေခဲ့

www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။ ဆရာငဆောင်လဲ ဒဌမြို့ရဲ့ ဆရာတစ်ဆူအဖြစ် ဩဇာတက်လာခဲ့တယ်။ အလှူဆို သူရှေ့ဆုံးက၊ သာရေးနာရေး ဆို သူရှေ့ဆုံးကဖြစ်လာတယ်။ အတော်ပဲ လွှမ်းမိုးနိုင်လာခဲ့တယ် ဆိုပါတော့"

ဆရာဟိန်းနှင့် ဆရာချိတ်တို့သည် ဆရာရွဲပြောနေသော အကြောင်းအရာထဲတွင် စိတ်ဝင်တစား စူးနစ်နေကြ၏။

"အဲဒီလိုရှိနေရာက. . တစ်နေ့မှာ အပူနာတွေအတွက် သူပေးနေကျဆေးမှုန့်ဖြစ်တဲ့ ပြာတစ်မျိုးကကုန်သွားသတဲ့။ ကြောင့် လူနာရှင်တွေကို ဆေးမပေးနိုင်တော့ဘဲ ဆရာငဆော အကျပ်ရိုက်နေတော့တယ်"

"ဟင်. . ဆေးကုန်သွားရင် ထပ်ဖော်ပေါ့။ သူက ဘာ ကြောင့် ဆေးထပ်မဖော်ရတာလဲ"

ဟု ဆရာချိတ်က မေးလိုက်သည်။

ဦးရွဲက. . .

"ဘာကြောင့် ဆေးထပ်မဖော်သလဲဆိုတော့ ဆ ငဆောင်က အဲဒီဆေးဖော်စပ်တဲ့နည်းကို မသိဘူးလေ" ဟု လိုက်၏။

"ဗျာ. . ."

"ဆရာငဆောင်က ဖော်စပ်တဲ့ ဆေးနည်းကိုမသိ



ဆေးတွေ ဘယ်ပုံဘယ်နည်း သူရသလဲ ဆရာ၊ ကျွန်တော် မရှင်း လို့မေးတာပါ ဆရာ"

ဟု ဆရာဟိန်းက ပါဝင်မေးမြန်းသည်။

ဆရာရွဲက ရယ်လျက်. . .

"မေးသင့်တဲ့မေးခွန်းပါပဲ. . ဆရာဟိန်း။ အဖြစ်မှန်က ဒီလိုပါ။ အဲဒီ ဆရာငဆောင်ဆိုတာက ရပ်တကာ၊ ရွာတကာ လှည့်လိမ်နေတဲ့ လူလိမ်ပါ။ သူ့မှာ တပည့်သားမြေးတွေရှိတယ်။ ဆရာလဲရှိတယ်။ သူတို့က သူတပါးတွေရဲ့ ပစ္စည်းဥစ္စာတွေကို ရဖို့ဆိုရင် လိမ်ညာဖို့ ဝန်မလေးသလို၊ သတ်ဖို့ဖြတ်ဖို့ အကြမ်း ဖက်ဖို့လဲ ဝန်မလေးပါဘူး။ ဥာဏ်နီဥာဏ်နက်လဲ များပါတယ်"

ဟု ရှင်းပြ၏။

ဆရာချိတ်က. . .

"ဩော်. . . အဆိုးတကာ့ ထိပ်ခေါင်ဆိုတဲ့ လူမျိုးကိုး"

"ဟုတ်တယ်. . . ခါးတဲ့နေရာမှာ တမာပင်ထိပ်က ကြက်ဟင်းခါး၊ မည်းတဲ့နေရာမှာ ညသန်းခေါင်က ဒိုးသွေးခဲဆိုတဲ့ လူစားမျိုးပေါ့"

"ပြောပါဦး ဆရာရွဲ။ အဲဒီ လူလိမ်လူညာ ဆရာ ငဆောင်လက်ထဲကိုမှ မြန်မာ့ဆေးစွမ်းကောင်းက ဘယ်လို ရောက်လာသလဲ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ရှာစဉ်လည်းပြီး ဆေးကုသပေးတဲ့ ကရင်ဆရာကြီးတစ်ဦး. . ရှိတယ်။ အဲဒီဆရာဆီက အမွေလှူယူထားလိုက်ကြတာလေ။ ကရင်ဆရာကြီးက သိုင်းပညာတတ်ဝါတယ်။ ဒါပေမယ့် ဆရာငဆောင်တို့က လူအင်အားများလို့ အားမတန် မာန်လျှော့ပြီး အညံ့ခံလိုက်တာ။ ကရင်ဆရာကြီးဆီက ဆေးစွမ်းကောင်းတွေ အများကြီးရလိုက်ပေမယ့် အပူနာကိုကုတဲ့ ဆေးတစ်မျိုးကိုပဲ ဘယ်လိုသုံးစွဲရတယ်ဆိုတာ ဆရာငဆောင်က သိတော့ ကျန်တဲ့ဆေးတွေက သူ့အတွက် အသုံးမဝင်တော့ဘူးလေ။ အဲဒီ အပူနာကိုကုတဲ့ ဩသဓဆေးတစ်လက်နဲ့ပဲ ဒဋ္ဌမြို့မှာ ဆရာတစ်ဆူအဖြစ် မင်းမူနိုင်ခဲ့တယ်လေ"

"ကရင်သမားတော်ကြီးက ရွာသူကြီးတို့ ဘာတို့ကို မတိုင်ဘူးလား"

"ဆရာငဆောင်တို့ ကရင်ဆရာကြီးကို လုယက်တုန်းက မျက်နှာကို အိုးမည်းတွေသုတ်လိမ်း ရုပ်ဖျက်ထားတော့ မမှတ်မိဘူးလေ။ ပြီးတော့ ကရင်ဆရာကြီးကလဲ သူ့ထံက ငွေကြေးဥစ္စာကို လိုချင်လို့လုယက်တဲ့ သာမန်သူခိုးဓားပြတွေပဲ ထင်မြင်ခဲ့တာကိုး"

"ဒဋ္ဌမြို့မှာ တခြားရောဂါဝေဒနာတွေ ပေါ်ပေါက်လာတော့. . ဆရာငဆောင် ဘယ်လိုဖြေရှင်းသလဲ ဆရာ"



"အဲဒါပေါ့. . . ဆက်ပြောမလို့။ ဒဋ္ဌမြို့မှာ တစ်နေ့တော့ ကလေးသူငယ်တွေ ဝမ်းပျက်ရောဂါတွေဖြစ်တယ်။ ထုံးစံအတိုင်း. . ဆရာငဆောင်ဆီ ရောက်လာကြတာပေါ့။ ဆရာငဆောင်ကလဲ တစ်ကယ် ဘာမှတတ်တာမဟုတ်တော့ သာမန်ကာလျှံကာ သွေးဆေးတစ်မျိုးနဲ့ရေမန်းတွေ မန်းပေးသတဲ့"

"ပျောက်ရောလား. . . ဆရာ"

"ဘယ်ပျောက်မလဲကွယ်။ အနာတခြား ဆေးတခြားဟာပဲ"

"ဒီတော့. . ဘယ်လို ဆက်ဖြစ်သလဲဟင်"

"ဆရာငဆောင်က ပရိယာယ်သုံးလာတယ်။ သူ့ဆေးကစွမ်းပါလျက်နဲ့ မပျောက်တာဟာ အကြောင်းရှိသတဲ့။ ရပ်ရွာထဲမှာ မကောင်းဆိုးဝါး ပယောဂတွေရှိနေလို့ မပျောက်တာဆိုပြီး ကန်တော့ပွဲတွေပေးခိုင်း၊ ရွာထဲက နတ်ဝင်သည်တစ်ချို့ကိုခေါ်ပြီး ဟိုပုဂ္ဂိုလ်သွင်း ဒီပုဂ္ဂိုလ်သွင်းနဲ့ ရွာဦးဇရပ်ဟာ ပယောဂစခန်းလိုလို ဓာတ်စခန်းလိုလို ဖြစ်နေပြီ။ ဒါကြောင့်. . အဲဒီလို အတုအယောင်ကိစ္စတွေရှင်းရအောင် ကျုပ်တို့ ဒဋ္ဌမြို့ကလေးကိုသွားကြရမှာပဲ"

ဆရာဟိန်းက. . .

"မသိတဲ့ အချက်တစ်ခုကို. . မေးပါရစေဦး ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"မေးပါ . . ဆရာဟိန်း"

"ဆရာရွှဲက မဟာမြိုင်ဂမ္ဘီရတောထဲမှာ နေနေတာဖြစ်လျက်နဲ့ ဒဠမြို့မှာ ဖြစ်ပျက်နေတဲ့ အချက်တွေကို ဘယ်လိုသိနေတာပါလဲ ဆရာ။ သိခွင့်ရှိရင် . . သိပါရစေခင်ဗျာ"

"ဒါက ဒီလိုပါ ဆရာဟိန်း။ ကျွန်တော်တို့ မဟာမြိုင်ဂမ္ဘီရတောထဲက ပုဂ္ဂိုလ်တွေဟာ အပြင်မှာရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ အဆက်အသွယ် အမြဲမပြတ်ရှိနေပါတယ်။ အထူးသဖြင့် ဘာသာသာသနာကိစ္စနဲ့ ပတ်သက်ရင် အပြင်သတင်းတွေ အမြဲရောက်နေပါတယ်"

"ဪ . . . အခု ဆရာဆောင်ကိစ္စက ဘာသာသာသနာကိစ္စနဲ့ ပတ်သက်နေလို့လား"

"ဟုတ်တယ်။ ပတ်သက်ပုံက ဒီလို၊ ဒီ ဒဠမြို့ရဲ့ အရှေ့ဖျားမှာ လွန်ခဲ့တဲ့ခြောက်လကျော်က ငချမ်းကောင်းဆိုတဲ့ လူတစ်ယောက် ဘုရားတည်ဖို့ အိပ်မက်ရတယ်။ အိပ်မက်ထဲမှာ မြို့ထိပ်ဘုရားတည်ရမယ့်နေရာ ပေါ်လာတယ်။ အဲဒီနေရာရဲ့ မြေအနက် ၅ တောင်မှာ ရွှေအိုးရှိကြောင်း၊ တူးယူပြီး ၄င်းရတနာများကို ထုခွဲလို့ ဘုရားတည်ပေးဖို့ ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးအိုတစ်ဦးက အိပ်မက်ထဲမှာ အသေအချာမှာတယ်။ ငချမ်းကောင်းလဲ ဘုရားတည်မလို့ သူငယ်ချင်းတစ်စုနဲ့ ရှာဖွေတူးဆွနေတုန်း



ပဲ နှုတ်မလုံတဲ့ သူငယ်ချင်းတစ်ယောက်ကြောင့် ဆရာဆောင်သိသွားပါရော။ ဆရာဆောင်နဲ့ သူ့လူတစ်စုရောက်လာပြီး ငချမ်းကောင်းတို့ကို ခြိမ်းခြိမ်းခြောက်ခြောက် လုပ်ပြီး ဘုရားတည်ရေးကိစ္စ သူပဲ ဦးဆောင်လုပ်မယ်ဖြစ်ရော။ ငချမ်းကောင်းတို့လဲ မလွဲသာတာနဲ့ လက်ခံလိုက်ရတယ်။ တိုတိုပြောရင် မြေကြီးထဲက ရတနာအိုးရတယ်။ ဆရာဆောင်က ကြီးကြပ်ထိန်းထားမယ်ဆိုပြီး သိမ်းလိုက်တယ်။ ငချမ်းကောင်းက ဆရာဆောင်ကို မသင်္ကာကြောင်း ရပ်သူရွာသားတွေကို ဖွင့်ပြောပေမယ့် ဒဠမြို့သူမြို့သားတွေက ဆရာဆောင်ရဲ့ ဩဇာကို လွန်ဆန်ဝံ့ကြဘူး ဖြစ်နေတယ်"

"ဘုရားကို . . ဘယ်အမည်နာမနဲ့ တည်ရမှာတဲ့လဲ"

"ငချမ်းကောင်းကိုပေးတဲ့ အိပ်မက်မှာက မနောမယစေတီလို့ ခေါ်ချင်စေလိုသတဲ့။ ဒါပေမယ့် ဆရာဆောင်က ဣစ္ဆာသယစေတီလို့ ကမ္ပည်းထိုးမတဲ့"

"ဘုရားက . . အတော်ပြီးပြီလား"

"လုံးဝ မဖြစ်သေးပါဘူးကွယ်"

"အဲဒီရောက်ရင် ကျွန်တော်တို့ ဆောင်ရွက်ရမယ့် အချက်တွေထဲက အဓိကကိစ္စက ဘာလဲ"

"အဓိကအချက်တွေက ဘုရားဖြစ်မြောက် အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



အောင် အမြန်ဆုံးတည်ပေးဖို့ မြေကရတဲ့ ရတနာတွေအားလုံး ထုခွဲပြီး ဘုရားအတွက် သုံးစွဲပေးဖို့ ဘုရားတည်ပြီးရင် မနောမယ စေတီလို့ ကမ္ပည်းထိုးဖို့. . ."

"ဒါပဲလား ဆရာ"

ဆရာဟိန်းက ဝင်မေးသည်။

"ကျွန်တာကိုတော့ အခြေအနေပေါ် မူတည်လို့ မီးစင်ကြည့်က သွားရမှာပဲ"

"ကျွန်တော်တော့ ဒီခရီးစဉ်မှာ အလွန်ထူးခြားတဲ့ အတွေ့အကြုံတွေ တွေ့ရလိမ့်မယ်လို့ စိတ်ထဲကသိနေတယ်"

ဟု ဆရာဟိန်းက ဆိုလိုက်လေသည်။

ထို့နောက် သုံးဦးသား အထုပ်အပိုးများ ပြင်ဆင်ပြီး တဲတံခါးကို လုံခြုံစွာပိတ်ထားခဲ့လျက် ဒဿမြို့ကလေး တည်ရှိသော 'တပယင်း'နယ်၏ မြောက်ဘက်စူးစူးသို့ ခရီးပြင်းနှင်ကြလေတော့သည်။

* * *

လမ်းခရီးတွင် တစ်ညအိပ်ပြီး နောက်တနေ့ညနေမှ ဒဿမြို့သို့ ရောက်သွားကြလေသည်။

ဒဿမြို့ကလေးသည် သာယာတင့်မောဖွယ် ရှိပါ၏။

လမ်းဖောက်လုပ်ပုံ ရပ်ရွာတည်ပုံ ကောင်းပါ၏။

အိမ်ကြီးအိမ်ကောင်းလည်း များပါ၏။

သစ်ပင်ပန်းမန်လည်း စိုက်ပျိုးစည်ပင်၏။

ဆရာဟိန်းလည်း လမ်း၌တွေ့သော လူအချို့ကို မေးမြန်းပြီး ငချမ်းကောင်း၏ နေအိမ်တည်ရာကို သိခဲ့ရသည်။ ရွာ၏ အနောက်ပိုင်း၌ ရှိသည်။

ဆရာရွဲက ငချမ်းကောင်းအိမ်၌ တည်းခိုရန် ရည်ရွယ်ထားသည်။

ငချမ်းကောင်းအိမ်သည် ခြေတံရှည်အိမ်မျိုးဖြစ်ပြီး အိမ်အောက်တွင် ရက်ကန်းစင်နှင့် အိမ်ဘေးတွင် အဖီချထားသော နွားတင်းကုပ်ရှိနေ၏။

ခြံဝင်းထဲရောက်လျှင် လူရိပ်မမြင်သဖြင့် ဆရာဟိန်းက

www.burmeseclassic.com

www.burmeseclassic.com



အသံပြုလိုက်သည်။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့"

ခြေတံရှည်အိမ်အမြင့်၏ လှေကားမှ ဆံတောက်ဖားဖားနှင့် လုံးကြီးပေါက်လှဖြစ်သော မိန်းမပျိုလေးတစ်ဦး ဆင်းလာပြီး ဆရာရွှဲကိုမြင်လျှင်. . .

"အို. . . ရပ်ဝေးဧည့်သည်တွေပါလား။ လာပါရှင် ကျွန်မဖခင်ကတော့ သောက်ရေကန်မှာ ရေခပ်သွားနေပါတယ်။ မကြာခင်ပဲ ပြန်ရောက်လာပါလိမ့်မယ်။ အိမ်ပေါ်တက်ပြီး နားနေကြပါရှင်" ဟု ချိုလွင်စွာပြောသည်။

ဆရာဟိန်းက ရှေ့မှဦးဆောင်လျက် အိမ်ပေါ်တက်သည်။ ဆရာချိတ်ကမူ မိန်းမပျိုများကို လုံးဝမမြင်ဖူးသေးသူဖြစ်၍ ယောကျာ်းသားများနှင့် အသွင်သဏ္ဌာန်မတူသော မိန်းမပျိုလေးအား တစ်မေ့တစ်မော ငေးစိုက်ကြည့်နေသည်ကို ဦးရွှဲမြင်သဖြင့် တံတောင်နှင့်တွတ်လိုက်ပြီး တိုးတိုးကျိတ်၍ သတိပေးလိုက်ရသည်။

"ဟိတ်. . ငေးမနေနဲ့။ လာ. . . အဲဒါ ချေမ်းကောင်းသမီး ထင်တယ်"

ဆရာချိတ်လည်း ဦးရွှဲသတိပေးမှ လှေကားကို သုတ်သုတ် နင်းတက်လိုက်ရလေတော့၏။



ဇေယျပဏ္ဍိတ်ဆရာချိတ်က သတိလက်လွတ်ငေးမော ခဲ့မိသည်ကို သက်တူရွယ်တူဖြစ်သော ထိုမိန်းမပျိုလေးကလည်း မြင်တွေ့သွားခဲ့သည် ဖြစ်ရကား မျက်နှာပေါ်၌ ရှက်သွေးဖြန်း သွားသည်မှာ ကြည့်၍ပင် ကောင်းနေသေးတော့သည်။

မိန်းမပျိုလေး ရှက်သွေးဖြန်းသွားသည်ကို ခိုးကြည့်လိုက်သော ဇေယျပဏ္ဍိတ်ဆရာချိတ်၏ မျက်လုံးအစုံက မြင်ဖြစ်အောင် မြင်ခဲ့သေးသည်။

အိမ်ပေါ်၌ အထုပ်အပိုးများ ချထားပြီး ထိုင်မိကြလျှင် မိန်းမပျိုလေးက ရေနွေးကြမ်းအိုး၊ ကွမ်းအစ်၊ လက်ဖက်ပန်းကန် စသည်တို့ကို ခင်းကျင်းချထားပေးသည်။

ဧည့်ဝတ်ကျေပွန်လှပါသည်။ သူမ၏ စေတနာက ပြုံးနေသော သူမမျက်နှာပေါ်တွင် ပေါ်လွင်နေပါသည်။

ဆရာရွှဲတို့ တစ်အောင့်တနား အပန်းဖြေပြီးချိန်တွင် ရေခပ်သွားသော ချေမ်းကောင်း ပြန်ရောက်လာ၏။

အိမ်အောက်၌ ရေဖြည့်သံများကြားခြင်း၊ မိန်းမပျိုလေးက သူမဖခင်ကို အိမ်ပေါ်တွင် ဧည့်သည်များ ရောက်ရှိနေကြောင်း ပြောဆိုခြင်းကိုကြားရ၏။

ချေမ်းကောင်းသည် အိမ်ပေါ်သို့ တက်လာ၏။ သူ့လုံးသူဖန် အလွန်ထွားကျိုင်းပြီး မျက်ခုံးမျက်လုံးတောင်းလျက်

www.burmeseclassic.com

www.burmeseclassic.com



ဖြူသောအသားနှင့် လူချောတစ်ဦးဖြစ်လေသည်။

ချမ်းကောင်း၏ အနောက်၌ မိန်းမပျိုလေး ကပ်ပါလာသည်။ ချမ်းကောင်းနှင့် သူ၏သမီးဖြစ်သူ မိန်းမပျိုလေးတို့သည် မျက်နှာချင်း အလွန်ဆင်လေသည်။

ငချမ်းကောင်းက ရှေ့တွင် ဝင်ထိုင်ပြီးနောက်. . .

"ဟော. . . ဧည့်သည်တွေ ရောက်နေတယ်ဆိုလို့ ဘယ်ကကြွလာပြီး ဘာကိစ္စနဲ့များပါလိမ့်"

"ကျုပ်တို့က ရပ်ဝေးဧည့်သည်တွေပါ။ ဒီက မိတ်ဆွေရဲ့ အိမ်မှာ ရက်အနည်းငယ် ညအိပ်ညဥ့်နေတည်းဖို့ ရောက်လာတာပါ"

"သြော်. . . တစ်ဆိတ်ခင်ဗျာ။ ဒီက ဧည့်သည်များက ဘယ်သူ့ အဆက်အနွယ်တွေများပါလဲ။ ဘယ်သူညွှန်လိုက်လို့ ကြွရောက်လာတာပါလဲ ခင်ဗျာ"

"ဒီလိုပါ။ ကျွန်တော်တို့က မဟာမြိုင် ဂမ္ဘီရတောထဲကပါ။ ဒီ ဒဋ္ဌမြို့ကလေးမှာ ဆရာငဆောင်ဆိုတဲ့ လူတစ်ယောက် သူ့ရဲ့ အလိမ်အညာနည်းတွေနဲ့ ဒုက္ခလာပေးနေတယ်ကြားလို့ ဆရာငဆောင်ရဲ့ မျက်နှာဖုံးကို ခွာချဖို့ရောက်လာတာပါ။ ဆရာငဆောင်ရဲ့ ဩဇာရိပ်ကလွတ်တဲ့ လူဆိုလို့ ကိုရင်ငချမ်းကောင်းပဲ ရှိတယ်ဆိုတာစုံစမ်းသိရလို့ ကိုရင်ငချမ်းကောင်း အိမ်မှာ



တည်းပြီး ဆရာငဆောင်ကိစ္စကို ရှင်းလိုတဲ့ဆန္ဒကြောင့် ကျွန်တော်တို့ ရောက်လာတာပါ"

ကိုရင်ငချမ်းကောင်းက မျက်နှာမကြည်သာချေ။

"ခင်ဗျားတို့ကလဲ. . ဆရာတွေပဲလား"

"ဟုတ်ပါတယ်"

"အမှန်အတိုင်း ကျုပ်ရင်ထဲရှိတာ ပြောရရင် ဆရာတွေဆိုရင် အယုံအကြည်ကို သိပ်မရှိတော့ဘူးဗျာ"

"ဘယ်လို အကြောင်းများကြောင့်ပါလဲဗျာ"

"ဆရာငဆောင် ကြည့်ပါလား။ မြေထဲကရတဲ့ ရတနာ ရွှေညည်းတွေ အပိုင်စီးထားတာလေ။ ငရဲကြီးရှစ်ထပ်က ပြန်မတက်နိုင်ဘဲ အောက်မှာချိုးကပ်နေမယ့် ဆရာကောင်လေ"

ထိုအချိန်တွင် မိန်းကလေးက အနီးတွင် ပျပ်ဝပ်စွာ ထိုင်ရောက်ထိုင်ပြီး သူ့မဖခင် ငချမ်းကောင်းကို ညင်သာသော အသံဖြင့်ပြောသည်မှာ. . .

"အို. . . အဖေရယ်. . ။ရပ်ဝေးဧည့်သည်တွေကို အားနာစရာပါ။ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလို ဖြစ်နေပါတယ်။ အကျိုးအကြောင်း အေးအေးချမ်းချမ်းမေးပါ ဖေဖေရယ်"

ထိုသို့ မိန်းမပျိုက ပြောလိုက်သောအခါတွင် အံ့အားသင့်

www.burmeseclassic.com

www.burmeseclassic.com



စရာ ကောင်းလောက်အောင်ပင် ချေမ်းကောင်းမှာ အချိုးပြော
သွားလေ၏။

"အေး. . အေး. . သမီးသဘောပဲ" ဟု ဆိုလေ၏။

မိန်းမပျိုက တောင်းပန်သော အကြည့်ဖြင့် ဆရာ
အား ကြည့်လျှင်. . .

ဆရာရွှဲက. . .

"ကိစ္စမရှိပါဘူး တလေးမ။ ကိုရင် ချေမ်းကောင်းဟာ
ဇာတ်ရည်မလည်သေးလို့ ဆက်ရက်ကို ချိုးထင်နေတာပါ"

ချေမ်းကောင်းစိတ်ထဲတွင်မူ ဆရာရွှဲတို့အပေါ် ကျေနပ်
သေးဟန်မတူ။ ခပ်တွေတွေ. . ကြည့်နေ၏။

ဆရာရွှဲက ဆက်၍ပြောသည်မှာ. . .

"ဒီမယ်. . . ကိုရင်ချေမ်းကောင်း။ ကျုပ်တို့ဟာ ဒီမြို့မှာ
ဖြစ်နေတဲ့ ရောဂါဘယ်တွေ ကုသပေးပြီး ဆရာတုဆရာယောင်
ဆောင်ကို ရှင်းလင်းပေးဖို့ စေတနာဖြူဖြူနဲ့ ရောက်လာ
တာပဲ။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ငါးပုပ်
ချည်းပဲလို့ ဝါးလုံးရှည်နဲ့ သိမ်းယမ်းတာတော့ မသင့်တော်ပါဘူး
ကျုပ်တို့ရဲ့လုပ်ရပ်ကို ဘာမှ မကြည့်မမြင်ဘဲနဲ့ တစ်ဖက်သတ်
အထင်လွဲစကားပြောတာ ကျုပ်တို့ စိတ်မကောင်းဘူး"

ချေမ်းကောင်းက. . .



"ဟုတ်ပါရဲ့ဗျာ။ ကျုပ်က သူတော်ကောင်းတွေကို တလွဲ
ထင်ခဲ့မိတာမျိုးဖြစ်နေပြီ ထင်တယ်"ဟု ပြောလျှက် သူ့သမီး
မျက်နှာကို လှမ်းကြည့်သည်။

မိန်းမပျိုက ဝင်ပြောသည်မှာ. . .

"အဲဒါကြောင့် အဖေ့ကို ပြောတာပေါ့။ ဖေဖေဟာ
အမြဲပဲ ကမူးရှူးထိုးနဲ့။ နောင်ဆို ဆင်ခြင်ပါအဖေရယ်"

"အေးပါ သမီးရယ်။ ဩော်. . . ဆရာတို့ ခင်ဗျား။ ဒါ
ကျွန်တော့်ရဲ့ တစ်ဦးတည်းသော မိတဆိုးသမီးလေး မိနန်းနွယ်
ပါ။ သူ့မိခင်က သူငယ်စဉ်ကတည်းက ဆုံးပါးခဲ့ပါတယ်"

ဆရာရွှဲက. . .

"ကျုပ်အမည်က စေတလုံး ဆရာရွှဲပါ။ ဒါက ဒေးယျ
ပတ္တိတ်ဆရာချိုတ်။ ဒါက ဆရာဟိန်း။ ဆရာချိုတ်က အသက်
ငယ်ပေမယ့် ပညာပြည့်တော့ ကျုပ်ကပင်လေးစားရတဲ့ ဆရာ
လေးပါ"

ချေမ်းကောင်းနှင့် သမီးဖြစ်သူ မနန်းနွယ်က လေးစား
သော အကြည့်များဖြင့် ကြည့်လျက်. . .

"ကျွန်တော်တို့ကိုလည်း တပည့်သားမြေး အရင်းအချာ
တွေအဖြစ် သတ်မှတ်ပြီး ဆိုပါ။ ဆုံးမပါ။ စောင်မပါ။ လိုအပ်တာ
ကိုလဲ အမိန့်ရှိပါ"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နန်းနွယဘက်သို့ လှည့်၍. . .

"သမီးရေ. . . ဆရာတို့ ညနေစာသုံးဆောင်ရအောင် အလျင်အမြန် စီမံပါဦးကွယ်"

ဆရာရွှဲက. . .

"အခက်အခဲ ဖြစ်နေရင်လဲ ဒီနေ့ မစီစဉ်ပါနဲ့တော့။ ကျုပ်တို့လဲ သိပ်ဆာလောင်လှတာ မဟုတ်ပါဘူး"

နန်းနွယ်က. . .

"အို. . . ဆရာကြီးတို့ရယ်။ ကျွန်မ ချက်ပြုတ်ရမှာ ဘာမှ ဝန်မလေးပါဘူး။ ဆရာကြီးတို့ ခရီးပန်းလာတာမို့ ခြေလက်သုတ်သင်ဆေးကြောပြီး ခေတ္တနားနေချိန်မှာပဲ ကျွန်မ ချက်ရေးပြုတ်ရေးက ပြီးသွားမှာပါ။ တာဝန်မကြီးပါဘူးရှင်။ စားစေချင်လို့ပါ။ ကျွန်မတို့က ရောက်လာမယ့် ဧည့်သည်ကောင်းကို မျှော်နေတာ အမှန်ပါပဲရှင်"

ဟုပြောပြီး အနားမှ သွက်လက်စွာ ထသွားလေတော့သည်။

ချမ်းကောင်းက ဆရာရွှဲတို့အား ခြေလက်သုတ်သင် ဆေးကြောရေးအတွက် စီစဉ်ပေး၏။

ခြေလက်သန့်စင်ပြီးနောက် တစ်အောင့်တစ်နား ရေနွေးကြမ်းသောက် အပန်းဖြေပြီးလျှင် မနန်းနွယ်မှာ ထမင်းဟင်းများ ပြင်ဆင်ခူးခပ်ပေးလေ၏။



ဟင်းချက်အစီအမံ ကောင်း၍လော။ ခရီးပန်းပြီး ဆာလောင်မွတ်သိပ်၍လော။ မည်သည့် အကြောင်းကြောင့်တော့မသိ။ စားကောင်းလှသည်က အမှန်ပင်။

စားသောက်၍ မြိန်ရှက်ခြင်းကို ချမ်းကောင်းနှင့် နန်းနွယ်တို့နှစ်ဦးလုံးက ဝမ်းသာအားရရှိနေပေ၏။

ဤအဖေနှင့်သမီးသည် [illegible]လုံးကောင်းလှသူများ ဖြစ်၏။ ပွင့်လင်း ဖော်ရွေသူများ ဖြစ်၏။

ခရီးပန်း၍ စောစောအိပ်ရာဝင်ကြမည်ဟု ဆရာရွှဲက ပြောသည်။

မနန်းနွယ် အိပ်ရာခင်းကျင်းပေးပြီးနောက် ဘုရားဝတ်တက်၍ အိပ်ရာဝင်ကြ၏။

နံနက်၌ နန်းနွယ်သည် အားလုံးထက် စောစီးစွာ ထ၍ စားသောက်ဖွယ်ရာများ စီစဉ်ချက်ပြုတ်သည်။ စေတနာကောင်းလှ၏။

ဆရာရွှဲတို့ နိုးလာလျှင် သုံးဆောင်ရန် အသင့်ဖြစ်နေလသည်။

နံနက်စောစောကို ရေနွေးကြမ်းနှင့် သောက်စားရင်း ဆရာရွှဲက ဆိုသည်မှာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နားနားနေနေ . . နေရင်းနဲ့ ဒဌမြို့ရဲ့ အခြေအနေရယ်၊ ဆရာငဆောင်တို့ရဲ့ အခြေအနေကို စနည်းနာကြမယ်။ ကိုရင်ချမ်းကောင်းနဲ့လဲ စကားစမြည်ပြောရင်းနဲ့ပေါ့"

ဟု တစ်နေ့တာအတွက် အစီအစဉ်ချလေ၏။

ဆရာဟိန်းက သူ့စိတ်ထဲတွင် သိချင်နေသော ကိစ္စကို မေးလိုက်သည်။

"ဆရာငဆောင်က မမှန်မကန်တွေ ကြံစည်နေတာကို ဒီမြို့သားတွေက တစ်ယောက်မှ မရိပ်မိကြဘူးလား"

"ရိပ်စားမိတန်သလောက်တော့ ရိပ်စားမိပါတယ်။ ဒါပေမယ့် ဆရာငဆောင်က ပယောဂဆရာယောင်ယောင် မဟုတ်လား။ သူက ခြိမ်းခြောက်ထားတော့ ကြောက်ရွံ့ကြတာပဲ"

"ဆရာငဆောင်မှာ တပည့်ရင်း အတော်များသလား"

"သူ့တပည့်တွေက ဝင်ချည်ထွက်ချည်ပဲ။ များပုံရပါတယ်။ ဒီမြို့ကတစ်ချို့လဲ ဆရာငဆောင်ဆီ တပည့်ခံကြတာရှိတယ်။ လူဟောင့်လူရမ်းတွေပါ။ အရက်သမား၊ ထန်းရည်သမား၊ အလုပ်လက်ကြောတင်းအောင် လုပ်ချင်တဲ့လူတွေပေါ့။ ဆရာငဆောင်ဆီမှာ ခိုင်းသမျှလုပ်ပေးပြီး အစားချောင်ချောင်စားနေရတာနဲ့ တပည့်ခံနေကြတာပါပဲ"

"ဒီမြို့က လူတွေက ဆရာငဆောင်ဟာ လူဆိုးလူမိုက်



တစ်ယောက် ဖြစ်ဟန်တူတယ်လို့ကော သံသယမဝင်ကြဘူးလား"

"အဲဒီအထိတော့ . . သံသယမဝင်ပါဘူး။ အခု သံသယဝင်တာက ဘုရားတည်တဲ့ကိစ္စမှာ မြေကြီးထဲက တူးဖော်ရတဲ့ ရတနာအိုးကိစ္စပဲ။ ရတနာအိုးတို့ ဆရာငဆောင်က ထိန်းသိမ်းထားမယ်ဆိုပြီး ယူသွားပြီးကတည်းက အခုအချိန်ထိ ရတနာအိုးကို ဘယ်သူမှ မတွေ့ရတော့ဘူးလေ"

"ဪ . . . ရတနာအိုးကိစ္စမှပဲ သံသယဝင်တာကိုး။ မြို့ထဲက ရောဂါဝေဒနာရှင်တွေကို ဆေးကုလို့ မပျောက်တော့တဲ့ ကိစ္စမှာ သံသယ မဖြစ်ကြဘူးလား"

"ကျွန်တော်တို့ မြို့သားတွေက ဗဟုသုတ ခပ်နည်းနည်းကိုး ဆရာရဲ့။ ပယောဂကိစ္စ ဝင်စွက်နေလို့ မပျောက်တာလို့ ဆရာငဆောင်က ပြောထားတယ်လေ။ မြို့ထိပ်မှာ ဘုရားတည်ပြီးမှ ဒီကိစ္စတွေရှင်းသွားမယ်လို့ ပြောထားတာကို ယုံကြည်တယ်"

ချမ်းကောင်း ပြောပြနေသည်တို့ကို ဆရာရွှေတို့အားလုံး နားထောင်စဉ်းစားနေကြစဉ် အနီးသို့ မနန်းနွယ် ရောက်လာပြီး . . .

"ဪ . . . ဖေဖေ။ သမီး စကားနည်းနည်းပြောစရာရှိလို့ ခွင့်ပြုပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရိုးသေစွာ ခြင့္ေတာင္းသည္။

ေခ်မ္းေကာင္းက. . .

"ဟဲ့. . သမီး၊ ကိစၥထူးသလား။ ေျပာဖို႔ရွိရင္ ေျပာေလ"

ဟု ခြင့္ေပးလိုက္၏။

"ဒီလို ေဖေဖရဲ႕ ကၽြန္မတို႔ ျခံ၀င္းေရွ႕မွာ ၿမိဳ႕ေတာင္ပိုင္းသားသုံးဦး ရစ္သီရစ္၀ဲ့လုပ္ၿပီး ကၽြန္မတို႔ အိမ္ေရွ႕ကို ႏွစ္ေခါက္ျဖတ္ေလွ်ာက္ရင္း အိမ္ထဲကို အကဲခတ္ေနပါကယ္။ မဟုတ္မွလြဲေရာ ကၽြန္မစိတ္ထင္ေတာ့ ကၽြန္မတို႔အိမ္မွာ ဒီက ဆရာေတြေရာက္ေနတဲ့သတင္းကို ဟိုဆရာေခ်ာင္ၾကားၿပီး သူ႕လူေတြလႊတ္ စုံစမ္းခိုင္းတယ္ ထင္တာပဲ"

"ေတာက္. . ."

ေခ်မ္းေကာင္းသည္ အမ်က္ျပင္းစြာထြက္၍ တက္ေခါက္လိုက္ၿပီး. . .

"သယ္. . . ဆရာတု ဆရာေယာင္ ဘာသာဖ်က္သာသနာဖ်က္က ငါ့အိမ္ ဘယ္ကေသြ႕သည္ေရာက္ေရာက္ေပ့ါ သူကိစၥလား။ ကိုင္း. . . ေတြ႕ၾကေရာေပ့ါ။ ငါ သည္းခံေနသမွ် သူက အဟုတ္မွတ္ၿပီး ေမာက္မာတဲ့ေကာင္။ ငါက သင္းလိုယုတ္ညံ့တဲ့အတတ္ေတြ မတတ္ေတာ့ ငါတတ္တဲ့ သိုင္းပညာနဲ႔ဒီေကာင္ေတြကို ဓားစာေက်ြးလိုက္မယ္"ဟု ႀကဳံး၀ါးကာ ၀ုန္းဆို



ထရပ္လိုက္ၿပီး ေဒြ႕ခန္း၌ ခ်ိတ္ထားေသာ ေဆာင္ဓားကို ဓားအိမ္မွ ႏုတ္ယူလိုက္ေလ၏။

မနန္းႏြယ္ ထိတ္ထိတ္ပ်ာပ်ာျဖစ္လ်က္. . .

"အေဖ. . . အေဖ မွားမယ္ေနာ္" ဟုသာ ေျပာႏိုင္ရွာေတာ့သည္။

ဆရာရွဲက. . .

"ဟာ. . . ကိုရင္ေခ်မ္းေကာင္း၊ ေခါင္းေအးေအးထားၿပီး ထိုင္စမ္းပါဗ်ာ။ အမွားကို အမွားနဲ႔ မတုံ႕ျပန္ရဘူး။ အမွားကို အမွန္နဲ႔သာ ရင္ဆိုင္ရတယ္"

"ဆရာတို႔ကိုေတာ့ အားနာပါတယ္။ ဒါေပမယ့္ ဒီဆရာက်ဳပ္ကို ေစာ္ကားတာ မ်ားလွၿပီ။ က်ဳပ္ဆက္ၿပီး သည္းမခံႏိုင္ေတာ့လို႔ပါ"

"ေဒါသကိုပယ္လိုက္ ေမတၱာစိတ္ေမြးပါ။ ကိုရင္ေခ်မ္းေကာင္းရယ္"

ဆရာရွဲတားေသာ္လည္း ေခ်မ္းေကာင္းသည္ ေဒါသမီးရွိန္ေတာက္ေလာင္ေနၿပီျဖစ္ရာ တားမရေတာ့ဘဲ ေလ့က်ား၀သို႔ ေရာက္သြားေလ၏။

ဆရာရွဲက ဆရာဟိန္းကို အခ်က္ေပးလိုက္ေသာေၾကာင့္ ဆရာဟိန္းက လွ်ပ္ျပက္သကဲ့သို႔ လ်င္ျမန္ေပါ့ပါးေသာ

www.burmeseclassic.com

www.burmeseclassic.com



အဟုန်ဖြင့် ခုန်ထလိုက်ပြီး ချေမ်းကောင်းရှေ့သို့ ရောက်သွားလေသည်။

အရိပ်တစ်ခုကဲ့သို့ မိမိရှေ့ လျှင်မြန်စွာ ရောက်လာသောဆရာဟိန်းကို ချေမ်းကောင်းက အံ့အားသင့်စွာ ငေးကြည့်နေစဉ်မှာပင် ဆရာဟိန်း၏ လက်အစုံက ညင်သာလျှင်မြန်စွာ သိုင်းပညာသုံး၍ ဓားကိုလုယူလိုက်လေသည်။

"ဓားဆိုတာ လူသေစေတဲ့ လက်နက်ဆိုတော့ ရာဇဝတ်မှုနဲ့ မကင်းပါဘူး။ ကျွန်တော့်ကို ပေးထားပါဗျာ"

ချေမ်းကောင်းလက်ထဲမှ ဓားသည် ဆုပ်ကိုင်ထားရန် မမြဲတော့ဘဲ ဆရာဟိန်းလက်ထဲသို့ ပါသွားလေသည်။

ချက်ချင်းဆိုသလို ဆရာဟိန်းက ချေမ်းကောင်း၏ ပခုံး၊ လက်ပြင်နှင့် လက်မောင်းကို အကြောပညာသုံး၍ မလှုပ်နိုင်အောင် ချုပ်ကိုင်ဆွဲခေါ်ရင်း. . .

"လာ. . . ထိုင်ပါဦး၊ ဆူနေတဲ့သွေးတွေကို အေးအောင် ပြန်ငြိမ်းပြီး ဆရာရွှဲပြောတာ နားထောင်ပါဦး။ ပြီးရင် ခင်ဗျားဆန္ဒကိုပြောပေ့ါ။ ဆရာရွှဲရှင်းပြတာ ကြားပြီးတဲ့အထိ ဆရာငဆောင်ကို တုတ်တစ်ပြက် ဓားတစ်ပြက်ရှင်းချင်သေးတယ်ဆိုရင် ကျုပ်တို့က ခင်ဗျားရှေ့ကိုလိုက်ပြီး ရှင်းပေးပါ့မယ်"

ချေမ်းကောင်းလည်း မလွန်ဆန်နိုင်တော့ဘဲ ဆရာရွှဲရှေ့၌ ငြိမ်ဝပ်စွာထိုင်လေ၏။



ချေမ်းကောင်းက. . .

"ဆရာတို့ကို ကျွန်တော်က ဆေးပညာပဲ တတ်တယ်ထင်တာ။ သိုင်းပညာလဲ တတ်သကိုး။ ကျွန်တော်တတ်တဲ့ သိုင်းပညာက ဆရာတို့ပညာနဲ့ယှဉ်တော့ မိုးနဲ့မြေလို ကွာသွားတာပဲနော်"

ဆရာဟိန်းက. . .

"ဒေါသကြွပြီး ခင်ဗျားမှားသွားမှာ စိုးလို့ မလွဲသာဘဲ ကျုပ်ထိန်းချုပ်လိုက်ရတာပါ။ တောင်းပန်ပါတယ်။ ပညာဆိုတာကလဲ တောင်တစ်လုံးထက် တောင်တစ်လုံးက ပိုမြင့်တယ်ဆိုသလိုပဲ၊ ကျုပ်ထက်မြင့်တဲ့ ပညာရှင်နဲ့တွေ့ရင် ကျုပ်ပညာလဲ သာမည်ဖြစ်သွားမှာပါပဲ"ဟု ပြောပြီး ချေမ်းကောင်း၏ ပခုံး၊ လက်ပြင် လက်မောင်းကြောတို့ကို အကြောပြန်ပြေစေရန် နှိပ်နယ်ပေးလိုက်သည်။

ဆရာရွှဲက ချောင်းဟန့်လျက် လည်ချောင်းရှင်းလိုက်ပြီး. . .

"ကိုရင် ချေမ်းကောင်းရေ. . . ဦးစွာ အားဖြင့် ကျွန်တော်ရှင်းပြတာကို နားထောင်ပါဦး။ ကျွန်တော်တို့ အခုဒီကို ရောက်လာတာကိုက အဲဒီ ဆရာငဆောင်ကို ဖော်တီရုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြီး ဒီမြို့ဒီရွာကနှင်ပစ်ဖို့ ရောက်လာတာပါပဲ။ အဲဒီကိစ္စမှာ ကိုရင်ချမ်းကောင်းရဲ့ ပူးပေါင်းကူညီမှုကို အဓိကလိုလား ပါတယ်။ သို့သော်လဲ စိတ်တိုခြင်း၊ ဒေါသကြီးခြင်း၊ တရှူးထိုး လုပ်ခြင်းတွေကိုတော့ ရှောင်ရပေလိမ့်မယ်ဗျာ"

ချမ်းကောင်းက တွေတွေကြီး နားထောင်နေ၏။

"ကျုပ်တို့ လုပ်ငန်းမစခင်မှာ ဒီမြို့မှာ နေထိုင်သူတွေရဲ့ စိတ်ဆန္ဒအခြေအနေကိုလဲ ထည့်စဉ်းစားရမယ်။ ဘာကြောင့်လဲ ဆိုတော့ ဆရာငဆောင်ကိစ္စမှာ တစ်မြို့လုံးနဲ့ သက်ဆိုင်နေ တယ်"

ချမ်းကောင်း၏ တင်းမာနေသော မျက်နှာပြေလျှော့ ပြုလာ၏။

"ဟုတ်ပါတယ် ဆရာ"

"မနောမယဘုရားကိစ္စမှာလဲ မြို့သူမြို့သားတွေ ဘာမှ မပြောရဲတဲ့အပြင် ဆရာငဆောင် အလိုကိုပဲ လိုက်နေကြရတယ် မဟုတ်လား"

"အမှန်ပါပဲ ဆရာ"

"ဒြော်. . . ဒါနဲ့ စကားမစပ် ဘုရားတည်မယ့် နေရာ ကို ကိုရင်ချမ်းကောင်းက အိပ်မက်အရတူးတော့ ရတနာအိုး ရတယ် မဟုတ်လား။ ဒီရတနာအိုးကိုလဲ ဆရာငဆောင်က



သိမ်းပိုက်ထားတယ်။ အဲဒီရတနာအိုးထဲက ရွှေငွေကျောက်သံ ပတ္တမြားတွေရဲ့ အရေအတွက်ကို ကိုရင်မှတ်မိပါ့မလား"

"ဟာ. . . ဘယ့်နှယ်ပြောပါလိမ့် ဆရာရယ်။ ဒါ သိပ် အရေးကြီးတဲ့ကိစ္စပဲဟာ။ ကျွန်တော်လဲ မလွဲသာလို့ ဆရာ ငဆောင်ကို ရတနာအိုးအပ်ရပေမယ့် ပစ္စည်းတွေကိုတော့ စာရင်းနဲ့ အင်းနဲ့ ရေးမှတ်ယူထားလိုက်တယ်။ စာရင်းကို ဆရာ ငဆောင်တို့ ရန်ကလုံခြုံအောင်ဆိုပြီး ခြံထောင့်မှာ မြေမြှုပ်ဝှက် ထားတယ်။ ဆရာတို့ လိုအပ်တယ်ဆိုရင် သွားယူပေးပါ့မယ်"

"နေ. . နေ. . ကိုရင်ချမ်းကောင်း. . နေ၊ ခင်ဗျားမှာ စာရင်းအင်းရှိတယ်ဆိုရင်ပြီးရော။ နောက်လိုတော့ ပြောမယ်"

ချမ်းကောင်းနှင့် မနန်းနွယ်တို့သည် အားကိုးအားထား ပြုသော မျက်လုံးများဖြင့် ဆရာရွှဲတို့အား ကြည့်နေကြလေသည်။

ဆရာရွှဲက ဆက်၍. . .

"ကိုရင်ချမ်းကောင်းနဲ့ သမီးမနန်းနွယ်တို့က ကျုပ်တို့ ရဲ့ အတွင်းလူအဖြစ်နဲ့ ကျုပ်တို့ပြောသလို ကူညီကြစေလိုပါ တယ်"

"ဟုတ်ကဲ့. . . ကူညီပါ့မယ်"

"ပထမဦးဆုံး ကျုပ်တို့ဦးတည်ဆောင်ရွက်မယ့် အချက် က ဒီမြို့အတွင်းမှာရှိတဲ့ မကျန်းမမာသူမှန်သမျှကို ဆေးကုပေး

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ကျုပ်တို့ ကုလို့ ဝေဒနာရှင်တွေပျောက်ရင် ဆရာငဆောင် ပြောသလို ပယောဂတွေကြောင့် ရောဂါဖြစ်တာ မဟုတ်ကြောင်း ယုံကြည်သွားကြပြီး ဆရာငဆောင်ကို ကြောက်ရွံ့တဲ့ စိတ်လဲ လျော့သွားလိမ့်မယ်။ ကျုပ်တို့ရဲ့ ဆောင်ရွက်ချက်တွေကြောင့် ကျုပ်တို့အပေါ် မြို့သူမြို့သားတွေ ယုံကြည်စိတ်ဖြစ်လာမယ်"

"ဆရာတို့ စီမံတဲ့အတိုင်း ကျွန်ကော် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ကူညီပေးပါ့မယ်"

ဆရာချိတ်က ဝင်ပြောသည်မှာ. . .

"ကျွန်တော်တို့ကို ဆရာငဆောင်က ဒီအတိုင်းကြည့်နေမယ် မထင်ဘူး။ သူ စွမ်းသမျှ အနှောင့်အယှက်ပေးလိမ့်မယ် ထင်တယ်"

ဆရာရွှဲက. . .

"ဟုတ်လိုက်လေ ဆရာချိတ်ရယ်။ သူနဲ့ ကျုပ်တို့ အစွမ်း ပြိုင်ရမယ့် အခန်းပဲ"

ဆရာဟိန်းက. . .

"ပွဲကြီးပွဲကောင်းတော့ တွေ့ကြပြီပေါ့"

ဆရာရွှဲက ဆက်၍ပြောသည်မှာ. . .

"အဲဒီကိစ္စအောင်မြင်ပြီးတဲ့အခါ ဘုရားတည်ဖို့ အရေး ကိစ္စကို ဆက်ဆောင်ရွက်ရမယ်။ အောင်မြင်ရင် ရတနာတွေကို



တရင်းနဲ့ လှူသိရှင်ကြားကြေညာပြီး ဘုရားတည်ရေးအတွက် ဆောင်ရွက်ရမယ်။ ဘုရားကိုလဲ မနောမယစေတီလို့ ကမ္ပည်း မော်ကွန်းထိုးရမယ်"

မနောမယစေတီဟူသော အမည်ကိုကြားလျှင် ချမ်း ကောင်းသည် လက်ပမ်းပေါက်ခတ်လိုက်ပြီး. . .

"ကျွန်တော်တို့ အောင်မြင်ရမယ်လို့ ယုံကြည်ပါတယ် ဆရာ။ အောင်မြင်အောင်လဲ လိုအပ်တာမှန်သမျှ အစွမ်းကုန် အကူအညီ ပေးပါ့မယ်"

ဆရာရွှဲက. . .

"ကျွန်တော်တို့ဘက်မှာ မွန်မြတ်တဲ့ ရည်ရွယ်ချက်ရှိတယ်။ အမှန်တရားရှိတယ်။ စိတ်ကောင်း စေတနာကောင်း ရှိတယ်။ အောင်မြင်ပါလိမ့်မယ်လေ။ မပေါ့မဆလျှော့ဖို့ပဲ လိုတယ်။ စိုးရိမ်စိတ်တော့ မထားကြပါနဲ့"

ဟု လေးနက်စွာ ပြောလေ၏။

အားလုံး၏ ရင်ထဲ၌လည်း တူညီသော ယုံကြည်ချက် ဖြစ်ထွန်း၏။ မုချအောင်မြင်ရမည်ဟု. . .

"ဟော. . . ဆရာတို့ စကားကောင်းနေကြတာနဲ့ နေ တောင် အတော်မြင့်နေပြီ။ နေ့လည်စာ သုံးဆောင်ရအောင် ကျွန်မကို ပြင်ဆင်ခွင့်ပြုပါဦးရှင်"

www.burmeseclassic.com

www.burmeseclassic.com



မနန်းနွယ်ပြောမှပင် နေ့လယ်စာကို သတိရကြလေတော့သည်။

အားလုံး၏ စိတ်ထဲ၌ ဆရာငဆောင်နှင့် ရင်ဆိုင်ရန်ကိစ္စကို တွေးတောနေကြတော့သည်။

ထိုနေ့လည်စာ ထမင်းဝိုင်း၌ စကားဆိတ်နေကြလေတော့သည်။

အားလုံး အတွေးကိုယ်စီနှင့် ဖြစ်သည်။ ဆရာငဆောင်၏ ကောက်ကျစ်မှုနှင့် ရက်စက်ယုတ်ညံ့သော လောကီအတတ်ကို ကျော်လွန်ရဦးမည် မဟုတ်ပါလား။

* * *

(၄)

## ကြမ်းကြမ်းရမ်းရမ်း

"ပညာစကားတင် မဟုတ်ဘူး။ လိုအပ်ရင် ပညာချင်းပါ ဖလှယ်ဖို့ ကျုပ်တို့ လာခဲ့ပါမယ်"

*(စေတလုံးဆရာရှဲ)*

www.burmeseclassic.com

www.burmeseclassic.com

ဆရာငဆောင်သည် အရပ်ပုပြတ်ပြတ်၊ အသားမည်း
နက်နက်၊ နဖူးမောက်လျက် မျက်ထောင့်နီကာ ကွမ်းအမြဲဝါး
သဖြင့် ကွမ်းတံတွေးပေသော ပါးစပ်မှ ကွမ်းတံတွေးတပျစ်ပျစ်
ထွေးရင်း လမ်းသွားလျှင် ကားရားကားရားနှင့် ဘဲသွားသွားသူ
ဖြစ်ကြောင်းတွေ့ရသည်။

အသက်အားဖြင့် (၆၀)ခန့် ရှိမည်။

ဆရာငဆောင်ကို တွေ့ရခြင်းမှာ သူကိုယ်တိုင် ဆရာရွှေ
တို့ တည်းခိုနေသော ငချမ်းကောင်းအိမ်ခြံဝန်းရှေ့သို့ နောက်နေ့
နံနက်တွင် ဘောက်ဆတ်ဘောက်ဆတ်နှင့် ရောက်လာသော
ကြောင့်တည်း။

နောက်တစ်နေ့၌ ဆရာရွှေက မြို့စောင့်နတ်၊ သာသနာ
စောင့်နတ်၊ ကမ္ဘာစောင့်နတ်မှစ၍ ခပ်သိမ်းကုန်သော လူနတ်
ဗြဟ္မာသတ္တဝါအပေါင်းတို့ကို မေတ္တာပို့ အမျှပေးဝေလျက်ရှိပြီး
ဆရာဟိန်းက သက်ရှိနေ့ရက်အချိန်အခါတို့နှင့် ပတ်သက်၍ နေ
ကောင်းရက်သာ နဂါးလှည့်၊ ရက်ရာဇာ၊ ပြဿဒါးစသည်တို့ကို



ဆရာရွှေခိုင်းသည့်အတိုင်း နက္ခတ်နှင့်ယှဉ်၍ တွက်ချက်နေပေ
သည်။

ငချမ်းကောင်းက အသိပေးလာသဖြင့် အိမ်ခြံဝန်းရှေ့
တွင် ဆရာငဆောင်နှင့်သူ့တပည့်ငါးဦး ရောက်နေကြောင်း သိရ
လျှင် ဆရာရွှေ၊ ဆရာဟိန်းနှင့် ဆရာချိတ်တို့လည်း ခြံဝန်းထဲသို့
ဆင်းလျက် ဆရာငဆောင်တို့ကို ရင်ဆိုင်လိုက်ကြသည်။

ဆရာရွှေက တင်းတင်းပြတ်ပြတ် မေးသည်မှာ . . .

"ဆရာငဆောင် ဘာကိစ္စနဲ့ ခြံဝန်းရှေ့မှာ လာရပ်ပါ
သလဲ"

ဆရာချိတ်က ဆရာငဆောင်ကို စူးစူးရဲရဲ စိုက်ကြည့်နေ
လိုက်၏။

ဆရာငဆောင်က စောင်းငန်းငန်းနှင့် ကြည့်ရာ ဆရာ
ချိတ်နှင့် အကြည့်ချင်းဆုံမိသည်။ ဆရာချိတ်၏ မျက်လုံးဒဏ်ကို
ခံနိုင်ဘဲ မျက်နှာလွှဲလိုက်ပြီး . . .

"ဒီက ငချမ်းကောင်းအိမ်မှာ ဆရာတွေ ရောက်နေတယ်
ကြားလို့ လာကြည့်တာပါ။ ဆရာစစ်ဆရာမှန်ဆိုရင် ရွာထိပ်မှာ
ယာယီဇရပ်တစ်ခုရှိပါတယ်။ အဲဒီကို မနက်ဖြန်မနက် ရောက်
အောင် ဆက်ဆက်လာခဲ့ပါ။ အဲဒီမှာကျုပ်ရှိတယ်။ ရောက်တော့
သာစကား နှီးနှောဖလှယ်ကြတာပေါ့" ဟု ပြောပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့ တဟဲဟဲ ရယ်မောနေလေသည်။

ဆရာရွှဲက. . .

"ပညာစကားတင်မဟုတ်ဘူး။ လိုအပ်ရင် ပညာချင်း ဖလှယ်ကြည့်ဖို့ ကျုပ်တို့ လာခဲ့ပါမယ်။ ခင်ဗျား အခုလို ကိုယ်တို လာပြီး မဖိတ်ခေါ်ရင်လဲ ကျုပ်တို့သဘောနဲ့ ကျုပ်တို့ လာမလို ပဲ။ ခုတော့ အတော်နေရာကျသပေါ့ဗျာ" ဟု ပြုံးစစနှင့် ပြေ လိုက်သည်။

ဆရာငဆောင်နောက်တွင် ရပ်နေသော လူမိုက်ပုံစံ မျက်နှာထားတင်းတင်း၊ လူလုံးထွားထွား မျက်နှာကျောက်ပေါ မာနှင့်လူက အသံမာကြောစွာဖြင့် ပြောသည်မှာ. . .

"ကျုပ်တို့ ဆရာက ခင်ဗျားတို့ကို အရေးအရာလုပ်ပြီ လာဖိတ်တာ မဟုတ်ဘူးဗျ။ ခင်ဗျားတို့ကို အရေးမစိုက်လို့ လာ ခေါ်တာဗျ. . . စိန်ခေါ်တာ"

ဆရာဟိန်းက ရှေ့ကိုတိုးသွားပြီး ထို လူမိုက်ပုံစံနှင့် ကို စူးရဲစွာကြည့်လျက်. . .

"ဆရာငဆောင်ကပဲ စိန်ခေါ်ရဲသလား. . မင်းကရော စိန်မခေါ်ရဲဘူးလား။ မင်းပုံကြည့်ရတာ လူမိုက်ထင်တယ်။ မ စိန်မခေါ်ရဲလဲ ငါကစိန်ခေါ်တယ်ဟေ့။ ငါ့အစွမ်းကို ဒီမှာကြ သွား" ဟု အောင်မြင်သော အသံဝါကြီးဖြင့် ပြောလိုက်ပြီးနော



ခြံဝင်းအစပ်တွင် ပေါက်နေသော ဝါးပိုးဝါးရုံကြီးထဲမှ အကြီးဆုံး ဝါးပိုးဝါးသုံးလုံးကို လှစ်ခနဲပြေးသွားပြီး လက်သီးသုံးချက်ထိုး လိုက်ရာ တစ်ချက်တစ်လုံး တဖြောင်းဖြောင်း ကွဲသွား လေတော့ သည်။

ထိုလူမိုက်သဏ္ဍာန် မျက်နှာကျောက်ပေါက်မာနှင့် လူ သာမက ဆရာငဆောင်ပါ ဖြူသွားလေသည်။

တစ်ဆင့်စကား တစ်ဆင့်နားကြားလျက် မနီးမဝေးတွင် လာရောက်ကြည့်နေကြသော မြို့သူမြို့သားအချို့က အဖြစ် အပျက်ကို မြင်သွားကြပြီး "ကိုရင်ချမ်းကောင်းရဲ့ အိမ်ကို ရောက်နေတဲ့ ဆရာတွေက အာဂဆရာတွေပဲ။ ဆရာငဆောင် ကို နိုင်အောင် ဆုံးမနိုင်လိမ့်မယ်ထင်တယ်" ဟု ထင်ကြေးစကား များကို တီးတိုး ပြောကြလေသည်။

နောက်တွင် ချမ်းကောင်း၏ ပြောပြချက်အရ ထို ကျောက်ပေါက်မာနှင့်လူမှာ လူမိုက်စစ်စစ်ဖြစ်ပြီး ယခင်က ရွှေ နပေရွာမှ ရွာသားဖြစ်ခဲ့၏။

နွားခိုး၊ ကျွဲခိုး၊ ဆိုးပေသော ထန်းရည်သမားဖြစ်၏။ ဆရာငဆောင်ရောက်လာမှ အကျွတ်တရားရသွားပြီဆိုကာ ထန်းရေဖြတ်ပြီး ဆရာငဆောင်၏ နောက်လိုက်လုပ်နေခြင်း ဖြစ်ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



အမည်မှာ ကျွားကြီးညွှန့်၊ ဆရာငဆောင်ဘေးမှ အခြားသူများမှာလည်း နာမည်မကြီးလှသော လူမိုက်ပေါက်စများသာ ဖြစ်၏။

ဆရာငဆောင်သည် သူ့လူများအား မျက်ရိပ်ပြပြီးနောက် ဆရာရွှဲကို. . .

"မနက်ဖြန်မနက် ရွာထိပ်က ဇရပ်ကို လာဖြစ်အောင် ဆက်ဆက်လာခဲ့ပါ" ဟု ပြောပြီး သူ့တပည့်များနှင့်အတူ လှည့်ပြန်သွားလေတော့သည်။

ဤအဖြစ်အပျက်နှင့် ပတ်သက်၍ တစ်ဆင့်စကားတစ်ဆင့်နား ထပ်မံပြောကြားကြရာ မကြာမီအတွင်း တစ်မြို့လုံး ပျံ့နှံ့သွားတော့သည်။

ဆရာရွှဲတို့လည်း အိမ်ပေါ်ပြန်တက်ကာ တိုင်ပင်စကားဆိုကြရပြန်၏။

ဆရာရွှဲက. . .

"မနက်ဖြန်နံနက်မှာ ဆရာငဆောင်ဆီသွားရင် ချမ်းကောင်းလိုက်ခဲ့ပါ။ ကိုရင်က ဖြက်ချက်သမျှတွေကို တစ်ခုမကျန် အသေးစိတ်သိနေဖို့ လိုမယ်"

"ဆရာတို့ခေါ်ရင် ရေပြည်ကိုပဲဖြစ်ဖြစ် ကျွန်တော်လိုက်မယ် ဆရာ"ဟု ချမ်းကောင်းက ကတိပြုသည်။



ထိုအချိန်တွင် ချမ်းကောင်း၏ အိမ်ပေါ်သို့ လူငါးဦး တက်လာ၏။

အမျိုးသမီးငယ်တစ်ဦးကို ပွေ့ချီယူလာကြ၏။

အမျိုးသမီးမှာ ပါးစပ်မှအမြှုပ်များ တစီစီထွက်လျက် သတိလစ်တစ်ချက် မလစ်တစ်ချက် ဖြစ်နေ၏။

"ကိုရင် ချမ်းကောင်းအိမ်မှာ. . ဆရာတွေ ရောက်နေတယ်ဆိုလို့. . ."

ရှေ့မှ ဦးဆောင်တက်လာသည့် သျှောင်တစောင်းနှင့် ခပ်ခန့်ခန့်လူက ပြောသည်။

"လာပါ. . ကိုဖိုးအောင်။ ဆရာတွေ. . ရှိပါတယ်။ ကလေးမက ဘာဖြစ်လို့လဲ"

"ကျွန်တော့် သမီးပါ။ တောစပ်မှာ ထင်းခွေသွားရင်း တောက်တဲ့နက်ကိုက်မိလို့ အခုလို ဝေဒနာခံစားနေရတာပါပဲ။ ဆရာတို့တတ်နိုင်ရင် ကူညီကြပါဗျာ"

ဆရာချိတ်က ချက်ချင်းပင် ဆေးလွယ်အိတ်ထဲမှ ဆေးတောင့်တစ်တောင့်ကို ထုတ်ယူပြီး ဆရာဟိန်းလက်ထဲသို့ ထည့်ပေးလိုက်၏။

"ဒီဆေးကို ကျောက်ပျဉ်မှာ ရေနဲ့သွေးပြီး ပါးစပ်ထဲဝင်အောင်တိုက်။ တောက်တဲ့ကိုက်တဲ့ နေရာကိုလဲ လိမ်းပေးလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဆရာဟိန်း"

ဆရာဟိန်းက ဆရာချိတ် ညွှန်ကြားသည့်အတိုင်း အလျင်အမြန်ဆောင်ရွက်ပြီး ကလေးမလေး၏ ပါးစပ်ကို ကွမ်းညှပ်ဖြင့် အသာကလန့်ပြီး ဆေးကို ဝင်အောင်တိုက်လိုက်၏။ တောက်တဲ့ ကိုက်ခံထားရသော နေရာတွင်လည်း ဆေးကို လိမ်းချေပေးသည်။

ကွမ်းတစ်ယာညက်ခန့်ကြာလျှင် ကလေးမလေး အသက် ရှူမှန်လာပြီး ဟင်းခနဲသက်ပြင်းချ၍ သတိရလာ၏။

"အဖေ. . အမေ. . . သမီးမျက်လုံးတွေ ဝါးနေတယ်။ ရင်ထဲမှာလဲ. . ပူနေတယ်"ဟု ညည်း၏။

ဆရာချိတ်က. .

"ဆေးတစ်ခွက် ထပ်တိုက်လိုက်ဦး. . ဆရာဟိန်း"

ဆရာဟိန်းက ထပ်တိုက်လိုက်၏။

မကြာမီမှာပင် ကလေးမလေးမှာ ရွှင်ရွှင်လန်းလန်း ဖြစ် လာပြီး မှိန်းနေတော့၏။

"စိတ်ချရပါပြီ။ ကလေးမလေးသောက်ဖို့ ဆေးသုံးခွက် ထပ်စီရင်ပေးလိုက်ပါ. . . ဆရာဟိန်း"

"ကျွန်တော့် သမီးအသက်ကို ကယ်တင်တဲ့ ဆရာတို့ကို အလွန်ပဲ ကျေးဇူးတင်လှပါတယ် ခင်ဗျာ။ ဆေးကုသခအဖြစ်



သပြာငွေ ဘယ်လောက် ပူဇော်ရပါ့မလဲ" ဟု ကိုဖိုးအောင်ဆို သူက မေးသည်။

"ကျွန်တော်တို့က ဝေဒနာရှင်တွေကို ဇီဝိတဒါနအဖြစ် အခမဲ့ ကုပေးတာဖြစ်ပါတယ်။ အခကြေးငွေအသပြာ လုံးဝမယူ ပါဘူး။ ကျွန်တော်တို့အပေါ် ကျေးဇူးတင်ရင်. . အမျိုးဘာသာ သာသနာအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပံ့ပိုးဆောင်ရွက် ကြပါ"

"ဆရာတို့ပြောတဲ့အတိုင်း အစဉ်အမြဲ လိုက်နာဆောင် ရွက်သွားပါ့မယ်"

လူနာရှင်နှင့် လူနာတို့သည် စိတ်ချမ်းသာစွာဖြင့် အိမ် ပေါ်မှ ဆင်းသွားကြလေသည်။

ဆရာချိတ်က. . .

"အခု တိုက်လိုက်တဲ့ အဆိပ်နာပျောက်ဆေးကို ဘယ်လို ဖော်စပ်တယ်ဆိုတာ. . ဆရာဟိန်း သိချင်လှပြီထင်တယ်"ဟု မေး၏။

ဆရာဟိန်းက. . .

"ဘယ့်နှယ်ပြောပါလိမ့် ဆရာချိတ်ရယ်. . . ဒီလောက် အစွမ်းထက်လှတဲ့ဆေးကို ဘယ်မသိချင်ဘဲ ရှိပါ့မလဲဗျာ"

"ဆေးဖော်စပ်ပုံက လွယ်ပါတယ်။ သပွတ်ကြီးမြစ်ရယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကသစ်မြစ်ရယ်၊ ကေရာဇ်မြစ်ရယ်၊ မြင်းခွာရဲ့ အသားအစတွေရယ် ရောပြီး ထုချေ မှုန့်ညက်အောင်ထောင်း၊ ဆေးတောင့်ဖြစ်အောင် လုပ်ထားတာပါပဲ။ သုံးစွဲတဲ့အခါ ကျောက်ပျဉ်မှာ ရေနဲ့ညက်အောင်သွေးပြီး သောက်လိမ်းရင် ပျောက်ငြိမ်းလွယ်ကူပါတယ် ဆရာဟိန်းရယ်"

"ပွဲတွေ့ပါပဲ ဆရာချိတ်ရေ. . ."

ထို့နောက် အားလုံးပင် စကားစမြည်ပြောရင်း အနားယူလိုက်ကြတော့သည်။

* * *

BURMESE CLASSIC

နောက်နေ့နံနက် စောစောထကြ၍ ပြုဖွယ်ကိစ္စဖြစ်သော ဘုရားဝတ်ပြုခြင်း စသည်တို့ကို ပြုလုပ်ပြီးနောက် မနန်းနွယ် စီရင်ပေးသော ထမင်းကြော်ကို ရေနွေးကြမ်းနှင့် အလျင်အမြန် စားသောက်ပြီးလျှင် ဆရာရွှဲက အောက်ပါအတိုင်း မှာကြားသည်။

"ဒီမနက်မှာ ကျုပ်တို့ ဆရာငဆောင်ရှိတဲ့ မြို့ထိပ်ဇရပ်ကို သွားကြရမှာဖြစ်တယ်။ အဲဒီအခါ အားလုံးဟာ တစ်သွေးတစ်သံတည်း ဖြစ်နေကြဖို့လိုတယ်။ ဒါကြောင့်. . မည်သည့်အကြောင်းကိစ္စပင် ပေါ်ပေါက်ပါစေ ကျုပ်က ဦးဆောင်သွားမှာဖြစ်တဲ့အတွက် ကျုပ်အမိန့်ကို အားလုံးလိုက်နာကြရမှာဖြစ်တယ်။ သဘောပေါက်ရဲ့လား" ဟုမေးလျှင် အားလုံးက သဘောပေါက်ကြောင်း ဝန်ခံကြ၏။

"ဆရာငဆောင်ဆီသွားတဲ့ ခရီးတစ်လျှောက်မှာရော ဇရပ်ကိုအဝင်မှာရော ဇရပ်ထဲအထိုင်မှာရော ဆရာချိတ်ရဲ့ တာဝန်က အန္တရာယ်ကိုမပြတ် သတိထားရှင်းလင်းဖို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာချိတ်က နားလည်ပါကြောင်း ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ ဆရာရွှဲ၊ ကျွန်တော် သဘောပေါက်ပါပြီ"

"ရှေ့ဆုံးက ဆရာချိတ်၊ နောက်က ဆရာဟိန်း၊ ပြီးတော့ ကိုရင်ချမ်းကောင်းနဲ့ ကျုပ်နဲ့ နောက်ကလိုက်ကြရမယ်။ အခု ပြောတဲ့အစီအစဉ်အတိုင်း ဆရာငဆောင်တို့ဆီ ဝင်ကြမယ်။ ဟိုရောက်တဲ့အခါ ကျုပ် ညွှန်ကြားတဲ့အတိုင်း အားလုံးက ထောင့်စုံအောင် လိုက်နာဆောင်ရွက်ကြပါ" ဟု ပြောလေသည်။

ထို့နောက် ဆရာချိတ်က ပခုံး၌ ဆေးလွယ်အိတ်သိုင်းလွယ်လိုက်သည်။ ဆေးလွယ်အိတ်အတွင်း၌ လိုအပ်သော ဆေးပစ္စည်းများ ပါရှိလေသည်။

BURMESE CLASSIC

ဆရာဟိန်းက ဝါးစိမ်းတုတ်တစ်ချောင်းကို လက်၌ ကိုင်လာခဲ့လေသည်။

အားလုံး အဆင်သင့်ဖြစ်ကြ၍ အချိန်ကလည်း နေထွက်တပြူရှိပြီဖြစ်သောကြောင့် ဆရာငဆောင်ထံသို့ ထွက်ခဲ့ကြလေတော့သည်။

ဆရာချိတ်က ရှေ့ဆုံးမှ ဦးဆောင်သွားသည်။ လမ်းမမှားစေရန်အတွက်မူ ချမ်းကောင်းက နှုတ်ဖြင့်ပြောဆို ညွှန်ပြသည်။

မြို့မှာ လမ်းမြေများ အသားမကျလှသေးပေ။



မြို့အရှေ့စပ်ကိုလွန်လျှင် ဇရပ်ကို လှမ်းမြင်ရ၏။

ဇရပ်မှာ ယာယီဇရပ်ဟုဆိုသော်လည်း သစ်ကောင်းများဖြင့် အခိုင်အမာ ဆောက်ထားခြင်းဖြစ်သည်။ အဆောက်အအုံ ...ယ်ခြင်းသာ ချွတ်ယွင်းမှုရှိ၏။

ဇရပ်၏ ခေါင်းရင်းမလှမ်းမကမ်းတွင် ဘုရားတည်မည့် ...မြေနေရာကို သဲဖြူခင်း ရာဇမတ်ကာထားလေသည်။

ဇရပ်ကို လှမ်းမြင်ရလျှင် ဇရပ်ခေါင်းရင်း၌ တပည့် ...က်သားများ ဝန်းရံလျက် ဆရာငဆောင်ထိုင်နေသည်ကို ...င်ထင်ရှားရှား မြင်ရ၏။ ခေါင်းတွင် အနက်ရောင် ပဝါတစ်စကို ...ါင်းထား၏။

ဇရပ်ခြေရင်းဘက်၌မူ ဆရာငဆောင်ကပဲ တမင်ခေါ်...ားလေသလား။ စပ်စုလိုသော လူ့သဘောကြောင့် သတင်း...ားကြားပြီး အကြောင်းရမယ်ရှာ၍ ရောက်လာလေသလား ...သိ။ မြို့သူမြို့သား လေးငါးဆယ်ခန့် ထိုင်နေကြောင်း တွေ့ရ...သည်။

ဆရာချိတ်တို့ ဝင်လာသည်ကို ဆရာငဆောင်ကလည်း ...မ်းမြင်လိုက်ပုံရသည်။ ဆတ်ခနဲ ခါးကိုဆန့် လှမ်းမျှော်ကြည့်...သည်။

ဇရပ်ရှိရာသို့ ဦးတည်၍ လျှောက်လာကြရာ ဇရပ်သို့

www.burmeseclassic.com



ရောက်ရန် ဝါးသုံးပြန်ခန့်အလိုတွင် ဆရာချိတ်က ခြေစုံရပ်လိုက်၍ ကျန်လူများလည်း ရပ်လိုက်ကြသည်။

ရှေ့မြေပြင်တွင် အုတ်ရှုပ်ပြားများကို စီတန်းလျက် ဇရပ်အခြေလှေကားရင်းသို့တိုင် လူသွားလမ်းကလေး တစ်ခုခင်းထားသည်ကို တွေ့ရ၏။

အုတ်ရှပ်ခဲများ ခင်းထားသော လူသွားလမ်းတစ်ဖက်တစ်ချက်၌ ရွက်လှပန်းပင်များကို စီတန်းပြီး စိုက်ပျိုးထားလေသည်။ အဝင်ဝတွင် စံပယ်ချုံကြီးနှစ်ချုံ ခြံရံလျက်ရှိ၏။

BURMESE CLASSIC

ဆရာချိတ်က. . .

"ဒီစံပယ်ချုံကြီး နှစ်ချုံကို မသက်ာဘူး။ ချုံထဲမှာ အလွန်သိမ်မွေ့တဲ့ အသံတစ်ခုကြားလိုက်ရတယ်။ ကျွန်တော်တို့ ဒီနားရောက်တာနဲ့ နှာမှုတ်သံလိုလို၊ အသက်ရှူသံလိုလို ကြားတယ်ကိုင်း. . . ကျွန်တော်က စိန်ဖြူဆင်ဦးနှောက်ကို ပြာအဖြစ် စီရင်ထားတဲ့ ဆေးမှုန့်တွေနဲ့ စံပယ်ချုံထဲကို ပက်ကြည့်လိုက်ရင် အဖြေတွေ့မှာပဲ" ဟုပြောပြီး ဆေးလွယ်အိတ်အတွင်းမှ အမည်းရောင်အမှုန့်ကလေးများယူကာ စံပယ်ချုံကြီးနှစ်ချုံအတွင်းသို့ ပက်သွင်းလိုက်လေတော့၏။

ချက်ချင်းပင် စံပယ်ချုံကြီး နှစ်ခုအနက် လက်ယာဘက်စံပယ်ချုံကြီးအတွင်းမှ တရှုးရှုး နှာမှုတ်သံပြုလျက် ပါးပျဉ်း



ထောင်ကာ လျှောတိုက်၍ ထွက်လာသော ငန်းစောင်းကြီးတစ်ကောင်ကို တွေ့မြင်လိုက်ရလေတော့၏။ အတော်ကြီးသော မြွေကြီးပါပေ။

ဆရာချိတ်က ဆေးမှုန့်အတော်များများကို လက်ဖဝါးထဲသို့ ထည့်ပြီး ဒူးထောက်ထိုင်ချကာ ပါးပြင်းခွက်နေသော ငန်းစောင်းမြွေကြီး၏ နှာခေါင်းဝဆီသို့ ဆေးမှုန့်များကို မှုတ်လွှတ်လိုက်လေ၏။

အငိုက်မိသွားသော မြွေကြီးမှာ ခွီးခနဲ အသံတစ်ချက်ပြုပြီး ပါးပြင်းကို ချက်ချင်းရုပ်သိမ်းသွားပြီး ဆရာချိတ်တို့နှင့်ဝေးရာသို့ ထွက်ပြေးသွားပါလေတော့သည်။

စိန်ဓာတ်က မြွေများကို အလွန်နိုင်နင်းသော အစွမ်းရှိလေသည်။

"ဒီမြွေကြီးက အသေအချာ သင်ကြားလေ့ကျင့်ပေးထားတဲ့ မြွေကြီးပဲ" ဟု ဆရာရွှဲက မှတ်ချက်ချ၏။

ဇရပ်အတွင်းမှ ဆရာငဆောင်၏ တက်ခေါက်သံတစ်ချက် ကြားရသည်။

ဇရပ်ခြေရင်းရှိ မြို့သူမြို့သားများထံမှ စကားတီးတိုးပြောသံ ခပ်အုပ်အုပ် ထွက်လာသည်။ ၎င်းတို့ကလည်း ဆရာငဆောင် အစီအရင်များ လုပ်ထားသည်ကို သိပုံရသည်။ စူးစူး

www.burmeseclassic.com

www.burmeseclassic.com



စိုက်စိုက် လှမ်းကြည့်နေကြလေ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ရှေ့မှ ဦးဆောင်ပြန်က ဆက်၍ သွားကြပြန်၏။

ဇရပ်ပေါ်တွင် အားလုံး အသံတိတ်လျက် ကြည့်နေ လေသည်။

ဆရာချိတ်က ဇရပ်လှေကားထစ်များကို လှမ်းတက်မ ဟု ရှေ့ခြေကိုလှမ်းပြီးမှ ချက်ချင်းပြန်ရုပ်လိုက်လျက် အပေါ် မော့ကြည့်သည်။

ဇရပ်အဝင်ဝ မျက်နှာကြက်ရှိ ပန်းဆွဲတစ်ခု အနောက် တောပင့်ကူကြီးများ ခုန်ဆင်းလာကြသည်။

ဆရာဟိန်းက ဆရာချိတ်ရှေ့သို့ လွှားခနဲ ခုန်တက်လို ပြီး လက်တွင်းမှ ဝါးစိမ်းတုတ်ဖြင့် တရွှီးရွှီး တဖုန်းဖုန်းရိုက်လို ရာ ခုန်ဆင်းလာသော တောပင့်ကူကြီးသုံးကောင်သည် ဇ အပြင်ဘက် မြေပြင်ပေါ်သို့ ထွေးခနဲ ထွေးခနဲ ကျရောက်သွ ကြလေတော့၏။

ဇရပ်အတွင်းရှိ လူအတော်များများသည် ထိတ်လန့်သွ ကြကာ ဘုရား၊ တရားတသံများ လွှတ်ခနဲ အော်မြည်သံ ဖြစ်ပေါ်ကြလေ၏။

အန္တရာယ်ရှင်းသွားပြီဖြစ်၍ ဇရပ်လှေကားထစ်မျ



လှမ်းတက်လိုက်ကြသည်။

ဆရာချိတ်နှင့်အတူ သူတို့အားလုံးသည် ဇရပ်ပေါ်တွင် မားမားရပ်လိုက်နိုင်ကြပေပြီ။

ဆရာငဆောင်ကလည်း တဟဲဟဲနှင့် ရှက်ရယ်ရယ်လျက်. .

"ဟဲ. . ဟဲ. . ဆရာတို့ကလဲ အလာကြီးပဲ။ စွမ်းပ. . . စွမ်းပ၊ ကဲ. . ကဲ. . . ပညာစကား နှီးနှောဖလှယ်ရအောင် လာထိုင်ကြဗျာ" ဟု သူ့ရှေ့တွင်ခင်းထားသော သင်ဖြူးဖျာရှိရာသို့ ညွှန်ပြသည်။ ဆရာငဆောင်၏ ဆိုလိုချက်မှာ သူနှင့် သူ့တပည့်များက ဇရပ်ခေါင်းရင်း၌ နေရာယူထားပြီး ဇေယျပဏ္ဍိတ် ဆရာချိတ်တို့ကိုမူ သူတို့ထက် အောက်ဘက်နိမ့်သော နေရာ၌ ထိုင်ခိုင်းနေခြင်းဖြစ်၏။

ပြုံးယောင်ယောင်ရှိသော ဆရာချိတ်၏ မျက်နှာမှာ တင်းခနဲ ဖြစ်သွား၏။

ဆရာချိတ်၏ မျက်နှာတင်းခနဲဖြစ်သွားသည်ကို မြင်လိုက်သော ဆရာငဆောင်က. . .

"ဟော့. . . ထိုင်ခိုင်းတဲ့နေရာမှာ မထိုင်နိုင်ရင်လဲ ဇရပ်ပေါ်က အမြန်ဆုံး ဆင်းသွားကြစမ်းကွာ" ဟု ကြိမ်းမောင်းလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာရွှဲလည်း. . .

"အေးပေါ့လေ။ အချိန်ရောက်တော့ ဘယ်သူ ဇရပ်ပေါ်က ဆင်းပြေးရမလဲဆိုတာ အဖြေပေါ်ရမှာပေါ့"

ဟု ပြောပြီး ဇရပ်ခေါင်းရင်းတွင် ကန်တော့ပွဲများအလယ်၌ ခုံမြင့်နှင့်တင်ထားသော မြေအိုးတစ်လုံးရှိရာသို့ စောင်းငဲ့ကြည့်လိုက်၏။

"ဟိုဟာ မြေကတူးလို့ရတဲ့ရတနာအိုး ထင်ပ့ါ" ဟု မေးလျှင်. . .

"ဟုတ်တယ်။ အဲဒါ. . မင်းတို့ကိစ္စ ဘာပါသလဲ။ ဘာကြောင့် စပ်စပ်စုစုလုပ်နေတာလဲ။ ဒါ ဘုရားတည်ပြီးရင် ဌာပနာမလို့ကွ"

"အထဲက ရတနာတွေကို မပျောက်ပျက်အောင် ကြပ်ကြပ် သတိထားပါ။ ကျုပ်တို့မှာ ပစ္စည်းစာရင်းရှိတယ်ဆိုတာ ခင်ဗျားသိထားတယ် မဟုတ်လား"

ဟု မေးလျှင် ဆရာငဆောင်မှာ မျက်နှာအကြီးအကျယ်ပျက်သွားလေ၏။

"ဟေ့. . . မင်းတို့ ချက်ချင်း ဇရပ်ပေါ်က ဆင်းသွားကြစမ်း။ လူပါးဝတဲ့ ဆရာတွေ။ နင့်တို့ မကြာခင် ရက်ပိုင်းအတွင်းမှာ ငါ့အကြောင်းသိကြမှာပ"ဟု ကြိမ်းဝါးလေ၏။



ဆရာရွှဲလည်း ရယ်မောလျက်. . .

"ဘယ်လိုဖြစ်ရပြန်တာလဲ ဆရာငဆောင်ရဲ့။ ခင်ဗျားပဲ ကျုပ်တို့ကို ပညာချင်းဖလှယ်ရအောင် ဇရပ်ကို ကြွခဲ့ပါဆိုလို့ လာခဲ့ရတာ။ ခုတစ်ခါ. . ခင်ဗျားက နှင်ပြန်ပြီလား။ ရပါတယ်။ ကျုပ်တို့ ပြန်ပါ့မယ်။ ကျုပ်တို့ကလဲ ဒီမှာ အချိန်ဖြုန်းဖို့ အချိန်အခါ မဟုတ်သေးပါဘူး။ သို့သော်လဲ ခင်ဗျားကို သတိပေးလိုက်မယ်။ လူလိမ်၊လူညာ၊လူမိုက်တွေရဲ့ သွားရာလမ်းဟာ အစီစိပဲရှိ တယ်"

ဆရာရွှဲက မြို့သူမြို့သားများဘက် လှည့်လျက်. . .

"အားလုံးပဲ ဘာမှမစိုးရိမ်ကြပါနဲ့တော့။ ခင်ဗျားတို့ ရပ်ရွာရဲ့ ဘေးအန္တရာယ်ကိုရှင်းပေးဖို့ ကျွန်တော်တို့ ရောက်လာပြီ ဖြစ်ပါတယ်။ ကျွန်တော်ကဆရာရွှဲဖြစ်ပြီး ဒါကဆရာချိတ်၊ ဒါက ဆရာဟိန်း ခေါ်ပါတယ်။ ကျွန်တော်တို့ဟာ ခင်ဗျားတို့ရပ်ရွာက ကိုရင်ငချမ်းကောင်းနဲ့ သမီးမနန်းနွယ်တို့ကို အကြောင်းပြုပြီး ရောက်လာတာဖြစ်တဲ့အတွက် အဲဒီအိမ်မှာ တည်းခိုနေထိုင်လျက်ရှိပါတယ်။ မြို့သူမြို့သားများ နေထိုင်မကောင်းတဲ့ ဝေဒနာ ရိုးကအစ မည်သည့်အကြောင်းကိစ္စကြီးငယ်ကိုမဆို အကူအညီ လာတောင်းနိုင်ပါတယ်"

မြို့သူမြို့သားတို့မှာ ဆရာရွှဲတို့အပေါ် အားကိုးလိုဟန် ဖြင့် ငေးကြည့်နေသော်လည်း ငယ်ကြောက်လိုဖြစ်နေသော

www.burmeseclassic.com

www.burmeseclassic.com



ဆရာငဆောင်က ရှိနေပြန်ရာ ဆရာငဆောင်၏ တင်း
ခက်ထန်သော်မျက်နှာကို ကွက်ကြည့်ကွက်ကြည့်လုပ်ရင်း မလှ
ရဲဘဲ ရှိကြလေ၏။

"ကဲ. . . အားလုံးပဲ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"
ဟု နှုတ်ဆက်ပြီး ဇရပ်ပေါ်မှ ခပ်တင်းတင်းဆင်းလာ
လေတော့သည်။

အိမ်ပြန်ရောက်လျှင် အဖြစ်အပျက်ကို မနန်းနွယ်
အသေးစိတ်မေး၍ ဆရာချိတ်က အသေးစိတ်ရှင်းလင်းပြောပြ
လေသည်။

ဆရာငဆောင်ကို ဦးကျိုးအောင် ဆုံးမနိုင်ခဲ့၍ မန
နွယ်၏ ရင်ထဲတွင် ကျေနပ်ဝမ်းမြောက်နေလေသည်။

* * *

ယနေ့သည် လကွယ် စနေနေ့။

ဆရာရွှဲတို့ စကားစမြည် ပြောနေစဉ် အိမ်ခြံဝင်း
လူရွယ်ငါးဦး ချဉ်းကပ်လာနေ၏။

သူတို့ ပုံစံမှာ မတ်ဝန်းကျင်ကို မျက်လုံးတဝေ့ဝေ့
ရင်း လျှောက်လာကြခြင်းဖြစ်သည်။ သူတို့အား အခြား မည်



မြင်တွေ့စေလိုပုံမရချေ။

ခြံဝင်းထဲရောက်လျှင် "ဦးရှီးချမ်းကောင်း. . ဦးရှီး
ချမ်းကောင်း" ဟူ၍လည်းကောင်း၊ "မနန်းနွယ်. . မနန်းနွယ်"
ဟူ၍လည်းကောင်း အသံခပ်အုပ်အုပ်ပြု၍ ခေါ်သံကြားရသည်။

မနန်းနွယ်ဆင်းလာလျှင် လူရွယ်များကိုမြင်ရာ သိကျွမ်း
ရင်းနှီးသောသူများဖြစ်၍ ခြံတံခါးကို ဖွင့်ပေးလိုက်၏။

ဦးဆောင်လာသော လူရွယ်က မနန်းနွယ်ကို ရွှန်းရွှန်း
စားစား တစ်ချက်စိုက်ကြည့်ပြီး လူရွယ်များနှင့်အတူ ခြံဝင်း
အတွင်းသို့ ဝင်လာကြ၏။

"မနန်းနွယ်တို့အိမ်ကိုရောက်နေတဲ့ ဆရာတွေနဲ့ တွေ့ပါ
ရစေ" ဟု ခွင့်ပန်၏။

မနန်းနွယ်ကလည်း ခွင့်ပြုလိုက်လေသည်။

ဆရာရွှဲက. . .

"သူငယ်တို့ ဘယ်လို အရေးကိစ္စများ ပေါ်လာလို့လဲ။
အကြောင်းရှိသမျှ ပွင့်ပွင့်လင်းလင်းပြောပါ။ ဆရာတို့ ကူညီဖို့
အသင့်ပါပဲ" ဟု ပြောလျှင် လူရွယ်ငါးဦးအနက် ခေါင်းဆောင်ဖြစ်
ဟန်တူသော လူရွယ်လူချောက. . .

"ကျွန်တော့်အမည် မောင်မောင်ဦးဖြစ်ပါတယ်။ ကျွန်
တော်တို့ အခုလာကြတာက ကျွန်တော်တို့ မြို့သူမြို့သားများ

www.burmeseclassic.com

www.burmeseclassic.com



အပေါ် မမှန်ကန်တဲ့နည်းတွေနဲ့ ဩဇာလွှမ်းမိုးထားတဲ့ ဆရာငဆောင်ကို ဒီက ဆရာများက နှိမ်နင်းမယ်ဆိုတာကြားသိရလို့ ဆရာများ လိုအပ်တာရှိရင် ကူညီရအောင် လာခဲ့ကြတာပါ။ ကျွန်တော်တို့ဟာ ဒီက ဦးရိုးငချမ်းကောင်းနဲ့ မနန်းနွယ်တို့အပေါ် အလွန်ပဲရင်းနှီးကြပါတယ်"

"ဩော်. . . ခုလိုကြားရတာ ဝမ်းသာသကွယ်။ အခုအချိန်က အားလုံး ဆရာငဆောင်ကို ကြောက်ရွံ့နေကြတာကြောင့် မလှုပ်ရဲတဲ့အချိန်ပဲ။ အခုလိုအချိန်မှာ သတ္တိရှိရှိနဲ့ ရောက်လာကြတဲ့ တူမောင်တို့ရဲ့စိတ်ဓါတ်ကို ချီးကျူးပါတယ်"

"ဆရာငဆောင်က လူဆိုးလူတေတွေကို တပည့်မွေးထားတာကြောင့် ဆရာတို့အတွက် စိုးရိမ်ပြီး သတိပေးရင်းလိုတာလဲ လုပ်ဆောင်ပေးရအောင် သူငယ်ချင်းငါးယောက်တိုင်ပင်ကာ လာဖြစ်ခဲ့တာပါပဲ။ ပြီးတော့လဲ မနန်းနွယ်ဆိုတာက ငယ်စဉ်ကတည်းက လူငယ်ချင်းရင်းနှီးတဲ့ သူငယ်ချင်း၊ သံယောဇဉ်ကလဲရှိတော့" ဟုဆိုလျှင် အနီးတွင် ထိုင်နေသော နန်းနွယ်မှာ ရှက်ရွံ့သွားဟန်ဖြင့် ခေါင်းကို ငုံ့လိုက်၏။

ထို့နောက် ဇေယျပဏ္ဍိတ်ဆရာချိတ်အား တစ်ချက်ခိုးကြည့်လိုက်ပြီး မျက်လွှာချထားလိုက်လေသည်။

ဆရာ့ရွှက. . .



"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်။ ဆရာငဆောင်ရဲ့ တပည့်လူမိုက်တွေကိုလဲ သတိထားမိပါတယ်။ ဆရာတို့မမှုပါဘူး။ သို့သော် ကိစ္စအထူးရှိရင် တူမောင်တို့ရဲ့အကူအညီကို လိုကောင်းလိုမယ်။ အကူအညီလိုတဲ့အခါ မနန်းနွယ်က တစ်ဆင့် ပြောလိုက်ပါ့မယ်"

"ဟာ. . ပြောသာပြောပါ။ လိုတဲ့အကူအညီကို ဆောင်ရွက်ပေးပါ့မယ်"

မနန်းနွယ်က အနီးတွင် ဝင်ထိုင်ရင်း. . .

"အခုလို အကူအညီပေးဖော်ရတာ နန်းနွယ်ကလဲ ကိုမောင်မောင်ဦးတို့ကို ကျေးဇူးတင်ပါတယ်"ဟု ပြုံးလျက်ပြောသည်။

မောင်မောင်ဦးက. . .

"အို. . ကျေးဇူးတွေ ဘာတွေတင်ဖို့မလိုပါဘူး မနန်းနွယ်ရယ်။ ကိုဦးတို့ မနန်းနွယ်တို့က ငယ်သူငယ်ချင်းတွေပဲဟာ။ သူစိမ်းတွေမှ မဟုတ်ဘဲ"

ငချမ်းကောင်းက. . .

"ကဲ. . . မောင်မောင်ဦးနဲ့ သူငယ်ချင်းတွေကို ရောက်တုန်းရောက်ခိုက် ပြောင်းဖူးပြုတ်ကျွေးလိုက်ပါကွယ်။ ဦးတို့ ခြံထဲကထွက်တဲ့ သကြားပြောင်းတွေလေ"

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ဦးက. . .

"မနန်းနွယ် ပြောင်းဖူးပြုတ်ရင်း ကျွန်တော်တို့ ဝိုင်းကူလုပ်ပေးပါ့မယ်။ ကိုင်း. . . သိန်းဝင်းရေ၊ မင်းက မီးမွှေးကွာ။ ငါတို့ ပြောင်းဖူးအိုး ပြင်လိုက်ဦးမယ်"ဟု ပြော၏။

မောင်မောင်ဦးနှင့် သူငယ်ချင်းများသည် မနန်းနွယ်နှင့် စကားတပြောပြော ပျော်ရွှင်ရယ်မောကာ ပြောင်းဖူးပြုတ်ကြ၏။ ကျက်လျှင် ဆရာရွှဲ၊ ဆရာဟိန်း၊ ဇေယျပဏ္ဍိတ်ဆရာချိတ်နှင့် ငချမ်းကောင်းတို့အတွက် ဦးစွာ ပန်းကန်နှင့်လာပို့ပေး၏။

ပြောင်းဖူးက. ချိုလှချေသည်။

အတော်ညဥ့်နက်မှပင် မောင်မောင်ဦးနှင့် လူငယ်တစ်သိုက် ပြန်သွားကြ၏။ သူတို့အားလုံး ပျော်ရွှင်ကြည်လန်းနေကြလေ၏။

ရွာလယ်လမ်းမသည်မူ လမိုက်ညထဲတွင် မှောင်မည်းနေလေသည်။

အမှောင်ထဲမှာ မောင်မောင်ဦးတို့ တေးသီသွားသော အသံက တဖြည်းဖြည်း ဝေး၍ သွားလေတော့သည်။

* * *

လွန်ခဲ့သော ညက မြို့တောင်ဘက်မှာ ဖြစ်ပျက်ခဲ့သည့် တင်းကို မောင်မောင်ဦးနှင့် သူ၏ သူငယ်ချင်းများက သယ် ဆောင်လာကြသည်။ ထိုသတင်းမှာ သိသင့်သိထိုက်သော တင်းတစ်ခုဖြစ်ကြောင်း ပေါ်လွင်နေသည်။

ထို့ကြောင့် ထိုသတင်းအချက်အလက်များ အပေါ်၌ ရာရွှဲ၊ ဆရာဟိန်းနှင့် ဇေယျပဏ္ဍိတ်ဆရာချိတ်တို့က အသေ ချာ စေ့စေ့ဆန်းစစ်ကြလေသည်။

"အသံတွေ ကြားတာက နွားတင်းကုပ်ထဲက ကြားတာ ချာသလား"ဟု ဆရာရွှဲက မေးသည်။

မောင်မောင်ဦးက. . .

"ဟုတ်ပါတယ် ဆရာ၊ အသံကို ဒေါ်ပုမရော သူ့သမီး ပါတာတို့တင်မကဘူး။ ဦးကြီးကျော်ပါ သုံးယောက်လုံး ကြား က်ကြတာပါ"

"အသံက. . ဘယ်လို အသံမျိုးလဲ"

"အသံနက်ကြီးနဲ့ ညည်းညူတဲ့ အော်သံမျိုးပဲ။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



နွားတင်းကုပ်ထဲက နွားတွေက ထူးထူးခြားခြား လန့်ခြင်း၊ ကြောက်ခြင်း၊ ရုန်းကန်ခြင်းမရှိဘူး"

"ဦးကြီးကျော်တို့ဒေါ်ပုမတို့က ဘယ်လို ယူဆသလဲ"

"သူတို့ကတော့ သရဲလိုလို၊ တောကောင်တွေပဲ ဝင်သလိုလို တောင်ထင်၊မြောက်ထင်ပေ့ါ ဆရာရယ်"

"ဘာကြောင့် တောင်ထင်မြောက်ထင် ထင်ကြတာလဲ"

"အကြောင်းအကျိုး မည်မည်ရရရှိလို့တော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့နေ့က ဦးကြီးကျော်နဲ့ ဆရာငဆောင်နဲ့ ရွာလယ်လမ်းမှာတွေ့ကြတော့ ဦးကြီးကျော်က သူ့ဘာသာသူ ကွမ်းဝါးတွေးတွေးတာကို ဆရာငဆောင်က သူ့ကိုစောင်းပြီး ထွေးတယ်လို့ယူဆပြီး ရန်မှုစကားပြောတယ်။ မင်းတို့ ငချမ်းကောင်းအိမ်ရောက်နေတဲ့ ဆရာတွေအားကိုးနဲ့ ငါ့ကို လူပါးဝကြတာလား။ အေး သိမယ်. . . သိမယ်။ ငါ့အကြောင်း သိကြရမယ်ဟေ့. . . လို့ ကြိမ်းဝါးထားတာရှိတော့ ဘာတွေညာတွေနဲ့များ တိုက်သလားဆိုပြီး သံသယဝင်ကြတာပါ"

ဆရာချိတ်က "တောကောင်တို့ သရဲတို့ဆိုတာ လုံးမဖြစ်နိုင်ပါဘူး။ ဘာကြောင့်ဆို တင်းကုတ်ထဲက နွားတွေက ထူးထူးခြားခြား လန့်ခြင်း၊ ကြောက်ခြင်း၊ ရုန်းကန်ခြင်းမှ မရှိဘဲ" ဟု မှတ်ချက်ပြုသည်။



"နွားတင်းကုပ်တံခါးဝက. . တံခါးမင်းတုတ် ပွင့်နေသလား" ဆရာရွှဲက မေးသည်။

မောင်မောင်ဦးက. . .

"ပွင့်နေတယ်. . ဆရာ"

"အသံနက်ကြီးနဲ့ အော်သံကြားပြီးတဲ့နောက် နွားတစ်ကောင် အော်သံ၊ လန့်ရုန်းသံကြားတယ်ပေ့ါ ဟုတ်လား"

"ဟုတ်ပါတယ်. . ဆရာ"

"ဦးကြီးကျော်တို့ မီးတုတ်ထွန်းပြီး နွားတင်းကုပ်ထဲ ဝင်ကြည့်တော့ ခိုင်းနွားတစ်ကောင်ရဲ့လက်ပြင်မှာ ချွန်ထက်တဲ့အရာနဲ့ခြစ်ထားတဲ့ အစင်းကြောင်းကိုးခုကို သွေးသံရဲရဲနဲ့ တွေ့တယ်ပေ့ါ"

"မှန်ပါတယ်. . ဆရာ။ အဲဒီဒဏ်ရာကို ကျွန်တော်တို့ ကိုယ်တိုင်လဲ ဝင်ကြည့်ခဲ့ပါတယ်။ အသားထဲကို အတော်နက်နက်ကြီးဝင်သွားလို့ လက်ပြင်က အရိုးတွေတောင် ပေါ်နေပါတယ် ဆရာ"

"တံခါးဝက သံချိတ်အစွန်းမှာ ငြိကျန်နေရစ်တဲ့ အဝတ်စကို. . ဘယ်သူ တွေ့တာလဲ"

"ကျွန်တော်တွေ့တာပါ ဆရာ" ဟု မောင်မောင်ဦး၏ သူငယ်ချင်း ထွန်းဝေဆိုသောသူငယ်က ဝင်ပြောခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ တစ်ယောက်ယောက်ရဲ့ ကိုယ်မှာ ဝတ်ထားတဲ့ အင်္ကျီစဖြစ်မယ်လို့ မောင်မောင်ဦးက ဘာကြောင့်ယူဆတာလဲ"

"ဒီပိတ်စရဲ့အကွက်က အင်္ကျီကွက်ဖြစ်နေတာက တစ်ကြောင်း၊ ဒီပိတ်စကိုနမ်းကြည့်တော့ လူ့ခန္ဓာကိုယ်ကထွက်တဲ့ ချွေးနံ့တွေရနေတာကတစ်ကြောင်းတို့ကြောင့် ဒါအင်္ကျီတစ်ခုကပြဲပြီး ပြုကျန်ရစ်တဲ့အစဖြစ်မယ်လို့ မှန်းဆတာပါ ဆရာ"

"မောင်မောင်ဦး တော်တယ်။ မင်း အယူအဆတာ အမှန်နဲ့ အနီးစပ်ဆုံးပဲ" ဟု ဆရာရွှေက ချီးကျူးစကားပြော၏။

လွန်ခဲ့သောညက မြို့တောင်ဘက်ရှိ ဦးကြီးကျော်၊ ဒေါ်ပုမတို့အိမ်တွင် ဖြစ်ပျက်ခဲ့ပုံမှာ ညဉ့်နက်၍ အိမ်သားများဖြစ်ကြသော ဦးကြီးကျော်၊ ဒေါ်ပုမနှင့်သမီးမသီတာတို့ အားလုံး အိပ်ရာဝင်ပြီးစတွင် ဆွဲဆွဲငင်ငင်နှင့် အော်လိုက်သော အသံနက်ကြီးတစ်ခုကို အိမ်နံဘေး နွားတင်းကုပ်ထဲမှ ကျယ်လောင်စွာ ကြားလိုက်ရသောကြောင့် အိပ်ရာမှ လန့်နိုးလာကြပြီး ကြက်သီးမွေးညင်းများ ထမိကြလေတော့၏။

နောက်တစ်ကြိမ် ထပ်၍ ၎င်းအသံနက်ကြီးကို ကြားရပြန်ကာ သားအမိ၊ သားအဖသုံးဦးသား တစ်ဦးကိုတစ်ဦး လက်ကုတ်လျက် မီးတိုင်ကြီးကို ထွန်းညှိလိုက်ကြတော့၏။

မီးရောင်လင်းချင်းလာလျှင် နွားတင်းကုပ်ထဲမှ တတိယ



ကြိမ်မြောက် အသံနက်ကြီးထွက်ပေါ်လာပြီးနောက် နွားတစ်ကောင်၏ နာကျင်ထိတ်လန့်စွာ အော်လိုက်သံ၊ ခွာရှုပ်သံ၊ ရုန်းကန်သံများကို ဗုန်းဒိုင်းကြဲကြားရပြန်၏။

ရုတ်တရက် ဖြစ်ပေါ်လာသော ကြောက်လန့်စရာများကြောင့် ကြက်သေသေနေကြရာကား အိမ်ပေါ်မှ ရုတ်တရက်ဆင်းမကြည့်မိကြချေ။

အတန်ကြာမှ အိမ်ခေါင်းရင်း အိမ်ခြေရင်းခြံများကိုအမ်းခေါ် အသံပေးပြီး နွားတင်းကုပ်ထဲ ဝင်ကြည့်ကြသည်။

နွားကြီးတစ်ကောင် သွေးသံရဲရဲ ဒဏ်ရာရသည်မှအပခြေရာလက်ရာမဖျက်လှချေ။ သတင်းကြားသောကြောင့် ကာလသားများဖြစ်ကြသော မောင်မောင်ဦးတို့လည်း ရောက်သွားပြီးအခြေအနေကို စုံစမ်းကြသည်။

ဦးကြီးကျော်က ဆရာရွှေတို့နှင့် မောင်မောင်ဦးတို့ အဆက်အသွယ်ရှိမှန်း သိထားလေရာ မောင်မောင်ဦးတို့ကို တီးတိုးမှာပြီး ဆရာရွှေတို့အား အကြောင်းကြားကာ မည်သို့ ဆက်လက်ပြုမူသင့်ကြောင်း အကြံပေးပါရန်နှင့် လိုအပ်သလို အကူအညီပေးပါရန် တောင်းပန်ခိုင်းလိုက်လေ၏။

ထိုအကြောင်းများကြောင့် ဆရာရွှေတို့ထံ မောင်မောင်ဦးနှင့် လူငယ်များ ရောက်နေကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို သဘောရသလဲ ဆရာချိတ်"ဟု ဆရာရွှဲက မေးသည်။

"ကျွန်တော့် အမြင်ကတော့ ဒီအမှုဟာ မရိုးသားဘူး။ တိတိကျကျ ပြောရရင် ဆရာငဆောင်တို့ရဲ့ ကောက်ကျစ်တဲ့ လက်ချက်ပဲလို့ စွပ်စွဲချင်တယ်"

ဆရာရွှဲက. . . "ကျုပ်သဘောလဲ ဆရာချိတ်နဲ့ ထပ်တူပါပဲ။ ကိုင်း. . . ဒီတော့ ဒီလိုလုပ်။ ဒီညမှာလည်း ဒီကောင်တွေ ဆက်ပြီး လာနှောင့်ယှက်ဦးမှာပဲ။ မောင်မောင်ဦးတို့ သတ္တိကောင်းကြရဲ့လား"

"အမှန်တရားအတွက် ဆောင်ရွက်ရမယ်ဆိုရင် အသက်စွန့်ရဲပါတယ် ခင်ဗျား"

"သတ္တိကိုတော့ ကြိုက်သွားပြီ။ ဒီလိုကွယ့်. . ဒီည ဦးကြီးကျော်တို့ ခြံထဲကနေပုန်းပြီး စောင့်ဖမ်းဖို့ပဲ။ အဲဒီကိစ္စကို မောင်မောင်ဦးတို့ တာဝန်ယူနိုင်ပါ့မလား"

"ရဲရဲတောက်. . တာဝန်ယူရဲပါတယ် ဆရာ"

"ကျုပ်တို့ကလဲ ခေါင်းရင်းကအိမ်မှာ အိမ်ရှင်ကို ခွင့်ပန်ပြီး တိတ်တဆိတ် ပုန်းအောင်းစောင့်ဆိုင်းနေကြမယ်။ အချိန်တန်လို့ မသမာတဲ့လူတွေရောက်လာရင် နှစ်ဖက်ညှပ်ပြီး အမိဖမ်းကြတာပေါ့။ မီးတုတ်တွေလဲ အတော်များများစုဆောင်းပြီး



အလင်းရောင်အားနဲ့ မိအောင်ဖမ်းကြမယ်"

"ကောင်းပါတယ် ဆရာ"

ထို့နောက် ပုန်းအောင်းစောင့်ဆိုင်း ဖမ်းဆီးကြရမည့် အစီအစဉ်ကို ဆရာရွှဲတို့နှင့် လူငယ်များဖြစ်ကြသော မောင်မောင်ဦးတို့ တိုင်ပင်ကြသည်။

ချမ်းကောင်းကလည်း အကြံကောင်းများ ဝင်ပေးသည်။ မနန်းနွယ်လည်း စိတ်ဝင်စားစွာ နားထောင်နေသည်။

ထောင့်စုံအောင် စေ့ငုစွာ တိုင်ပင်ပြီးနောက် မောင်မောင်ဦးတို့ ပြန်ရန် ဟန်ပြင်သည်။

"ကိုဦးတို့ ပြန်လိုက်ဦးမယ် မနန်းနွယ်"

"ကောင်းပါပြီ ရှင်"

မောင်မောင်ဦးနှင့် သူငယ်ချင်းများသည် တက်ကြွစွာဖြင့် ပြန်သွားကြလေသည်။

မနန်းနွယ်က ဇေယျပဏ္ဍိတ်ဆရာချိတ်ကို ကြည့်လိုက်သည်။

"ညကျရင် နန်းနွယ်လဲ ဆရာတို့နဲ့ လိုက်ခဲ့ချင်တယ်"

ဇေယျပဏ္ဍိတ်ဆရာချိတ်က စဉ်းစားဟန်ဖြင့် တွေဝေနေပြီး. . .

"ဦးကြီးချမ်းကောင်း. . ဘယ်လို သဘောရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဒီကလေးမ တစ်ယောက်တည်း အိမ်မှာ နေခဲ့တာထက် ဟိုကိုလိုက်ခဲ့တာ သူ့အတွက်ပါ စိတ်အေးရမယ် ထင်တယ်။ ကျုပ်တို့ သွားညအိပ်ပြီး စောင့်ကြမယ့် အိမ်က နန်းနွယ်နဲ့ ဆွေမျိုးနီးစပ်တော်ပါတယ်။ အဲဒီအိမ်ရှင်ဦးမဲရဲ့မိန်းမ ဒေါ်ရှင်က ဒီကလေးမရဲ့ ကြီးတော်တော်တာပေါ့"

"ဩော်. . .။ ဒါဆို အတော့်ကိုပဲအဆင်ပြေသွားပါလား ကဲ. . . မနန်းနွယ်။ ညကျရင် ကျွန်တော်တို့နဲ့လိုက်ခဲ့ဖို့သာ ပြင်ထားပေတော့"

ဇေယျပဏ္ဍိတ်ဆရာချိတ်၏ စကားကိုကြားလျှင် မနန်းနွယ်မျက်နှာသည် ဝမ်းသာခြင်းကို ဖုံးကွယ်မထားနိုင်ဘဲ ပြုံးရွှင်ကြည်လင်သွားလေ၏။

* * *

ညသည် လမိုက်ည ဖြစ်ရကား ပိန်းပိတ်အောင် မှောင်နေသည်။

အချိန်မှာ သန်းခေါင်လွန်ပြီဖြစ်ရကား တစ်မြို့လုံး အိပ်မောကျနေပြီဖြစ်၍ ပုရစ်အော်သံ၊ ပုစဉ်းရင်ကွဲအော်သံ တစ်ချက်တစ်ချက်ကြားရသော ငှက်ဆိုးထိုးသံများမှအပ အခြား



မည်သည့်အသံမျှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေချေသည်။

အမှောင်တိုက်အောက်တွင်ရှိနေသော ဦးကြီးကျော်၊ ဒေါ်ပုမတို့၏ ခြံတစ်ခုလုံးလည်း မည်သည့်လှုပ်ရှားမှု၊ မည်သည့်အသံကိုမျှ မကြားရဘဲ ငြိမ်သက်နေသည်။

ဦးကြီးကျော်၊ ဒေါ်ပုမတို့နှင့် ခြံချင်းကပ်လျက် ခေါင်းရင်းရှိ ဦးမဲ၊ ဒေါ်ရှင်တို့၏ ခြံထဲတွင်ကား ဖျာကြမ်းများ မြေမှာခင်းလျက် ဆိတ်ငြိမ်စွာ လဲလျောင်းနေကြသော သဏ္ဌာန်များရှိနေကြောင်း အနီးကပ်၍ အသေအချာကြည့်လျှင် မြင်တွေ့နိုင်လေသည်။

သူတို့သည်ကား ဇေယျပဏ္ဍိတ်ဆရာချိတ်တို့တည်း။

သူတို့သည် တစ်ဦးနှင့်တစ်ဦး အသံကို တိုးစွာပြုလျက် စကားပြောနေကြ၏။

ချမ်းကောင်းက. . .

"သန်းခေါင်ကျော်သွားပြီ။ ဒီည လာပါဦးမလား"

"မနေ့ညက ညအစောပိုင်း ဝင်ထားတာဆိုတော့ ဒီည မိုးလင်းပိုင်းမှ ဝင်မယ်ထင်တယ်။ လာတာကတော့ လာမှာပါ" ဟု ဇေယျပဏ္ဍိတ်ဆရာချိတ်က ဖြေ၏။

ဆရာဟိန်းက. . .

"ကိုရင် ချမ်းကောင်း. . . အိပ်ငိုက်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က အရေးမဟုတ်ပါဘူး။ ဦးကြီးကျော်တို့ ခြံထဲမှာ စောင့်နေတဲ့ မောင်မောင်ဦးတို့ လူငယ်တွေကိုသာ စိုးရိမ်တာပါ"

"မောင်မောင်ဦးတို့ကို အကဲခတ်ခဲ့ရတာကတော့ စီရိယ ပေါ့လျော့မယ့်ပုံ မရှိပါဘူး"

ဆရာရွှဲက. . မှတ်ချက်ပေးသည်။

အားလုံး အသံတိတ်ဆိတ်သွားပြီး ငြိမ်သက်စွာ စောင့်နေကြပြန်သည်။ အသက်ရှူရှိုက်သံကသာ တိုးတိုးပေါ် ထွက်နေလေ၏။

မည်မျှကြာသွားသည် မသိ။ အတွေးကိုယ်စီနှင့် မိမိတို့ အာရုံအသီးသီးတွင် နစ်မျှောနေကြစဉ်၊ အလွန်ထိတ်လန့်ဖွယ်ကောင်းသော အသံနက်ကြီးသည် ရုတ်တရက် ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

"အူး. . . ဂရူး. . . ဂရူး. . . အူး"

"ဟော. . . ဒီအသံက ဦးကြီးကျော်တို့ နွားတင်းကုပ်ထဲက အသံပါလား။ အားလုံး အသင့်ပြင်ထားကြနော်" ဆရာချိတ်က အသံကို ခပ်အုပ်အုပ်ဖြင့် သတိပေးလိုက်သည်။

အသံကြားပြီး ချက်ချင်းလိုပင် ဦးကြီးကျော်ခြံ၏ နွားတင်းကုပ်အနီးတွင် မီးတုတ်လေးငါးဆယ်ခု တစ်ပြိုင်တည်း



ထွန်းလင်းလာကြလေ၏။ မောင်မောင်ဦးနှင့် လူငယ်များဖြစ်ကြသည်။ မီးတုတ်များက နွားတင်းကုပ်ကို ဝိုင်းလိုက်ကြသည်။

"အူး. . . ဂရူး. . . ဂရူး. . . အူး"

ဒုတိယအကြိမ်မြောက် အသံနက်ကြီးက ထွက်ပေါ်လာသည်။

သို့သော် မောင်မောင်ဦးနှင့်တကွသော လူရွယ်များသည် ကြောက်လန့်ခြင်းမရှိကြဘဲ နွားတင်းကုပ်အနီးသို့သာ တိုးဝင်သွားကာ ဆူညံသော အသံများကိုပြုလေ၏။ လက်ထဲမှ ဝါးရင်းတုတ်များကိုလည်း မြှောက်ကာမြှောက်ကာနှင့်. . .

"ဟော့. . . ဝိုင်းထားဟေ့။ မလွတ်စေနဲ့ကွ"

"ဟိုဘက်က အသေအချာကြည့်ထားဟေ့။ မောင်စိုးရေ"

"စိတ်ချ ကိုကြီးမြရေ။ ဟဲ့. . . ကိုလှကမီးတုတ်ကို မြှောက်ထားလေ"

"ထွက်လာရင် မညှာနဲ့ဟေ့. . . အပိုင်သာ တွယ်လိုက်"

ဆူညံသော အသံများပြု၍ နွားတင်းကုပ်ကို ဝိုင်းကြလေသာ မြို့တွင်းရှိ အခြားခြံများမှ လူများလည်း အသံများကြားကာ ထွက်လာကြပြီး တုတ်နှင့်လှံစသည်တို့ကိုကိုင်စွဲကာ ဦးကြီးကျော်ခြံသို့ စုရုံးရောက်ရှိလာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှင့်အတူ မီးတုတ်များလည်း ပါလာကြလေရာ ပတ်ဝန်းကျင်၌ လင်းထိန်နေလေ၏။

ရုတ်တရက် မထင်မှတ်ဘဲ နွားတင်းကုပ်၏ ဘေးထရံတစ်ချပ်သည် ဝုန်းခနဲ ပွင့်ထွက်သွားပြီး အထဲမှ စောင်မည်းကြီးများခြုံထားသော လူငါးဦးခုန်ထွက်လာကြ၏။

"ဟော့ . . . အနားကို တစ်ယောက်မှမကပ်ကြနဲ့။ အကုန်လုံး အသက်ပါသွားမယ်။ ဒီမှာတွေ့လား ဓားစကြာလက်နက်"

ရှေ့ဆုံးမှလူက သူ့လက်တွင် စွပ်ထားသော ကျားလက်သည်းကဲ့သို့သော ဓားချွန် ကောက်ကောက် ကိုးချောင်းတိတိကို စုစည်းတွဲစပ်ပြုလုပ်ထားသော လက်နက်ဆန်းကို မြှောက်၍ ခြိမ်းခြောက်လိုက်၏။

မီးရောင်တွင် လက်နက်ဆန်း၏ အသွားများက ဖျိုးဖျိုးဖျပ်ဖျပ် လင်းလက်သွားပေရာ ထိတ်လန့်ဖွယ် ရှိလှလေတော့သည်။

ထိုလက်နက်အားကိုးဖြင့် စောင်မည်းကြီးများခြုံပြီး ရုပ်ဖျက်ထားသောလူငါးဦးသည် နွေ . . ါ်ဆုတ်နောက်ဆုတ်ဖြင့် နွားတင်းကုပ်မှခွာကာ ဦးမဲ၊ ဒေါ်ရှင်တို့၏ ခြံဘက်သို့ကူး၍ပြေးရန် တစ်လှမ်းချင်း ချဉ်းကပ်လာလေ၏။

အမှောင်ရိပ်၌ ဆရာဟိန်း၊ ဆရာရွှဲနှင့် ဇေယျပဏ္ဍိတ်



ဆရာချိုတ်တို့က အသင့်စောင့်နေကြောင်း သူတို့မသိကြချေ။

အနီးသို့ရောက်လာလျှင် ရုတ်တရက် ဆရာဟိန်းက ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်ပြီး လွှားခနဲ ခုန်ထွက်သွားကာ အံ့အားသင့်နေသော ရှေ့ဆုံးမှလူ၏ လက်ထဲရှိ ဓားစကြာဟုခေါ်သော လက်နက်ဆန်းကို ဝါးရင်းတုတ်နှင့် ရိုက်ချလိုက်သည်။

"ခြွမ်း . . . ချလွမ်း . . ချလွမ်း"

"အား . . ."

အလစ်တွင် ပြင်းထန်စွာ အတိုက်အခိုက်ခံလိုက်ရသည်ဖြစ်သောကြောင့် လက်တွင်ဒဏ်ရာရသွားပြီး နာကျင်စွာ အော်လျက် ထိုဓားစကြာလက်နက်ဆန်းလည်း မြေပေါ်သို့ လွင့်စဉ်ကျသွားလေတော့၏။

အားကိုးပြုသော လက်နက်မဲ့သွားကြပြီဖြစ်ရာ အားလုံးဖရိုဖရဲဖြစ်သွားပြီး ပြေးပေါက်ကိုသာ ရှာလေတော့၏။

"ဟော့ . . . လူလိမ်တွေ မလွတ်စေနဲ့ဟေ့"

"ဝိုင်းထားဟေ့ . . . ဝိုင်းထားကြ"

မကောင်းဆိုးဝါး ဟန်ဆောင်ထားသူများမှာ အလိမ်ပေါ်ပြီဖြစ်၍ . . နောက်သို့ လှည့်ပြေးကြ၏။

သို့သော် မောင်မောင်ဦးတို့ လူငယ်များက ဝါးရင်းတုတ်များဖြင့် ရိုက်ပုတ်ဖမ်းဆီးသောကြောင့် အားလုံးကိုမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နွားချည်ကြိုးများဖြင့် အားလုံးကို လက်ပြန်တုပ်၏။

မြို့သူမြို့သားများလည်း ထိုအခါမှ အဖြစ်မှန်ကို သိသွားကြတော့၏။

ပတ်ဝန်းကျင်၌ အမှောင်ထုကလည်း လျော့နည်းစပြုလာပြီ။ နံနက်ဝေလီဝေလင်းချိန်. . .

"ကဲ. . . မောင်မောင်ဦးတို့ရေ။ အချိန်သင့်ပြီပေါ့။ ဒီလူလိမ်တွေကို ကိုရင်ချမ်းကောင်းခြံထဲ ခေါ်လာခဲ့ကြ။ ဟိုရောက်မှ. . အသေအချာ စစ်ဆေးကြမယ်"

လူလိမ်များကိုဖမ်းပြီး ခေါ်လာရာ လူအုပ်ကြီးလည်း နောက်က လိုက်ပါလာလေတော့၏။

* * *

ချမ်းကောင်း၏ ခြံဝင်းအတွင်း၌ လူများစွာ ရောက်ရှိနေကြ၏။

မီးတုတ်များ ထွန်းညှိထားသည်။ ခြံဝင်းမှာ အတော်ပင်ကျယ်သေးရာ တဆင့်စကား တဆင့်နားကြားပြီး ရောက်လာကြသော လူအများအတွက် ကျဉ်းကျပ်မှုမရှိချေ။

လူအများအလယ်၌ ဖမ်းမိထားသော မကောင်းဆိုးဝါး



အတုများရှိနေ၏။ ထိုလူလိမ်များကို ဆရာရွှဲက ဦးဆောင်၍ စစ်ဆေးခဲ့ပြီးဖြစ်၏။

မကောင်းဆိုးဝါး ဟန်ဆောင်ခဲ့ကြသော ထိုလူများသည် ဆရာငဆောင်၏ တပည့်များဖြစ်ကြသော ကျားကြီးငညွန့်၊ မောင်လှိုင်၊ မောင်ကြိုင်၊ အေးဝင်းနှင့် တွတ်နီစသူတို့ ဖြစ်လေသည်။

သူတို့ကို ဆရာငဆောင်က စေခိုင်းသောကြောင့် မျက်နှာတွင် သွေးနပ်ခါးထူပိန်းအောင် လိမ်း၍လည်းကောင်း၊ မီးသွေးမှုန့်များမည်းညစ်အောင် လိမ်း၍လည်းကောင်း၊ စောင်အဟောင်းကြီးများ ခြုံ၍လည်းကောင်း ပုံဖျက်ထားကာ ကျားကြီးငညွန့်က အသံနက်ကြီးဖြင့် အော်ဟစ်လျက် ခြောက်လှန့်ခဲ့ခြင်းဖြစ်သည်။

ဆရာငဆောင် ခိုင်းစေသည့်အတိုင်း လုပ်ဆောင်လျှင် ဆရာငဆောင်က ငွေအသပြာများ ပေးကမ်းမည်ဖြစ်ကြောင်း ကတိပြုထားသည်ဟု သိရ၏။

မြို့သူမြို့သားများက ဒေါသထွက်လျက် ပြင်းထန်သော အပြစ်ပေးချင်နေသော်လည်း ဆရာရွှဲက မေတ္တာရပ်ခံသောကြောင့် တစ်ဦးလျှင် ကြိမ်ဒဏ်သုံးချက်စီ ဆုံးမပြီး ပြန်လွှတ်လိုက်လေ၏။

သူတို့ကို မှာလိုက်သည်မှာ လူလိမ်တစ်ဦး ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ဆရာငဆောင်ကို စွန့်လွှတ်လျက် အမှားကို အမှန်ရောက်အောင် ဘဝကို ပြုပြင်ကြရန်ဟူ၍ ဖြစ်၏။

မြို့ထိပ်ဇရပ်တွင် ဆရာငဆောင်တို့ကို သွားရှာကြသော မောင်မောင်ဦးခေါင်းဆောင်သည့် ကာလသားတစ်စုမှာ ပြန်ရောက်လာကြ၏။

ဆရာငဆောင်ကိုလည်းကောင်း၊ သူ၏ တပည့်များကိုလည်းကောင်း တစ်ယောက်မျှ မတွေ့ချေ။

ဆရာငဆောင်နှင့်အတူ ဘုရားတည်ရန် မြေမှုတူးဖော် ရရှိသောရတနာအိုးမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

ဆရာရွှေမှာ ဤအမှုပင် ဖြစ်လာလိမ့်မည်ဟု မူလကပင် ထင်ထားခဲ့ရာ စိတ်အနှောင့်အယှက် ဖြစ်ပုံမရ။

"ကိစ္စမရှိဘူး. . . မောင်မောင်ဦးရေ၊ ဒီလူလိမ်ပြေးပါစေဦး။ အချိန်တန်ရင် လူရော ရွှေအိုးရော ပြန်တွေ့ရမှာပေါ့။ မစိုးရိမ်ကြပါနဲ့ သိပ်မစောင့်ရပါဘူး"

မြို့ထဲမှ လူကြီးသူမများကို စုစည်းလျက် ချေမ်းကောင်းကို ဦးဆောင်စေပြီး တိုင်ပင်နှီးနှောစေ၏။

တိုင်ပင်နှီးနှောစေသည့် အကြောင်းမှာ မြို့ဦးရှိ ဇရပ်တွင် သက်ကြီးရွယ်ကြီးများ သွားရောက်လျက် ညဥ့်အိပ်ညဥ့်နေ နေကြရန်နှင့် နံနက်၌ မနောမယဘုရားတည်ရေးအတွက် ချေမ်းကောင်း ဦးဆောင်လျက် သာသနာပြုအဖွဲ့တစ်ဖွဲ့ ဖွဲ့ရန်ဖြစ်သည်။



ဆရာရွှေညွှန်ကြားသည့်အတိုင်း ချေမ်းကောင်းဦးဆောင်လျက် လူကြီးသူမများ တိုင်ပင်ညှိနှိုင်းပြီးနောက် မြို့ဦးဇရပ်တွင် စောင့်အိပ်ရန် သက်ကြီးတစ်စု ထွက်ခွာသွားကြ၏။

ဆရာရွှေက မောင်မောင်ဦးတို့ကို မပြန်စေသေးဘဲ မနန်းနှယ်တို့အိမ်၌ ချန်နေစေ၏။

ကျန်လူများကို ပြန်စေရာ အတန်ကြာလျှင် တစ်စတစ်စ လူရှင်းသွား၏။ မောင်မောင်ဦးတို့ ကာလသားတစ်စုသာ ကျန်တော့၏။

လူရှင်းသွားလျှင် ဆရာရွှေက မောင်မောင်ဦးနှင့် ကာလသားများအား တီးတိုးပြောသည်မှာ. . .

"ဒီည မြို့ထဲကို ဆရာငဆောင်ရဲ့ တပည့်တွေ ပြန်ဝင်လာကြလိမ့်မယ်။ အဲဒါ မောင်မောင်ဦးတို့ ကာလသားလူငယ်တွေက ကင်းပုန်းစောင့်ပြီး အမိဖမ်းကြဖို့ပဲ။ ဘယ့်နှယ့် ဆောင်ရွက်နိုင်ပါ့မလား"

မောင်မောင်ဦးမှာ အလွန်တက်ကြွစွာဖြင့်. . .

"ဟာ. . . ဆရာရွှေရယ်၊ ဒီတာဝန်မျိုးကို ဆောင်ရွက်ချင်လို့ ဆရာတို့ဆီ လာနေတာပဲ ဆရာရွှေရယ်။ ဘာပြောစရာရှိသလဲ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချပါ ဆရာ။ ကျွန်တော်တို့ လူငယ်တွေ တာဝန်ကျေရပါစေမယ်။ တစ်ယောက်မှ . . မလွတ်စေရပါဘူး"

နန်းနွယ်က ကာလသားများအတွက် အရေးပေါ် ပေါင်းထားသော ကောက်ညှင်းပေါင်းနှင့် ရေနွေးကြမ်းလာချပေးသည်။

မောင်မောင်ဦးတို့လည်း စားသောက်ပြီး အတန်ကြာလျှင် တစ်ဦးနှင့်တစ်ဦး တီးတိုးတိုင်ပင်ပြီးနောက် တစ်ဦးပြီးတစ်ဦး အလျှိုလျှို ပျောက်သွားကြလေတော့၏။

ဆရာရွှဲတို့သည် အိမ်ပေါ်တက်ကာ ခြေဆန့်လက်ဆန့် အနားယူကြ၏။

ချမ်းကောင်းက တစ်စုံတစ်ရာကို မေးလိုဟန်ဖြင့် ချီတုံချတုံ ဖြစ်နေ၏။ ဖက်ဆေးပေါ့လိပ်ကြီး တဖွားဖွားရှိုက်ဖွာရင်း တစ်ယောက်တည်း တွေးနေ၏။

နောက်ဆုံး မအောင့်အည်းနိုင်တော့ဘဲ ဆရာရွှဲအနီးသို့ တိုးကပ်ကာ. . .

"ဆရာ. . . ကျွန်တော် တစ်ခုလောက်မေးပါရစေ"

"အာ. . မေးပါ။ ကိုရင်ချမ်းကောင်း ဘာသိချင်လို့လဲ"

"ဒီလိုပါ ဆရာ။ မကောင်းဆိုးဝါးတွေက အတုတွေဆိုတာတော့ ရှင်းပါပြီ။ ဒါပေမယ့် ဆရာစဆောင်က သူ့တပည့်တွေကို. . ဒီမြို့ထဲ ဘာကြောင့် ထပ်လွှတ်ရပြန်တာလဲ"



ဆရာရွှဲက ပြုံးရယ်လျက်. . .

"ခင်ဗျားသိချင်တဲ့ ကိစ္စအတွက် အဖြေကို ဒီညရမယ်လေ။ မောင်မောင်ဦးတို့ လူငယ်တွေ သွားစောင့်နေတာ အဲဒီကိစ္စပေါ့"

အထက်ပါအတိုင်း ဆရာရွှဲကပြောလျှင် ချမ်းကောင်းမှာ နားမရှင်းလှသော်လည်း ထပ်မံမေးမြန်းခြင်း မပြုတော့။ ဖက်ဆေးလိပ်ကြီးကိုသာ တဖွားဖွား ရှူရှိုက်နေလေတော့သည်။

တစ်စတစ်စ ညဥ့်အတော်နက်လာ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်မှာ သင်ဖြူးဖျာပေါ်၌ အစဥ်ဆန့်လဲလျောင်းနားနေရင်း မှေးခနဲ တစ်ချက်အိပ်ငိုက်မောင်ဦးတို့ ထူးဆန်းသော ချိုးကူသံတစ်ခု ရွာလယ်မှ ပေါ်လာချေ၍သို့ ခေါ် ဆတ်ခနဲ လန့်နိုးသွား၏။ ကို အိပ်စေ

ချိုးကူသံသည် ရွာလယ်မှ ရွာဖျားသို့တိုင် ဆင့်ကာ ပေါ်ပြီးနောက် ရုတ်တရက်အော်ဟစ်သံများ၊ သံများ၊ ထိုးကြိတ်သံများ၊ ရိုက်နှက်သံများ၊ လူသံများ၊ ရေ တစ်ဝုန်းဝုန်း ပေါ် ပေါက်လာလေတော့၏။ ့်တွေ့ပဲ။

ဆရာရွှဲက. . .

"ဆရာချိတ်၊ ဆရာဖိုးဟိန်း၊ ကိုရင်ချမ်းကောင်း ထကြဦး။"

www.burmeseclassic.com



ဟု အသံပေး၏။

ဆရာဟိန်းလည်း မေးပျော်သွားပုံရ၏။

ချေမ်းကောင်းမှာ အိမ်တိုင်ကိုမှီပြီး အိပ်ပျော်နေ၏။

မနန်းနွယ်ပါ အိပ်ရာမှာ နိုးလာ၏။

အားလုံး ထထိုင်ပြီး နိုးနိုးကြားကြားဖြစ်ကြလျှင် အိမ်ခြံ ဝန်းထဲသို့ အုန်းအုန်းကျွတ်ကျွတ်ဖြင့် လူသံများ ဝင်လာသည်ကို ကြားရ၏။

ဆရာရွှဲတို့လည်း အိမ်အောက်သို့ ဆင်းလာကြ၏။

မောင်မောင်ဦးတို့မှာ. . ဝမ်းသာ ရွှင်ပျနေကြ၏။

အနာ. "ဆရာတို့ရေ၊ မြို့ထဲဝင်လာတဲ့ ဒီသုံးယောက်ကို မိခဲ့

။ စုစုပေါင်း သုံးယောက်တည်း ဝင်လာတယ်။ သူတို့

ချတုံ ဖြစ်လုံးမှာ အထုပ်တွေပါလာတယ်"

တစ်ယော-ရာရွဲက စစ်ဆေးသောအခါ အောက်ပါအတိုင်း

တိုးကပ်ငှင်းတို့သုံးဦးမှာ ဆရာငဆောင်၏ တပည့်များဖြစ်ပြီး

ဉ်းမှာ လှကြိုင်၊ လှနိုင်နှင့် အောင်ကြည်ဝင်းတို့ဖြစ်သည်။

အသီးသီးပါလာသော အထုပ်များအတွင်း၌ ဆေးမှုန့်များ

ာသည်။

ထိုဆေးမှုန့်များသည် လူတို့ကို ဖျားနာစေသော ဆေး



မှုန့်များဖြစ်၏။

သုံးရေအိုးများ၌ ထိုဆေးမှုန့်များကို ဖြူးရန် ဆရာငဆောင်က ထိုလူသုံးဦးကို လွှတ်လိုက်ခြင်းဖြစ်ရာ ဆရာရွှဲက ကြိုတင်ရိပ်စားမိသောကြောင့် မောင်မောင်ဦးတို့ အကူအညီဖြင့် လက်ရဖမ်းလိုက်ခြင်း ဖြစ်ပေ၏။

ထိုသူတို့၏ ထုတ်ဖော်ဝန်ခံချက်အရ ဆရာငဆောင်သည် ရတနာအိုးကို ယူဆောင်ပြီး တပည့်များနှင့်အတူ တောင်အရပ်စူးစူးရှိ သလ္လဝတီမြို့သို့ ခရီးပြင်းနှင်သွားပြီဖြစ်ကြောင်း သိရလေသည်။

အချိန်လည်း မရှိတော့သည်နှင့် နံနက်ကျမှ အစီအစဉ်ဆွဲ ဆောင်ရွက်ကြတော့မည်ဟု ဆုံးဖြတ်ပြီး မောင်မောင်ဦးတို့ကို ဆရာငဆောင်၏ တပည့်သုံးဦးအား မြို့ဦးဇရပ်သို့ ခေါ်ဆောင်သွားစေကာ ဇရပ်မှာပင် မောင်မောင်ဦးတို့ကို အိပ်စေလိုက်၏။

* * *

"ဒီကောင်တွေ တော်တော်ယုတ်မာတဲ့ကောင်တွေပဲ။ သတ်ပစ်တာ အေးပါတယ်"

"ဒီကောင်တွေ ကိုယ့်မြို့သားချင်း စာနာစိတ်မရှိဘူး။

www.burmeseclassic.com



ပြင်းပြင်းထန်ထန် အပြစ်ပေးသင့်တယ်"

"လုပ်ချင်တာလုပ်ဟေ့။ ဒီလို အတ္တသမားတွေကိုတော့ နည်းနည်းလေးမှ မသနားပေါင်။ ဆန်ကုန်မြေလေး အန္တရာယ်ကောင်တွေ"

နံနက်၌ မြို့ဦးဇရပ်သို့ ရောက်သွားလျှင် မြို့သားအတော်များများ ရောက်နေကြပြီး ပွက်လောရိုက်နေ၏။

ဇရပ်တိုင်တွင် လက်ပြန်ကြိုးတုပ်ထားသော ဆရာဧဆောင်၏ တပည့်သုံးယောက်မှာ ခေါင်းငိုက်စိုက်ကျနေကြ၏။ ကြောက်ရွံ့နေပုံလည်း ရသည်။

ဆရာရွှဲတို့ ဇရပ်ပေါ် လှမ်းတက်လိုက်မှ စီညံနေသော စကားသံများ တိတ်သွား၏။

ကာလသားခေါင်းဆောင် မောင်မောင်ဦးက "ဆရာ ဒီ သုံးယောက်ကို ဘယ်လိုစီရင်မလဲဆိုတာ အဆုံးအဖြတ်ပေးပါဦး ဆရာ။ ဒီမှာအားလုံးကပဲ ဒီကောင်တွေရဲ့လုပ်ရပ်ကို သိသွားကြပြီး ဒေါသထွက်နေကြပါတယ်"ဟု ပြော၏။

ဆရာရွှဲက. . .

"ဟေ့. . . လူကြိုင်တို့ လူမြိုင်တို့၊ မင်းတို့ကို ဘာအပြစ်မှ မယူဘဲ လွတ်လပ်ခွင့်ပေးလိုက်ရင် မင်းတို့ ဘာလုပ်ကြမလဲ။ အသေအချာစဉ်းစား။ မင်းတို့အချင်းချင်း တိုင်ပင်ပြီးတော့ ငါ့ကို



ပြောပေတော့" ဟု မြုန်းစားကြီးဆိုလိုက်ရာ သုံးယောက်သား 'ဗျာ' ဟု အာမေဍိတ်သံထွက်၍ အံ့အားသင့်နေကြလေတော့သည်။

မြို့သားအချို့ကမူ မကျေမချမ်းနှင့်. . .

"ဘယ် ဒီလိုကောင်မျိုးတွေ. . . ဒီအတိုင်းပြန်လွှတ်လို့ဖြစ်မလဲ"

စသည်ဖြင့်. . . မြည်တွန်တောက်တီးကြလေ၏။

ဆရာဟိန်းက ပွစိပွစိပြောနေကြသူများကို တစ်ချက်စိုက်ကြည့်လိုက်ပြီး လက်ကာပြလိုက်၏။ ထိုအခါမှ မည်သည့်စကားမျှ မဟဝံ့တော့ဘဲ ငြိမ်သက်သွားတော့သည်။

ဆရာရွှဲက. . .

"ကဲ. . အားလုံးပဲ အဲဒီသုံးယောက်ဘေးကနေ ဝေးဝေးလေးသွားနေကြပါ။ သူတို့ဘာသာ လွတ်လွတ်လပ်လပ် တိုင်ပင်ကြပါစေ"ဟု ပြောလိုက်၏။

အနီးမှလူများ ရှဲသွားလျှင် သုံးဦးသား အတန်ကြာအောင် တီးတိုးတိုင်ပင်ကြလေ၏။

ထို့နောက် ဆရာရွှဲထံသို့ သူတို့ပြောရမည့်စကားကို သူပြောငါပြောနှင့် တာဝန်လွှဲကြရာ နောက်ဆုံးတွင် အောင်ကြည်င်းဆိုသူက ပြောမည်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာရွဲက ချောင်းဟန့်လိုက်ပြီး. . .

"ကဲ. . . မင်းတို့ တိုင်ပင်လို့ ပြီးပြီလား"

အောင်ကြည်ဝင်းက. . .

"ဟုတ်ကဲ့ပါ. . . ဆရာကြီး။ ကျွန်တော်တို့ ဆုံးဖြတ်ချက်ကိုမပြောမီမှာ ကျွန်တော်တို့တစ်ညလုံးတွေးတော ကြောက်လန့်နေရတဲ့အကြောင်းကို အရင် ပြောပါရစေ။ ကျွန်တော်တို့ဟာ ဆရာငဆောင်ရဲ့ မမှန်ကန်တဲ့ဦးဆောင်မှုနောက်မှာ လမ်းမှားလိုက်ခဲ့မိတာကြောင့် ကျွန်တော်တို့ရဲ့လုပ်ဆောင်မှုကနေပြီး ကျွန်တော်တို့မြို့သားအချို့ အသက်ဘေးအန္တရာယ် ဖြစ်ခဲ့ရပါတယ်။ အဲဒီလို ကျွန်တော်တို့မိုက်ဖြစ်ရှိတာကြောင့် နံနက်နေထွက်ရင် ငါတို့ သေရတော့မှာပဲလို့ ထိတ်လန့်ချောက်ချားနေကြပါတယ်။ အခုဆရာကြီးထံက လုံးဝမမျှော်လင့်တဲ့ စကားကိုကြားရတဲ့အခါ အိပ်မက်များလားတောင် ထင်မိပါတယ် ခင်ဗျား။ ဒါပေမယ့် အိပ်မက်မဟုတ်ဘဲ တစ်ကယ်ဖြစ်နေပါတယ်။ ကျွန်တော်တို့ကို အသက်ဘေးက ချမ်းသာပေးရုံမျှမက လွတ်လပ်ခွင့်ပါပေးမယ်ဆိုတော့ ကိုယ့်နားကိုယ် မယုံနိုင်အောင်ဘဲ ဆရာကြီးနဲ့မြို့သူမြို့သားတွေကို ပြောမပြနိုင်အောင် ကျေးဇူးတင်လှပါတယ် ခင်ဗျာ။ ကျွန်တော်တို့ကို လွှတ်လိုက်မယ်ဆိုရင် ဆရာကြီးနဲ့တကွ မြို့သူမြို့သားတွေအားလုံးဟာ ကျွန်တော်တို့ရဲ့



အသက်သခင်များ ဖြစ်ကြပါပြီ။ ဒါကြောင့် ကျွန်တော်တို့လွှတ်သွားရင် မြို့သူမြို့သားတွေရဲ့ကျေးဇူးကို ပြန်ဆပ်ပါ့မယ်"

ဆရာရွဲက. . .

"မင်းတို့ မြို့သူမြို့သားတွေရဲ့ကျေးဇူးကို ပြန်ဆပ်မယ်ဆိုတာ ဘယ်လိုဆပ်မှာလဲ" ဟု ဖြတ်၍ မေးလိုက်၏။

"မြို့သူမြို့သားတွေကို ဒုက္ခပေးပြီး ကျွန်တော်တို့ကိုလဲ လမ်းမှားကို ဦးဆောင်ခဲ့တဲ့ ဆရာငဆောင်ကို မတွေ့တွေ့အောင်ရှာပြီး ရှင်းပစ်ပါ့မယ်"ဟု အောင်ကြည်ဝင်းက ပြတ်သားစွာ ဆိုလေ၏။

သူ့မျက်နှာ၏ ညှိုသောအသားပေါ်တွင် မေးကြောများ ထောင်ထနေသည်ကို အတိုင်းသားမြင်နေရလေသည်။

ဆရာရွဲက. . .

"မင်းတို့ ဆရာငဆောင်ကို ရှင်းပစ်ဖို့ မလိုပါဘူး။ ဆရာငဆောင် ဘယ်မှာရှိတယ်၊ ဘာတွေလုပ်နေတယ်ဆိုတာကို ငါတို့ဆီ သတင်းပို့ပေးဖို့ပဲလိုတယ်။ မင်းတို့ကို အသပြာငွေကြေးအတော်များများပေးပြီး လွှတ်လိုက်မယ်။ မင်းတို့က ဆရာငဆောင်နောက်ကို လိုက်သွားကြ။ သူခိုင်းတာ 'အဆင်ပြေခဲ့တယ်လို့ ညာပြောပြီး အဲဒီမှာ ဆရာငဆောင်နဲ့ ရောနှောနေကြ သူ့အလိုကျ အလိုက်သင့်နေရင်းနဲ့ အရေးကြီးတဲ့ သတင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဆီပြန်ပို့ပေး ဟုတ်လား"

"ဟုတ်ကဲ့. . . စိတ်ချပါ ဆရာကြီး"

"ကိုင်း. . . ဒီကောင်တွေကို ကြိုးဖြေပေးလိုက်ဟေ့"

ဆရာရွှဲက အမိန့်ပေးလျှင် မောင်မောင်ဦးတို့လည်း ကြိုးဖြေပေးလိုက်ကြလေ၏။

ဆရာရွှဲက သုံးဦးလုံးအား ဘုရားကိုရည်မှန်းဦးချစေပြီးနောက်နောင်တွင် အများသူငါတို့အား ဆိုးကျိုးဖြစ်စေသောမည်သည့်ကိစ္စကိုမဆို မကျူးလွန်တော့ပါဟု ကတိသစ္စာပြုစေသည်။

ထို့နောက်မှာ တစ်ဦးလျှင် ငွေအသပြာအတန်မျှစီ ချမ်းကောင်းထံမှ ပေးစေကာ သုံးဦးအား ဆရာငဆောင်နောက်သို့အားချင်း လိုက်သွားစေလေ၏။

ထိုသုံးဦးအဝေးသို့ ရောက်သွားလျှင် ဆရာရွှဲက မြို့သူမြို့သားများကို အောက်ပါအတိုင်း ချိုသာအေးချမ်းစွာဖြင့် ရှင်းပြလေသည်။

"အခု လွှတ်လိုက်တဲ့လူတွေဟာ ဆရာငဆောင်ကြောင့်လမ်းလွဲကိုရောက်ပြီး မိုက်မှားခဲ့ကြတာပါ။ တစ်ကယ်က ဆရာငဆောင်ဟာ တရားခံ အရင်းအမြစ်ဖြစ်ပါတယ်။ အရင်းကိုလှဲရင် အဖျားထင်းဖြစ်တယ်ဆိုတဲ့ စကားပုံကို ကြားဖူးကြမှာပါ။



အခုအချိန်က အရင်းအမြစ်ဖြစ်တဲ့ ဆရာငဆောင်ကို မခုတ်လှဲနိုင်သေးတဲ့အချိန်ဖြစ်လို့ မျောက်အမြီးနဲ့ မျောက်ကိုချည်တယ်ဆိုတာမျိုးလိုပဲ သူ့တပည့်တွေနဲ့ သူ့သတင်းကို စုံစမ်းခိုင်းရပါတယ်။ ဒါမှသာ ဒီဒင်္ခမြို့သာမက မြို့တိုင်းရွာတိုင်းရဲ့ ရန်သူဖြစ်တဲ့ ဆရာငဆောင်ရဲ့အန္တရာယ်ကို အပြီးအပြတ် ရှင်းနိုင်မှာဖြစ်ပါတယ်"

ဆရာရွှဲ၏ ရှင်းပြခြင်းကို ကြားပြီးနောက် အားလုံးသဘောပေါက် နားလည်ကျေနပ်သွားကြကာ ဆရာရွှဲတို့အားကျေးဇူးတင်စကားအသီးသီးပြောပြီး မြို့သူမြို့သားများ ပြန်သွားကြ၏။

လူအတန်စဲလျှင် ဆရာရွှဲက မောင်မောင်ဦးကို ခေါ်ယူပြီး. . .

"ကဲ. . မောင်မောင်ဦးတို့ရေ. . ။ မင်းတို့ အကူအညီကြောင့် ဆရာငဆောင်ကိစ္စ သုံးပုံတစ်ပုံတော့အောင်မြင်ပြီလို့ဆိုရမယ်။ ကျန်တဲ့သုံးပုံနှစ်ပုံကိုလဲ ပြီးဆုံးအောင် ဆက်ကူညီပါဦးလို့ ဆရာတို့က တောင်းပန်ချင်ဘယ်။ ဘယ့်နှယ်လဲ"

"ဟာ. . . ကူညီပါ့မယ်ဆရာ။ စိတ်ချပါ. ."

မနန်းနွယ်က. . .

"ဒီကလူတွေနဲ့ ဆရာကြီးတို့ နံနက်စာသုံးဆောင်နိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်မအိမ်ပြန်ပြီး စီစဉ်ချက်ပြုတ်လိုက်ပါဦးမယ်။ ခွင့်ပြုပါဦး ဆရာကြီး"

ဟု ဆရာရွှဲထံ ခွင့်ပန်ကာ ဇရပ်ပေါ်မှ သုတ်သုတ်ဆင်းသွားလေတော့သည်။

ဆရာရွှဲက ပုတီးကို လည်ပင်းမှ ဖြုတ်ယူ၏။ ဆရာဆောင်၏ အန္တရာယ်ကို ပထမအဆင့် အောင်နိုင်ခဲ့ပြီဖြစ်၍ ဘုရားဂုဏ်တော်ကိုးပါးကို ပုတီးပတ်(၁၀၈)ပတ်စိပ်ရန် ဇရပ်ခေါင်းရင်းတွင် နေရာရှင်း၍ ထိုင်လိုက်၏။

ဆရာရွှဲသည် ပုတီးစိပ်ပြီးနောက် အနန္တစကြာဝဠာရှိလူ နတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား မေတ္တာပို့ အမျှပေးဝေပေလိမ့်မည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ဇရပ်ပတ်လည်သို့ စည်းချဂါထာရွတ်ရင်း အကာအကွယ် အဆီးအတားများ လုပ်နေသည်။

ထိုအခိုက်၌ ဆရာချိတ်သည် ဇရပ်အတွင်း၌ မောင်မောင်ဦးတစ်ယောက် ပျောက်နေကြောင်း သတိထားမိသည်။ ဇရပ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်သောအခါ၌လည်း အနီးအနား၌ မရှိကြောင်း သိရ၏။

ဆရာဟိန်းကလည်း ဇရပ်ပတ်လည်တွင် လျှောက်ရင်း မန္တန်များ ရွတ်ဖတ်နေသည်။ ဆရာရွှဲသည်လည်း ပုတီးစိပ်နေခဲ



ဖြစ်သည်။

အတန်ကြီးကြာသွားလျှင် ဆရာရွှဲ ပုတီးပတ်ပြည့်သွား၍ ဘုရားဝတ်ပြုခြင်းနှင့် အမျှအတန်းပေးဝေသံကို ကြားရလေသည်။

ဆရာရွှဲသည် ဘုရားဝတ်ပြုပြီးနောက် ဇရပ်အတွင်း၌ အညောင်းအညာပြေ လမ်းလျှောက်၏။

"ဟဲ့. . . မောင်မောင်ဦး တစ်ယောက်မတွေ့ပါလား။ ဘယ်ရောက်သွားလဲ။ မြို့ထဲ ပြန်သွားတယ်ထင်တယ်" ဆရာရွှဲ၏ မေးသံဖြစ်၏။

မည်သူ့အဖြေမှ. . မကြားရ။

အခြားလူရွယ်များလည်း သတိမပြုမိလိုက်ဘဲ ရှိပုံရလေသည်။

ဆရာရွှဲက. . .

"အတော်ပင်ပန်းသွားသလား. . ဆရာချိတ်"

"ပင်ပန်းလှတယ် မဟုတ်ပါဘူး. . ဆရာရွှဲရယ်"

အနီးတွင် ဆရာဟိန်းလည်း လာရောက်ထိုင်ပြီး. . .

"ဆရာရွှဲရေ. . . ကျွန်တော်တို့ လွှတ်လိုက်တဲ့ ဆရာဆောင်တပည့်သုံးယောက်ကို စိတ်ချရပါ့မလား။ ကျွန်တော်စိတ်ထဲ စိုးရိမ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေး၏။

ဇရပ်တိုင်တွင် ကျောမှီထိုင်နေသော ချေမ်းကောင်းက . .

"ဆရာရွှဲက လွှတ်လိုက်ဆိုလို့သာ. . . ကျွန်တော့် စိတ်အလိုအရဆိုရင်ဖြင့် ဒီကောင်တွေအပေါ် လုံးဝစိတ်မချနိုင်ဘူး။ အထူးသဖြင့် ဟို အောင်ကြည်ဝင်းဆိုတဲ့ ကြခုရွှာသားဟာ စကားမှန်မယ် မထင်လှဘူး" ဟု သူ့စိတ်ထဲရှိသည်ကို ပြောပြသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က မည်သည့် မှတ်ချက်မှ မပေးချေ။ ဆရာဟိန်းက ဆရာရွှဲ ဘာပြောမည်နည်းဟု ကြည့်လေ၏။

ဆရာရွှဲက. . .

"သုံးရက်စောင့်ကြည့်မယ်။ သုံးရက်မှ အကြောင်းမထူးရင် ကျုပ်တို့ အစီအစဉ်သစ်တစ်ခု ထပ်ဆွဲကြတာပေါ့။ ဘာဖြစ်ဖြစ် မစိုးရိမ်ကြပါနဲ့လေ။ ဆရာငဆောင် ကျုပ်တို့လက်က မလွတ်နိုင်ပါဘူး"

ချေမ်းကောင်းက. . .

"သူ့လက်ထဲကို ရတနာအိုးပါသွားလို့ စိတ်မိုပူနေရတာပါ" ဟု ပြော၏။



ဆရာရွှဲက. . .

"လွှတ်လိုက်တဲ့ သုံးယောက်မှာ သုံးယောက်လုံး စိတ်မချရတောင် အနည်းဆုံးတစ်ယောက်ကတော့ သစ္စာမဲ့ပါလိမ့်မယ်။ ပြီးတော့ ခင်ဗျားတို့သိအောင်ပြောရရင် ဆရာငဆောင်ကို မြို့မှာပဲ အမိဖမ်းချင်ရင် ဖမ်းလို့ရပါတယ်။ ကျုပ်က သူ့ကို အမိဆွဲမထားလိုက်ချင်လို့ တမင်မကြိုးစားဘဲ လွှတ်ပေးလိုက်တာပါ"

ချေမ်းကောင်းနှင့် ဆရာဟိန်း အံ့အားသင့်နေကြောင်း သူတို့ မျက်နှာပေါ်မှ အမူအရာများအရ သိနိုင်သည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က အနည်းငယ်အံ့အားသင့်သော်လည်း သူ့အတွင်းစိတ်သဏ္ဌာန်မှာ မျက်နှာ၌ မပေါ်လွင်ချေ။

ဆရာဟိန်းက. . .

"ဆရာရွှဲ တမင်ကိုပဲ လွှတ်ပေးလိုက်တာ ဟုတ်လား။ အင်း. . . ဒါဆိုရင် ဆရာ့မှာ တစ်ခြားရည်ရွယ်ချက်တစ်ခု ရှိလို့ဖြစ်မှာပေါ့ ဟုတ်လား"

"အင်း. . . ဟုတ်တယ်"

ဆရာဟိန်းမှာ သိချင်စိတ်ကို မျှိုသိပ်မထားနိုင်ဟန်ဖြင့် မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ မသိရဘူးလား ဆရာ"

"အင်း. . . အချိန်တော့ မတန်သေးဘူး။ ဒါပေမယ့် သိရပါမယ်လေ။ ဒီလိုဗျ" ဟုဆိုကာ ဆရာရွှေသည် လေသံကို အတန်ငယ်နှိမ့်၍ အောက်ပါအတိုင်းပြောပြသည်။

"ဆရာငဆောင်မှာ သူ့အထက်ဆရာကြီးတစ်ဦးရှိသေးတယ်"

"ဟင်. . . ဟုတ်လား"

"ဟုတ်တယ်"

"ဪ. . . ဒီလိုကိုး။ ဆရာငဆောင်က သူ့ဆရာကြီးနဲ့ အဆက်အသွယ် ရှိနေတာပေါ့"

ဆရာဟိန်းက မေး၏။

"အင်း. . . ရှိနေတယ်"

"အတော် ဆိုးရွားကြတာပဲ"

"ဒါကြောင့် ဆရာရော တပည့်ပါ ရှင်းနိုင်အောင် ကြိုးရှည်ရှည် လွှတ်ပေးထားတာပါ။ ဆရာတို့စိတ်ရှည်ရှည်ထားကြပါနော်"

"ဪ. . စောစောက မသိလို့ပါဆရာရယ်။ အခု ရှင်းသွားပါပြီ။ ဆရာရွှေအစီအစဉ်ဟာ အကောင်းဆုံးပဲဆိုတာ သိပါပြီ"ဟု ဆရာဟိန်းက ဆို၏။



ချမ်းကောင်းက. . .

"တစ်ချက် ဆရာရယ်။ အလွန်ပဲ မရှင်းတဲ့အချက်ကလေး မေးပါရစေ။ ဆရာကြီးက ဒီအကြောင်းတွေကို ခရေစေ့တွင်းကျ ဘယ်လိုများ သိနေတာပါလဲ"

ဆရာရွှေက ထိုမေးခွန်းကိုကြားလျှင် ပြုံးရယ်ပြီး. . .

"ကျုပ် ဒီအကြောင်းတွေကို ခရေစေ့တွင်းကျ ဘယ်လို သိသလဲဆိုတာ တစ်နေ့ကျရင် ခင်ဗျားတို့လဲ သိရမှာပါပဲ။ အခု တော့ ယေဘုယျလောက်ပဲပြောမယ်။ အဖြစ်အပျက်က ဒီဗေဒယျ ပဏ္ဍိတ်ဆရာချိတ်ရဲ့မိဘများနဲ့ ဆက်စပ်နေတာကြောင့် ဒီ သတင်းတွေကို ကျုပ်တို့ရဲ့ အဆက်အနွယ်တွေနဲ့ စုံစမ်းထား တာပါပဲ"

"ဆရာရှင်းပြတာတွေ နားထောင်ရတာ အင်မတန် အံ့သြမိပါတယ်"ဟု ချမ်းကောင်းက ပြော၏။

ဆရာရွှေက. . .

"ခုကိစ္စမှာ ခင်ဗျားဟာ နှယ်နှယ်ရရ အခန်းကဏ္ဍက ပါနေတာမဟုတ်ဘူး။ အဓိကအခန်းမှာ. . ပါနေတယ်"

"ဟင်. . .။ ဟုတ်ရဲ့လား ဆရာရယ်"

"ဟုတ်တယ်လေ။ မနောမယစေတီ တည်ဆောက်ရေး ကိစ္စမှာ ခင်ဗျားက ဘုရားဒကာအဖြစ် ဦးဆောင်လုပ်ရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီမြို့ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်မှာရှိတဲ့ မြို့အနှံ့နယ်အနှံ့ ကလူတွေဟာ ကျုပ်တို့ ရည်ရွယ်ချက်အောင်မြင်ရင် မနောမယစေတီကို အုန်းအုန်းကျွက်ကျွက် ပါဝင်တည်ဆောက်ကြလိမ့်မယ်"

"ကြားရတဲ့ စကားတွေအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ပါဘိတော့တယ်. . ဆရာရယ်"

"ခင်ဗျား စိတ်အေးအေးထား၊ စိက်ရှည်ရှည်ထား၊ အချိန်တန်ရင်. . . ခင်ဗျားအမှန်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလိမ့်မယ်"

ဆရာရွဲတို့ စကားပြောဆိုနေစဉ်တွင် မြို့ဦးဇရပ်ဆီသို့ ထမင်းတောင်း၊ဟင်းတောင်းများရွက်၍ လာနေသော လုလင်ပျို တစ်ဦးနှင့် မိန်းမပျိုတစ်ဦးကို တွေ့ရ၏။ ထိုလုလင်ပျိုနှင့် မိန်းမပျိုမှာ မောင်မောင်ဦးနှင့်မနန်းနွယ်တည်း။

ဇရပ်တွင် မောင်မောင်ဦး ပျောက်နေခြင်းမှာ နန်းနွယ်၏ ချက်ရေးပြုတ်ရေးကိစ္စများကို သွားရောက်ကူညီနေခြင်းပင်။

မောင်မောင်ဦးသည် ထမင်းတောင်းကို ပခုံးတွင်ထမ်းလျက် မနန်းနွယ်ကို စကားများ ကရားရေလွှတ် တတွတ်တွတ် ပြောရင်း လျှောက်လာနေ၏။

ဟင်းတောင်းရွက်လာသော မနန်းနွယ်ကလည်း ပြုံးရွှင်



ရယ်မောလျက် မောင်မောင်ဦးပြောသည်တို့ကို ခေါင်းတညိတ်ညိတ်နှင့်. . .

ဗေဒင်ပညာရှိုက်ဆရာချိတ်သည် မောင်မောင်ဦးနှင့် မနန်းနွယ်တို့ နှစ်ဦးကို လှမ်းကြည့်ပြီး ရင်ထဲ၌ အမျိုးအမည်ဖော်၍ မရသော ဝေဒနာတစ်မျိုး လှစ်ခနဲ ခံစားလိုက်ရသည်။

တဒင်္ဂမျှ မှင်တက်မိ၍ ငေးကြည့်နေမိ၏။

ထို့နောက် ဦးရွဲ၏အကြည့်က သူ့ထံရောက်လာ၍ သတိဝင်သွားပြီး အကြည့်ကို မနန်းနွယ်ထံမှလွှဲဖယ်လိုက်၏။

ကစဉ့်ကလျားဖြစ်သွားသော စိတ်ကိုလည်း တည်ငြိမ်အောင် ပြန်လည်ထိန်းချုပ်လိုက်၏။

မောင်မောင်ဦးသည် ထမင်းတောင်းကို ဇရပ်ပေါ် ချပြီး ငှက်ပျောဖက်များဖြင့် ဖြန့်ခင်းသည်။

သူတို့ လူငယ်များအားလုံး တပျော်တပါး စားသောက်မည်ဖြစ်၏။

မနန်းနွယ်က ဒေါင်းလန်းဖြင့် ဆရာရွဲတို့အတွက် ထမင်းပွဲပြင်ပေးသည်။ ရေနွေးကြမ်းထည့်ယူလာသည့် မြေကရားနှင့် မြေခွက်များပါ ရှေ့တွင်ချပေးသည်။

ဆရာရွဲ၊ ဆရာဟိန်း၊ ဗေဒင်ပညာရှိုက်ဆရာချိတ်နှင့် ငရှမ်းကောင်းတို့ ထမင်းစားလျှင် မနန်းနွယ်က အနားတွင် ကျုံ့ကျုံ့

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပြီး လိုအပ်သည်တို့ပြုစုပေးရန် စောင့်နေ၏။

ဆရာရွှဲက. . .

"ဟဲ့. . . သမီး စားပြီးပြီလား" ဟုမေးလျှင်. . .

"ပြီးမှ စားပါ့မယ်. . ဆရာကြီး" ဟု ဖြေ၏။

မောင်မောင်ဦးက လူရွယ်များအတွက် ထမင်းခူးခပ်ပေးနေရင်း လှမ်းပြောသည်။

"နန်းနွယ်. . လာလေ။ တို့နဲ့အတူ တစ်ခါတည်း ဝင်စားလိုက်ပါလား"

"ရပါတယ်. . . ကိုဦးတို့ စားနှင့်"

ထိုအချိန်တွင် မည်သည့်အကြောင်းကြောင့်မှန်းမသိ။ နှုတ်အလွန်နည်းသော ဇေယျပဏ္ဍိတ်ဆရာချိတ်၏ ပါးစပ်မှ လွှတ်ခနဲ စကားတစ်ခွန်းထွက်သွား၏။

"ဟုတ်သားပဲ မနန်းနွယ်။ မောင်မောင်ဦးခေါ်နေတာ။ သူတို့နဲ့ တစ်ခါတည်း သွားစားလိုက်ပါလား။ ဟို. . . မနန်းနွယ် ဆာနေရောပေါ့"

မနန်းနွယ်သည် မျက်လုံးရွဲကြီးများဖြင့် ဇေယျပဏ္ဍိတ်ဆရာချိတ်ကို တစ်ချက်မော့ကြည့်၏။ ထို့နောက် ဖြည်းညင်းစွာ ထသွားပြီး မောင်မောင်ဦးတို့ဝိုင်းတွင် ဝင်ထိုင်လျက် လူငယ်များနှင့်အတူ ထမင်းစားလေသည်။



လူရွယ်တို့သည် ဘာသာဘာဝအလျောက် တစ်ဦးနှင့်တစ်ဦး နောက်ပြောင်ကျီစယ်ရင်း ရယ်မောစရာများ တသော. သောပြောလျက် ပျော်ရွှင်စွာ ထမင်းစားနေကြလေသည်။

မောင်မောင်ဦးက မနန်းနွယ် ထမင်းပုံထဲသို့ ဟင်းဖတ်များ ရွေးထည့်ပေးနေ၏။

မနန်းနွယ်က ခေါင်းငုံ့လျက် ထမင်းကို တစ်လုတ်ချင်း စားနေသည်။

တစ်ချက်တစ်ချက် မောင်မောင်ဦးပြောသော စကားကြောင့် ပြုံးလိုက်သည်ကို တွေ့ရ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်၏ မျက်လုံးထောင့်စွန်းမှ မနန်းနွယ်၏ ပုံရိပ်များ၊ လှုပ်ရှားမှုများကို မြင်နေရ၏။

အတွေးတစ်ခု. . ဖျတ်ခနဲ ဝင်လာ၏။

ငါ့စိတ်တွေ သူ့ဆီ ဘာဖြစ်လို့ရောက်နေပါလိမ့်။

မသင့်တော်ပါဘူးဟု ဇေယျပဏ္ဍိတ်ဆရာချိတ်က ကိုယ့်ကိုယ်ကို ချုပ်တည်းလိုက်၏။

စိတ်လှုပ်ရှားမှုသည် ထိန်းရခက်လှသည်။

ချုပ်ထိန်းထားရင်းမှာပင် လွတ်ထွက်သွားတတ်ပေ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က အာရုံပြောင်းစေရန် ထမင်းပွဲသို့ စိတ်ကိုပို့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထမင်းပွဲသို့ စိတ်ကိုပို့လိုက်ကာမှ ထမင်းစားချင်စိတ် ကုန်သွားလေ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ် လက်ဆေးသည်ကိုမြင်၍ ဆရာဟိန်းက. . .

"ထမင်းစား မကောင်းဘူးလား"

"ဟုတ်ကဲ့. . . ရင်ပြည့်သလိုလို ရင်ကယ်ချင်သလိုလို ဖြစ်နေလို့ပါ" ဟု ဇေယျပဏ္ဍိတ်ဆရာချိတ်က ဖြေ၏။

"ဟဲ့. . အဲဒါ စိတ် စိတ်၊ ရင်ပြည့်တာလဲ စိတ်၊ ရင်ကယ်တာလဲ စိတ်၊ အောင်မြင်တာလဲ စိတ်၊ ဆုံးရှုံးတာလဲ စိတ်၊ မြက်စားတာလဲ ဆိတ်၊ ချိုနှစ်ချောင်းနဲ့ကလဲ ဆိတ်၊ ဆိတ်ပါးစပ်ဆိုတာ တွေ့ကရာ စားချင်တာပဲ။ ထည့်ကွာ။ ငါလဲ စားမယ်"

ရှမ်းလွယ်အိတ်လွယ်ထားသော အဘိုးအိုတစ်ဦးက ဇရပ်ပေါ်သို့ လှမ်းတက်လာရင်း အထက်ပါအတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။

ထိုအခါ ဆရာရွှေက. . .

"သမီးနန်းနွယ်ရေ. . .။ ဟောဒီက အဘဲကို ထမင်းခူးပေးလိုက်ပါဟေ့" ဟု လှမ်းပြောလိုက်၏။

မနန်းနွယ်ကလည်း လျှင်မြန်စွာပင် ထလာပြီး ဒေါင်းလန်းတစ်ခုနှင့် ထမင်းပွဲပြင်လေသည်။



အဘိုးအိုက. . .

"ဟဲ့ ငါက အစားကြီးတယ်နော်။ ထမင်းကော ဟင်းပါ များများထည့်ကွယ့်" ဟု လှမ်းပြောလေ၏။

မနန်းနွယ်ကလည်း ထမင်းနှင့်ဟင်းကို အပြည့်ထည့်ပြီး ထိုအဘရှေ့၌ ရိုသေစွာချပေး၏။

"ဟေ့. . . အားလုံးမှတ်ထားကြ။ ငါ့နာမည် အဘစွမ်းတဲ့။ အဘစွမ်းလာရင် မှတ်သားစရာပါရမယ်။ အဘစွမ်းပြန်ရင် မှတ်သားစရာ ကျန်ရမယ်"ဟု ပြောလိုက်လေသည်။

ထမင်းစားနေကြသော လူငယ်များလည်း ထူးဆန်းသော အဘစွမ်းကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြ၏။

အဘစွမ်းသည် လက်ဆေးရေခွက်၌ လက်ဖျားကလေးများကို နှစ်ဆေးလိုက်သည်။

ထူးခြားချက်မှာ တစ်ကိုယ်လုံး ညစ်ပတ်နေသော်လည်း သူ၏ လက်ချောင်းကလေးများမှာ အလွန်သန့်ရှင်းဖြူဆွတ်နေလေ၏။

ဒေါင်းလန်းထဲမှ ထမင်းတစ်လုတ်ကိုနှိုက်စားပြီး ဟင်းတစ်ဖတ် ယူစားလိုက်၏။ ထို့နောက် ဒေါင်းလန်းထဲမှ ထမင်းနှင့်ဟင်းများကို ငုံ့၍သာ စားနေတော့သည်။

ထို့နောက် ဇရပ်ခေါင်းရင်းတွင် သက်ကြီးသူများ စုရုံး

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကြပြီး တရားမမှုများ ဆွေးနွေးပြောဆိုနေကြလေသည်။

ဆရာရွှဲသည်လည်း မောင်မောင်ဦးတို့ လူငယ်များအား မြို့ထဲပြန်နေကြရန်၊ မောင်မောင်ဦးကသာ တစ်နေ့တစ်ကြိမ်လာရောက် ဆက်သွယ်ရန်၊ လိုအပ်သည်ကို ပြောမည်ဖြစ်ကြောင်း မှာကြားပြီး ပြန်လွှတ်လိုက်၏။

ငချမ်းကောင်းကိုမူ မိမိတို့ ဤဇရပ်တွင် ရွှေ့ပြောင်းနေထိုင်မည်ဖြစ်၍ မနန်းနွယ်ကို အိမ်ပြန်လွှတ်လိုက်ရန်နှင့် နေ့စဉ်လိုအပ်သော စားဖွယ်များ စီစဉ်ပေးရန် မှာ၏။

ငချမ်းကောင်းက ပြောသည့်အတိုင်း မနန်းနွယ်ကို စီစဉ်စေ၏။

ထို့နောက် ဒဂုံမြို့အတွင်းမှ မြို့သူမြို့သားများအနက် အသက်ဂုဏ်၊ ပညာဂုဏ်၊ သီလသမာဓိဂုဏ်ကြီးသူများကို စုစည်းလျက် မနောမယဓေတီတည်ဆောက်ရေးကို ကြိုတင်ပြင်ဆင် တိုင်ပင်ထားနိုင်ရန် မှာကြား၏။ ငချမ်းကောင်းကလည်း ဆိုသည့်အတိုင်း ဆောင်ရွက်ပါမည်ဟု ဝန်ခံ၏။

သို့နှင့် ငချမ်းကောင်းနှင့် မနန်းနွယ်တို့လည်း မြို့ထဲ၌ ဆောင်ရွက်ဖွယ်များ စီစဉ်ရန် ပြန်သွားကြသည်။

ဆရာရွှဲနှင့် ဇေယျပဏ္ဍိတ်ဆရာချိတ်တို့လည်း ညောင်းညာသည်နှင့် ကျောဆန့်လဲလျောင်း အနားယူလိုက်လေသည်။



ဇေယျပဏ္ဍိတ်ဆရာချိတ်မှာ မည်သို့ဖြစ်သည်မသိ။

ချက်ချင်းပင် မှေးခနဲအိပ်ပျော်သွားပြီး အိပ်မက်တစ်ခု မက်နေသည်။

အိပ်မက်ထဲ၌ ဇေယျပဏ္ဍိတ်ဆရာချိတ်၏ မိခင်နှင့် ဖခင်တို့ကို တွေ့ရသည်။ နှစ်ဦးလုံး ရတနာများညွတ်နေအောင် ဆင်မြန်းထားပြီး မိမိထံသို့လာနေသည်ကို တွေ့ရ၏။ မျက်နှာများကတော့ မရွှင်ပျကြချေ။

မိမိထံလျှောက်လာကြရာ နီးလာမှ တစ်ဖန်ပြန်ဝေးသွား၏။

ထို့နောက် မိဘနှစ်ပါးသည် တစ်ဖန်ကြိုးစား၍ လျှောက်လာကြပြန်ရာ အနီးသို့ရောက်လျှင် ချက်ချင်းပြန်ဝေးသွားပြန်သည်။ သူတို့နှစ်ဦးလုံးပင်ပန်းလှ၍ ချွေးများစို့နေကြသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်မှာ မိဘနှစ်ပါးကို ကြည့်ရသည်မှာ စိတ်ပင်ပန်းလှ၍ "အဲဒီမှာနေ အဲဒီမှာနေ၊ ဒီကိုမလာနဲ့၊ အချိန်တန်ရင် ကျွန်တော်လာခေါ်မယ်" ဟု ပြောလိုက်မှ သူတို့နှစ်ဦးလည်း သလွန်တစ်ခုပေါ် ထိုင်ချလိုက်ပြီး အနားယူလေ၏။

အိပ်မက်က လန့်နိုးလျှင် ဇေယျပဏ္ဍိတ်ဆရာချိတ်မှာ စိတ်မောလူမောဖြစ်လျက် ပင်ပန်းနွမ်းနယ်နေ၏။

ဆရာဟိန်း၊ ဆရာရွှဲနှင့် အဘစွမ်းတို့လည်း အိပ်စက်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတွေ့ရသဖြင့် ဧယျပဏ္ဍိတ်ဆရာချိတ် ပြန်လည်ဓ
လိုက်ရာ ပြန်လည်အိပ်ပျော်သွားလေ၏။ မည်သည့် အိပ်မက်
မမက်တော့ချေ။

* * *

(၅)

## လမ်းခွဲလား၊ လမ်းလွဲလား

ကျုပ်နာမည်ဟာ လက်ပွားဦးကျောက်တဲ့။ ကျုပ်လက်ပွား က ညာဘက်မှာရှိတယ်လေ။ ဒါကြောင့် ဆေးစီရင်ရအောင် ညာဘက် ကျောက်လက်စီးကို တစ်သက်လုံးရှာလာခဲ့တာပဲ။ ကျုပ်က ညာဘက် လက်နဲ့အကျိုးပေးတယ်။ ကိုင်း ကျုပ်ရွေးရမယ်ဆိုရင်တော့ ကျုပ်က ညာဘက်လမ်းခွဲကို ရွေးတယ်ဗျို့။

*လက်ပွားဦးကျောက်*

www.burmeseclassic.com

www.burmeseclassic.com

သုံးရက်ဟူသော အချိန်ကာလသည် တစ်ခဏနှင့် ကုန်ဆုံးသွားလေသည်။

ထိုသုံးရက်အတွင်း ချမ်းကောင်းက မြို့မိမြို့ဖများကို စုစည်းလျက် မနောမယစေတီ တည်ဆောက်ရေးအဖွဲ့ကလေး ဖွဲ့လိုက်နိုင်လေသည်။

ကြိုတင်တိုင်ပင်သင့်သည်များကို ညီညီညွတ်ညွတ်ဖြင့် တိုင်ပင်ဆွေးနွေးနိုင်ခဲ့ကြ၏။

သုံးရက်ကို လွန်မြောက်သော လေးရက်မြောက်နေ့တွင် နေထန်းတဖျားအချိန် မြို့ထဲမှ ဆူညံဆူညံ လူသံများကြားရပြီး မောင်မောင်ဦး ခေါင်းဆောင်လျက် လူရွယ်များက တစ်စုံတစ်ယောက်ကို ကြိုးနှင့်တုပ်ပြီးခေါ်ဆောင်လာသည်ကို တွေ့ရသည်။

ထိုတစ်စုံတစ်ယောက်မှာ ဇရပ်အနီးသို့ရောက်လျှင် ဆရာရွှဲထံလွှတ်လိုက်သော သုံးဦးအနက် တစ်ဦးဖြစ်နေကြောင်း တွေ့ရသည်။ "

အမည်မှာ လှကြိုင်ဟု ခေါ်သူဖြစ်သည်။



လှကြိုင်က ဆရာရွှဲနှင့် ဖေယျပဏ္ဍိတ်ဆရာချိတ်၏ အမည်ကိုတပ်ခေါ်ကာ တစ်လမ်းလုံး ဆဲလာသံကြားရလေသည်။

ကာလသားတစ်ယောက်က နွားရိုက်ကြိမ်လုံးဖြင့် ဘင်ပါးကို တဖြန်းဖြန်း ဆော်လာသော်လည်း လှကြိုင်က အရေးမစိုက်ချေ။

ဇရပ်ပေါ်ရောက်လျှင် ဆရာရွှဲက နွားရိုက်ကြိမ်နှင့် ဆော်နေသောလူငယ်အား ဟန့်တားလိုက်၏။

"ဟဲ့ . . မလုပ်နဲ့ကွယ့်။ သူ့ဘာသာသူ ဆဲပါစေ။ ပါးစပ်ညောင်းတော့ . . တိတ်သွားလိမ့်မပေါ့"

လူရွယ်က နွားရိုက်ကြိမ်ကို ကြမ်း၌ချထားလိုက်၏။

မောင်မောင်ဦးက လှကြိုင်အား ဆရာရွှဲရှေ့၌ ထိုင်စေရန် လက်ပြန်တုပ်ထားသောကြိုးကို ဆွဲချ၏။

လှကြိုင်က ရှန်းဖယ်ပြီး ဆဲဆိုကြိမ်းမောင်း ပြောဆိုနေ၏။

ဆရာရွှဲက လှကြိုင်ပြောဆိုနေသမျှကို အမှုမထားဘဲ မောင်မောင်ဦးကို လှမ်း၍ မေးလေသည်။

"ဘယ်လိုဖြစ်လာတာလဲ . . မောင်မောင်ဦးရဲ့။ ဆရာ့ကို အကျိုးအကြောင်း ပြောပြပါဦး"

"ဒီလူ့ကို နန်းနွယ်တို့ အိမ်ခြံဝင်းထဲမှာတွေ့တာ . .

www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ အိမ်ကို မီးတင်ရှို့မလို့ ကောက်ရိုးတွေကိုထုံးပြီး မီးရှို့နေတုန်း ဖမ်းမိတာပဲ။ အိမ်မှာ နန်းနွယ်ကိုလဲ မတွေ့တော့ဘူး ဆရာ။ အတော် ထူးဆန်းတာပဲ။ အိမ်ပေါ်မှာ ရုန်းရင်းဆန်ခတ် ဖြစ်သွားပုံလက္ခဏာရှိတယ်။ အိမ်ခန်းထဲကပစ္စည်းတွေ ဖရိုဖရဲဖြစ်ကျန်ရစ်တယ်။ ဦးကြီးငချမ်းကောင်းလဲ မရှိဘူး"

ငချမ်းကောင်းမှာ ညစဉ် အိမ်ပြန်အိပ်သည်ဖြစ်ရာ အိမ်၌ရှိရမည်ဖြစ်၏။

ဆရာရွှဲက. . .

"အင်း. . ဆရာငဆောင်လက်ချက်ပဲ ဖြစ်မယ်။ ကိုင်းကိစ္စက အရေးကြီးတဲ့ကိစ္စပဲ။ ဒီက လှကြိုင်ကို အကျိုးအကြောင်းလေးမေးမှ. . ."

ဟုဆိုရာ မောင်မောင်ဦးက. . .

"ကျွန်တော်တို့ သူ့ကို စစ်မေးသေးတယ်. . . ဆရာ။ တစ်ခွန်းမှ. . မေးမရဘူး။ ကျွန်တော်တော့ နန်းနွယ်အတွက် အတော်ပဲ စိတ်ပူနေမိတယ် ဆရာ" ဟု ပြောလေ၏။

ဆရာရွှဲက လှကြိုင်ကို အသေအချာကြည့်ပြီး. . .

"လှကြိုင်ဟာ သွေးရိုးသားရိုး မဟုတ်ဘူးတွယ်။ သူ့ကို တစ်စုံတစ်ယောက်က စိတ်ပေါ့သွပ်ရူးနှမ်းစေတဲ့ ဆေးတွေ တိုက်ကျွေးပြီး စိတ်ညှို့ထားခဲ့တာပဲကွယ့်။ ဆရာဟိန်း. . . အဲဒီ



အချက်ကို သတိထားမိရဲ့လား"

"ဟုတ်ကဲ့. . . သတိထားမိပါတယ် ဆရာရွှဲ။ လှကြိုင်မျက်လုံးက တစ်ချက်တစ်ချက် လည်သွားပါတယ်။ ပြီးတော့ သူ့ခြေတွေလက်တွေကလဲ ဂနာမငြိမ်ပါဘူး။ တံတွေးကိုလဲ တပျစ်ပျစ် ထွေးနေပါတယ်။ ဒီလက္ခဏာတွေဟာ စိတ်မန့်တဲ့ လက္ခဏာတွေပါပဲ"

"ဆရာချိတ်ရေ. . . အရေးပေါ် ဆေးတစ်ဖုံတော့ ဖော်မှရမယ်"

"ဟုတ်ကဲ့. . . ဆရာရွှဲ။ အမိန့်ရှိပါ"

"ဆေးပင်ဝါးပင်အချို့ လိုတယ်။ ဩော်. . . မောင်မောင်ဦးရေ၊ မြို့ထဲမှာ ခွေးတောက်ရွက်နဲ့ စပါးကြီးသည်းခြေ ရနိုင်မလား"

မောင်မောင်ဦးက ရနိုင်ကြောင်းပြောပြီး ဆေးအရှာ ထွက်သွားသည်။

မောင်မောင်ဦး ပြန်ရောက်လာလျှင် လိုအပ်သည်တို့ရ၍ ဆေးဖော်စပ်လိုက်၏။

လှကြိုင်မှာ ဆေးတောင့်ကိုမြင်သည်နှင့် ငြိမ်သွားလေ၏။ အဘစွမ်းက လှကြိုင်ကိုကြည့်ပြီး တဟဲဟဲ ရယ်နေလေ၏။

အတန်ကြာလျှင် ဆရာရွှဲက ဆေးစိမ်ထားသော ရေ

www.burmeseclassic.com

www.burmeseclassic.com



ခွက်ထဲမှရေကို လက်နှင့်ဆွတ်ယူ၍ လှကြိုင်၏ မျက်နှာအား တောက်ပက်လိုက်၏။

လှကြိုင်မှ တွန့်ခနဲ၊ တွန့်ခနဲဖြစ်သွားပြီး မျက်လုံး အကြောင်သားဖြင့် ငေးကြည့်နေလေ၏။

ထိုအခါမှ ဆရာရွှဲက ဆေးတောင့်ကို ရေခွက်ထဲမှ ပြန် ဆယ်ယူကာ အဘစွမ်းကိုပေးလိုက်ပြီး ရေခွက်ကို မောင်မောင် ဦးလက်သို့အပ်လျက် လှကြိုင်အား ချုပ်နှောင်ပြီး ရေကိုကုန် အောင် တိုက်စေ၏။

မောင်မောင်ဦးနှင့် ကာလသားများက လှကြိုင်ကို ချုပ် နှောင်ပြီး ပါးစပ်ဖြဲကာ ရေကိုကုန်အောင် တိုက်လိုက်ကြသည်။

လှကြိုင် ဝမ်းဗိုက်အတွင်းသို့ ရေဝင်သွားပြီးနောက် သူ၏မျက်နှာအမူအရာများ ပြောင်းလဲလာသည်။

ဆရာရွှဲက. . .

"မောင်မောင်ဦးရေ. . .။ ဒီလူကို ကြိုးဖြေပေးပြီး ဇရပ် အပြင်က မြေကွက်လပ်ကို အမြန်ခေါ်သွားဟေ့။ သူ အဆိပ်တွေ အန်လိမ့်မယ်"

ဆရာရွှဲပြောသည့်အတိုင်းပင် ဇရပ်အပြင်ရောက်လျှင် လှကြိုင်မှာ တဝေါ့ဝေါ့နှင့် အနက်ရောင် အဝါရောင်အဆိပ်များ အန်ထုတ်လေတော့၏။



အတော်ကြာအောင် အန်လေသည်။

အအန်ရပ်လျှင် လှကြိုင်မှာ မြော့မြော့သာ ကျန်ရစ်၏။ သူ၏ စိတ်ကတော့ မူလနဂိုအတိုင်း ပြန်လည်ကောင်းမွန်သွား လေသည်။

ဆရာရွှဲက မောင်မောင်ဦးတို့အား လှကြိုင်အန်ထား သည့် အဆိပ်များကို မြေကြီးအားတူးလျက် မြေမြှုပ်ဖို့စေလိုက်၏။ အခြား စားမိသောသတ္တဝါများအနေဖြင့် အန္တရာယ်ဖြစ်မည်စိုး၍ ဖြစ်သည်။

ဆရာရွှဲက ဇရပ်ပေါ် ပြန်ခေါ်လာသော လှကြိုင်ကို ခွန်အားဖြစ်စေရန် ဂမုန်းကိုးမျိုး သက်စောင့်ဆေးကို ရေနှင့် ဖျော်၍ တိုက်စေသောကြောင့် ဗေဒယျပဏ္ဍိတ်ဆရာချိတ်က ဆေး လွယ်အိတ်ထဲမှ သက်စောင့်ဆေးကိုထုတ်ကာ တိုက်ကျွေးလိုက် သည်။

လှကြိုင်သည် ချက်ချင်းပင် မျက်နှာ၌ သွေးရောင်ပြန် ပြည့်လာပြီး ရွှင်လန်းလာ၏။

ဆရာရွှဲက. . .

"မောင်လှကြိုင်. . . ဘာတွေဖြစ်ပျက်ခဲ့သလဲ။ မှတ်မိ သလောက် ပြန်ပြောစမ်းကွယ်"ဟု မေး၏။

လှကြိုင်သည် သူ၏ အဖြစ်အပျက်ကို အောက်ပါ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ပြောပြလေသည်။

"လှနိုင်နဲ့ အောင်ကြည်ဝင်းတို့ သစ္စာဖောက်သွားကြပြီ ဆရာကြီး။ လှနိုင်ကစပြီး သစ္စာဖောက်တာ။ အောင်ကြည်ဝင်းက ပထမ တောင့်ခံနေသေးတယ်။ နောက်. . . ဆရာငဆောင်ကို ကြောက်ပြီး သူပါ သစ္စာဖောက်လိုက်တယ်။ ကျွန်တော်ကတော့ သေချင်လဲသေစေတော့ဆိုပြီး ကျုပ် သစ္စာမဖောက်ဘူးလို့ ဆရာငဆောင်ကို ပြောလိုက်တယ်။ အဲဒါနဲ့ ဆရာငဆောင်လဲ ကျွန်တော့်ကို ဆေးမှုန့်တစ်မျိုးနဲ့ ပက်လိုက်လို့ မူးဝေနေတုန်းမှာ အလွန်ညှီတဲ့ ဆေးတောင့်တစ်ခု ပါးစပ်ထဲ အတင်းခွံ့ပါတယ်။ ဆေးတောင့်ဗိုက်ထဲရောက်သွားပြီး ခေါင်းတွေမူး မျက်လုံးထဲမှာ အမျိုးစုံမြင်နေပြီး သတိလစ်သွားလိုက်တာဟာ ခုမှပဲ သတိရပါတော့တယ်. . ဆရာကြီး"

ခေါင်းတညိတ်ညိတ်နှင့် နားစိုက်ထောင်နေသော ဆရာရွှဲက. . .

"ဘာမှ မစိုးရိမ်ပါနဲ့တော့ မောင်လှကြိုင်၊ မင်း အခုလုံးဝပြန်ကောင်းသွားပြီ။ နောင်ကိုလဲ ဆရာငဆောင့် အန္တရာယ်ကို ကြောက်စရာမလိုတော့ဘူး"

"ဟုတ်ကဲ့. . . ဆရာကြီး၊ ကျွန်တော်အခုလို အသက်အန္တရာယ်က လွတ်မြောက်အောင် ကယ်တင်တဲ့ ဆရာကြီးတို့ကို



အလွန်ပဲ ကျေးဇူးတင်ပါတယ်"ဟု ပြောပြီး ကုန်း၍သာ ဦးချလေတော့သည်။

ဆရာရွှဲက နားနားနေနေ နေရန်ပြောပြီး ဆက်မေးသည်မှာ. . .

"မင်းတို့ ဒီက ထွက်သွားပြီးတဲ့နောက်. . ဆရာငဆောင်ကို ဘယ်မှာ သွားတွေ့သလဲ။ အဲဒီအကြောင်း စဉ်းစားပြီး ပြန်ပြောပါဦး"

"ဆရာငဆောင်က ကျားကြီးညွှန့်ကို ထုံးဖြူရွာမှာ ချန်ထားခဲ့ပါတယ်။ ကျွန်တော်တို့ လိုက်သွားတော့ ထုံးဖြူရွာမှာ ကျားကြီးညွှန့်နဲ့ တွေ့တာနဲ့ မြို့ထဲမှာ ဆေးမှုန့်တွေဖြူးခိုင်းထားအဆင်ပြေရဲ့လားမေးတော့ အဆင်မပြေကြောင်း မနက်ကျရင်တော့ မြို့ထဲမှာ လူတွေဖျားကြနာကြမှာ သေချာကြောင်း အလိုက်သင့် လိမ်ပြောတော့ ကျားကြီးညွှန့်လဲ ယုံကြည်သွားပါတယ်။ ဒါနဲ့ ကျွန်တော်တို့ကိုခေါ်ပြီး ဆရာငဆောင်ဆီ ဆက်လိုက်သွားကြပါတယ်။ ဆရာငဆောင်ကို လမ်းမှာတစ်ညအိပ်ပြီး ဗျားလပို့ရွာကျမှ မီပါတယ်။ အဲဒီမှာ ပြဿနာစဖြစ်တာပါပဲ"

"ဘယ်လို ပြဿနာဖြစ်တာလဲ"

"လှနိုင်ပေါ့။ ဆရာငဆောင့်ကိုတွေ့တာနဲ့ အမယ်လေး ဆရာရေ ဆရာ့ကို ကျွန်တော် ဖွင့်ပြောစရာတွေရှိတယ်ဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဆေးမှုန့်တွေဖျူးဖို့ မြို့ထဲဝင်လာတော့ လူမိသွား တဲ့ အကြောင်းကစပြီး ဆရာရွှေက ခိုင်းလိုက်တဲ့အကြောင်းတွေပါ ဖွင့်ပြောပြီး သစ္စာဖောက်ပါတော့တယ် ဆရာကြီး"

"နောက်. . ဘာ ဆက်ဖြစ်သေးလဲ"

"လှနိုင် သစ္စာဖောက်တော့ ဆရာငဆောင်လဲ ဒေါပွပြီး ကျွန်တော်တို့ကို ဟုတ်သလား မဟုတ်ဘူးလား ဆက်မေးပါ တယ်။ ကျွန်တော်လဲ ဆရာရွှေတို့အပေါ် သစ္စာမဖောက်ချင်တာနဲ့ နှုတ်ပိတ်နေပါတယ်။ ဒီတော့ ကျားကြီးညွှန့်က ထိုးကြိတ်ရိုက် နှက်ပြီး နှိပ်စက်ပါတယ်"

ဟုပြောပြီး သူ၏ လက်မောင်း၊ မျက်နှာနှင့် ကျောမှ ဒဏ်ရာများကိုပြသည်။

"အောင်ကြည်ဝင်းလဲ ကြောက်လန့်ပြီး ဖော်လိုက်ပါ တယ်။ ဆရာငဆောင်က ဆေးမှုန့်တွေဖျူးခိုင်းတာ မအောင်မြင် ခဲ့လို့ အလွန်ဒေါသထွက်နေပြီး ဒါအရင်းစစ်ရင် ချမ်းကောင်း ကြောင့် ဒီမြို့ကို ဒီဆရာတွေရောက်လာပြီး အကြံအစည်အလုပ် အကိုင်တွေ ပျက်ရတာ။ ဒီတော့ ချမ်းကောင်းသမီးနန်းနွယ်ကို ဖမ်းပြီး ဒုက္ခပေးမယ်။ နန်းနွယ်ကိုဖမ်းတဲ့ကိစ္စမှာ မင်းတို့သုံး ယောက်လုံး အကူအညီပေးရမယ်လို့ ခိုင်းပါတယ်။ ကျွန်တော်က အကူအညီ မပေးနိုင်ဘူး။ ဆရာငဆောင်ခိုင်းတာ ဘာမှမလုပ်



ဘူးလို့ ငြင်းပစ်လိုက်ပါတယ်။ အောင်ကြည်ဝင်းကတော့ လုပ်မ ပါ မယ်လို့ ဝန်ခံလိုက်တယ်။ နန်းနွယ်ကိုဖမ်းရမယ့်ကိစ္စမှာ ကျားကြီး ညွှန့်ဦးဆောင်ပြီး လှနိုင်နဲ့အောင်ကြည်ဝင်းကပါ လိုက် အကူအညီပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို ကျားကြီး ညွှန့်က ဝအောင်ထိုးကြိတ်ရိုက်နှက်ပြီး စောစောက ပြောခဲ့ သလို ဆရာငဆောင်တိုက်တဲ့ဆေးကို သောက်မိတာနဲ့ သတိ လစ်သွားတာဟာ အခုဒီကိုရောက်မှပဲ သတိရပါတယ် ဆရာ"

ဟု လှကြိုင်က ရှင်းပြသည်။

ဆရာရွှေက. . .

"ဆရာငဆောင်က မောင်လှမြိုင်ကို စိတ်ဖောက်ပြန်စေ တဲ့ ဆေးတွေတိုက်ပြီး စိတ်ညို့လွှတ်လိုက်တယ်။ ဒါကြောင့် ဆရာတို့အပေါ် မုန်းတီးစိတ်ဝင်ပြီး ဆဲဆိုတာ၊ နန်းနွယ်တို့အိမ်ကို မီးရှို့ဖို့ကြိုးစားတာမျိုးတွေ လုပ်တာပေါ့"

"ဟင်. . . ကျွန်တော်က ဆရာတို့ကို ဆဲဆိုမိတယ် ဟုတ်လား။ နန်းနွယ်တို့အိမ်ကိုလဲ မီးရှို့မလို့ဟုတ်လား"

"အင်း. . မောင်လှကြိုင်ကတော့ ဘယ်သိမလဲ။ ဆရာ ငဆောင့်အကြံက မောင်လှကြိုင်အပေါ်မှာ ကျုပ်တို့က အထင် လွဲပြီး ပြင်းထန်တဲ့အပြစ်ပေးအောင်လုပ်လိုက်တာပဲ။ တင်ချက် ခုတ် ၊ နှစ်ချက်ပြတ်ပေါ့လေ။ သို့သော်လည်း ဆရာတို့က

www.burmeseclassic.com

www.burmeseclassic.com



မောင်လှကြိုင်ရဲ့အဖြစ်ကို အမှန်အတိုင်းရိပ်စားမိတော့ သူ့အကြံ မအောင်တော့ဘူးပေါ့လေ"

မောင်မောင်ဦးနှင့်လူငယ်အချို့က ဝင်၍ပြောပြသည်မှာ. . .

"ဟုတ်ပါရဲ့ ဆရာရယ်။ ကျွန်တော်တို့က အဖြစ်မှန်ကို မသိတော့ လှကြိုင်ကို ရိုက်ကိုသတ်ပစ်ချင်နေတာ"ဟု သူတို့ခံစားချက်များကို ဖော်ပြလေသည်။

"ကိုင်း. . . အခုတော့ ဇာတ်ရည်လည်ပါပြီ။ မနန်းနွယ် ပျောက်သွားတာဟာ ကျားကြီးငညွှန့်တို့ ဖမ်းသွားတာပဲ။ ကိုရင်ချမ်းကောင်းကလဲ ကျားကြီးငညွှန့်တို့ နောက်ကိုလိုက်သွားတာ ဖြစ်မယ်" ဟု ဆရာရွှဲက ပြောသည်။

ဗေဒယျပဏ္ဍိတ်ဆရာချိတ်က. . .

"ဒါဆို ကျွန်တော်တို့ လိုက်သွားကြမလားဆရာ" ဟု စိုးရိမ်စွာဖြင့် မေး၏။

မောင်မောင်ဦးကလည်း. . ဖင်တကြွကြွဖြစ်နေ၏။

"ဟုတ်ပါတယ် ဆရာကြီး။ လိုက်သွားရမယ် ဆိုရင် ကျွန်တော်တို့ အမြန်ဆုံးလိုက်သွားချင်ပါတယ်"ဟု ပြောလေ၏။

ဆရာရွှဲက လှကြိုင်အား. . .

"မင်းတို့ကို ဆရာငဆောင်က ပျားလပို့ရွာမှာပဲ စောင့်



နေမှာလား"

ဟု မေးလျှင် လှကြိုင်ကခဏစဉ်းစားနေပြီး

"ကျွန်တော်တော့ မထင်ဘူးဆရာ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဆရာငဆောင်ကိုတွေ့တော့ ပျားလပို့ရွာကနေ ထမင်းစားပြီးလို့ ခရီးဆက်ဖို့ အထုပ်အပိုးတွေပြင်နေပြီ ဆရာရဲ့။ သူဦးတည်သွားနေတဲ့နေရာက ပျားလပို့မှာတင် ဆုံးတာမဟုတ်ဘူး။ ပျားလပို့ဆိုတာ ခရီးသွားဟန်လွှဲ ဝင်တည်းတဲ့နေရာပဲ။ သူ ဘယ်သွားမယ်ဆိုတာတော့ ကျွန်တော်တို့လဲ မသိဘူး ဆရာ။ သူက သူ့တပည့်ကျားကြီးငညွှန့်ကိုပဲ အသိပေးအားပုံရပါတယ် ဆရာ"

"ကဲ. . . အားလုံးကြားကြတဲ့အတိုင်းပဲ။ ကျုပ်တို့လိုက်သွားရင် ပျားလပို့မှာတင် လမ်းစပျောက်မှာပဲ။ ကိုင်း. . . ဘယ်လိုပဲရှိစေလေ။ ကျုပ်တို့ဘက်ကတော့ လိုက်သွားဖို့ တာဝန်ရှိတယ်။ ဒီတော့ ဒီနယ်တစ်ခွင်ကို လမ်းခရီးကျွမ်းကျင်တဲ့ မြို့သားတစ်ယောက် လိုမယ်" ဟု ဆရာရွှဲကပြော၏။

လှကြိုင်က. . .

"ဒီနယ်တစ်ခုလုံး အမြဲမချေးခါးမကျန် ကျွမ်းကျင်နှံ့စပ်တာကတော့ မြို့ထဲမှာ အဘကျော်တစ်ယောက်ပဲ ရှိတာပဲ။ ဒါပေမယ့် အဘကျော်က လူ့ခွစာကြီး ဆရာရဲ့။ အကူအညီတောင်း

www.burmeseclassic.com

www.burmeseclassic.com



လို့ရပ့်ါမလား မသိဘူး။ သူက တစ်မြို့လုံးမှာ ဘယ်သူနဲ့မှ စကား ဟက်ဟက်ပက်ပက် ပြောတာမဟုတ်ဘူး။ တစ်နှစ်လုံးမှာ ကိုးလ လောက် တောအနှံ့တောင်အနှံ့လျှောက်သွားပြီး ခရီးထွက်နေတဲ့ အဘိုးကြီး။ အခုမြို့ပြန်ရောက်ပြီး နားနေတာ တစ်လပဲ ရှိသေးတယ်။ တစ်နှစ်မှာ သုံးလလောက် နားနေတာဆိုတော့ အခု ခရီးသွားမယ့်ကိစ္စမှာ ပြောလို့ရမယ်တော့ မထင်ဘူး"ဟု ပြော၏။

လှကြိုင်၏ စကားကိုကြားလျှင် အဘစွမ်းက အောက်ပါ အတိုင်း မေးလိုက်၏။

"ဟဲ့. . . မောင်ရင်လေးရဲ့။ မင်းပြောတဲ့ အဘကျောက် ဆိုတာက ညာဘက်လက်မှာ လက်မတစ်ချောင်း အပိုပါတဲ့ လက်ပွားဦးကျောက်ကို ပြောတာလား"

"မှတ်ပါတယ်. . . အဘ။ လက်ပွားဦးကျောက်လို့လဲ သူ့ကို ခေါ်ကြပါတယ်။ အရပ်ပုပုလေးနဲ့ အဘိုးကြီးပါ"

"ဟ. . . ဒါဆို မင်းတို့ဘာမှ ကြောင့်ကြမနေနဲ့တော့ ရော့. . . ဒါလေးကို သူ့ပေးလိုက်။ ဒီပစ္စည်းပေးလိုက်တဲ့ အဘိုး ကြီးက သူ့ကိုတွေ့ချင်လို့ခေါ်နေတယ်လို့ ပြောလိုက်ရင် သူလိုက် လာပါလိမ့်မယ်"

အဘစွမ်းက ရှမ်းလွယ်အိတ်ထဲမှ တစ်စုံတစ်ရာကို



ထိုးပေးလိုက်သည်။

လှကြိုင်ကလှမ်းယူပြီး ထိုပစ္စည်းအား အသေအချာ ကြည့်ရာ လူ၏လက်ဖဝါးနှင့် သဏ္ဌာန်ချင်းအလွန်တူသော ကျောက်လက်ဝါးတစ်ခုဖြစ်နေသည်ကို တွေ့ရ၏။

ကျောက်လက်ဝါးမှာ ဘယ်ဘက်လက်ဝါးဖြစ်သည်။

ဤကျောက်လက်ဝါးမျိုးမှာ အလွန်ရှားပါးလှ၏။ တော နက်တောင်နက်များတွင် သဘာဝအလျောက် ကျောက်မြေသား ထဲမှ တရွေ့ရွေ့ တိုးထွက်ကြီးထွားလာသော ပစ္စည်းဖြစ်၏။ ဆေးဝါးစီရင်တတ်သူများအတွက် အလွန်အသုံးဝင်လှသည်။

မြေမှထွက်လာသော ကျောက်လက်ဝါးများမှာ လက်ဝဲ လက်ဖြစ်နိုင်သလို လက်ယာလက်လည်း ဖြစ်နိုင်၏။ အချို့က ဘယ်လက်ကိုရှာဖွေကြပြီး အချို့ကညာလက်ကိုရှာဖွေကြသည်။

အချို့ နှစ်နှင့်ချီ၍ တောအနှံ့၊ တောင်အနှံ့ ရှာဖွေပါ သော်လည်း မည်သည့်လက်ကိုမျှ မတွေ့ဘဲလည်း ရှိကြသည်။ တွေ့ရခဲသော ပစ္စည်းဖြစ်ပေ၏။

လှကြိုင်က မောင်မောင်ဦးကိုအဖော်ခေါ်၍ ဦးကျောက် ရှိရာ မြို့အနောက်စွန်းသို့ ထွက်သွားလေ၏။

အတန်ကြာလျှင် သုံးဦးသား သုတ်သုတ်သုတ်သုတ်နှင့် ဦးဇရပ်ရှိရာသို့ လျှောက်လာနေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇရပ်နှင့် မလှမ်းမကမ်းသို့ရောက်သည်နှင့် အရပ် ပြတ်ပြတ်နှင့် လက်ပွားဦးကျောက်ဆိုသူ အဘိုးကြီးက အလွ ကျယ်လောင်စူးရှသော အသံကြီးနှင့် လှမ်းအော်ပြောလေသည်

"အဘစွမ်း ရောက်နေသလား။ ခင်ဗျားကို ပြန်တွေ့ရ အတွက်တော့ သိပ်ဝမ်းသာသဗျာ။ ဒါပေမယ့် ကျုပ် အလွ အလွန်လိုချင်နေတဲ့ ကျောက်လက်ဝါးက ဘယ်နဲ့ညာနဲ့ လွဲနေ တာတော့ အလွန်ဝမ်းနည်းသဗျာ။ ဘယ်လိုဖြစ်တာလဲ. . . အဘစွမ်း။ အဘစွမ်းဟာ ဘယ်တုန်းကမှ နမော်နမဲ့မဟုတ် ဘူး။ ဘယ့်နှယ့် ခုမှ တလွဲတချော်တွေ ဖြစ်နေရတာလဲ"

လက်ပွားဦးကျောက်သည် ပြောရင်း ဇရပ်ပေါ်တက် လာရာ အဘစွမ်း၏ရှေ့ဦ်ထိုင်မိမှပင် သူ၏စကားမှာ ဆုံးသွာ လေတော့၏။

စကားဆုံးသည်နှင့် သူလက်ထဲမှ ကျောက်လက်ဝါးကို အဘစွမ်းလက်ထဲသို့ ပြန်လည် ပေးအပ်လိုက်လေတော့၏။

"ရော့. . . ခင်ဗျား ကျောက်လက်ဝါး။ ကျုပ်လိုချင်တာ က ညာဘက်လက်ဝါး. . .။ အခု ခင်ဗျားပစ္စည်းက ဘယ်လက် ကြီးပဲ။ ကျုပ်အတွက်. . အသုံးမဝင်ဘူး"

အဘစွမ်းက ရယ်မောလျက်. . .

"ဟာ. . မသိပါဘူးဗျာ။ ပုဏ္ဏကတောင်ပေါ်မှာ ခင်ဗျာ



တွေ့တုန်းက. . . ခင်ဗျားလိုက်ရှာနေတာ ဘယ်ဘက်လက်ပဲ အောက်မေ့တာပဲ။ ကျုပ်ဖြင့် ခင်ဗျားနဲ့တွေ့ကတည်းက ရောက် သမျှတောအနှံ့ တောင်အနှံ့မှာ ကျောက်လက်ဝါး တွေ့မလား ည်းပဲ ရှာခဲ့တာ။ တွေ့မယ့်တွေ့တော့လဲ. . ငဆွဲသင် အနောက် ဘက်က မဟာပိန္နဲတောင်ရဲ့ တောင်ထွတ်တစ်ခုပေါ်မှာ ကျောက် က်ဝါးတွေချည်း တင်းကြမ်းဗျာ။ ကျုပ်လဲ ခင်ဗျားလိုချင်တာ ယ်ဘက်လက်ဂဲလေဆိုပြီး. . အသေအချာကိုရွေးပြီး မြေက နှုတ်ယူလာခဲ့တာဗျ"

"ဟိုက်. . သေလိုက်ပါတော့ အဘစွမ်းရယ်။ ကျုပ်လို င်တာက. . ညာဘက်လက်ဗျ" ဟုပြောပြီး မှိုင်တွေနေလေ ဘာ၏။

အဘစွမ်းက ကျောက်လက်ဝါးကို သူ၏ ရှမ်းလွယ် တ်ထဲ ပြန်ထည့်ထားလိုက်ပြီးနောက်. . .

"ဩော်. . . ဒါနဲ့ လက်ပွားဦးကျောက်ရေ။ ကျုပ်တို့ ကူအညီတစ်ခု လိုလို့ဗျာ။ လူတစ်ယောက်ကို လိုက်ရှာနေတာ ဒီနယ်တစ်ဝိုက်မှာ ခင်ဗျားကကျွမ်းကျင်တယ်ဆိုတော့ လမ်းပြ ပ်ပေးဗျာ" ဟု ပြောသည်။

ဦးကျောက်က ခေါင်းကို ခါယမ်းလိုက်ပြီး. . .

"ဟာ. . . ဘယ်မှ မသွားချင်ပါဘူးဗျာ။ ကျုပ်ဒီမှာ အခု

www.burmeseclassic.com

www.burmeseclassic.com



စိတ်ခါတ်ကျနေတာ။ သေတောင်သေလိုက်ရင် ကောင်းမလား စဉ်းစားနေတာဗျ" ဟု ငြင်းဆိုလေ၏။

အဘစွမ်းက. . .

"အို. . . သေတော့ မသေလိုက်ပါနဲ့ဦးဗျာ။ ကျုပ်တို့က ခင်ဗျား အကူအညီကို အရမ်းလိုချင်နေတာ"

"ကျုပ်က ကျုပ်လက်ဝါးကလွဲရင် ဘာမှ စိတ်မဝင်စားဘူးဗျာ။ အဘစွမ်း ကျုပ်ကို ဒုက္ခမပေးပါနဲ့။ ကျုပ်ဘာသာကျုပ် အေးအေးပဲ နေပါရစေနော်"

"ခင်ဗျားလိုချင်တဲ့ ကျောက်လက်ဝါး ညာဘက်လက်ကို ရမယ်ဆိုရင်တော့ ကျုပ်တို့လိုချင်တဲ့ အကူအညီကို ခင်ဗျား ပေးနိုင်ကောင်းပါတယ်နော်"

"အခုလား"

"အခုပေါ့ဗျာ"

"ဟင်. . ဒါဆို ခင်ဗျားမှာ အခုပါလာတာပေါ့"ဟု ပြော ပြီး ဦးကျောက်သည် အဘစွမ်းနားသို့ အတင်းတိုးကပ်သွားေ သည်။

အဘစွမ်းက တွန်းထုတ်ပြီး. . .

"ဘာလဲ. . ခင်ဗျားက လုယူတော့မလို့လား"

"မဟုတ်ပါဘူးဗျာ. . ခင်ဗျားမပေးဘဲ ကျုပ် လုမယ



ပါဘူး။ ကြည့်ချင်လို့ပါ. . ပြစမ်းပါ"

"ကျုပ်မေးတာကို အရင်ဖြေဗျ။ ကျုပ်တို့ သွားချင်တဲ့ ခရီးကို. . ခင်ဗျား လိုက်ပို့မှာလား"

"အို. . . မေးနေရသေးလား အဘစွမ်းရယ်။ ကျုပ်မှာ ကျောက်လက်ဝါးလိုချင်လို့ လိုက်ရှာခဲ့ရတာ တစ်နိုင်ငံလုံး အခေါက်ခေါက်၊အခါခါ နှံ့နေတာပဲ။ ကျောက်လက်ဝါးက ရခဲ့ဘူး။ ဒီတော့ အခုသာ ကျောက်လက်ဝါးရမယ်ဆိုရင် ခင်ဗျား တို့ကို ငရဲပြည်အထိ လိုက်ပို့ပါဆိုလဲ လိုက်ပို့ပေးမယ်"

"အေး. . ကောင်းပြီ။ ဒါ ခင်ဗျားကတိနော်။ ကျုပ်တို့ကို ခင်ဗျား ငရဲပြည်အထိ လိုက်ပို့စရာမလိုဘူး။ လိုတာက ဒီနယ် ထဲမှာ လူတစ်ယောက်ကို တွေ့အောင်ရှာပေးဖို့ပဲ။ ခြေရာပျောက် နေတာက ထုံးဖြူရွာနဲ့ မျှားလပို့ရွာမှာပဲ"

ဦးကျောက်က လက်ကာပြပြီး. . .

"အဘစွမ်း. . ခင်ဗျား။ ကျုပ်ကို အဲဒါတွေအရင်မပြော နဲ့ ကျောက်လက်ဝါး ဘယ်မှာလဲ။ အဲဒါကို. . အရင်ပြ"

အဘစွမ်းက ရှမ်းလွယ်အိတ်ကြားတွင်းမှ ကျောက်လက် တစ်ခုကို နှိုက်ယူပြီး. . .

"ရော့. . ခင်ဗျားလိုချင်တဲ့ ကျောက်လက်ဝါးညာဘက် ပါ" ဟုပြောပြီး ဦးကျောက်လက်ထဲသို့ ထည့်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးကျောက်က ကျောက်လက်ဝါးကို အသေအချာ ထောင်ကြည့်ပြီး သူ၏ညှိမည်းသော မျက်နှာပေါ်တွင် ဝမ်းသာမှုဖြင့် ဝင်းလက်သွား၏။

"ဟာ. . . ဟုတ်ပ၊ ဟုတ်ပ။ ကျုပ်လိုချင်နေတဲ့ ကျောက်လက်ဝါး ညာဘက်ပဲ" ဟု ပြောကာ ထောင်ကြည့်လိုက်၊ လှဲကြည့်လိုက်၊ စောင်းကြည့်လိုက်နှင့် မဝစာမ်း ကြည့်နေလေတော့သည်။

"ကဲ. . . ဦးကျောက်။ ခင်ဗျားလိုချင်တဲ့ ကျောက်လက်ဝါးရပြီ။ ကျုပ်တို့ လိုချင်တဲ့ခရီးကို လိုက်ပို့ပေတော့"

"သွားကြမယ်လေ။ ခင်ဗျားတို့ ဘယ်ကိုသွားမလဲပြော၊ ကျုပ်. . . လိုက်ပို့မယ်"

ဦးကျောက်သည် ပါးစပ်ကသာ လိုက်ပို့မည်ဟု ပြောသော်လည်း မျက်လုံးများက ကျောက်လက်ဝါးမှ မခွာချေ။

အဘစွမ်းက ဆရာရွှဲကို မေးဆတ်ပြပြီး. . .

"မောင်ရွှဲရေ. . . ဦးကျောက်ကို ခရီးစဉ် ခန့်မှန်းမိရအောင် အကျိုးအကြောင်း ရှင်းပြလိုက်ပေ့"

"ဒီလို ဦးကျောက်ရဲ့။ ဆရာငဆောင်ဆိုတဲ့ လူကျွန်တော်တို့ လိုက်ရှာကြမှာ။ အဲဒီဆရာက ဒီမြို့က မနန်းနွယ်ဆိုတဲ့ မိန်းကလေးကို ဖမ်းသွားတယ်။ ပြီးတော့ ထုံးဖြူရွာကပြားလပို့ရွာဘက် သွားတယ်လို့ နောက်ဆုံးသတင်း ကြားထားရတယ်။ အဲဒါ. . ."



ဆရာရွှဲ၏စကားမဆုံးမီမှာပင် ဦးကျောက်က လက်ကာပြလိုက်ပြီး. . .

"ဒါဆို မင်းတို့ရှာနေတဲ့ ဆရာငဆောင်ဟာ သွားစရာမြို့သုံးမြို့ပဲရှိတယ်။ ဂဲကြီးမြို့ရယ်၊ ဇလုတ်မြို့ရယ်၊ ချောင်းကောမြို့ရယ်. . ဒါပဲ၊ ကဲ. . ဘယ်သူတွေ သွားကြမှာလဲ။ သွားမယ်ဆိုလဲ မြန်မြန်သွားကြမယ်" ဟု ခပ်လောလောပြောသည်။

ပြောသာပြောနေသော်လည်း ဦးကျောက်သည်ထိုင်ရာကမထ။ ကျောက်လက်ဝါးကိုသာ သဲသဲမဲမဲ လှည့်ပတ်ကြည့်နေလေ၏။

ဆရာရွှဲက. . .

"ဘိုနဲ့ မောင်မောင်ဦးလိုက်ခဲ့။ မောင်မောင်ဦးက လူငယ်သုံးယောက်ပဲ အပိုခေါ်ခဲ့။ အဘစွမ်းကတော့ ကျွန်တော်နဲ့ လိုက်မယ် မဟုတ်လား"

"ဟာ. . . ငါမလိုက်တော့ဘူး မောင်ရွှဲ။ ငါ ဒီကပဲ အေးအေးဆေးဆေး စောင့်နေမယ်။ မင်းတို့လဲ နှစ်ရက်သုံးရက်နေရင် ဒီကို ပြန်ရောက်လာမှာပါ။ အဲဒီတော့ ခြေညောင်းပြီး ငါမလိုက်တော့ဘူး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အဘစွမ်း၏စကားကြောင့် ဆရာရွှဲမှာ အံ့အားသင့်သွား၏။

ထို့နောက်မှ ခေါင်းကိုညိတ်ပြကာ. . .

"ဟုတ်ကဲ့. . အဘစွမ်း သဘောပါမဲ့။ ဟော့. . မောင်လှကြိုင်ရေ၊ မင်းက အဘစွမ်းလိုအပ်တာတွေ ဆောင်ရွက်ပေးရအောင် ဒီမှာပဲနေခဲ့တော့"

"ဟုတ်ကဲ့"

"တဲ. . လာဟော့၊ အချိန် သိပ်မရှိဘူး။ တို့တွေ ခရီးနှင်ကြရအောင်"

အားလုံး အဆင်သင့်ဖြစ်သည်အထိ ဦးကျောက်ရော ကျောက်လက်ဝါးက မျက်စိမခွာနိုင်ဘဲ ရှိနေ၏။

အဘစွမ်းက. . .

"ဟော့. . . ဦးကျောက်။ ခင်ဗျား သူတို့ကို လိုက်ပြမှာလား။ ကျောက်လက်ဝါးကို ကိုင်ကြည့်နေမှာလား။ ခင်ဗျား ကတိမတည်ရင်တော့ ကျုပ် ပြန်ယူရလိမ့်မယ်နော်" ဟု သတိပေး၊ ဦးကျောက်သည် ပြူးပြူးပျာပျာ ဖြစ်သွားကာ မတ်တတ်ထရပ်လေသည်။

"ဟာ. . . ကျုပ်ကတိအတိုင်း လိုက်ပို့ပါ့မယ်။ လာလာ" ဟု ဆိုပြီး ရှေ့မှဆင်းသွားလေ၏။



မြို့မှထွက်သည်နှင့် တောလမ်းတစ်လျှောက်တွင် ဦးကျောက်၏ ခြေလှမ်းများမှာ အလွန်မြန်ဆန်လှပေရာ ကျန်လူများက မီအောင် မနည်းအားခဲလျှောက်ရသည်။

ဆရာဟိန်းက. . .

"ဦးကျောက်. . . ဖြည်းဖြည်းလျှောက်ပါဗျာ၊ နောက်ကလိုက်ရတဲ့လူတွေ မမီတော့ဘူး"

ထိုအခါမှ. . ခြေလှမ်းကို လျှော့ချလိုက်သည်။

မျက်လုံးများကတော့ အခွင့်ရသည်နှင့် လက်ထဲတွင် ကိုင်လာသော ကျောက်လက်ဝါးကို တကြည့်ကြည့်နှင့် ရှိနေတော့၏။

လမ်းခရီးတွင် တစ်ညအိပ်ပြီးမှ ပျားလပို့ရွာကို ရောက်သွားသည်။

ထိုရွာတွင်. . ဆရာငဆောင် မရှိတော့။

ရွာသူရွာသားများ၏ သတင်းပေးမှုအရ အချက်နှစ်ချက်ကို သိကြရသည်။

တစ်အချက်မှာ ဆရာငဆောင်သည် လွန်ခဲ့သည့် နှစ်ပေါင်းကပင် ထိုရွာမှထွက်၍ အနောက်မြောက်စူးစူးသို့ ထွက်သွားပြီဖြစ်ကြောင်း ထိုအရပ်၌ မည်သည့်ရွာမှမရှိကြောင်း။

နှစ်အချက်မှာ လွန်ခဲ့သည့်ရက်က ဆရာငဆောင်၏

www.burmeseclassic.com

www.burmeseclassic.com



တပည့်များ မိန်းကလေးတစ်ဦးကိုဖမ်းပြီး ရောက်ရှိလာပြန် ကြောင်း၊ ရွာ၌ မနားဘဲ ဆရာငဆောင်ထွက်သွားရာဘက်သို့ ဆက်လိုက်သွားကြောင်း။

တဖန် ထိုလူများနောက်သို့ အရပ်မြင့်မြင့် အသားဖြူဖြူ လူချောတစ်ဦးက နောက်မှလိုက်သွားပြန်ကြောင်း၊ ထိုလူ၏ ခေါင်းတွင် ဒဏ်ရာရထားကြောင်း၊ သွေးများထွက်နေကြောင်း ပြောပြသည်။

ဦးကျော်နှင့် တိုင်ပင်သောအခါ အနောက်မြောက် ထောင့်တွင် တောအုပ်ကလေးတစ်ခုရှိကြောင်း၊ တောအုပ် အလွန်တွင် လူသိပ်မသိလှသော ကရင်ရွာလေးတစ်ရွာ ကြောင်း၊ ထိုမှ ခရီးဆက်လျှင် ဇလုတ်မြို့နှင့် ချောင်းကော် နှစ်မြို့ကို ဆက်သွားနိုင်ကြောင်း ရှင်းပြသည်။

သို့နှင့် ဆရာရွှဲတို့လည်း ရွာ၌နားမနေတော့ဘဲ ရွာ ကျေးသည့် ထမင်းဟင်းကို ကမန်းကတန်းစားပြီး ဆက်လိုက်ကြ ပြန်လေ၏။

ဦးကျော်ပြောသော တောအုပ်ကလေးသို့ မရောက်မီ မိုးချုပ်သွား၍ တစ်ညအိပ်ကြရပြန်၏။

နံနက်တွင် ခရီးဆက်ရာ နေအတော်မြင့်မှ တောအုပ် ကလေးသို့ ရောက်သွား၏။



ညနေစောင်းသောအခါမှ ကရင်ရွာကလေးသို့ ရောက် သွားကြ၏။

ရွာသူရွာသားများမှာ မြန်မာလို ခပ်ဝဲဝဲပြောကြ၏။

သူတို့တစ်ရွာလုံး တစ်စုတစ်ရာကို ထိတ်လန့်နေကြ ပုံရ၏။

ဆရာရွှဲတို့ ရောက်သွားလျှင် မသင်္ကာသောအကြည့် များနှင့် ကြည့်နေလေ၏။

ထိုရွာ၏ ရွာသူကြီးက ဦးကျော်ကိုတွေ့မှ မျက်နှာ ရွှင်မှုသွားပြီး ကရင်လို အတန်ကြာအောင် ပြောပြနေသည်။

သူတို့က . ဦးကျော်ကို သိကြ၏။

ဦးကျော်က ပြန်ရှင်းပြသဖြင့် အောက်ပါအတိုင်းသိ ကြရလေသည်။

ကျန်ခဲ့သည့်ရက်က ဤရွာသို့ ဦးစွာ ဆရာတစ်ယောက် နှင့် တပည့်တစ်ဦးရောက်လာပြီး တည်းခိုကြောင်း။ ထို့နောက် သူ့တပည့်များက မိန်းကလေးတစ်ဦးကို ဖမ်းဆီးခေါ် လာကြ ကြောင်း။ မိန်းကလေးက . ရုန်းကန်လျက် ပါလာကြောင်း။ ဤရွာမှကာလသားများက ထိုလူစုကိုမနှစ်သက်၍ ရွာ၌တည်းခို ခြင်းမပြုရန်ပြောကြရင်းမှ ထိုဆရာ၏တပည့်များနှင့် ကတောက် ကဆဖြစ်ကြကြောင်း ရွာမှကာလသားများက လှံများကိုင်၍ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ ထိုဆရာက ဆေးမှုန့်များဖြင့်ပက်ရာ ရွာမှ လူငယ်သုံးဦး ရူးသွားကြောင်း။ ထို့ကြောင့် အားလုံးထိတ်လန့်တုန်ကြကြောင်း၊ ထိုဆရာ၏တပည့်များက တစ်ရွာလုံးကိုကြိမ်းမောင်းပြီး ရွာထဲမှကြက်နှင့်ဘဲများကို ဖမ်းဆီးယူဆောင်ပြီး ရွာမှထွက်သွားကြောင်း၊ အတန်ကြာလျှင် ခေါင်း၌ ဒဏ်ရာနှင့် လူတစ်ဦးရောက်လာပြန်ပြီး ထိုဆရာများ ဖမ်းသွားသည်မှာ သူ့သမီးဖြစ်ကြောင်းပြောပြီး သတိလစ်သွား၍ ရွာသူကြီးအိမ်၌ ဆေးကုပေးနေရကြောင်း စသည်ဖြင့် ဖြစ်သည်။

ထိုအခါ ဆရာရွှဲက ဒဏ်ရာနှင့်လူကို တွေ့လိုကြောင်း ရူးသွားသည်ဆိုသော လူငယ်သုံးဦးကိုလည်း ဆေးကုသပေးမည်ဖြစ်ကြောင်း ပြောသည်။

သို့နှင့် ရွာသူကြီး ကရင်အဘိုးအိုကြီးလည်း ဆရာရွှဲတို့ကို သူ့အိမ်ခေါ်သွားလေတော့သည်။

အိမ်ပေါ်တွင် ခေါင်း၌ဒဏ်ရာနှင့် အဖျားဝင်စပြုနေသော ငချမ်းကောင်းကို တွေ့ရသည်။

အိပ်ရာထက်တွင် လှဲနေရာမှ ဆရာရွှဲတို့ကိုမြင်လျှင် ထူလဲထသည်။ ဆရာရွှဲက လက်ပြ၍. . .

"နေ. . နေ. . လှဲနေ ကိုရင်ငချမ်းကောင်း၊ ကျုပ်တို့ရောက်လာပြီ။ ဘာမှအားမငယ်နဲ့"



ဟု အားပေးစကားကို ဆိုလိုက်၏။

ငချမ်းကောင်းမှာ စကားအချို့ကို ပြောသော်လည်း အသံကတိုးပြီး မသဲကွဲချေ။ အက်ရှရှဖြစ်နေ၏။ ဘာပြောလိုက်သည် မသိ။

အနီးရောက်လျှင် ဆရာရွှဲက မျက်စပစ်လိုက်သဖြင့် ဇေယျပဏ္ဍိတ်ဆရာချိတ်လည်း ဆေးလွယ်အိတ်ကို ဘေးချပြီး ငချမ်းကောင်း၏ နဖူးကို စမ်းကြည့်၏။

ခြစ်ခြစ်တောက် ပူလောင်နေသည်။ ကရင်ရွာသူကြီးက ရွာထဲရှိ သာမန်အရပ်သုံး ဆေးဝါးများသာ တိုက်ကျွေးခြင်း၊ ဆေးထည့်ခြင်းပြုထားနိုင်၍ လူနာမှာအဖျားတက်နေ၏။

လက်ကောက်ဝတ် သွေးတိုးနှုန်းကလည်း များလှ၏။

ဆရာဟိန်းကပါ ဝိုင်းဝန်းကူညီလုပ်ပေးသည်။ ကရင်အဘိုးအိုထံမှ ရေနွေးတောင်းပြီး ခေါင်းမှဒဏ်ရာကို ဖန်ရည်ဆေးကြသည်။

ငချမ်းကောင်းက ပါးစပ်မှ တတွတ်တွတ်ပြောနေ၏။ အသံမထွက်ဘဲ ရှုရှုရှုရှုသာ မြည်နေ၏။ ကယောင်ကတမ်းများ ပြောနေခြင်းဖြစ်၏။ ငန်းဖမ်း ငန်းဝင်နေဟန်တူ၏။

ချိုစောင်းမှ ဒဏ်ရာကို ဆေးထည့်ပြီးနောက် ငချမ်းကောင်းသောက်ရန် ဆရာဟိန်းက သူ၏ဆေးလွယ်အိတ်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ပါလာသည့် ငန်းဆေးကျော်နှင့် အသံဝင်သည်ကို အသံထွက်လာရန် အဆိပ်အတောက်များ ကင်းစင်စေရန်၊ ပုလဲနက်သွေးဆေး၊ နတ်မင်းကြီးလေးပါးအစာဖြတ်ဆေးတို့ကို ရေနွေးပူပူနှင့် တိုက်ကျွေးလိုက်၏။

ခြုံစောင်နွေးနွေး ထပ်ခြုံပေးရာ တစ်ခဏအတွင်း နှ
ဖြိုက်စွာ အိပ်ပျော်သွားလေ၏။

ကရင်အဘိုးကြီးက ရွာထဲမှ ရှူးသွပ်နေသော လူငယ်သုံးဦးကို ခေါ်ငင်စေ၏။

ရွာသားများက အမြုပ်တစီစီဖြစ်နေသော လူငယ်သုံးဦးကို ကြိုးနှင့်တုပ်လျက် ခေါ်လာသည်။ လူငယ်များမှာ အကြေ
များပင် ဆွဲနေလေ၏။

မြင်ရသည်မှာ . . စိတ်မချမ်းသာစရာပင်။

ဆရာငဆောင်သည့် . . . အလွန်ပြင်းထန်စွာ တစ်ခေ
လွတ် လုပ်သွားခြင်းဖြစ်၏။

လူငယ်များမှာ ဝေဒနာပြင်းထန်လှသည်။ အတော်
ကြိုးပမ်းကုသမှ သက်သာမည်ဟု ခန့်မှန်းရ၏။

ဆရာရွှဲလည်း သက်ပြင်းချပြီးနောက် . . .

"ကိုင်း . . . ဒီကိစ္စမှာတော့ ဆရာဟိန်းရော၊ ဆရာ
ရော၊ ကျုပ်ပါ ဝိုင်းဝန်းကုသကြမှ ဖြစ်မယ်။ ဆရာငဆော



ာမ်းကုန်အောင် ယုတ်မာသွားတာပဲ"ဟု စိတ်မကောင်းစွာ
ပြော၏။

လူရွယ်များမှာ တစ်ချက်၊ တစ်ချက် လည်ပင်းများလိမ်
က်များစောင်းလျက် တက်တက်သွားတတ်သေးသည်။

ထိုလူငယ်သုံးဦး၏ အမိ၊ အဘ၊ ညီအစ်ကို၊ မောင်နှမနှင့်
ဆွေမျိုးသားချင်းများက ဝိုင်းဝန်းကြည့်ရှုနေကြသည်။ မိခင်
ဖြစ်သူ၊ အစ်မဖြစ်သူ၊ ညီ၊ ညီမဖြစ်သူများမှာ မျက်ရည်ပါးရွဲ
ကြွေးနေကြလေ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်သည် စိတ်မကောင်းခြင်း
းစွာ ဖြစ်ရလေသည်။

သူ့စိတ်ထဲ၌ ဆရာငဆောင်တို့ကဲ့သို့သော မကောင်း
ရွားဆရာဆိုးများကို ဤလောကမှာ တစ်ယောက်မှမကျန်
အောင် ကမ္ဘာမြေဆုံးသည်ထိ လိုက်လံရှင်းလင်း သုတ်သင်မည်
ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင်ချမှတ်လိုက်လေတော့၏။

ယခုကဲ့သို့ ဆုံးဖြတ်ချက်ချခြင်းမှာ မည်သူ၏ တိုက်တွန်း
ဦးဆောင်မှုမှမပါဘဲ ပထမဦးဆုံးချမှတ်သော ဆုံးဖြတ်ချက်
သည်။

ယခင်က ဆောင်ရွက်သမျှသည် ဦးရွှဲကသော်လည်း
ာင်း၊ ဆရာတော်ကသော်လည်းကောင်း ညွှန်ပြဦးဆောင်မှု

www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်ပါဆောင်ရွက်ခြင်းသာ ဖြစ်ပေသည်။

ယခု ဆုံးဖြတ်ချက်မှာမူ ရင်ထဲမှ အလိုအလျောက် ပေါ်ပေါက်လာသော အလွန်ပြင်းထန်သည့် မိမိ၏ ကိုယ်ပိုင်ဆန္ဒတည်း။

ထိုဆန္ဒအရှိန်ကြောင့် ဤလူရွယ်သုံးယောက်ကို ဆေးကုသခြင်းနှင့် ပတ်သက်၍လည်း ဇေယျပဏ္ဍိတ်ဆရာချိတ် ရင်ထဲ၌ သဘောထားများပြောင်းလဲသွားလေသည်။

ဤလူရွယ်သုံးယောက် ခံစားနေရသော ဝေဒနာကို လုံးဝသက်သာပျောက်ကင်းအောင် ကုသပေးခြင်းသည် ဤလူရွယ်များကို ကယ်တင်ခြင်းသာမက ဆရာ့ဆောင်ကိုပါ အနိုင်ယူခြင်းဖြစ်သည် မဟုတ်ပါလား။

ထိုသို့ အတွေးအမြင် ပြောင်းလဲသွားသောကြောင့် လူရွယ်များကို မပျောက်ပျောက်အောင် ကုသမည်ဟု ဇေယျပဏ္ဍိတ်ဆရာချိတ်က ရင်တွင်း၌ ပြင်းပြသောစိတ်ဆန္ဒ ဖြစ်ပေါ်ခဲ့လေသည်။

"ဆရာရွှဲ ခင်ဗျား. . . ကျွန်တော် တစ်ခု ခွင့်ပန်ပါရစေ ခင်ဗျား"

"ပြောလေ. . . ဆရာချိတ်ရဲ့"

"ဒီလူရွယ်သုံးယောက်ကို လုံးဝပျောက်ကင်းသွားအောင် ကျွန်တော်ကုသပေးနိုင်ပါတယ်။ ကျွန်တော့်ကို ကုသခွင့်ပြုပါလား. . ခင်ဗျား"

ထိုစကားကို ဆရာရွှဲကြားလျှင် ရွှန်းလက်သော အပြုံးတစ်ခု သူ၏နှုတ်ခမ်းပေါ်၌ ပေါ်ပေါက်လာလေ၏။

ထို့နောက် ခေါင်းတညိတ်ညိတ်လုပ်ရင်း ဇေယျပဏ္ဍိတ်ဆရာချိတ်၏ မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေလေသည်။

သူ၏ နက်မှောင်သော မျက်လုံးအစုံ၌ ဂုဏ်ယူဝမ်းမြောက်ခြင်း အရိပ်အယောင်များ...



ကျွန်တော်ကုသပေးနိုင်ပါတယ်။ ကျွန်တော့်ကို ကုသခွင့်ပြုပါလား. . ခင်ဗျား"

ထိုစကားကို ဆရာရွှဲကြားလျှင် ရွှန်းလက်သော အပြုံးတစ်ခု သူ၏နှုတ်ခမ်းပေါ်၌ ပေါ်ပေါက်လာလေ၏။

ထို့နောက် ခေါင်းတညိတ်ညိတ်လုပ်ရင်း ဇေယျပဏ္ဍိတ်ဆရာချိတ်၏ မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်နေလေသည်။

သူ၏ နက်မှောင်သော မျက်လုံးအစုံ၌ ဂုဏ်ယူဝံ့ကြွားဟန်က အထင်းသားပေါ်လွင်နေသည်။

မိမိထုလုပ်ထားသော သစ်သားပန်းပုရုပ်ကလေးက အသက်ဝင်လာသည်ကို မြင်ရသကဲ့သို့တည်း။

"ဟိတ်. . ဆရာချိတ်ရေ ကျုပ်က ဒီအချိန်ကိုရောက်အောင် စောင့်နေရတာကြာလှပေါ့။ ဆရာ့ချိတ်ရဲ့ မူလစိတ်အလိုဆန္ဒတွေနဲ့ ဒီလမ်းကြောင်းကို ကိုယ့်ဘာသာကိုယ် အလိုအလျောက် လျှောက်လှမ်းချင်စိတ်တွေဖြစ်လာအောင် ကျုပ်အမြဲမျှော်လင့်နေခဲ့တာ။ ခုတော့ ကျုပ်ဆန္ဒတွေပြည့်ပြီထင်တယ်။ မေးရဦးမယ် ဆရာချိတ်ရေ၊ အကယ်၍ အခုအချိန်မှာ ကျုပ်ဟာ မဟာမြိုင်ဂမ္ဘီရတောထဲကို ပြန်ဝင်သွားမယ်ဆိုရင် ဆရာချိတ်. . ဘာဆက်လုပ်မလဲ"

"ကျွန်တော်ကတော့ သံန္နိဋ္ဌာန် ချထားတဲ့အတိုင်း ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်တို့ကို အနံ့ရှာပြီး ပြဿနာရှင်းရမှာပဲ. . ဆရာရွှဲ"

ဇေယျပဏ္ဍိတ်ဆရာချိတ်၏ အဖြေကြောင့် ဆရာရွှဲက ဝမ်းသာအားရ အော်လိုက်သည်။

"ဟုတ်ပြီ. . . ဟုတ်ပြီ။ ဒါမှ ဇေယျပဏ္ဍိတ်ဆရာချိတ်ကွ။ မင်းကို ဆရာတော်ဖြစ်စေချင်တာက အခုလို ယောကျ်ား အာဇာနည်စိတ်ဓါတ်ကိန်းအောင်းနေတဲ့ ဆရာချိတ်လေးအဖြစ် မြင်ချင်တာကွ"

"ဟုတ်လား။ အခုလို ဆရာတော့်ဆန္ဒအတိုင်း ကျွန် တော်ဖြစ်လာတဲ့အတွက် ကျွန်တော်ဝမ်းမြောက်လှပါတယ်"

"ကိုင်း. . ဆရာချိတ်ရေ၊ ဒီလူရွှယ်သုံးယောက်ကို ဆရာ ချိတ် လက်ကိုအပ်တယ်။ ဆရာချိတ်သဘောရှိ ကုပေတော့"

ဇေယျပဏ္ဍိတ်ဆရာချိတ်သည် ဦးစွာ ဘုရားရှင်အား ရည်မှန်း၍ ဦးချ၏။

ဆရာတော်အား ရည်မှန်း၍ ဦးချ၏။

ထို့နောက် ဘုရားဂုဏ်တော်ကိုးပါးကို လေးနက်စွာ ပုတီးတစ်ပတ် စိပ်လိုက်၏။

ထို့နောက် တည်ငြိမ်သော သမာဓိနှင့်အတူ ထွက်ဝင်လေကို မှတ်လိုက်၏။

တစ်ဆက်တည်းပင် ဤလူရွှယ်များတွင် ခံစား



သောဝေဒနာကို ဆင်ခြင်သုံးသပ်ပြီး ပျောက်ကင်းစေလိုသော စေတနာဆန္ဒများ စိတ်တွင် ပွားများလိုက်လေသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က. . .

"ရွာသူကြီးခင်ဗျား. . . ကျွန်တော့်ကို ကြေးစည်တစ်ခု ရှာပေးပါ"

ရွာသူကြီးမှာ မြန်မာလိုကောင်းစွာ နားမလည်သောကြောင့် ဦးကျောက်က ကရင်လိုပြောပေးရ၏။

ရွာသူကြီးဖြစ်သူ ကရင်အဘိုးအိုကြီးမှာ အတန်ကြာအောင်စဉ်းစားနေပြီးနောက် ရွာထဲ၌ မည်သူ့ထံတွင်မျှ ကြေးစည် ရှိကြောင်း၊ လွန်ခဲ့သည့်ဆယ်နှစ်ခန့်က ရွာထိပ်တွင် မြေကို တူးယက်ရင်း ဘုရားပျက်တစ်ခုကို တွေ့ရှိလေရာ ထိုဘုရားပျက် အနီးမှ နူတ်ခမ်းများပဲ့နေသော ကြေးစည်အဟောင်းတစ်ခု ကြောင်း၊ မုဆိုးဖလူးအိမ်၌သိမ်းထားကြောင်း၊ သုံး၍ရမည် လျှင်ယူပေးမည်ဟု ဦးကျောက်မှတစ်ဆင့် ပြောသည်။

"ရပါသည်. . ."

ဟု ပြောလိုက်၍ ကရင်အဘိုးအိုက လူငယ်တစ်ဦးကို ထဲလွှတ်၍ ယူခိုင်း၏။

လူရွှယ်ယူလာသော ကြေးစည်ကိုကြည့်ရာ ကြေးစည် ၌ (စမ)အက္ခရာများနှင့် ကြီးလေးကြီးအင်းကွက်ပါရှိပြီး

www.burmeseclassic.com



ကုဝေရနတ်ဘီလူးရုပ်က ကြေးစည်၏ဗတိုတွင် တည်ရှိနေသည်ကို တွေ့ရလေသည်။

နတ်ဝတ်တန်ဆာ ဆင်ယင်ထားပြီး ဒုယင်သုံးဆင့် ခြေထောက်သုံးချောင်း၊ အစွယ်ရှစ်ချောင်း၊ သံတင်းပုတ်ကိုင်ဟန်ဖြစ်သည်။

တစ်ဖက်နှုတ်ခမ်း၌ နှစ်ချက်ပဲ့နေ၏။

သုံး၍ ဖြစ်သည့်အပြင် ပိုမို၍ပင် အသုံးဝင်နေကြောင်း ဇေယျပဏ္ဍိတ်ဆရာချိတ်က သိလိုက်၏။

မောင်မောင်ဦးက လက်ရိုက်တုတ်တစ်ခုကို ခုတ်ယူလာပေး၏။

မြေအိုးတစ်လုံးနှင့် ရေကို ခပ်ယူစေပြီး ရှေ့တွင်ချကာ ဓာရဏပရိတ်ရွတ်ခြင်း၊ ဘုရားကိုးဆူဂါထာဖြင့် မန်းမှုတ်ခြင်း ပြုလုပ်၏။

ပြီးလျှင် ရေအိုးကိုထားပြီး ရွာသူကြီး ကရင်အဘိုးအိုကြီးထံ မျက်နှာမူလိုက်ရပြန်၏။

စိတ်ထဲတွင် ပေါ်လာခဲ့သော အစီအစဉ်အရ နောက်ထပ် လိုအပ်သောအရာများ ရှိသေးသည်။

"ရွာအနားပတ်ဝန်းကျင်မှာ ပိန်းနက်နဲ့ ဖားဂမုန်းပင်မရှိဘူးလား"



ဟု ဇေယျပဏ္ဍိတ်ဆရာချိတ်က မေးလိုက်၏။

ဦးကျောက်က ဇေယျပဏ္ဍိတ်ဆရာချိတ် ပြောသမျှကို ကရင်လို ပြန်ပြန်ပြောနေရသည်ကို စိတ်မရှည်တော့။

လက်ထဲမှ ကျောက်လက်ဝါးကို ငုံ့ကြည့်နေရာမှ မျက်နှာခွာလိုက်ပြီး....

"ဟော့. . . ဆရာချာချိတ်၊ မင်းလိုချင်တာတွေသာ အကုန် ငါ့ကိုပြော၊ ငါ ဒီဒေသတစ်ခွင်မှာ ဘယ်နေရာ ဘာရှိတယ်ဆိုတာ အကုန်သိတယ်။ ကဲ. . . ပြောပြော"ဟု ဆိုလိုက်၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က စဉ်းစားပြီးနောက် ပြောသည်မှာ. . .

"ကျွန်တော့်စိတ်ထဲမှာ ပေါ်လာတာကတော့ ပိန်းနက်ရယ်၊ ဖားဂမုန်းရယ်၊ နောက်တစ်မျိုးက အမည်တော့မသိဘူး။ အရွက်က လက်ဝါးလိုပဲ။ အဲဒီအရွက်မှာ အပေါက်ငါးပေါက်ပါတယ်။ နွယ်တစ်မျိုးလိုပဲ"

"အဲဒီအပင် ငါသိတယ်ဟေ့. . .။ ရွက်ပေါက်ဂမုန်းလို့ခေါ်တယ်။ ဒါပဲလား"

"နောက်. . တောင်ဆိတ်အဆီလဲ လိုချင်ပါတယ်"

"ကောင်းပြီ။ တောင်ဆိတ်အဆီကတော့ ရွာထဲမှာ ရှိပါမှ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ကျန်တဲ့ပစ္စည်းတွေကိုတော့ ငါရအောင်ရှာခဲ့မယ်။ မကြာ ပါဘူး။ ရွာအနောက်ဘက်က တောတန်းထဲမှာပဲ မင်းလိုချင်တာ တွေ အကုန်ရမယ်"

ဟု ပြောပြီးနောက် ဦးကျောက်က ကရင်အဘိုးကြီးကို ဝံတောင်ဆိတ်အဆီရှာပေးရန် ပြောသည်။

ကရင်အဘိုးကြီးက သူ့အိမ်ထဲမှပင် ဆိတ်သားရေအိတ် နှင့်ထည့်ထားသော တောင်ဆိတ်အဆီကို ယူပေးသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ဦးကျောက်ကို ပိန်းနက် ဖားဂမုန်း၊ ဂမုန်းရွက်ပေါက် စသည်တို့ကို ပဥ္စငါးပါးယူခဲ့ပေး ရန်နှင့် ထိုအပင်များကို ရသမျှ အတော်များများ ယူခဲ့ပေးပါရန် မှာလိုက်၏။

ထမင်းအိုးတစ်လုံးချက်ခန့်ကြာလျှင် ဦးကျောက်သည် ဆေးပင်ဆေးရွက်များကို နွယ်ကြိုးနှင့်စည်းပြီး ပခုံးပေါ်ထမ်း လျက် ပြန်ရောက်လာသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်လည်း ကြိုးတုပ်ထားသော လူရွယ်သုံးဦးအနီးမှ လူများကို ဘေးသို့ခွာစေ၏။ ထို့နောက် လူရွယ်သုံးဦးကို မန္တန်တစ်ပုဒ်ရွတ်လျက် စည်းချလိုက်သည်။

ထိုစည်းဝိုင်းပေါ်၌ ဦးကျောက်ယူလာသော ဆေးပင် ဆေးရွက်များကို ဖြန့်ဝိုင်းချသည်။ တောင်ဆိတ်အဆီကို ဆေး



ရွက်များပေါ်၌ ပက်ဖျန်းပြီး မီးရှို့လိုက်၏။

လူရွယ်သုံးဦးကို ပတ်ဝိုင်း၍ ဆေးရွက်များ မီးလောင်ရာ ပြင်းထန်စူးရှသော အနံ့အသက်များရှိသည့် မီးခိုးငွေ့များ ထွက် ပေါ်လာလေသည်။

လူရွယ်သုံးဦးမှာ ထိုအနံ့ပြင်းထန်စူးရှသော ဆေးပင် ဆေးရွက်များမှ မီးခိုးငွေ့များကို ရှူရှိုက်မိလျှင် ပါးစပ်မှ အမြှုပ် များ အန်လေတော့၏။

အတန်ကြာအောင်အန်နေပြီးနောက် သတိလစ် လဲကျ သွားလေသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က. . . မန္တန်များဖြင့် မန်းမှုတ် ထားသောရေအိုးကို လျင်မြန်စွာမယူလိုက်ပြီးလျှင် လောင်နေ သော မီးတောက်များကို ရေဖြင့် လိုက်လံပက်ဖျန်းငြိမ်းသတ် လိုက်၏။

လူရွယ်သုံးဦးမှာ. . သတိလစ်မေ့မြောနေဆဲ ဖြစ်၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ကြေးစည်နှင့် လက်ရိုက် တုတ်ကိုယူပြီး လူရွယ်များအနီးတွင် ရပ်လိုက်၏။

ထို့နောက် သတ္တဝါဝေနေယျအပေါင်းအား မေတ္တာပို့ အမျှပေးဝေပြီး လူရွယ်များအား ဝေဒနာမှ သက်သာပျောက် ကင်းစေကြောင်း ဆုတောင်းပေးပြီးလျှင် ကြေးစည်ကို လက်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်တုတ်နှင့် သာသာညင်းညင်း စတင်ရိုက်ခတ်လေတော့၏။

ကြေးစည်သံ လွင်လွင်လေးကို ကြားကြရသည်။ အရှေ့အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာသို့ ကြေးစည်သံ တနောင်နောင် တဝေဝေသည် ကြည်နူးဖွယ် လွင့်ပျံ့သွားလေတော့သည်။

ပထမတော့. . . မည်သို့မျှ မထူးခြား။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ကြေးစည်ကို တနောင်နောင်ဖြင့်ထုနေရင်း. . . လူရှုယ်များအား လက်ယာရစ် ရစ်ပတ်လိုက်လေ၏။

တစ်ပတ်ပြည့်လျှင်. . . လူရှုယ်များ လူးလွန့်လာလေ၏။ သတိရလာကြ၏။

ကရင်လို သူတို့၏ မိခင်၊ ဖခင် မိသားစုများကို တမ်းတခေါ်ငင်ကြ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ကြေးစည်ရိုက်ခတ်ခြင်းရပ်ဆိုင်းလိုက်ပြီး. . .

"ကိုင်း. . . ကောင်းသွားပါပြီ။ သူတို့ကို ကြိုးဖြေပေးပြီး ပြုစုလိုက်ကြပါ"

ဟု ပြောလျှင် ဦးကျောက်က ကရင်လိုပြောလိုက်သောကြောင့် လူရှုယ်များ၏ မိဘညီအစ်ကိုမောင်နှမများလည်း



လူရှုယ်များထံ ပြေးသွားပြီး ကြိုးများကိုဖြေခြင်း၊ မွှေ့ဖက်ခြင်း၊ ရေတိုက်ခြင်း၊ ဝမ်းသာအားရ စကားပြောကြခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်းတို့ကို ဆောင်ရွက်ကြလေ၏။

ဝေဒနာမှ လုံးဝပျောက်ကင်းသွားပြီဖြစ်သော လူရှုယ်များက ဇေယျပဏ္ဍိတ်ဆရာချိတ်ကို လာရောက်ကန်တော့ကြရာ သူတို့၏ မိဘများကပါ ကျေးဇူးအလွန်တင်သောကြောင့် ထိုင်ကန်တော့ကြမည်ပြု၍ မနည်းတားမြစ်ရလေသည်။

မကြာမီမှာပင် တစ်ရွာလုံးကို သတင်းပြန့်သွားပြီး ရွာသူရွာသားများက သူကြီးအိမ်သို့ ညသည်များစားရန် အစားအစာများ မစဲအောင် လာပို့ကြလေတော့သည်။

သူကြီးဖြစ်သူ ကရင်အဘိုးကြီးမှာ တပြုံးပြုံးနှင့် ရှိနေတော့သည်။

လူရှုယ်အချို့က ထန်းရည်များကိုပါ လာပို့သောအခါ ထန်းရည်ကိုတော့ မသောက်ပါကြောင်းပြောပြပြီး ပြန်ပေးလိုက်ရ၏။

ထိုအချိန်တွင် ဆေးသောက်ပြီး အိပ်ပျော်သွားခဲ့သော ချမ်းကောင်းအိပ်ရာမှ နိုးလာ၏။

"ဟင်. . . ဆရာတို့ ရောက်နေပါလား။ ကျွန်တော်အတော့်ကို နေကောင်းသွားပြီပဲ။ အသံတောင် ပြန်ထွက်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဇေယျပဏ္ဍိတ်ဆရာချိတ်က. . .

"ဘယ်လိုဖြစ်ခဲ့တာလဲ ဦးရီး။ ကျွန်တော်တို့ သိရအောင် အကျိုးအကြောင်း ပြန်ပြောပြပါဦး"

"အဲဒီနေ့မနက်က ကျုပ်လဲ သောက်ရေခပ်ထွက်နေတုန်း ကျားကြီးညွှန့်တို့ ခြံဝင်းထဲဝင်ကြတာပဲ။ မနက် အစောကြီးရှိသေးတယ်။ နန်းနွယ်ကို ဖမ်းသွားကြတယ်။ ကျုပ် ရောက်တော့. . . နန်းနွယ်မရှိတော့ဘူး။ အိမ်ပေါ်မှာ ဖရိုဖရဲဖြစ်ကျန်ခဲ့တယ်။"

"ကျားကြီးညွှန့်တို့နဲ့ ပါလာတဲ့ အောင်ကြည်ဝင်းက မီးသွေးခဲနဲ့ ကြမ်းပေါ်မှာ ကမန်းကတန်း စာအချို့ရေးသွားခဲ့တယ်။ အောင်ကြည်ဝင်းက သူဟာ သစ္စာဖောက်တာ မဟုတ်ပါကြောင်း၊ ဆရာငဆောင့်ကို အယုံသွင်းပြီး သတင်းယူနေတယ်တဲ့။ နန်းနွယ်ကို မှဲ့တစ်ပေါက်မစွန်းအောင် အသက်ပေးကာကွယ်မယ်လို့လဲ ပါတယ်။ အခွင့်ရလျှင် လွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးမယ်ဆိုတာ ဆရာတို့ကိုလဲ အသိပေးလိုက်ပါဆိုပြီး စာထဲမှာပါတယ်။ ကျုပ်လဲနန်းနွယ်ကို ကျားကြီးညွှန့်တို့ဖမ်းသွားပြီဆိုတာလဲသိရော စိတ်အရမ်းပူပြီး ဆရာတို့ထံ အကြောင်းမကြားနိုင်ဘဲ နန်းနွယ်ဆီလိုက်ဖို့ အိမ်ပေါ်က ပြေးဆင်းလာခဲ့တယ်။



"အိမ်အောက်မှာ လှကြိုင်က ဆရာတို့ကိုဆဲဆိုပြီး အိမ်ကိုမီးရှို့မလို့ လုပ်နေတာတောင် သူ့ကို မဟန့်တားနိုင်တော့ဘူး။ အချိန်မရှိတာနဲ့ ကျားကြီးညွှန့်တို့နောက်ကို အပြေးလိုက်ခဲ့ရတယ်။ ထုံးဖြူရွာမရောက်ခင် တောတန်းတစ်ခုထဲမှာ သူတို့ကို မီတော့ ကျုပ် သူတို့ကို လက်ထဲမှာပါလာတဲ့ဓားနဲ့ အတင်းဝင်ခုတ်တယ်။ ဆရာငဆောင် တပည့်တစ်ယောက် လက်တစ်ဖက်ပြတ်သွားတယ်။

"ကျားကြီးညွှန့်က ကျုပ်ကို ငှက်ကြီးတောင်နဲ့ တွတ်လိုက်တာ ချိုစောင်းမှာဒဏ်ရာရပြီး လဲသွားတယ်။ ကျုပ်က သတိမလစ်သေးတော့ လဲရာကနေဒေါသနဲ့ဆဲပြီး လူးလဲထတာပေါ့။ ဆရာငဆောင်တို့လဲ ကျုပ်ကိုတုံ့ပြန်မနေတော့ဘဲ သူ့တပည့်လက်မောင်းကို သွေးတိတ်ဆေးထည့်ပေးပြီး ရှေ့ကို ခရီးဆက်နှင်တယ်။

"ကျုပ်လဲ ခေါင်းကဒဏ်ရာက သွေးထွက်လွန်ပြီး မူးဝေနေတာနဲ့ သူတို့ကိုမီအောင် မလိုက်နိုင်တော့ဘူး။ ဒီရွာရောက်တော့ အပြင်းဖျားပြီး ကျုပ်လဲတော့တာပဲ။ နောက်ဆုံး အခုလို ဆရာတို့နဲ့ တွေ့ရတာပဲဆိုပါတော့"

"ဪ. . . ဒါဆို အောင်ကြည်ဝင်းက သစ္စာမဖောက်ဘူးပေါ့။ ကျွန်တော်တို့ လူတစ်ယောက် သူတို့အထဲမှာရှိနေတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အတော်ဝမ်းသာစရာပဲ။ မနန်းနွယ်အတွက်လဲ အတန်အသင့် စိတ်အေးရတာပေါ့"

ဟု ဇေယျပဏ္ဍိတ်ဆရာချိတ်က ကောက်ချက်ချသည်

တစ်ချိန်လုံး မျက်နှာညှိုးနွမ်းနေသော မောင်မောင်ဦးမှာလည်း ယခုမှ အတန်အသင့် မျက်နှာရွှင်ပျလာလေ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ဆက်လက်၍ ပြောသည်မှာ. . .

"ဘာပဲဖြစ်ဖြစ်. . ကျွန်တော်တို့ကတော့ ဆရာငဆောင်နောက်ကို ဆက်လိုက်ရမှာပဲ။ ဦးရိုးငချမ်းကောင်းက နေကောင်းပြီဆိုပေမယ့် အားကပြတ်နေတာဖြစ်တယ်။ ပြီးတော့ ခေါင်းကဒဏ်ရာကိုလဲ ကျက်အောင် ဆေးကုရဦးမယ်။ ဒီတော့ ဦးရိုးကိုကျွန်တော်တို့နဲ့ပါလာတဲ့ ကာလသားသုံးဦးနဲ့ ပြန်ထည့်လွှတ်လိုက်မယ်။ ဦးရိုးက. . နေရပ်ကိုပြန်ပြီးနားပါ။ မြို့ဦးဇရပ်မှာ အဘစွမ်းရှိတယ်။ အဘစွမ်းက လိုအပ်တဲ့ဆေးဝါးကုသမှုကို ဆက်ပြီးဆောင်ရွက်ပေးပါလိမ့်မယ်"

ထို့နောက် ရွာသားများက ဝါးတစ်လုံးနှင့် လျှိုထမ်းရန်ဂျပ်ခုပ်စောင်တစ်ထည် ရှာပေးသည်။

ချမ်းကောင်းကို ထမ်းခေါ်ရန်အတွက် လူငယ်များကလည်း အသင့်ရှိနေပြီ။



ဇေယျပဏ္ဍိတ်ဆရာချိတ်က တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် မျက်နှာပျက်သွားပြီး ဆရာရွှဲဘက်ကို လှည့်လိုက်ကာ. . .

"ဟင်. . . ကျွန်တော် စိတ်လောကြီးပြီး မေ့သွားလို့ပါဆရာရွှဲ။ ကျွန်တော့်ကို. . . ခွင့်လွှတ်ပါ"

"ဘာကိုလဲကွ. . . ဆရာချိတ်ရဲ့"

"ဆရာရွှဲရဲ့ ခွင့်ပြုချက်ကို မယူမိဘဲနဲ့ အစီအစဉ်တွေကိုကျွန်တော့်သဘောနဲ့ကျွန်တော် စီမံမိတာကို ခွင့်လွှတ်ဖို့တောင်းပန်တာပါ. . . ဆရာရွှဲ"

"ဟဲ့. . . အဲဒါဆိုရင်တော့ မတောင်းပန်နဲ့။ မတောင်းပန်နဲ့။ ငါကိုယ်တိုင် မင်းကို အခုလို ဦးဆောင်ဦးရွက်ပြုပြီးစီမံခန့်ခွဲလာအောင် ဘယ်လိုကြံဆောင်တိုက်တွန်းရပါ့မလဲလို့အမြဲ တွေးနေရတာ။ တစ်နေ့မဟုတ်တစ်နေ့မှာ ဒီလိုပဲ မင်း ဦးဆောင်ဦးရွက် ပြုရမှာပဲ။ မြန်မြန်ဦးဆောင်လေ မြန်မြန်ကောင်းလေပေါ့။ ကိုင်း. . လုပ်စရာရှိတာ ဆက်လုပ်၊ စီမံစရာရှိတာဆက်စီမံပေတော့။ အကြံပေးစရာရှိရင် ငါဝင်ပြောပါ့မယ်။ မှားတာတွေ့ရင်လဲ ပြင်ပေးပါ့မယ်။ ဘာမှမစိုးရိမ်နဲ့ ဟုတ်လားဆရာချိတ်"

ဆရာချိတ်တ. . ခေါင်းညိတ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ချမ်းကောင်းလည်း ဆရာရွှဲကို ရိုသေစွာနှုတ်ဆက်ပြီးနောက် ဇေယျပဏ္ဍိတ်ဆရာချိတ်ကို. . .

"ဦး သမီးအတွက်. . စိတ်ချမယ်နော်" ဟု ဆိုသဖြင့်

"ဟာ. . . စိတ်ချပါ ဦးရယ်။ ကျွန်တော်တို့ အစွမ်းရှိသမျှ ဆောင်ရွက်ပေးမှာပါ။ အိုလေ. . မနန်းနွယ် ပြန်လွတ်မြောက်စေရမယ်လို့ ကျွန်တော်အာမခံပါတယ်" ဟု ရဲရဲဝံ့ဝံ့ ဆိုလျှင် ချမ်းကောင်းလည်း စိတ်အေးသွားပုံရ၏။

လူရွှယ်သုံးယောက်က တစ်လှည့်စီ ထမ်းကြမည်ဖြစ်သည်။ မောင်မောင်ဦးက မှာရန်ရှိသည်တို့ကို မှာကြား၏။

အထမ်းပေါ်တွင် ပါသွားသော ချမ်းကောင်းကို လှမ်းကြည့်ရင်း ဆရာရွှဲကပြောသည်မှာ. . .

"ဒါကြောင့် အဘစွမ်းက မြို့ဦးဇရပ်မှာနေခဲ့ရင်း ပြောတာကိုး။ သူ ဟိုက စောင့်နေမယ်ဆိုတာ။ ကိုရင်ချမ်းကောင်း ဒဏ်ရာက မသေးဘူး။ ဟိုမှာ အဘစွမ်းရှိနေတာ အတော်ပဲ။ လေးငါးရက်လောက် ဖိဖိစီးစီးကုလိုက်မှ သက်သာသွားမှာ"

ဦးကျောက်က အဘစွမ်းဟူသော အသံကိုကြားလျှင် ကျောက်လက်ဝါးကို ငုံ့ကြည့်နေရာမှ ခေါင်းမော်ကြည့်ပြီး. . .

"ကျုပ်တာဝန်ကကော မပြီးသေးဘူးလား။ ကျုပ်လဲ ပြန်ချင်လှပြီ" ဟု ပြောသဖြင့် ဆရာရွှဲက. . .



"နေပါဦး. . . ဦးကျောက်ရာ။ ဆရာငဆောင်ကိုတော့ တွေ့အောင်ရှာပေးခဲ့ပါဦး။ ဆရာငဆောင်ကိုတွေ့ရင် ခင်ဗျားတာဝန်ပြီးပါပြီ" ဟု တောင်းပန်လိုက်ရလေ၏။

သို့နှင့် သူတို့လည်း ရွာသားများ လာပို့ထားသော အစားအစာများကို စားသောက်ရန် ပြင်ဆင်ကြသည်။

စားသောက်ပြီးနောက် ရွာသူကြီးနှင့်တကွ ရွာသားများကိုနှုတ်ဆက်ပြီး ခရီးပြင်းနှင်ရပြန်လေ၏။

တစ်ညအိပ်ပြီးလျှင် ညောင်ညိုလမ်းခွဲရွာသို့ ရောက်လာ၏။

ထိုရွာမှ ခရီးဆက်သောအခါ. . လမ်းနှစ်ခွရှိသည်။

လမ်းတစ်လမ်းက ဇလုတ်မြို့သို့သွားသောလမ်း၊ နောက်တစ်လမ်းက ချောင်းကောမြို့သို့ သွားသောလမ်း။

လမ်းနှစ်ခုမှာ. . . ဆန့်ကျင်ဘက်။

ထိုလမ်းနှစ်လမ်းကို အလွန်မြင့်မတ်သော ပစဲကောတောင်တန်းကြီးက. . . ကန့်လန့် စည်းခြားထားလေ၏။

ညောင်ညိုလမ်းခွဲတွင် စုံစမ်းရာ လူတစ်စု မိန်းကလေးတစ်ဦးနှင့်ရောက်လာကြောင်း။ ခေတ္တနားနေပြီး ခရီးဆက်ကြကြောင်း၊ မည်သည့်လမ်းကို သွားသည်ဟုတော့ မိမိတို့ သတိ

www.burmeseclassic.com

www.burmeseclassic.com



မထားမိကြကြောင်း ပြောကြ၏။

လမ်းဆုံလမ်းခွမှာ . . ရွာနှင့် အတော်လှမ်း၏။

ရွာနှင့်လမ်းဆုံကြားတွင် သစ်တောခပ်အုပ်အုပ်ကလေး တစ်ခုကလည်း ကြားခံနေသေးရာ ဆရာဧဆောင်တို့ မည်သည့် လမ်းမှထွက်သွားကြောင်း ရွာသားများ မသိနိုင်ကြပေ။

ဦးကျောက်လည်း လမ်းဆုံလမ်းခွတွင် ငူငူကြီးထိုင်ပြီး ဘယ်လမ်းလိုက်ရမည်မသိဘဲ ရှိလေ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ဦးကျောက်အား . . .

"ကဲ . . ဦးကျောက်၊ ခင်ဗျား ဆုံးဖြတ်လေဗျာ။ ကျုပ်တို့ အထဲမှ ဆရာဧဆောင် ဘယ်လမ်းသွားတယ်ဆိုတာသိတဲ့လူ တစ်ယောက်မှမပါဘူး။ အဲဒီတော့ . . ဒီနယ်မြေကျွမ်းကျင်တဲ့ ခင်ဗျားကပဲ ဘယ်လမ်းသွားနိုင်မယ်ဆိုတာ ခန့်မှန်းပေတော့"

"ကျုပ်လဲ နတ်မျက်စိရတာမဟုတ်တော့ လွဲသွားရင် ဘယ့်နှယ်လုပ်မလဲ"

"လွဲတော့လဲ ဘာတတ်နိုင်မလဲလေ။ မလွဲချင်ရင် ဒီ နေရာမှာ ထိုင်နေမှပဲဖြစ်မယ်။ တစ်လမ်းလမ်းကို သွားရင်တော့ လွဲချင်လွဲမယ်။ မှန်ချင်လဲ မှန်မယ်ပေါ့။ ဖြစ်နိုင်ချေ တစ်ဝက်စီပဲ။ ကဲ . . . ဦးကျောက်၊ ခင်ဗျားပဲ ဆုံးဖြတ်တော့။ လွဲတော့လဲ ကျုပ်တို့ကံပေါ့ဗျာ"



"ကိုင်း . . . ကျုပ် ဆုံးဖြတ်ရမှာဖြင့် ကျုပ်နာမည်က လက်ပွားဦးကျောက်တဲ့။ ကျုပ် လက်ပွားက ညာဘက်မှာရှိတယ် လေ။ ဒါကြောင့် ဆေးစီရင်ရအောင် ညာဘက်ကျောက်လက်ဝါး ကို တစ်သက်လုံး ရှာလာခဲ့တာပဲ။ ဟော . . . အခု အဘစွမ်း ကျေးဇူးကြောင့် ကျောက်လက်ဝါးညာဘက်လက်ရပြီ။ ဒီတော့ ကျုပ်နဲ့ ညာဘက်လက်နဲ့ အကျိုးပေးတာဆိုတော့ ကျုပ် ရွေးရ မယ်ဆိုရင် ညာဘက်လမ်းကို ရွေးတယ်ဗျာ"

သူတို့သည် ညာဘက်လမ်းအတိုင်း ခရီးပြင်းဆက်နှင်ကြ ပြန်၏။

ထိုလမ်းသည် ချောင်းကောမြို့သို့ သွားသောလမ်းဖြစ် လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၆)

## အဆင်းနှင့်အတက်

အဖြူကို အနက်ကနိုင်တယ်ဆိုတာ••မင်း သဘောပေါက်သွားပြီလား။ အေး။ မင်းမသေခင် အသေအချာမှတ်သွား။ အလင်းရောင်ကို••အမှောင်ကနိုင်တယ်။ လူမှန်သမျှကို ရှင်သေမင်းကနိုင်တယ်။ ဒါဟာ••အနက်ရောင်ပဲပေါ့။ ငါ့ပညာတွေအောက်မှာ မင်းတို့ဟာတွေ မှောင်အတိကျသွားစေရမယ်။

*သရာမျှော်*

www.burmeseclassic.com

www.burmeseclassic.com

လက်ပွားဦးကျောက်၏ ဆုံးဖြတ်ချက်သည် တက်တက်စင်အောင် လွဲခဲ့လေ၏။

ချောင်းတော့မြို့သို့ ဆရာငဆောင်နှင့် ပတ်သက်သော မည်သည့်ပုဂ္ဂိုလ် တစ်ကောင်တစ်မြီးမှ ရောက်မလာခဲ့ချေ။

သို့နှင့် ချောင်းကောမြို့မှ နောက်ကြောင်းပြန်ခေါက်က ညောင်ညိုလမ်းခွဲရွာသို့ ပြန်ခဲ့ရပြန်လေ၏။

ထိုမှတဆင့် ဇလုတ်မြို့သို့သွားသော လမ်းအတိုင်း ခရီးဆက်ရသည်။

သုံးလေးရက် အချိန်လင့်ခဲ့ရလေသည်။

ဇလုတ်မြို့သို့ ရောက်သောအခါ ညဥ့်အတော်နက်နေပြီဖြစ်၏။

မြို့ထဲသို့ရောက်လျှင် လူတစ်စုက အသင့်စောင့်နေသည်ကိုတွေ့ရပြီး သူတို့လက်ထဲ၌လည်း ဓားလှံလက်နက် လေးမြားများရှိကာ. . လူအင်အား အတော်များပြား၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်တို့အား ဝိုင်းထားလိုက်ပြီး



အသာတကြည် အဖမ်းခံရန် ပြောလေသည်။

သူတို့ပုံစံဟန်ပန်မှာ ဓားလှံလက်နက် လေးမြားများ အရပ်ကိုင်တွယ်မှု အလွန် ကျွမ်းကျင်ပုံရလေသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်တို့မှာ မမျှော်လင့်သော အခြေအနေဖြစ်၍ အံ့အားသင့်သွားကြသည်။

ဆရာဟိန်းက ခုခံမည်ပြုလျှင် လူအင်အား၊ လက်နက်အင်အားမှာ မျှတခြင်းမရှိ။

သူတို့ဘက်ကအလွန်သာလွန်နေ၍ ဆရာရွဲက မခုခံရန် ခေါင်းခါပြလိုက်၏။

ဆရာဟိန်းလည်း အံကိုတင်းတင်းကြိတ်ကာ အားမဘန်၍ မာန်လျှော့လိုက်သည်။

ထိုလူများက ကြိုးများဖြင့်တုပ်နှောင်ပြီး မြို့တွင်းသို့ ခမ်းဆီးခေါ်ဆောင်သွားလေသည်။

မြို့လယ်ရှိ အလွန်ကြီးမားသော အိမ်ကြီးတစ်လုံး၏ ဝင်းခြံကြီးတစ်ခုအတွင်းသို့ သူတို့အား ခေါ်ဆောင်သွားသည်။

အိမ်ကြီးမှာ နှစ်ထပ်အိမ်မြင့်ကြီးဖြစ်၍ အောက်ထပ်၌ အခန်းလွတ်များရှိလေရာ ထိုအခန်းလွတ်တစ်ခုထဲသို့ ထည့်သွင်းထားလိုက်၏။

မီးတုတ်တစ်ခုထွန်းပေးပြီး အစောင့်နှစ်ယောက်ချထား

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မကြာခင်မှာပင်အခန်းရှေ့သို့ ဆရာငဆောင်၊ ကျားကြီးညွန့်နှင့် သူ၏တပည့်များ ရောက်လာကြ၏။

အခန်းရှေ့မျက်နှာစာကို ရာဇမတ်ကွက် ကာထားရာ အတွင်းမှအပြင်သို့ လှမ်းမြင်နေရ၏။

ဆရာငဆောင်နှင့်အတူ သူတို့၏ ဆရာကြီးဖြစ်ဟန်တူသော နှုတ်ခမ်းမွေးကားကား၊ မျက်နှာဝိုင်းဝိုင်း၊ အညိုရောင်ခေါင်းပေါင်းပေါင်းထားသည့် ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရလေသည်။

ဆရာငဆောင်က ဆရာရွှေနှင့်ဇေယျပဏ္ဍိတ်ဆရာချိတ်ကို လက်ညှိုးညွှန်ပြပြီး. . .

"အဲဒါက ဆရာရွှေဆိုတာပါပဲ။ ဟိုဟာကတော့ ဇေယျပဏ္ဍိတ်ဆရာချိတ်ပါ. . . ဆရာ။ ဒီအဖွဲ့မှာ သူတို့နှစ်ယောက်က အဓိကပါပဲ. . ဆရာမှော်"

"ဩော်. . . မင်းတို့ကလား၊ ငါ့တပည့် ဆရာငဆောင်ရဲ့ လုပ်ငန်းတွေကို လိုက်ဖျက်ဆီးနေတာ။ သိကြသေးတာပေါ့ကွယ်"

ဆရာမှော်ဟုခေါ်သော နှုတ်ခမ်းမွေးကားကားနှင့် ဆရာငဆောင်၏ ဆရာဖြစ်သော ထိုပုဂ္ဂိုလ်ကြီးက လက်ဟန်ပြလိုက်၏။



ကျားကြီးညွန့် အပြင်သို့ထွက်သွားပြီး တစ်အောင့်အကြာတွင် မြွေပခြုပ်တစ်လုံးကိုကိုင်ပြီး အခန်းထဲ ပြန်ဝင်လာလေ၏။

ဆရာမှော်က မြွေပခြုပ်အဖုံးကို ဖွင့်လိုက်ပြီး. . .

"ဟေ့. . . မင်းတို့က အလွန်စွမ်းတဲ့ဆရာတွေလို့ သိရတယ်။ မင်းတို့ ဘယ်လောက်စွမ်းသလဲသိရအောင် ဒီပခြုပ်ထဲမှာ မြွေနက်ကိုးကောင် ထည့်ယူလာတယ်။ စမ်းကြည့်ရအောင်ဟေ့။ ဘာမှ မခက်ပါဘူးလေ။ မင်းတို့ လက်တစ်ဖက်စီ ပခြုပ်ထဲ ထည့်ကြည့်ရုံပါပဲ" ဟု ပြောလေ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ထောင်းခနဲ ဒေါသထွက်သွားပြီး. . .

"ဟေ့. . . လူယုတ်မာတွေ၊ မင်းတို့ စကားသိပ်မပြောနေကြနဲ့။ ပခြုပ်ထဲ လက်နှိုက်ရုံတင်မကဘူး။ ပခြုပ်ထဲက မြွေကိုးကောင်လုံးကို လည်ပင်းညှစ်သတ်ပြမယ်။ လက်ကကြိုးတွေသာ ဖြေပေးလိုက်စမ်း"ဟု ပြောလိုက်၏။

ဆရာမှော်က. . .

"ဟာ. . သတ္တိ သိပ်ကောင်းနေပါလားဟေ့။ အေးလေ. . မင်းတို့အစွမ်းကို လက်တွေ့ကြည့်ကြသေးတာပေါ့။ ကိုင်း. . တံခါးဖွင့်ပေးလိုက်စမ်းကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု အခန်းပေါက်ဝ၌ရှိနေသော အစောင့်နှစ်ဦးကို ပြောလိုက်သည်။

အခန်းစောင့်တစ်ဦးက. . .

"ဖွင့်လို့မဖြစ်ပါဘူး. . ခင်ဗျား။ ဒီလူတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သခင်လေးအမိန့်မပါဘဲ ဘာမှ လုပ်ခွင့်မပြုနိုင်ပါဘူး ခင်ဗျာ" ဟုပြောလျှင် ဆရာမှော်သည် တော်တော်ပင်မကျေမနပ် ဖြစ်သွားပုံရ၏။

ဆရာမှော်က. . .

"ဟဲ့၊ မင်းတို့ သခင်လေးအပေါ် . . ငါ့ဩဇာ ဘယ်လောက်သက်ရောက်တယ်ဆိုတာ မင်းတို့သိတယ် မဟုတ်လား။ အခုလဲ ဒီကောင်တွေကိုမင်းတို့ဖမ်းဖို့ မင်းတို့သခင်လေးကို ငါကပဲတိုက်တွန်းလို့ မင်းတို့သခင်လေးက အမိန့်ထုတ်ဖမ်းခဲ့တာ မဟုတ်လား"

အစောင့်က. . .

"သခင်လေးက ဒီလူတွေကို မသင်္ကာလို့ ဖမ်းခိုင်းလိုက်တာ မှန်ပါတယ်။ ဒါပေမယ့် သခင်လေးကိုယ်တိုင် စစ်ဆေးပြီးမှ အပြစ်ဒဏ်ပေးသင့်၊ မပေးသင့် ဆုံးဖြတ်မှာပါ" ဟု ချေချေငံငံ ပြန်ပြော၏။

ဆရာမှော်ကတော့. . . ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်လာသည်။



"ဒီလိုဆို မင်းက အခန်းတံခါးကို လုံးဝဖွင့်မပေးဘူးပေါ့"

"မှန်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ဟာ အမိန့်တစ်ခုကိုပဲ နာခံတတ်ကြပါတယ်။ ကျွန်တော်တို့မှာ သခင်တစ်ယောက်တည်းရှိပါတယ်။ ကျွန်တော်တို့သခင်ရဲ့ အမိန့်မရဘဲနဲ့ အခန်းတံခါးကိုလဲ မဖွင့်နိုင်သလို အချုပ်သားတွေကိုလဲ ဘာအန္တရာယ်မှ ပြုခွင့် မပေးနိုင်ပါဘူး"

ဆရာငဆောင်က. . .

"ဟာင်. . ဒီကောင် လူပါးဝလှတယ်။ ကျွန်တော်ဆုံးမလိုက်ရမလား. . ဆရာမှော်"

ဆရာမှော်က. . လက်ကာပြလိုက်၏။

"ဟေ့. . . နေ. . . နေ၊ ငါ့မနက်ကျမှ နန္ဒရော်ဒါကို အသေအချာ နားသွင်းပြီး ဒီကောင်တွေကို ရှင်းခိုင်းလိုက်မယ်။ တို့က နန္ဒရော်ဒါနဲ့ ကတောက်ကဆ ဖြစ်လို့မရဘူး။ ဒီမြို့မှာ နန္ဒရော်ဒါက ဩဇာအလွန်ထက်တယ်။ ပြီးတော့ သူ့ကိုမှီပြီး ငါတို့မှာ ဆောင်ရွက်စရာတွေ အများကြီးရှိတယ်။ ကဲ. . လာ. .။ ဒီကောင်တွေ တို့လက်က မလွတ်တော့ပါဘူးကွာ" ဟုပြောပြီး ထွက်သွားကြလေသည်။

ဆရာရွှဲနှင့် ဇေယျပဏ္ဍိတ်ဆရာချိတ်မှာ တစ်ဦးကို တစ်ဦး ကြည့်မိကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမှော်ပြောသွားသော စကားအရ ဤအိမ်ရှင်ဖြစ်သူ သခင်လေးမှာ နန္ဒရော်ဒါဟု သိလိုက်ရလေသည်။

မည်သည့်. . နန္ဒရော်ဒါနည်း။

ဇေယျပဏ္ဍိတ်ဆရာချိတ်၏ဖခင် နန္ဒရော်ဒါ လော. . .

ဆရာရွဲက. . .

"နန္ဒရော်ဒါဆိုတာ ဘယ်သူပဲဖြစ်ပါစေ။ မင်း ဣန္ဒြေမပျက်နဲ့။ ဆရာတော်စကားကို မှတ်မိတယ် မဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့။ မှတ်မိပါတယ်"

ဆရာတော်မှာကြားချက်မှာ ဇေယျပဏ္ဍိတ်ဆရာချိတ် အနေဖြင့် အသက်နှစ်ဆယ့်ငါးနှစ်မပြည့်မချင်း မိဘနှစ်ဦးကို ပြန်တွေ့ခဲ့သော်လည်း သားဖြစ်ကြောင်းအသိမပေးရန်ဖြစ်သည်။

ထမင်းတစ်အိုးချက်ခန့်အကြာမှာပင် အပြင်မှ အသံများကြားရပြီး လူအချို့ဝင်လာသည်ကို တွေ့ရ၏။

ရှေ့ဆုံးမှ အလွန်ခန့်ညားချောမွေ့သော ပုဂ္ဂိုလ်က ဦးဆောင်လာပြီး အနောက်တွင် သူ၏ အစောင့်အရှောက်ဖြစ်ဟန် တူသူများ ပါလာသည်။

အခန်းပေါက်မှ အစောင့်နှစ်ဦးက ကိုယ်ကို ခပ်မတ်မတ် ရပ်လိုက်ရင်း. . .

"ဟော. . . သခင်လေးကြွလာပြီ"ဟု ဆိုကြ၏။



ရောက်လာသူမှာ သခင်လေးတုဆိုသော ဤအိမ်၏ အရှင်သခင် နန္ဒရော်ဒါတည်း။

အချုပ်သားများကိုပါ လာရောက်ကြည့်ရှုခြင်း ဖြစ်လေသည်။

ဆရာရွဲက နန္ဒရော်ဒါကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေလိုက်သည်။

နန္ဒရော်ဒါက. . ပထမ သတိမပြုမိသေးချေ။

ထို့နောက်မှ ဆရာရွဲကို တွေ့သွားပြီး အလွန်ထိတ်လန့်သွားဟန် မျက်နှာတွင်ပေါ်လာပြီး. . .

"ဟင်. . ဆရာရွဲပါလား။ ဘယ်လိုဖြစ်တာပါလိမ့်" ဟု အာမေဋိတ်သံပြုပြီးနောက် နဖူးကိုလက်ဖဝါးနှင့် ရိုက်လိုက်ကာ. . .

"ဟာ. . ကျွန်တော်တော့ မှားကုန်ပြီ။ ဒုက္ခပါပဲ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ. . ဆရာ။ ကျွန်တော်. . ကန်တော့ပြီး တောင်းပန်ပါတယ်"ဟု ပြောလည်းပြော၊ ထိုင်၍လည်း ဦးသုံးကြိမ်ချ ကန်တော့လေ၏။

ထို့နောက် အစောင့်များကို. . .

"ဟဲ့. . အမြန်ဖွင့်ပေးလိုက်ပါကွယ်။ ဒါငါ့ရဲ့ ကျေးဇူးရှင် ဆရာရင်းကွယ့်" ဟု စိတ်မကောင်းဟန်ဖြင့် ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် နန္ဒရော်ဒါနှင့်ပါလာသော အခြံအရံများ အနက်မှတစ်ဦးက လှစ်ခနဲနောက်သို့ဆုတ်၍ အပြင်သို့ပြေးထွက်သွားလေသည်။

နန္ဒရော်ဒါက လှည့်ကြည့်လိုက်ပြီး. . .

"ဟဲ့. . ဘယ်သူလဲ။ အပြင်ကို ပြေးထွက်သွားတာ" ဟု မေးလျှင် အခြံအရံတစ်ဦးက "ဆရာမှော့် တပည့်ပါ သခင်လေး" ဟု ဖြေလေသည်။

"သယ်. . ဒီ ဆရာမှော့်တပည့်တွေကို တစ်ယောက်မှ ကြည့်မရဘူး။ အခုလဲ ဒီဆရာမှော်ကြောင့် ငါ့ရဲ့ကျေးဇူးရှင်ဆရာရင်းတွေကို ချုပ်မိနှောင်မိကုန်ပြီ။ ဒီက တစ်ယောက်က ဆရာမှော့် တပည့်နောက်ကို လိုက်သွားစမ်း။ ဒီညနေမှာ ဒီကောင်တွေ အကဲမရဘူး။ ကြွနေပျက်နေတယ်။ ဆရာငဆောင်နဲ့ ပါလာတဲ့ ကလေးမလေးကိုလဲ သူတို့ မတရားခေါ်လာသလား မသိဘူး။ ကလေးမလေးမှာ တစ်ခါမှ ရွှင်ပျတယ်မရှိဘူး" ဟု နန္ဒရော်ဒါက ပြောလျှင် အစောင့်တစ်ယောက်လည်း အပြင်သို့ ပြေးထွက်သွားလေ၏။

အစောင့်က အခန်းတံခါးကိုဖွင့်ပြီး [illegible]ထားသောကြိုးများကို ဖြေပေးသည်။

အားလုံး အချုပ်အနှောင်မှလွတ်လျှင် ဇေယျပဏ္ဍိတ်



ဆရာချိတ်မှာ သူ့ဖခင်ဖြစ်သူ နန္ဒရော်ဒါမျက်နှာအား မဝသော ကြည့်ခြင်းနှင့် ကြည့်နေ၏။

နန္ဒရော်ဒါကတော့ ဆရာရွှဲထံ၌သာ အာရုံရောက်နေလေရာ ဇေယျပဏ္ဍိတ်ဆရာချိတ်ကို သတိမမူမိချေ။

ဆရာရွှဲက ချောင်းဟန့်လိုက်မှ ဇေယျပဏ္ဍိတ်ဆရာချိတ်လည်း သတိရကာ ကြွနေဆည်လျက် မျက်လွှာချလိုက်လေ၏။

ဆရာရွှဲက နန္ဒရော်ဒါအား. . .

"နေစမ်းပါဦး နန္ဒရော်ဒါရဲ့။ ဒီဆရာမှော်ဆိုတဲ့ ပုဂ္ဂိုလ်တခင်းတို့အိမ်ပေါ် ဘာကြောင့်ရောက်နေရတာလဲ"

"ရှင်မ ဝဏ္ဏကလျာကြောင့် အိမ်ပေါ်ရောက်လာတာပါ ဆရာရွှဲ ခင်ဗျား"

"ဝဏ္ဏကလျာနဲ့. . ဘယ်လို ဆက်စပ်နေမိတာလဲ"

"ဒီလိုပါ ဆရာ၊ ဆက်စပ်မိပုံက ရှင်မ ဝဏ္ဏကလျာဟာ မဟာမြိုင် ဂမ္ဘီရတောထဲမှာရှိတဲ့ သူ့သားကို နေ့စဉ်သတိရပြီး စိတ်ဝေဒနာဖြစ်လာတာကြောင့် တရှောင်ရှောင်ရှိရာက ဟိုဆေးစား၊ ဒီဆေးစား ဟိုဆရာနဲ့ကု၊ ဒီဆရာနဲ့ကုလုပ်ရင်း ဆရာ[illegible]နဲ့ တွေ့ပါတယ်။

"ကျွန်တော်ကလည်း သူ စိတ်ချမ်းသာပါစေတော့ဆို[illegible] သူ့အလိုလိုက်ပြီး လွှတ်ပေးထားပါတယ်။ တစ်နေ့မှာ [illegible]ကို

www.burmeseclassic.com



ရောက်လာတဲ့ ဆရာမှော်ဟာ အလွန်အစွမ်းထက်တယ်ဆိုပြီး နာမည်ကြီးလာတော့ ဝဏ္ဏကလျာလည်း သူ တပိန်ပိန်၊ တလိန်လိန်၊ တရှောင်ရှောင်ဖြစ်နေတာကို ဆေးကုပေးဖို့ ဆရာမှော်ကို ပင့်ပါတယ်"

"ဆရာမှော့်ဆေးနဲ့ အတော်သက်သာပြီးတဲ့နောက်မှာ ဆရာမှော်က ရောဂါရဲ့ဇာတ်မြစ်ကို မေးပါတယ်။ ဝဏ္ဏကလျာလဲ ယုံကြည်ပြီး မဟာမြိုင်ဂမ္ဘီရတောထဲမှာ သူ့သား ကျန်ရစ်ခဲ့တဲ့ အကြောင်း၊ မဟာမြိုင်ဂမ္ဘီရတောကို သွားချင်ပေမယ့် မသွားတတ်ကြောင်း၊ သူ့သား အသက်(၂၅)နှစ်ပြည့်မှ တွေ့ရမှာဖြစ်ကြောင်းပြောတော့ ဆရာမှော်က သူ မဟာမြိုင်ဂမ္ဘီရတောကို သွားနိုင်ကြောင်း၊ အခွင့်သင့်သော တစ်နေ့မှာ. . လိုက်ပို့မယ့် အကြောင်းပြောပါတယ်။

"ဒါနဲ့ ဝဏ္ဏကလျာလဲ ဆရာမှော်ကို ဆရာရင်းလို ကိုးကွယ်ဆည်းကပ်တော့တာပါပဲ။ ကျွန်တော်လဲ မလွဲသာတာနဲ့ ကြည့်နေရတာပါ ဆရာ"

"ဩော်. . ဆရာမှော်က မဟာမြိုင်ဂမ္ဘီရတောကို သွားနိုင်သတဲ့လား။ ဟား. . ဟား. . ဟား. . သူ သွားနိုင်တာက ယမမင်းရဲ့ ရွှေပြည်ကိုပါကွာ" ဟု ဆရာရွှေက ပြောလေ၏။

"ဒါနဲ့ ငါတို့ကို ဘာကြောင့်ဖမ်းရတာလဲ"ဟု မေးလိုက်



နန္ဒရော်ဒါက. . .

"ဆရာမှော်က ဒီမြို့ထဲကို မသင်္ကာစရာကောင်းတဲ့ လူတစ်စု ရောက်လာလိမ့်မယ်။ အဲဒီလူတွေက ကျွန်တော်တို့ မိသားစုအတွက် အန္တရာယ်ဖြစ်နိုင်ကြောင်း၊ လွန်ခဲ့တဲ့ နှစ်ရက်က ကြိုပြောထားပါတယ်။

"ဒါနဲ့ ကျွန်တော်လဲ တောင်ငူစားရဲ့ရန်ကို ကြောက်နေရသေးတော့ ကျွန်တော့်ရန်သူများဖြစ်နေမလားလို့ စိုးရိမ်ပြီး မြို့အဝင်မှာ အစောင့်တွေ ချထားခဲ့တာပါ။ အဲဒါနဲ့ ဆရာတို့ကို သူများပြီး ဖမ်းမိတာပါပဲ"

ထိုအခိုက်တွင် နန္ဒရော်ဒါ၏ အိမ်တော်စောင့်များ ပြေးဝင်လာကြပြီး. . .

"သခင်လေး. . . သခင်လေး။ ဆရာမှော်ရယ် သခင်မ ဝဏ္ဏကလျာကို အတင်းဆွဲပြီး အိမ်ဝင်းထဲက ထွက်သွားပါပြီ။ လုပ်ပါဦး။ ကျွန်တော်တို့ နောက်ကလိုက်တော့ နောက်ကလိုက်လာရင် သခင်မကို သတ်မယ်ဆိုလို့ မလိုက်ဝံ့ဘဲ လွှတ်လိုက်ရပါတယ်။ ဆရာမှော်နဲ့အတူ သူ့တပည့်တွေရော ဟိုမိန်းကလေးပါ ပါသွားပါတယ် သခင်လေး"ဟု ကသောကမျော ပြောလေသည်။

"ဟင်. . ဘာပြောတယ်။ ဆရာမှော်က. . ရှင်မ ဝဏ္ဏကလျာကို အဓမ္မခေါ် ဆောင်သွားတယ်၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . သခင်လေး"

"သယ်. . စော်ကားလှချည်လား။ ခု ချက်ချင်းလိုက်ပြီး ရှင်းပစ်မယ်"

"သခင်လေး သတိထားပါ။ သူတို့လက်ထဲမှာ သခင်မ ဝဏ္ဏကလျာရှိနေတာကို သတိထားပါ။ ဆရာမှော်က ကျွန်တော်တို့လိုက်လာရင်. . သခင်မကို သတ်ပစ်ပါလိမ့်မယ်"

"တောက်. . ."

နန္ဒရော်ဒါက တက်ကို ပြင်းစွာခေါက်ပြီး လက်သီးကို ကျစ်ကျစ်ဆုပ်ကာ ကြိတ်မနိုင်ခဲမရ ဖြစ်နေလေသည်။

ထို့နောက် သတိရသွားဟန်ဖြင့် ဆရာရွှဲအား လက်အုပ်ချီပြီး. . .

"ဆရာ. . ကျွန်တော့်ကို အကြံဉာဏ်ပေးပါဦး ဆရာ ကျွန်တော်တော့ ဒုက္ခဖြစ်ပါပြီ။ ရှင်မ ဝဏ္ဏကလျာတစ်ယောက် သူယုတ်မာလက်ထဲပါသွားပြီ ဆရာ"

ဆရာရွှဲက လက်ကာပြပြီး. . .

"ခေါင်းအေးအေးထားလိုက် နန္ဒရော်ဒါ။ ကျုပ်လဲ ဘာလုပ်ရမလဲ. . စဉ်းစားနေတာပဲ" ဟု နှစ်သိမ့်လိုက်၏။

ဦးကျောက်က. . ဆရာရွှဲအား ခွင့်တောင်းလေသည်။

"ဆရာရွှဲ. . ကျုပ် တစ်ခုပြောပါရစေ။ ကျုပ်ဟာ ဒီနယ်



တစ်ခွင်ကို မျက်စိမှိတ်သွားလို့ရအောင် ကျွမ်းကျင်ပါတယ်။ ပြီးတော့ ကျုပ်က ညဘက်မှာကြောင်တစ်ကောင်လို၊ ဝံပုလွေတစ်ကောင်လို ရန်သူနောက်ကို နောက်ယောင်ခံလိုက်နိုင်တယ်။ ဒီတော့ ဆရာမှော်တို့နောက်ကို ဆရာမှော်တို့မသိဘဲ နောက်ယောင်ခံလိုက်သွားဖို့ ကျုပ်ကို ခွင့်ပြုပါ။ ဆရာမှော်တို့ဟာ တစ်နေရာရာကိုတိမ်းရှောင်ပြီး စခန်းချပုန်းအောင်းနေကြမှာ အမှန်ပဲ။ သူတို့ရှိတဲ့နေရာကိုသိရရင်. . ကျုပ် ဒီကိုအမြန်ပြန်လာပြီး သတင်းပို့မယ်"

ဆရာရွှဲက သဘောတူကြောင်း ခေါင်းညိတ်ပြသည်။

"ကောင်းတယ်. . ဦးကျောက်။ ဒီတစ်ခါ ခင်ဗျားပေးမယ့်အကူအညီဟာ တန်ဖိုးမဖြတ်နိုင်အောင်ဘဲ အဖိုးတန်လှပါတယ်ဗျာ"

ဦးကျောက်သည် အမှောင်ထဲသို့ ကျားသစ်တစ်ကောင်ပမာ လျင်မြန်စွာ လျှောက်ထွက်သွားလေတော့သည်။

"ကိုင်း. . ဒီလိုဆိုလဲ ဆရာတို့ အိမ်ပေါ်ကတက်စောင့်ကြပါ" ဟု နန္ဒရော်ဒါကဆိုပြီး ရှေ့မှဦးဆောင်၍ နှစ်ထပ်အိမ်မြင့်ကြီးပေါ်သို့ တက်လေသည်။

အပေါ်ထပ်တွင် အခန်းများစွာ ဖွဲ့စည်းထားပြီး အခန်းကလည်း ကျယ်ဝန်းသန့်ပြန့်လှလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဆင်းတုတော်မှာလည်း သပ္ပာယ်ကြည်ညိုဖွယ် ရှိလှသည်။

ဆရာရွှဲတို့ ဘုရားဝတ်ဖြည့်ကြသည်။

နန္ဒရော်ဒါသည် အတွင်းခန်းထဲသို့ ဝင်သွားပြီး အတန်ကြာလျှင် မျက်နှာပျက်စွာဖြင့် ထွက်လာ၏။

"အတွင်းခန်းထဲက ရတနာပစ္စည်း အချို့လဲ ဆရာမော်တို့နဲ့ ပါသွားပါတယ်. . . ဆရာရွှဲ ခင်ဗျာ"

"အင်း. . ဒီလောဘသားတွေကတော့ ကြုံတဲ့နေရာမှာ တွေ့တဲ့လူတွေကို ဒုက္ခပေးနေတော့တာပဲ။ မြန်မြန်ရှင်းပစ်မှပဲ အေးမှာပါ" ဟု ဆရာဟိန်းက ဒေါသဖြစ်စွာဖြင့် ဆိုလေ၏။

ဆရာရွှဲက. . .

"ကိုင်း. . အားလုံးပဲ။ အနားယူချင်တဲ့လူတွေလည်း အနားယူကြ။ ကျုပ်ကတော့ လူယုတ်မာတွေဖမ်းသွားတဲ့နန်းနွယ်နဲ့ ဝဏ္ဏကလျာတို့ ဘေးရန်ကင်းရှင်းစေကြောင်း မေတ္တာပို့ရင်း ပုတီးစိပ်လိုက်ဦးမယ်"

ဇေယျပဏ္ဍိတ်ဆရာချိတ်ကလည်း. . .

"ကျွန်တော်လဲ မေတ္တာပို့ပြီးပုတီးစိပ်မယ် ဆရာရွှဲ" ဟု ဆိုကာ ဘုရားစင်ရှေ့၌ဝတ်ဖြည့်ခြင်း၊ မမြင်ဖူးသေးသော မိခင်ကြီးနှင့်မနန်းနွယ်တို့ ဘေးဘယာဝေးကွာစေကြောင်း မေတ္တာပို့



ဆုတောင်းပြီး ဂုဏ်တော်ကိုးပါးကိုပုတီးစိပ်ကာ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းနှင့်တကွ နဂါး၊ ဘီလူး၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊ အသူရာ ကိန္နရာ၊ ကိန္နရီအစရှိသည်တို့အား အမျှပေးဝေ၏။

ထို့နောက် ဝင်လေ၊ ထွက်လေမှတ်ကာ သမာဓိ တည်ဆောက်လေသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ် တစ်ယောက် ဘုရားစင်ရှေ့မှ ထသောအခါ နေ့အရုဏ်လာနေပြီဖြစ်၏။

နံနက် နေထွက်စပြုသည့်တိုင် ဦးကျောက်တစ်ယောက် ပြန်ရောက်မလာသေး။

အားလုံး. . တမျှော်မျှော်ရှိကြပြီ ဖြစ်သည်။

နန္ဒရော်ဒါမှာ ထိုင်၍မရ၊ ထ၍မဖြစ် ရှိချေတော့သည်။

ထိုအချိန်မှာပင် ဦးကျောက်သည် ကုပ်ချောင်းချောင်းနှင့် အိမ်ပေါ်သို့တက်လာလေသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

"ဘယ့်နှယ့်လဲ. . ဦးကျောက်၊ ဆရာမော်တို့ကို နောက်ယောင်ခံလို့ မိရဲ့လား"

ဦးကျောက်က ခေါင်းညိတ်ပြပြီး. . .

"မိတယ်. . . သူတို့ သွားပုန်းနေတဲ့နေရာက ဒမြို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်စူးစူးမှာရှိတဲ့ သုံးထပ်ရေတံခွန်ရဲ့ ချိုင့်ဝှမ်းအနိမ့်ထဲမှာပဲ" ဟု ဆိုလေ၏။

နန္ဒရော်ဒါက . .

"ဟင် . . ဟုတ်လား၊ အဲဒီနေရာကို ကျွန်တော်သိတယ်၊ ကျောက်ဂူတို့၊ လှိုဏ်တို့၊ လိုဏ်တို့ အင်မတန်ပေါတဲ့နေရာပဲ၊ ကျောက်ဆောင်ကျောက်ထပ်တွေ ချိုင့်ဝှမ်းတွေနဲ့ အင်မတန်မတ်စောက်တဲ့ ချိုင့်ဝှမ်းကြီးပဲ။ တစ်ခုပေါ် တစ်ခုထပ်ပြီး စီးနေတဲ့ ရေတံခွန်သုံးထပ်ရှိတယ်။ ချိုင့်က မတ်မတ်စောက်စောက် တွင်းကြီးတစ်တွင်းလို ဖြစ်နေတာ။ အင်မတန်ကြမ်းတမ်း ခက်ထန်တဲ့ နေရာပဲ" ဟု မြောပြ၏။

"ဟုတ်တယ်။ အဆင်းလွယ်သလောက် အင်မတန်အတက်ခက်တဲ့ နေရာပေါ့။ ကျုပ်တောင် ပြန်တက်တော့ ခွေးသွားရှဲ့နဲ့ ဟိုက်နေအောင် မောတယ်" ဟု ဦးကျောက်က ပြော၏။

ဆရာရွှဲက . .

"ဦးကျောက် . . ခင်ဗျား မောနေသေးလား။ ခင်ဗျား အမောပြေရင် ကျုပ်တို့ ခုပဲ ခရီးထွက်ချင်တယ်။ ဝဏ္ဏကလျာ နန်းနွယ်အတွက် စိတ်မချရဘူး"

ဦးကျောက်က . .

"ခဏလေးဗျာ . . ခဏလေး" ဟုပြောပြီး သူ့ခြေသလုံးကိုသူ ပွတ်သပ်နှိပ်ခြေနေလေ၏။



နန္ဒရော်ဒါက ဆီခွက်တစ်ခုယူလာပြီး . .

"ရော့ . . ဒါ လိမ်းလိုက်။ ညောင်းတာ ကိုက်တာ ယူပစ်သလို ပျောက်သွားလိမ့်မယ်။ တောင်ဆိတ်ဆီလေ"

ဦးကျောက်က ယူလိမ်းလိုက်သည်။

ခဏကြာလျှင် . . .

"ဟာ တော်တော်စွမ်းတာပဲ။ ကောင်းသွားပြီ။ ကိုင်း သွားကြ။ ကျုပ်တို့ . . ခရီးထွက်ကြမယ်"

နန္ဒရော်ဒါလည်း အခြေအရံ ငါးဦးကိုသာ လက်ရွေးစင်ခေါ် ငင်ပြီး ကျန်လူများကို အိမ်စောင့်ထားခဲ့၏။

သူတို့အားလုံး ခရီးပြင်းနှင်ကြရာ သုံးထပ်ရေတံခွန်သို့ နေ့လယ်မွန်းတည့်ချိန်တွင် ရောက်လေ၏။

သုံးထပ်ရေတံခွန် ချိုင့်ဝှမ်းသို့ ဆင်းရသည်မှာ မလွယ်လှ သတိထား ဆင်းနေကြရသည်။

လမ်းတစ်လျှောက် ကုန်းဆင်းကြီးဖြစ်နေသည်။

ခြေနင်းသာရုံရှိသည့် အချိုင့်အခွက်များကို နင်း၍ မတ်ကြီး ဆင်းနေရ၏။

ဤလမ်းအတိုင်း အဓမ္မခေါ် သွားခြင်းခံရသော မင်းသမီး ဝဏ္ဏကလျာနှင့် မနန်းနွယ်တို့၏ အဖြစ်ကို တွေးမိသော

www.burmeseclassic.com

www.burmeseclassic.com



အခါ ဆရာမှော်နှင့် ဆရာငဆောင်တို့ အပေါ်၌ မည်သို့မျှ ခွင့်မလွှတ်နိုင်အောင် ဇေယျပဏ္ဍိတ်ဆရာချိတ်၏ ရင်ထဲ၌ ဒေါသဖြစ်လာမိလေသည်။

အချို့နေရာမှာ သစ်ကိုင်းနှင့်နွယ်ပင်များကို ဆွဲပြီး ခက်ခဲစွာဆင်းရ၏။

သတိမထားလျှင်. . ဒလဟော ကျသွားနိုင်၏။

အတန်ကြာဆင်းမိလျှင် ပထမရေတံခွန်ကို ရောက်လာသည်။

ရေတံခွန်စတင်ရာနေရာကို မော့ကြည့်လျှင် အလွန်မြင့်မားသောနေရာမှ စတင်ကြောင်းသိရ၏။

အောက်ဘက်သို့ သွန်ကျနေသောရေတံခွန်မှာ ရေလုံးကြီးမားလှလေ၏။

အောက်ခြေကိုပင်. . လှမ်းမမြင်ရချေ။

မှုန်မွှားလျက်. . .

ထိုအချိန်တွင် အောက်ဘက်မှတက်လာသော လူတစ်ယောက်နှင့် လမ်းမှာဆုံသည်၊

ချွေးသံတရဲရဲ၊ မျက်စိပျက် မျက်နှာပျက်နှင့် ဟောဟဲလိုက်၍ တက်လာသူမှာ အောင်ကြည်ဝင်းတည်း။

အောင်ကြည်ဝင်းသည် ဆရာရှဲကိုတွေ့လျှင်. . .



"အဖိုယ်လေး. . . ဆရာရယ် လုပ်ပါဦး။ အောက်မှာ မနန်းနွယ်ကို သတ်တော့မယ်" ဟု တုန်လှုပ်ချောက်ခြားစွာ စကားကို ဗလုံးဗထွေးဆိုလေ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က. . .

"ဖြစ်ပုံကို အသေးစိတ်. . သေသေချာချာ ပြောပါဦး။ ဒါမှ ဘယ်လိုကြံဆောင်ရင်ကောင်းမလဲ စဉ်းစားစီရင်ကြရမယ်လေ" ဟု မေး၏။

အောင်ကြည်ဝင်းက ရင်ဝတွင်ဆို့နေသော အမောလုံးကို လက်နှင့်ဖိချပြီး တစ်အောင့်နေမှ ပြောနိုင်တော့၏။

"ဖြစ်ပုံက ဒီလိုပါ. . ဆရာတို့၊ ဆရာမှော်က မနန်းနွယ်ကိုပါမက ဒေါ်ဝဏ္ဏကလျာကိုပါ ဖမ်းခေါ်လာပါတယ်။ ပထမတော့ ဒီသုံးထပ်ရေတံခွန်မှာလာပြီး ခဏပုန်းတာပါပဲ။ ဒါပေမယ့် ဒီရောက်တော့ ဒုတိယရေတံခွန်မှာ နားနေရင်းနဲ့ ဆရာမှော်စိတ်ကူးတစ်မျိုး ပြောင်းသွားပါတယ်။

"နောက်က နန္ဒရော်ဒါတို့ လိုက်လာမယ့်ရန်ကို စိုးရိမ်တာကြောင့် အောက်ကို ဆက်ဆင်းပါတယ်။ တတိယရေတံခွန်ရောက်တဲ့အခါ ဆရာမှော် အတွေးပေါ်လာတာက [illegible] စင်းဖွဲ့ပြီး ရေတံခွန်ကကျတဲ့စမ်းချောင်းအတိုင်း [illegible] ရင် အင်မတန်ထူထပ်တဲ့ တောတွေဖြစ်ပြီးတော့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားမှာ သေချာသတဲ့။"

"ဒါနဲ့ပဲ ဆရာငဆောင်ကို ဝါးခုတ်ပြီး ဖောင်ဖွဲ့ခိုင်းတယ်။ မနန်းနွယ်ကိုလဲ ဘာလုပ်မလို့လဲ မသိဘူး။ ကြိုးနဲ့ တုပ်ထားပါတယ်"

ဆရာရွဲက. . .

"ကိုင်းပေါ့. . မဖြစ်ဘူး။ အမြန်ဆက်ပြီး ဆင်းကြမှပဲ" ဟု လောဆော်သည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်တို့လည်း တစ်ဦးကို တစ်ဦးပင် မစောင့်နိုင်ကြတော့ဘဲ ကသောကမျော ဆင်းကြရလေတော့သည်။

အပေါ်တွင် တောင်သည် မြင့်၍မြင့်၍ကျန်ခဲ့လေပြီ။

ဇေယျပဏ္ဍိတ်ဆရာချိတ်နှင့် မောင်မောင်ဦးက ရှေ့ဆုံးမှ ဖြစ်သည်။

အတန်ကြာလျှင် မောင်မောင်ဦး နောက်၌ ကျန်ရစ်၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ရှေ့ဆုံးမှ ဖြစ်သွား၏။

သူသည် အချို့ ဆင်ခြေလျှောများကို အကြောက်အရွံ့မရှိ တရွတ်တိုက် လျှော၍ ဆင်းလိုက်သည်။

အချို့နေရာများတွင် ခုန်ချလိုက်သည်။

အသက်သေချင်လည်း သေတော့ဟု ဆုံးဖြတ်ထား၏။



မနန်းနွယ်နှင့် မိခင်ကြီးကို အမိကယ်တင်လိုပေသည်။

ဒုတိယဆင့် ရေတံခွန်သို့ ရောက်သွား၏။

ရေတံခွန်နှစ်ခုမှာ တစ်ခုပေါ်တစ်ခု ထပ်လျက် ဆင့်လျက် စီးကျနေသည်။

အလွန် ထူးဆန်းအံ့ဩဖွယ်ရှိပေ၏။

ထိုနေရာရှိ ကျောက်စွန်းကြီးတစ်ခု၌ မျက်မမြင် အဘိုးအိုတစ်ဦးသည် ခြေစုံရပ်လျက် ဇေယျပဏ္ဍိတ်ဆရာချိတ်ကို ကြိုလင့်နေလေသည်။

"အမောင်. . . ကျွန်ုပ်ထံ လာခဲ့လော့"

အောင်မြင်ခန့်ညားသော အသံနှင့်ခေါ်လေသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က အနားသို့ ရောက်သွားလျှင် ထို မျက်မမြင်အဘိုးအိုက. . .

"အမောင်သည် ချစ်သူနှင့် မိခင်ကို ကယ်တင်ရန်အတွက် လာသူမဟုတ်လော" ဟု မေးလေ၏။

ထိုမေးခွန်းက နန်းနွယ်ကို ချစ်သူဟုဆိုလေရာ ဇေယျပဏ္ဍိတ်ဆရာချိတ်မှာ မိမိစိတ်ကိုမိမိ မဆန်းစစ်မိသေး၍ နန်းနွယ်မှာ ချစ်သူဟုတ်မဟုတ် မသဲကွဲချေ။

သို့သော် အချိန်မရှိရကား စဉ်းစားမနေအားတော့ဘဲ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ကျွန်တော့်ချစ်သူနဲ့ မိခင်ကိုကယ်ဖို့ ရောက်လာတာပါ"

"အမောင်. . . ဒီလမ်းကနေ ခြေကျင်ဆင်းလို့တော့ မီမယ် မထင်တော့ဘူး"

"ဒါဆို ကျွန်တော်. . ဘာလုပ်ရပါ့မလဲ"

"ဒီကို လျှောက်လာခဲ့။ ရဟာတိုအောက်ကို ငုံ့ကြည့်. . မင်း ဒီလမ်းအတိုင်း ဆင်းရမယ်"

အောက်ကို ငုံ့ကြည့်လိုက်သောအခါ မြင်ကွင်းမှာ မည်မျှ နက်ရှိုင်းသည်ဟု မခန့်မှန်းနိုင်။

မြင့်မတ်လှလေ၏။

"ကျွန်တော် ဒီအတိုင်း ခုန်ချလိုက်ရမှာလား" ဟု မေး လိုက်၏။

အဘိုးအိုက ထိုအချိန်တွင် "ဟုတ်တယ်. . ခုန်ချလိုက်" ဟုပြောပါက အမှန်ပင် သူ ခုန်ချလိုက်ပေလိမ့်မည်။ သို့သော် အဘိုးအိုက. . .

"ခုန်ချစရာမလိုပါဘူးကွယ့်။ မင်း ဒီနွယ်ကြိုးတွေ ခိုဆင်းသွားပေါ့"

မျက်မမြင်အဘိုးအို ပြောပြမှပင် နွယ်ပင်များကို သတိ ထားမိ၏။



ဇေယျပက္ကိုတ်ဆရာချိတ်က နွယ်များကိုခိုသွား၍ ရေ တံခွန်ချိုင့်ဝှမ်းကြီး၏ အောက်ခြေသို့ အလွန်လျင်မြန်စွာ လျှောချ သွားလေ၏။

တတိယမြောက် ရေတံခွန်သို့. . ရောက်လာသည်။

ထိုနေရာ၌ ရေတံခွန်သုံးခုမှာ တစ်ခုကိုတစ်ခုထပ်၍ တဝေါဝေါစီးဆင်းလျက် အောက်တွင် ချောင်းကြီးတစ်ခုဖြစ်ကာ အနိမ့်ပိုင်းသို့ စီးဆင်းသွားလေ၏။

တစ်ဖက်တွင် အလွန်နက်သော ချောက်ကမ်းပါးကြီးမှာ မြေပြင်ကို မရောက်သေး။

မဆုံးသေး။

နွယ်ကြိုးအဆုံးတွင် ဇေယျပက္ကိုတ်ဆရာချိတ်သည် လိုဏ်ဂူတစ်ခုရှေ့သို့ ရောက်လေ၏။

ရှေ့တွင် ကျောက်စွန်းတစ်ခုရှိရာ ကျောက်စွန်းပေါ်၌ ဆရာမျှော်တို့အုပ်စု ရှိနေသည်။

ဆရာမျှော်တို့သည် မနန်းနွယ်ကို တပည့်နှစ်ယောက် အား ချုပ်ကိုင်စေပြီး ဆရာခေါင်က ဓားမြှောင်တစ်ချောင်းဖြင့် လည်ချောင်းကိုဖောက်ရန် ပြင်ဆင်နေလေရာ ဇေယျပက္ကိုတ် ဆရာချိတ် ရောက်လာသည်ကို သတိမထားမိကြချေ။

ဝဏ္ဏကလျာကိုမူ လက်ပြန်ကြိုးတုပ်ပြီး အနားတွင် ချ

www.burmeseclassic.com

www.burmeseclassic.com



ထားလေသည်။

ဓေယျပဏ္ဍိတ်ဆရာချိတ်က မိခင်ကြီးအား မချိတင်ကဲ လှမ်းကြည့်လိုက်မိလျှင် မိခင်ကြီးနှင့် အကြည့်ချင်းဆုံမိ၏။

သူက ကူညီကယ်တင်ရန် ရောက်လာခြင်းဖြစ်ကြောင်း သိစေရန် လက်ဟန်ခြေဟန်နှင့် ပြလိုက်၏။ မိခင်ကြီးက သိရှိသည်ဟု ခေါင်းညိတ်ပြသည်။

သူသည် အနီးရှိ ဦးခေါင်းအရွယ် ကျောက်တုံးတစ်တုံးကို မယူပြီး ဆရာငဆောင်တို့နောက်သို့ ချဉ်းကပ်သွားလေ၏။ ရှေ့သို့သာ အတွင်မဲနေသော ဆရာငဆောင်တို့သည် သူ ချဉ်းကပ်လာသည်ကို မတွေ့ကြချေ။

အနီးရောက်လျှင် ဓားကိုမြှောက်၍ ချိန်ရွယ်နေသော ဆရာငဆောင်ထံသို့ ကြောက်မက်ဖွယ်ကြုံးဝါးအော်ဟစ်လျက် ခုန်အုပ်လိုက်ပြီး လက်ထဲရှိ ကျောက်ခဲနှင့် ခေါင်းကိုထုချလိုက်လေသည်။

သို့သော် ကျောက်တုံးမှာ အလွန်လေးလံလှသည်ဖြစ်ရာ ဦးခေါင်းကို မထိဘဲ ဆရာငဆောင်၏ လက်မြင်နှင့် ပခုံးကြားသို့သာ ထိသွားလေတော့သည်။ ဆရာငဆောင်မှာ ဘေးသို့စိုက်ခနဲ လဲကျသွား၏။

ဓေယျပဏ္ဍိတ်ဆရာချိတ်လည်း လက်ထဲမှ ကျောက်တုံး



လွတ်ကျသွားသည်ဖြစ်၍ ဆရာငဆောင်လက်မှ လွင့်စဉ်ကျန်ရစ်သော ဓားမြှောင်ကို လျင်မြန်စွာ ကောက်ယူလိုက်ပြီး မနန်းနွယ်အား ချုပ်ကိုင်ထားသူတစ်ဦး၏ပခုံးကို ဓားနှင့် စိုက်လိုက်၏။

"အား"

ဓားထိသွားလျှင် မနန်းနွယ်ကို လွှတ်ပြီး နောက်ဆုတ်သွား၏။

ကျန်တစ်ယောက်လည်း ထိတ်လန့်ကာ နောက်ဆုတ်သွားသည်။

မနန်းနွယ်က လှုးလဲထတော့၏။

"ဟင် . . . ဆရာတို့ လိုက်လာတယ်နော်။ ဝမ်းသာလိုက်တာ"

ဓေယျပဏ္ဍိတ်ဆရာချိတ်က မနန်းနွယ်အား မိခင်ဖြစ်သူထံ လက်ညှိုးညွှန်ပြပြီး . . .

"ကြိုးဖြေပေးလိုက်" ဟု သတိပေးလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဆရာမှော်မှာ ရုတ်တရက်ဖြစ်၍ အံ့အားသင့်သွားသော်လည်း ယခုမှ သတိပြန်ဝင်လာပြီဖြစ်၍. . .

"ဟော့. . . ကျားကြီးညွှန့် ဘာငေးနေတာလဲ။ ဒီ ဆရာပေါက်စကို အပြတ်ရှင်းလိုက်ပါတော့လား" ဟု ဆိုလျှင် ကျားကြီးညွှန့်လည်း လက်ထဲမှဓားကို သတိရသွားပြီး ဇေယျပဏ္ဍိတ်ဆရာချိတ်ကို စလွယ်သိုင်းပိုင်းချလိုက်လေတော့၏။

သူသည် မည်သို့မျှ မခုခံသောတတ်ကြောင့် နောက်သို့ပက်လက်လှန်ချလိုက်ရ၏။

ငှက်ကြီးတောင်ဓား၏ အဖျားက ရင်ဘတ်နားမှ ကပ်၍ ဒိုးခနဲ ဖြတ်သွားသည်။

အားကုန် ခုတ်ချလိုက်သော ဓားချက်မထိလျှင် ကျားကြီးညွှန့်က ပြေးသွားပြီး မြေပေါ်တွင် ပက်လက်လဲကျနေသော ဇေယျပဏ္ဍိတ်ဆရာချိတ်၏ဝမ်းဗိုက်သို့ ဓားဦးနှင့် စိုက်ချလိုက်လေ၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်က ခွန်အားကို အစွမ်းကုန်



ထုတ်ကာ ကိုယ်ကို တစ်ပတ်လှိမ့်ပစ်လိုက်သည်။

ပြေးဝင်လာသော ဓားဦးက ကျောက်မြေပြင်အား ချွင်ခနဲ ထိခိုက်သွား၏။

လက်ထဲမှ ဓားမြှောင်ဖြင့် ကျားကြီးညွှန့်အား ပစ်ပေါက်လိုက်ရာ ရင်ဝကို မှန်သွားပါသော်လည်း အချွန်ဘက်က မစိုက်ဘဲ အနှောင့်နှင့်မှန်သွားသည်ဖြစ်၍ ကျားကြီးညွှန့် ဘာမှ မဖြစ်ချေ။

ထိုအချိန်တွင် ဆရာမှော်မှာ. . . ဒေါသ တရှူးရှူးဖြစ်နေကာ. . .

"ဟောကောင်. . . ကျားကြီးညွှန့်၊ မင်း ဘာမှအားမကိုးရပါလား။ ဒီဆရာပေါက်စလေးကိုတောင် မခုတ်နိုင်ဘူးလား။ ပေးစမ်းကွာ. . မင်းလက်ထဲက ဓား၊ ငါခုတ်ပြမယ်"ဟု ပြောပြီးလျှင် ကျားကြီးညွှန့် လက်ထဲမှဓားကို ဆွဲယူလိုက်လေ၏။

ထိုအချိန်တွင် ဆရာငဆောင်က ကျောက်ခဲထိသော ဒဏ်ရာနှင့် လဲကျနေလေရာ သူ့တပည့်တစ်ချို့က ပြုစုနေ၏။

ကျန်တပည့်အချို့က ဇေယျပဏ္ဍိတ်ဆရာချိတ်နှင့် တိုက်ခိုက်နေသည်ကို ငေးကြည့်နေကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်၍ မနန်းနွယ်က မိခင်ဖြစ်သူ ဓဏ္ဏကလျာကို ကြိုးဖြေပေးနေသော်လည်း မည်သူမျှမမြင်ကြောင်း တွေ့ရ၏။

ထို့ကြောင့် အချိန်ဆွဲလိုသော သဘောနှင့်. . .

"ဟေ့. . . ဆရာမှော်၊ ဆရာမှော်ဆိုတာ လောကီပညာတွေတတ်တယ်နဲ့ နာမည်ကြီးနေတာ လတ်စသတ်တော့ မားတစ်ချောင်းနဲ့ လူလိုက်သတ်နေတဲ့ လူမိုက်မားပြကြီးပဲဗျ။ ဘယ်မလဲ ခင်ဗျားလောကီပညာတွေ" ဟု မေးလိုက်၏။

ဆရာမှော်က. . .

"ဟေ့. . . လျှာရှည်မနေနဲ့။ ကြောင်ရုပ်နဲ့သေသေ ကျားရုပ်နဲ့သေသေ ကြွက်သေဖို့က အဓိကကွ။ မင်းသေဖို့ဆိုရင် မားနဲ့ သတ်ရသတ်ရ၊ တုတ်နဲ့ သတ်ရသတ်ရ သတ်တယ်ကွာ။ ကဲ. . သေပေတော့" ဟု ပြောပြီး ပြေးဝင်ခုတ်လိုက်လေတော့၏။

ဇေယျပဏ္ဍိတ်ဆရာချိတ်မှာ ရှောင်၍လည်း မလွတ်တော့ပြီဖြစ်၍ ဆရာမှော်ကို စူးစူးရဲရဲစိုက်ကြည့်ရင်း အသံကို ခြသေ့်ကဲ့သို့ ဟိန်းထအောင် အသံကုန်အော်လျက် ခေါင်းပေါ်သို့



စိုက်ကျလာသော မားသွားကို အနီးရှိ ကျောက်တုံးတစ်တုံးအား ကောက်ယူပြီး အားကုန်လွှဲ၍ ပေါက်လိုက်လေ၏။

"ဟေး. . ."

"ဖြောင်း. . ."

အုံးဩဖွယ် ကောင်းလှပါပေသည်။

ကျောက်ခဲနှင့် မားသွား ပြင်းစွာထိသွား၏။

ဦးမှော်ကိုယ်တိုင် အုံ့အားသင့်၍ တဒင်္ဂမျှ ငေးငိုင်သွားလေသည်။

ဦးမှော်၏ နောက်ကျောဘက်တွင် မနန်းနွယ်က ဒေါ်ဓဏ္ဏကလျာကို ကြိုးဖြေပေးပြီးပြီဖြစ်၍ ဆွဲထူကာ ဦးမှော်ကို ကျော်လျက် ဇေယျပဏ္ဍိတ်ဆရာချိတ်ရှိရာဘက်သို့ ပြေးလာလေ၏။

"ရပ်မနေနဲ့ ဆက်ပြေး. . ဆက်ပြေး" ဟု ဇေယျပဏ္ဍိတ်ဆရာချိတ်က သတိပေးလိုက်သည်။

ထိုအခိုက် မည်သည့်အချိန်တွင် နံဘေးသို့ ရောက်လာသည်မသိရသော ဆရာငဆောင်၏ တပည့်ကျားကြီးညွန့် က ဦးရင်းတုတ်တစ်ချောင်းနှင့် လွှဲရိုက်လိုက်ရာ ဇေယျပဏ္ဍိတ်ဆရာချိတ်၏ ဦးခေါင်းကိုထိသွားပြီး မျက်လုံးထဲမီးပွင့်ကာ မြေသို့ ခွင့်စဉ် လဲကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုက်ခနဲတစ်ချက်ဖြစ်သွားသော်လည်း သတိလစ်မသွားချေ။ ပက်လက်အနေအထား၌ ရှိနေလေရာ ဆရာမှော်သည် ဓားကိုမြှောက်၍ တစ်လှမ်းချင်း ချဉ်းကပ်လာနေသည်ကို မြင်နေရ၏။

ဆရာမှော်က တဟဲဟဲရယ်လျက်. . .

"ဘယ့်နှယ်လဲဟေ့. . . ဆရာပေါက်စ၊ မင်း အခု ဘာတတ်နိုင်သေးလဲ။ အဖြူကို အနက်က နိုင်တယ်ဆိုတာ မင်းသဘောပေါက်သွားပြီလား။ အေး. . . မင်းမသေခင် အသေအချာမှတ်သွား။ အလင်းကို. . အမှောင်ကနိုင်တယ်။ လူမှန်သမျှကို. . . ရှင်သေမင်းက နိုင်တယ်"

"ငါဟာ အနက်ရောင်ပဲ။ ငါ့ပညာတွေထဲမှာ မင်းတို့တွေမှောင်အတိကျသွားစေရမယ်ဟေ့။ အခုချက်ချင်း ငါ့ရဲ့ စေတမန်မရဏာရှင်သေမင်း ရောက်လာလိမ့်မယ်" ဟု ပြောပြီး ဓားနှင့်မိုး၍ ခုတ်ချလိုက်သည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်ကလည်း ဝမ်းခေါင်းသံကြီးနှင့်အော်ဟစ်ကာ ဝုန်းခနဲ ခုန်ထလိုက်ပြီး ဆရာမှော်ကို ဝင်ပူးလိုက်လေတော့၏။

ဓားသွားက ဇေယျပဏ္ဍိတ်ဆရာချိတ်၏ ပခုံးကို ပွတ်၍ခုတ်မိသွားသော်လည်း ဇေယျပဏ္ဍိတ်ဆရာချိတ်က ဆရာမှော်



ကို မလွတ်တမ်းဖမ်းချုပ်လျက် ပူးလုံးထားလေရာ မြေ၌ တစ်ပတ်နှစ်ပတ် လိမ့်သွားလေ၏။

သူ၏မျက်လုံးထောင့်မှ မနန်းနွယ်နှင့် မိခင်ဝဏ္ဏကလျာတို့ တောင်တက်လမ်းမှ အပေါ်သို့ ပြေးတက်နေပြီဖြစ်ကြောင်းတွေ့မြင်ရသဖြင့် အန္တရာယ်ကြားမှပင် ဝမ်းမြောက်ဝမ်းသာဖြစ်မိလေသည်။

ဆရာမှော်နှင့် လုံးထွေးနေစဉ်မှာပင် တော်လည်းသံတဲ့သို့သော အသံကြီး မြည်ဟည်းလာပြီး တောင်ပေါ်မှ အလွန်ကြီးမားသော ကျောက်တုံးကြီးတစ်တုံး လိမ့်ဆင်းလာသည်။

ထိုကျောက်တုံးက ဆရာမှော်တို့နှင့် ဇေယျပဏ္ဍိတ်ဆရာချိတ်ရှိနေသော ကျောက်စွန်းပေါ် တည့်တည့်ကျလေရာ. .

"ဝုန်း. . . အုန်း. . . ဂလုန်း. . . ဂျွမ်း"

အသံမျိုးစုံ နားကွဲလုမတတ် မြည်ဟည်းသွားပြီး ဆရာချိတ်တို့ ရှိနေသောကျောက်စွန်းမှာ အသူတရာမျှ နက်သောချောက်ထဲသို့ ပဲ့ကြွေကျသွားလေတော့၏။

ဆရာမှော်ကတစ်ခြား၊ ဇေယျပဏ္ဍိတ်ဆရာချိတ်ကတစ်ခြားလွင့်စဉ်ကျသွားလေရာ ရင်ထဲ၌ အေးခနဲတစ်ချက်ဖြစ်ပြီး သတိလစ်သွားလေသည်။

"ဆရာ. . ဆရာ. . ဆရာရေ. . ဆရာရေ့ နန်းနွယ်၏

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံများမှာ ဝေး၍ပျောက်သွား၏။

အတန်ကြာလျှင် နန်းနွယ်၏ နွေးထွေးသော လက်နှစ်ဖက်က သူ့ကို လာရောက်ပွေ့ဖက်နေသည်ဟုခံစားရ၍ မျက်လုံးကို ဖွင့်ကြည့်လိုက်လျှင် အလွန်ထိတ်လန့်သွားရလေတော့၏။

သူသည် မတ်စောက်သော ကမ်းပါးစွန်းရှိ သစ်ပင်တစ်ပင်တွင် ကံအားလျော်စွာ တင်နေခြင်းဖြစ်ပြီး အောက်တွင် အလွန်နက်သော ချောက်ကမ်းပါးကြီးကို အသည်းတုန်ဖွယ် တွေ့နေရ၏။

ထို့နောက် အနီးတွင် နွယ်ပင်ကြီးများတွေ့၍ ခိုတွယ်တက်လာခဲ့ရ၏။

ဒုတိယရေထံခွန်သို့ ရောက်လျှင် ထိုနေရာတွင် မျက်မမြင်အဘိုးအိုက မတုန်မလှုပ်ရပ်နေ၏။

သူ၏နောက်တွင် ဆရာရွှဲတို့ အားလုံး လူစုံရှိနေသည့်အပြင် မနန်းနွယ်နှင့် ဒေါ်ဝဏ္ဏကလျာပါရှိနေသည်။

ဒေါ်ဝဏ္ဏကလျာကို နန္ဒရော်ဒါက တွဲငင်ထားလေ၏။

မနန်းနွယ်က ဇေယျပဏ္ဍိတ်ဆရာချိတ်ထံ ပြေးလာ၏။ တရှုပ်ရှုပ်လည်း ငိုကြွေးနေလေသည်။

"ဆရာ. . ဆရာ ဘာမှမဖြစ်ဘူးနော်။ အမယ်လေး. . တော်ပါသေးရဲ့ အသက်မသေလို့။ ပခုံးမှာ သွေးတွေနဲ့ပါလား။



ကျွန်မကြောင့် ဖြစ်ရတာ။ ဆရာ ခေါင်းမူးနေသလား" ဟု တွတ်တီးတွတ်တာ မေးလေသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က သူ ဘာမျှမဖြစ်ကြောင်းနှင့် စိုးရိမ်စရာမရှိကြောင်း။ မျက်မမြင်အဘိုးအိုက အားလုံးကို နှုတ်ဆက်ပြီး ပြန်ဖို့သင့်ပြီဟု ဆိုလေ၏။

မှန်ပေသည်။

နေအတော် စောင်းပေပြီ။

နန္ဒရော်ဒါနှင့်ဝဏ္ဏကလျာက မျက်မမြင်အဘိုးအိုကို ထိုင်၍ ဦးချကန်တော့သည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်ကလည်း အသက်သခင်ကျေးဇူးရှင်ဖြစ်သော မျက်မမြင်အဘိုးအိုကို ဦးချကန်တော့၏။

ဦးချပြီး ခေါင်းမော့လိုက်သောအခါ သူ့နံဘေးတွင် ယှဉ်လျက် မနန်းနွယ်ကလည်း မျက်မမြင်အဘိုးအိုကို ကန်တော့နေကြောင်း တွေ့ရသည်။

သူတို့ နှုတ်ဆက်၍ ပြန်ကြပြီ။

အဘိုးအိုက ကျောက်ကမူစွန်းတွင် မတုန်မလှုပ် ရပ်တန့်လျက် ကျန်ရစ်လေ၏။

သူတို့၏ အပြန်လမ်းသည် အလွန်မတ်စောက်သော တောင်တက်လမ်းဖြစ်၍ ချွေးဒီးဒီးကျပြီး မောပန်းလှသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာမူ အားလုံး ပျော်ရွှင်နေကြလေသည်။

တစ်ဦးကသာ မပျော်၏သို့ ပျော်၏သို့ ရှိလေသည်။

သူကား. . . မောင်မောင်ဦးတည်း။

* * *

(၇)

## မနောမယာစေတီ

ဆရာပြောတဲ့ ကိုးနှစ်ကို • ဆက်ဆက်စောင့်နေမယ်။

နန်းမွယ်

www.burmeseclassic.com

www.burmeseclassic.com

မြို့ဦး စမ္ပာရုံ၌ လူစုံရှိနေကြသည်။

အဘစွမ်း၊ ဆရာရွှဲ၊ ဇေယျပဏ္ဍိတ်ဆရာချိတ်၊ ဆရာဟိန်း၊ ဦးကျောက်၊ ငချမ်းကောင်း၊ မနန်းနွယ်၊ မောင်မောင်ဦးနှင့် ကာလသားများ၊ ဒဿမြို့၏ မြို့မိမြို့ဖများ၊ ထို့အပြင် နန္ဒရော်ဒါ၊ ဝဏ္ဏကလျာတို့လည်း ရောက်နေသည်။

ဆရာငဆောင်နှင့် ဆရာမှော်တို့ထံမှ ပြန်လည်ရယူနိုင်ခဲ့သော ငချမ်းကောင်းထံမှ ဆရာငဆောင်၏ မတရားသိမ်းပိုက်သွားခဲ့သောရတနာအိုးမှာ သူတို့ရှေ့တွင် ပြန်လည်ရောက်ရှိနေပေသည်။

ထို့နောက် အဝတ်ထုပ်တစ်ထုပ်။

သူတို့ စုစည်းမိကြခြင်းမှာ မနော်မယစေတီ တည်ဆောက်ရေးအတွက် ဆွေးနွေးတိုင်ပင်ကြရန်ဖြစ်သည်။

မြေအိုးမှာ ဆရာမှော်တို့နှင့်အတူ ပျောက်ဆုံးသွားသော ရတနာအိုးဖြစ်ပြီး၊ အဝတ်ထုပ်မှာ နန္ဒရော်ဒါတို့ထံမှ ဆရာမှော်ယူသွားသည့် ရတနာများဖြစ်၏။



ငချမ်းကောင်းက မြေအိုးထဲမှ ရတနာများကို တရင်းပြီး တိုက်ဆိုင်စစ်ဆေးသောအခါ အုံးပြဲဖွယ်ကောင်းစွာပင် တစ်ခုတစ်ရာသော ရတနာတစ်ခုမျှ မပျောက်ဆုံးဘဲ အားလုံးပြည့်စုံကြောင်း တွေ့ရသည်။

နန္ဒရော်ဒါနှင့် ဝဏ္ဏကလျာတို့က သူတို့အတွက် ပြန်ရသော ရတနာများကို . မနော်မယစေတီ တည်ရန်အတွက် အားလုံးကို လှူဒါန်းလိုက်သည်။

သို့နှင့် တစ်လခန့်အကြာတွင် မနော်မယစေတီမှာ ရွှေရောင်ဝင်းဝါလျက်ရှိသည့်အပြင် ထီးတော်တင်ပွဲကိုပါ အောင်မြင်စွာ ကျင်းပနိုင်ခဲ့လေသည်။

မနော်မယစေတီတော်ထီးတော်တင်ပွဲသို့ ထိုနယ်တစ်ခွင်ရှိ မြို့အသီးသီး၊ ရွာအရပ်ရပ်မှ ပရိသတ်များလည်း စည်ကားစွာ ရောက်လာကြလေသည်။

မနော်မယစေတီကို အားလုံးကြည်ညို လေးမြတ်ကြလေသည်။

မနော်မယစေတီနှင့် ဆက်နွယ်လျက် ငချမ်းကောင်း မနန်းနွယ်၊ ဆရာရွှဲ၊ ဇေယျပဏ္ဍိတ်ဆရာချိတ်၊ နန္ဒရော်ဒါ၊ ဝဏ္ဏကလျာ၊ အဘစွမ်း၊ ဆရာကျောက်မှအစ ကာလသားခေါင်းဆောင် မောင်မောင်ဦးတို့ အကြောင်းအား နယ်တစ်ခွင်၌တစ်

www.burmeseclassic.com

www.burmeseclassic.com



လွှား၍ ပြောစမှတ် ဖြစ်နေလေတော့သည်။

သူတို့ မသိရှိဘဲ ကျန်ရစ်ခဲ့သော အကြောင်းမှာကား အတွင်းမြို့ဟုခေါ်တွင်သော မဟာမြိုင်ဂမ္ဘီရတောကြီးအကြောင်း ပင်တည်း။

* * *

BURMESE CLASSIC

(၈)

ဆရာရွှေက ဦးကျောက်ကို နှုတ်ဆက်သည်။

ဦးကျောက်က ကျောက်လက်ဝါးကို ငုံ့ကြည့်နေရာမှ ခေါင်းမဖော်ဘဲ "အင်း . . . အင်း"ဟု ဆို၏။

ဦးရွှေမှာ. . .

"နေပါဦး ဆရာကျောက်ရဲ့။ ခင်ဗျားက ဒီကျောက် လက်ဝါးကို ဘာလုပ်မလို့လဲ" ဟု မေးသည်။

"ဆေးစီရင်မလို့ . . ."

ဟု ဦးကျောက်က တိုတောင်းစွာ ဖြေ၏။

"ဆေးစီရင်မှာတော့ ဟုတ်ပါပြီ၊ ဘယ်လို စီရင်မှာလဲ ဘယ်တော့ စီရင်မှာလဲ"

ဦးကျောက်မှာ ထိုမေးခွန်းကိုကြားလျှင် ဆတ်ခနဲ ခေါင်း မော့၍လာပြီး ဒေါကြောင်နေသောအကြည့်နှင့် လေသို့ စိုက်ကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သူ့မျက်ဝန်းတွင် မျက်ရည်များစီးကျလာလေသည်။

"ဟင်. . . ဘယ်လိုဖြစ်တာလဲ ဦးကျောက်ရဲ့"

"ဆရာရွှဲမေးမှပဲ ကျုပ်ဆေးစီရင်ရမယ့် ကိစ္စကို သတိရတော့တယ်"

"သတိရတာနဲ့ ငိုရသလား. . . ဦးကျောက်ရယ်"

"ကျုပ်အဖြစ်က. . . ငိုကိုငိုရမယ့်အဖြစ်ပဲ ဆရာရွှဲရဲ့။ ကျုပ်ဟာ ကျောက်လက်ဝါးဆေးစီရင်တဲ့နည်းကို လူပျိုပေါက်အရွယ်မှာ ဆရာတစ်ယောက်ဆီကရလို့ နှုတ်တိုက်ကျက်ပြီး မှတ်ထားခဲ့တယ်။

"နည်းလမ်းရပြီမို့ ကျောက်လက်ဝါး ရအောင်ရှာလိုက်တာ အခုကျုပ်အသက်(၆၀)ကျော်မှ ကျောက်လက်ဝါးကိုရတယ်။ ဟော. . ရလဲရရော၊ ဆေးစီရင်ရမယ့်နည်းလမ်းကို ပြန်စဉ်းစားလိုက်တော့ မေ့နေပြီ။"

ဦးကျောက်၏ မျက်နှာတွင်ကြေကွဲမှုများ အထင်းသားပေါ်လာကာ. . .

"ဆေးစီရင်ရမယ့် နည်းလမ်းကို မေ့နေပြီဗျ။ ဒီတော့ ဒီကျောက်လက်ဝါးဟာ ကျုပ်အတွက် ဘာအသုံးကျတော့မှာလဲ။ ကဲ. . . ဒီလောက်ရှိလှတာ သွားဟာ"



ဟု ပြောပြီး ဦးကျောက်က ကျောက်လက်ဝါးကို [illegible] အပြင်ဘက်သို့ လွှင့်ပစ်လိုက်လေ၏။

သို့သော် အဘစွမ်းက ထိုကျောက်လက်ဝါးကို လမ်းခုလတ်မှ ဖမ်းယူပြီး သူ၏ ရှမ်းလွယ်အိတ်ထဲသို့ ထည့်ထားလိုက်တော့သည်။

မနန်းနွယ်ကလည်း မျက်ရည်ကျနေသည်။

ဇေယျပဏ္ဍိတ်ဆရာချိတ်က. . .

"မငိုပါနဲ့ နန်းနွယ်၊ အလျဉ်းသင့်ရင် မကြာခင် မနန်းနွယ်ဆီ ကျုပ်လာခဲ့ဦးမှာပါ"

ဟု နှစ်သိမ့်စကားကို ဆိုသည်။

ဒေါ်ဝဏ္ဏကလျာကလည်း ဇေယျပဏ္ဍိတ်ဆရာချိတ်အား ဝမ်းနည်းသော မျက်လုံးများဖြင့် ကြည့်နေ၏။

"ဆရာလေးက ဆရာရွှဲနဲ့ ပြန်မလိုက်ဘဲနေခဲ့လို့ မဖြစ်ဘူးလား"

"မဖြစ်လို့ပါ. . . အဒေါ်၊ ကျွန်တော်တို့က အကြောင်းသင့်ရင် ဒီကို မကြာမကြာ ရောက်မှာပါ"

"ကဲကွယ်. . . အကြောင်းမသင့်ရင်ကော ဘယ်နှယ်လုပ်မလဲ"

"ဘယ်လိုပဲ အကြောင်းမသင့်မသင့် နောက်ဆယ့် ကိုးနှစ်

www.burmeseclassic.com

www.burmeseclassic.com



ကြာရင်တော့ ကျွန်တော် ဒီကိုလာခွင့်ရှိပါပြီ"

မနန်းနွယ်က. . .

"ဆရာ့စကားက. . သေချာတယ်နော်"

"သေချာပါတယ်. . . မနန်းနွယ်ရယ်"

"ဒါဆိုရင် နန်းနွယ် ဆရာပြောတဲ့ ကိုးနှစ်ကို ဆက်ဆက် စောင့်နေမယ်"

"ကျုပ်. . ကတိမပျက်ပါဘူး"

မနန်းနွယ် မျက်ရည်ကို သုတ်လိုက်သည်။

"အားလုံးကို. . နှုတ်ဆက်ခဲ့ပါတယ်"

နန္ဒရော်ဒါ၊ ဒေါ်ဝဏ္ဏကလျာ၊ မနန်းနွယ်၊ ငချမ်းကောင်း၊ အဘစွမ်း၊ ဦးကျောက်၊ မောင်မောင်ဦးနှင့် ကာလသားများ လက်ပြနှုတ်ဆက်၍ ကျန်ရစ်သည်။

ကျောပေး၍ လျှောက်သွားနေကြသော ဗေဒယျပဏ္ဍိတ်ဆရာချိတ်၊ ဦးရွှဲနှင့် ဆရာဟိန်းတို့သည် သူတို့၏ မြင်ကွင်းမှ တစ်စတစ်စ ပျောက်ကွယ်သွားလေသည်။

ဒေါ်ဝဏ္ဏကလျာက နန္ဒရော်ဒါကို ပြောသည်မှာ. . .

"မဟာမြိုင် ဂမ္ဘီရတောထဲမှာရှိတဲ့ ကျွန်မတို့ သားလေးဟာ ခုအချိန်ဆိုရင် အသက် (၁၆)နှစ်ပြည့်ပြီနော်"

"အေးပေါ့။ အသက် (၁၆)နှစ်ပြည့်ပြီးပြီလေ"



"ဒါဆို ကျွန်မတို့သားလေးကို နောက်ကိုးနှစ်ကြာရင် ပြန်တွေ့ရမှာပေါ့နော်"

"ဒါပေါ့. . ရှင်မရယ်"

ဒေါ်ဝဏ္ဏကလျာသည် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် နန္ဒရော်ဒါ၏ လက်ကိုကိုင်လှုပ်ရင်းပြောသည်။

"ဟင်. . တော်တော် ထူးထူးဆန်းဆန်း တိုက်ဆိုင်နေတာတစ်ခုကို ရှင် သတိမပြုမိဘူးလား"

"ဘာလဲ. . . ရှင်မရဲ့"

"ဟို. . . ဗေဒယျပဏ္ဍိတ်ဆရာချိတ်ဆိုတဲ့ ဆရာလေး ပြောသွားတဲ့ စကားလေ၊ နောက်ကိုးနှစ်ကြာရင် သူပြန်လာခဲ့မယ် ဆိုတာပေါ့"

"အဲဒါ ဘယ်ဟာ. . တိုက်ဆိုင်နေလို့လဲ"

"ကျွန်မသားနဲ့ တွေ့ခွင့်ရမှာလဲ. . နောက်ကိုးနှစ်လေ"

နန္ဒရော်ဒါ. . . ငိုင်သွားသည်။

"ဟုတ်တယ်၊ ကျွန်မတို့သားလေးဟာ ဒီဆရာလေး အရွယ်လောက်ပဲ။ အို. . ကြည့်စမ်း။ ဒီဆရာလေးကို ဘယ်သူနဲ့ တူပါလိမ့်လို့ ကျွန်မ ခဏခဏတွေးကြည့်နေတာ။ လတ်စသော တော့. . ."

"သူက ဘယ်သူနဲ့. . တူနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ . . တူရမှာလဲ။ ရှင်နဲ့ . . တူနေတာပေါ့"

"ဇေယျပဏ္ဍိတ်ဆရာချိတ်ကလေ။ ငါနဲ့ . . ဟုတ်လား"

"ဟုတ်ပါ့တော်။ ရှင်နဲ့ တထေရာတည်းပဲ။ အို . . .
သတ်စသတ်တော့ ဇေယျပဏ္ဍိတ်ဆရာချိတ်ဆိုတာ ကျွန်မတို့
သားလေးပါလားရှင်"

မိဘနှစ်ပါး၏ ရင်၌ လွမ်းဆွတ်ခြင်းနှင့်အတူ ဂုဏ်ယူ
ဝမ်းမြောက်ခြင်းများလည်း ပြည့်လျှမ်းနေလေတော့သည်။

* * *

BURMESE CLASSIC

www.burmeseclassic.com